
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁)

ရုတ်တရက်ကြီး ဆိုသလိုပင် ... ဗိုက်ထဲက ထိုးအောင့်သွားသဖြင့် **"မိုးနတ်ပုံ"**က ရင်ညွှန့်နေရာလေးကို လက်မနှင့် ထိုးဖိလိုက်မိကာ ... ခန္ဓာကိုယ်ကိုလည်း နည်းနည်းကုန်းတုန်းကိုင်းတိုင်း ပုံစံမျိုးလေး လုပ်လိုက်မိပါသည်။ ကျွတ် ... စိတ်ကုန်တယ်ကွာ ...။ ဗိုက်ကလည်း ... နေရင်းထိုင်ရင်းကို အောင့်လာပြန်ပြီ ...။ အဲဒီလိုပဲ ... သူ့ အမြဲ ...။

မတ်တတ်ရပ်နေမိသော နေရာမှ ... ဟိုဘက်ဒီဘက် မျက်စိဝေ့ဝဲကာ ကြည့်လိုက်မိလျှင် ... မလှမ်းမကမ်းမှာ ... ခုံတန်းရှည်ကလေးတစ်ခုကို မြင်ပါသည်။ လွတ်နေတာတော့ မဟုတ် ...။ ခုံတန်းရှည်ရဲ့ တစ်ဖက်စွန်းမှာ ... မိန်းကလေးတစ်ယောက်တည်း ထိုင်နေတာကို မြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပန်းခြံထဲ"လို နေရာမျိုးမှာ ... ခုံတန်းရှည်တွေ ရှိတတ်သော်လည်း စုံတွဲတွေ ထိုင်နေကြတာတို့ ...၊ ယောကျ်ား လေးတစ်ယောက်တည်း ထိုင်နေတာမျိုးတို့ကျတော့ ... မိုးနှတ်ပုံ က ... ထိုခုံတန်းမှာ ဘယ်လောက်ပဲရှည်ရှည် ... နေရာလွတ်တွေ ဘယ်လောက်ပဲကျန်ကျန် ...၊ တစ်ဖက်စွန်းမှာ သွားဝင်ထိုင်ချင် စိတ် မရှိဘူးလေ ...။ ဘယ်သင့်တော်ပါ့မလဲနော် ...။

လုံးလုံးကြီး လွတ်နေတတ်တဲ့ ခုံတန်းဆိုတာမျိုးက တော့ ဒီလို လူစည်ကားလှသည့် ပန်းခြံတစ်ခုထဲမှာ ရှားပါးပစ္စည်း လိုပင် ဖြစ်နေတတ်တာပါ ...။ ခုတော့ ... ရုတ်တရက် ဗိုက်အောင့် လာသည့် ... မိုးနှတ်ပုံကို ... မိုးနတ်မင်းက (နာမည်ချင်းဆင်လို့ ထင့်) ကြည့်မနေနိုင်ဘူး ထင်ပါရဲ့။ အဆင်ပြေပြေ ဝင်ထိုင်လိုက် နိုင်ဖို့ ... မိန်းကလေးတစ်ယောက်တည်း ထိုင်နေသည့် ခုံတန်း တစ်ခုကို ဖန်ဆင်းပေးထားပုံရသည် ...။

သူ့အတွဲ ...၊ သူ့အဖော် ... ကောင်လေးတစ်ယောက် ယောက်ကို စောင့်နေတာမျိုးလား ...။ အဲဒီလိုဆိုရင်လည်း ... ရောက်လာမှသာ ပြန်ထပေးတော့မယ်နော် ...။ ခုတော့ ဗိုက်အောင့် လွန်းလို့ ခဏဖြစ်ဖြစ်တော့ ဝင်ထိုင်ပါရစေ ...။ သူ့အတွဲ ... သူ့ အဖော်တစ်ယောက်ယောက် ရောက်ရှိမလာခင် ... ကိုယ့်ရဲ့ **"မောင်အေးချမ်း"**ကလေးက အရင်ရောက်ရှိလာတာမျိုးလည်း ဖြစ်နိုင်တာပဲ ...။





မိုးနှတ်ပုံက ... ဗိုက်ကိုလက်နှင့်နှိပ်လျက်သား ခပ် ကုန်းကုန်းပုံစံလေးနှင့်ပင် ထိုခုံတန်းရှည်ဆီ ရောက်သွားလိုက်ပါ သည်။ ပြီးလျှင်တော့ ... အရင်ကြိုထိုင်နှင့်နေသော မိန်းကလေးကို ခပ်ပြုံးပြုံး အကြည့်တစ်ချက်နှင့် ခွင့်တောင်း ...။ မိန်းကလေးက လည်း စူးစမ်းလိုပုံနှင့် ... မျက်မှောင်တအားကြီးကုတ်ထားသော မျက်နှာပေးနှင့် မိုးနှတ်ပုံကို ကြိုစောင့်ကြည့်နေလေသည်။

"ခဏထိုင်မယ်နော် ..."

"ရတယ် ... ထိုင် ... ဘာဖြစ်တာလဲ"

စကား အပြောအဆိုက မာဆတ်လှချေလား ...။ မိုးနှတ်ပုံ ခမျာမှာတော့ ရောဂါကလည်း တစ်ဖက်ဖြစ်နေတာ ရယ် ... ပင်ကိုယ်ကလည်း ခပ်အေးအေးသာ စကားဆိုတတ်သူ ဖြစ်နေတာရယ်ကြောင့် ... သူက မာဆတ်သလောက် ကိုယ်က တော့ တိုးတိုးညင်ညင် လေသံနှင့်ပင် ...

"ဗိုက်အောင့်လို့ပါ ..."

"ကိုယ်ဝန်ရှိနေပြီလား ..."

ဘုရား ... ဘုရား ...။ စကားလုံးရော ... လေသံ ပါ ရင့်သီးရိုင်းစိုင်းလိုက်ပါပေ့ ...။ အဲဒီလို နေရင်းထိုင်ရင်း ရိုင်း နေတတ်သော သူမျိုးနှင့် စကားလက်ဆုံကျနေချင်စိတ် မရှိသည့် မိုးနှတ်ပုံက ..."အစာအိမ်ပါ ... ဒီလိုပဲ ခဏခဏဖြစ်တတ်လို့ရှိ တယ် ..."ဟု ကိုယ့်ဘက်ကတော့ လူမှုရေးကျကျပင် ပြန်ဖြေ



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်ပြီးတာနှင့် ... သူနဲ့ဆန့်ကျင်ဘက်သို့ လူတစ်ကိုယ်လုံး လှည့်ကာ ... ကျောပေးပြီးပဲ ထိုင်နေလိုက်ပါတော့သည်။

ဘယ့်နှယ့်တော် ...။ ဗိုက်အောင့်လို့ပါ ... ဆိုနေမှ... ကိုယ်ဝန်နဲ့ ဘာဆိုင်သလဲ ...။ ကိုယ်ဝန်ရှိတဲ့ သူတွေမှာ ဒီလိုပဲ ဗိုက်အောင့်တတ်ကြတယ်လို့ကြား ... မကြားဖူးပါဘူး ...။ ပြီးကျ တော့ ... ငယ်ငယ်ရွယ်ရွယ် မိန်းကလေးချင်းဖြစ်ရက် ... ဒီလို စကားလုံးကြီး တန်းသုံးစရာလား ...။ ထားလိုက်ပါတော့ ...။ မိုးနတ်ပုံကတော့ ... ဒီအချိန်မှာ အိမ်ထောင်သည်တစ်ယောက်ပဲ ဖြစ်နေပြီဖြစ်ရာ ... ဒီလိုအမေးခံလိုက်ရတာကို ... သိပ်ကြီးနာနေ ဖို့ မလိုတော့ဘူးပဲ ထားပါတော့ ...။

သို့သော် ...။ ကိုယ်နဲ့ သူနဲ့လည်း တစ်ခါမှ မသိ ကြဖူးတဲ့ သူစိမ်းကြီးတွေလေ ...။ မိုးနတ်ပုံဟာ အိမ်ထောင်သည် တစ်ယောက် မဟုတ်ဘဲ ... အပျိုစင်ကလေးပဲသာဆို ဘယ်လိုလုပ် မလဲ ...။ အသက်နှစ်ဆယ့်လေး ... နှစ်ဆယ့်ငါးဆိုတာ ... အပျို ကလေးတွေလည်း ပုံလို့ပဲဟာ ...။ ကဲ ... နေပါဦး ...။ အဲဒီလို တစ်တစ်ခွခွ မေးမြန်းတတ်တဲ့ ... သင်းကျတော့ရော ...။ အပျို လား အအိုလား ... ကဲ ...။

ခုနေ ... မိုးနတ်ပုံကရော ... "ဟော့ ... မင်းရော ကိုယ်ဝန်ရှိနေပြီလား"လို့ ပြန်လှည့်မေးလိုက်ရင် ... သင်းဘယ်လို နေမလဲ ...။ ခက်ပါတယ် ... လူတွေဟာ ... လူလူချင်းဆက်ဆံ





ဘတ်ဖို့တို့ ... စကားပြောတတ်ဖို့တို့ အများကြီး လိုနေသေးတဲ့ လူတွေ ... အပုံကြီးပဲ ...။ ငယ်ကတည်းက ... လူကြီးမိဘတွေ ဆီမှာ ... အသင်အကြားတွေ နည်းခဲ့ကြတယ် ထင်ပါရဲ့ ...။

"အစာအိမ်ဆိုတာက ဘာလဲ ... ခဏခဏဖြစ်တတ်တယ်
ဆိုတော့ ရောဂါအခံကြီးကြီးတစ်ခု ရှိတဲ့သဘောလား ..."

စကားလက်ဆုံ မကျချင်ပါဘူး ဆိုမှကွာ ...။ စပ်စု တတ်သည့် သူမျိုးဆိုရင် ... မိုးနတ်ပုံက စိတ်ကုန်တတ်သည်။ သူနဲ့ကိုယ် ... ခုတစ်ခဏမှာ ဆုံပြီးကြပြီးရင် ... နောင်တစ်သက် လုံး ထပ်ပတ်သက်သိကျွမ်းနေစရာမှ မရှိတော့တဲ့ဟာ ဒီတစ်ခဏ မှာ သူ့အကြောင်း၊ ကိုယ့်အကြောင်းတွေကို မ,ဖလှယ်လည်း ဘာအရေးလဲ ...။ မေးဖြေစပ်စုပြီးတော့ကော ... ဘာအကျိုးကျေးဇူး တွေ ရှိမှာလဲ ...။ ပြီးရင် လမ်းခွဲလိုက်ကြတာနဲ့ ... ခေါင်းထဲကိုယ် စိတ ပြန်ပျောက်သွားကြမဲ့ ဟာတွေများ ...။

ဒါပေမဲ့လည်းပဲ ... စပ်စုတတ်တာကို ဝါသနာမပါ တဲ့ မိုးနတ်ပုံဟာ လူ့ပတ်ဝန်းကျင် တစ်ခုလုံးနဲ့ အမြဲထိတွေ့သွား လာဆက်ဆံနေရတဲ့အခါ ... ရင်းနှီးဖော်ရွေလိုသော မြန်မာတို့ရဲ့ ထုံးစံဓလေ့ကို ... အနည်းနဲ့အများတော့ ကြုံတွေ့လက်ခံနေရတာ ပါပဲ ...။ ကိုယ့်လည်း အရမ်းကြီးလာထိခိုက်မနေရင် ... "လိုက် လျောညီထွေ နေတတ်မှု" ဆိုတာ ... လူတစ်ယောက်ရဲ့ အကျင့် ကောင်းပဲလေ ...။



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ယောက်ကကျတော့ ... တခြားမလေ့စရိုက်တွေနဲ့မှ မတူဘဲ ...။ တစ်ခဏတာ ဆုံဖြစ်ကြစဉ်မှာ ... ဖော်ရွေကူညီလိုသော ... စပ်စုစုံစမ်းမှုမျိုးတွေနှင့် ဒီမိန်းမရဲ့ မောက်မောက်မာမာ မေးခွန်းတွေဟာ လားလားမျှမဆိုင် ...။ သူ့ဟာကတော့ ... သူ့လေသံက ... ဗိုက်အောင့်မိတာကပဲ မိုးနတ်ပုံရဲ့ အပြစ်လိုလိုဖြစ်နေသည် ...။

"အောင့်,အောင့်နေတတ်တယ် ဆိုတော့ အစာအိမ်ရောဂါတော့ ရှိတဲ့သဘောပေါ့ ..."

"ဆရာဝန်က ဘာပြောလဲ ..."

"ဆရာဝန်နဲ့ မပြဖြစ်ပါဘူး ... ကိုယ့်ဘာသာပဲ အစားအသောက် အနေအထိုင် ဆင်ခြင် ...၊ Gelmeg လေး ... Kremil-S လေးသောက် ..."

"ဒါဖြင့်လည်း ... ခုဟာက ဘာလာထိုင်လုပ်နေတာလဲ ... အိမ်ပြန်လေ ... ဆေးပြန်သောက်ပေါ့ ... အလကား ... ဘာလို့ ဆက်ပေထိုင်နေမလဲ ... အလုပ်မဟုတ်တာ"

ဘုရားရေ ...။ သူ့မှာ မိုးနတ်ပုံကို အဲသလို ဆုံးမအမိန့်ပေးနိုင်ခွင့် ဘာရှိသလဲ ...။ တမင်ကျောခိုင်း ထိုင်နေပေမဲ့ ... မရိုင်းချင်သော ... လူမှုရေးမချို့တဲ့ချင်သော မိုးနတ်ပုံက ... မေးသမျှကို ပြန်ပြန်ဖြေနေလို့ပဲ သင်းက ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီထင်ပြီး ... ငေါက်ငမ်းတာတွေ ... အမိန့်ပေးချင်တာတွေပါ ဆက်ဖြစ်လာတာလား ...။





သူများဘာသာ ထိုင်နေတာကို အလုပ်ရှိလားမရှိလား ... သူက ဘာလို့သိရမှာလဲ ...။ အမှန်ကတော့ ... အလုပ်သိပ်မရှိလှတာကတော့ အမှန်ပဲပေါ့ ...။ ဒီနေ့မှ ... ကိုယ့်အလုပ်ကနေ စောပြီးအိမ်ပြန်ရောက်လာတဲ့ မိုးနတ်ပုံက ကိုယ့်ထက်နောက်ကျနေပြီး ... မကြာခင်မှာပဲ ပြန်ရောက်လာတော့မည်ဖြစ်သော ... အေးချမ်းကို လာစောင့်နေမိတာလေ ...။

ခါတိုင်းလို ... ကိုယ်စော ... ကိုယ်ဖွင့်ဝင် ...၊ သူစော သူဖွင့်ဝင် ... ကိုယ့်အိမ်တင် ကိုယ်မျှော်စောင့်နေလည်း ရတာပေါ့ ...။ ဒါပေမဲ့ ... ဒီရပ်ကွက်လေးထဲ ပြောင်းလာကြတာကပဲ လေး ... ငါးလလောက် ရှိနေပြီ ...။ အလုပ်ကိုယ်စီ ရှုပ်နေကြတာနဲ့ပဲ ... ကိုယ့်အိမ်နီးနားချင်း ... ရပ်ကွက်ထဲမှာ ဘယ်ဆိုင် ဘယ်နားရှိသလဲ ... လောက်ပင် သေချာမသိကြရသေး ...။ လမ်းထိပ်က ပန်းခြံလေး ဆိုတာမျိုးကို ... အသုံးပြု ခံစားနိုင်ဖို့ကတော့ ဝေးလို့ပေါ့နော် ...။

ဒီပန်းခြံကလေးကို ဖြတ်သွားဖြတ်လာနဲ့ တွေ့တွေ့နေရတော့ သာတောင့်သာယာနဲ့ ... လှလှပပ ချစ်စရာလေးဆိုတာတော့ သတိထားမိနေပါသည်။ တစ်လမ်းလုံးကလည်းပဲ ... အထပ်မြင့် ကန်ထရိုက်တိုက်တွေချည်း ဖြစ်နေတာမို့ ... ဒီပန်းခြံကလေးကိုပဲ နှစ်ခြိုက်သုံးစွဲနေကြသူတွေလည်း မနည်းလှဘူးပေါ့နော် ...။



www.burmeseclassic.com

www.burmeseclassic.com



မိုးနတ်ပုံကတော့ ဒီနေ့မှ စိတ်ကူးပေါက်ပြီး ရောက်လာမိတာ ...။ အေးချမ်းကလည်း အလုပ်က ပြန်လာရင် ... ဒီပန်းခြံရှေ့ကပဲဖြတ်ပြီး လမ်းထဲကို ဝင်ရမှာလေ ...။ ရာသီဥတုလေးကလည်း သာယာ ...၊ နေလို့ ထိုင်လို့ ကောင်းရုံလေးရှိ။ ညနေခင်း လင်းလင်းချင်းချင်းကလည်း ရှိသေး ...။ အိမ်မှာအထူးအထွေ အလုပ်လည်း မရှိတော့ဘူး ဆိုတော့ကာ ... အထပ်မြင့်ကန်ထရိုက်တိုက်ခန်းထဲ ကုပ်နေရမှာထက် ... ကိုယ့်လမ်းထိပ်ကပန်းခြံထဲ လာထိုင်နေရတာက အများကြီး ပိုကောင်းတာပေါ့ ...။ မဟုတ်ဘူးလား ...။

အေးချမ်း ပြန်ရောက်လာလျှင် ... သူ့အလုပ်ထဲမှတစ်ခါတစ်ရံ အိမ်သို့ပါလာတတ်သော ဆိုင်ကယ်ပါလာလျှင်လည်း ... ဆိုင်ကယ်ကို နှစ်ယောက်ပြိုင် တွန်းလို့ ...။ ပါမလာလျှင်လည်း ... အတူလက်တွဲလို့ မနီးမဝေး အကွာအဝေးလေးကို လမ်းတွဲလျှောက်ရင်း ... မြို့ပြရဲ့ မှုန်းကျပ်မှုတွေထဲမှာ ခေတ္တခဏတော့ ကြည်နူးစရာ ရှာကြံယူကြမယ်လေ ...။ မကောင်းဘူးလား ...။

ခုတော့ ... ဗိုက်ကလည်းအောင့် ... စိတ်ကုန်စရာမိန်းမတစ်ယောက်နှင့်လည်း တွေ့နေ ...။ ခုနေ အေးချမ်း ပြန်ရောက်လာလျှင်လည်း မကြည်နူးနိုင်တော့ပါဘူး ...။ အေးချမ်းကလည်းပဲ ကြာလိုက်တာဟာ ...။ ဒီလောက် ကြာနေရသလား ...။





ဖြစ်သင့်တာကတော့ အဲဒီမိန်းမပြောသလို ... ကိုယ့်အိမ်ကိုယ်ပြန်ပြီး ... အစားစား ... ဆေးသောက်သင့်တာပေါ့ ...။ ဒါပေမဲ့ ခုကျမှတော့ ... ထပြန်လို့လည်း မဖြစ်နိုင်တော့ပါဘူး ...။ အဲသလိုဝေါက်ငမ်းအမိန့်ပေးနေလို့ကို ... ပေပြီး ဆက်ထိုင်နေမယ်ဟယ် ...။ အစာအိမ်ပေါက်ပြီးပဲ သေသေ ...။ သူ့အမိန့်ကို လိုက်နာလိုက်ရသလိုတော့ မဖြစ်ချင်ပါဘူး ...။ မုန်းစရာကြီး ...။

သူ့အမိန့်ကို မနာခံသလိုအပြင် ... ဘာအဖြေစကားမှလဲ ထပ်ထွက်မလာတော့သောအခါ ... ထိုမိန်းမထံမှ လေသံကလည်း တိတ်သွားပါသည် ...။ သို့သော် ... မိုးနတ်ပုံမှာ ... သူ့ကိုကျောပေးပြီး ခပ်ကုန်းကုန်းလေး ထိုင်နေရင်းကပဲ စိတ်ကမလုံ၊ ကျောကမလုံ ...။ ဘာသံမှ ထပ်မထွက်လာတော့ပေမဲ့ ... သူကိုယ့်ကို စိုက်စိုက်ကြီး မျက်မှောင်ကုတ်ပြီး ကြည့်နေတော့မှာဆိုတာကို ကျောခိုင်းထားရက်သားကပင် သေချာနေသည်လေ ...။ အေးချမ်းရယ် ... လာပါတော့ ...။ ဗိုက်ကလည်း အောင့်လှပြီ ... ရွှေးတွေတောင် ပြန်လာပြီ ...။ အိမ်ပြန်ချင်လှပါပြီ ...။

ထိုစဉ်မှာပင် ... ပန်းခြံရှေ့မှာ ... အေးချမ်းက ... သူ့ရဲ့ရုံးဖိုင်လ်အဝါရောင်တောက်တောက်ကလေးကို ပိုက်ကာ ... ငိုက်စိုက် ... ငိုက်စိုက် ...။

"အေးချမ်းရေ ... အေးချမ်း ... ဟေး ... ဒီမှာ ... အေးချမ်း ..."



www.burmeseclassic.com

www.burmeseclassic.com



အလုပ်က ပြန်လာသော ခင်ပွန်းသည်ကို အလှပဆုံး နှုတ်ဆက်မည်ဟူသော ကတိ… တိုက်ခန်းလေးနှင့်လည်း ကြိုစောင့် ကိုယ်ထင်မပြနိုင်တော့ပါဘူး…။ ဗိုက်အောင့်ရတာက နေရာမှတောင်မှ မထနိုင်တော့တာ …။ အေးချမ်းက မိုးနတ်ပုံရဲ့ အော်သံကျယ်ကြောင့် … ပန်းခြံထဲ ခေါင်းငုံ့စောင်း ကြည့်လိုက်ပြီးမှ … မိုးနတ်ပုံကို မြင်ကာ … ပါးစပ်အဟောင်းသား ဖြစ်သွားလေသည် …။ ပြီးလျှင်တော့ … တန်းကျော်ခုန် အပြေးသမားတစ်ယောက်လို … ပုဏ္ဏရိုက်ပင်ပု တန်းလေးတွေကို လွှားခနဲ… လွှားခနဲ ခုန်ကျော်ဖြတ်ပြေး ရောက် ရှိလာရင်း …

"ဘယ်လိုဖြစ်တာလဲ … ဟာ … ဒီကို ဘယ်လိုလုပ် ရောက်နေတာလဲ …"

"အား … အေးချမ်းကို လာစောင့်နေတာ … အား … အခု ဗိုက်အောင့်လို့ …"

အေးချမ်းက လျင်လျင်မြန်မြန်ပင် … မိုးနတ်ပုံကို ပခုံးနှစ်ဖက်မှ သိုင်းဖက်ကာ ဆွဲထူလိုက်ပါသည်။ မတ်တတ်ရပ်ပြီးလျှင် ရပ်ပြီးချင်း မိုးနတ်ပုံအတွက် ပထမဦးဆုံး လုပ်မိတဲ့ အလုပ်က … ကျောဘက်က မီးမကို လှည့်ကြည့်မိခြင်း …။

ဟင် …။ မရှိတော့ပါလား …။ လှုပ်ရှားသံ မကြားလိုက်ရဘဲ … ဘယ်အချိန်က ထသွားလိုက်ပါလိမ့် …။ မိုးနတ်ပုံက ဟိုနားဒီနား ခေါင်းဝဲလိုက်မိသေးသည်။





"ဘာတွေ ရှာနေတာလဲ … ဆေးခန်းသွားချင်လို့လား …"

"ဟင့်အင်း … အိမ်ပဲပြန်မယ် …"

"တေပြန်ပြီ… ဘာဖြစ်လဲ … သွားလိုက်မယ်လေ … ခဏ ပြန်ထိုင်လိုက်ပါလား … ကားသွားငှားလိုက်မယ် …"

"ရပါတယ်ဆို … အိမ်ကျမှ တစ်ခုခုစားပြီး ဆေးသောက်လိုက်ရင် ရမှာပါ …"

"ဒီလိုပုံကြီးနဲ့ လှေကားက တက်နိုင်ပါ့မလား … ဆေးနဲ့ နို့နဲ့ ပြေးဝယ်လိုက်မယ်လေ … စားသောက် … ခဏနား ပြီးမှ … အိမ်ပေါ်တက်ပါလား"

"ရပါတယ်ဆို …"

"မရပါဘူး … ချွေးတွေဆို ရွဲနစ်နေတာပဲ … လှေကား မတက်နိုင်လို့ ချီပွေ့ပြီး တင်နေရမှ … ရပ်ကွက်ထဲမှာ … ရုပ်ရှင်ရိုက်သလို ဖြစ်သွားမယ် … ခဏလေး ပြန်ထိုင် လိုက် … သုံးမိနစ် …၊ လေးမိနစ် …၊ ငါးမိနစ် …"

ပြန်ပြေးထွက်တော့မည့် အေးချမ်းကို မိုးနတ်ပုံက လက်တစ်ချက် ဖမ်းဆွဲထားလိုက်ရင်း …

"သောက်ရမဲ့ … ဝယ်ရမဲ့ ဆေးတွေ သိလို့လား …"

"မေးစရာလား …"

မောင်အေးချမ်း တစ်ယောက် လွှားခနဲ၊ လွှားခနဲပင် ပြန်ပြေးထွက်သွားလေသည်။ မိုးနတ်ပုံမှာတော့ ပျာပျာသလဲရှိလှ



www.burmeseclassic.com

www.burmeseclassic.com



သည့် အေးချမ်းရဲ့ပုံစံကြောင့် ... ဗိုက်အောင့်နေရသည့်ကြားကပင် ပြုံးတုံ့တုံ့ ...။ လက်ထပ်ထားကြတာ ,... တစ်နှစ်မပြည့်နိုင်သေးသည့် ကြင်စဦးတွေမို့ ... မောင်အေးချမ်းကလေးက ... ဒီလောက်ယောက်ယက်ခပ်ချင်နေဆဲ ဖြစ်တာများလား ...။ မဆိုင်ပါဘူးနော် ... မိုးနတ်ပုံရဲ့ ခင်ပွန်းသည်ဟာ ... အဲဒီလိုပဲ သူ အမြဲ... ဂရုတစိုက်ကို ရှိတတ်တဲ့သူပါ ...။ ချစ်လို့ ယူခဲ့ကြသည့် ဇနီးမယားအပေါ်မှာမှ မဟုတ် ... ဘယ်သူ့အပေါ်မဆို ... သူကအဲဒီလိုပဲ အမြဲပူပန်စိတ်ကောင်း ရှိတတ်တာ ...။ မိုးနတ်ပုံ အပေါ်တော့ နည်းနည်းပိုရင် ပိုမှာပေါ့နော် ... ဟင်း ဟင်း ...။

ကိုယ့်အတွေးနှင့်ကိုယ် ခပ်ပြုံးပြုံးလေး ဖြစ်နေမိသော မိုးနတ်ပုံသည် ... ကုန်းချီးထားမိပြန်သော ခါးက နည်းနည်းညောင်းလာသဖြင့် ခန္ဓာကိုယ်ကို အနည်းငယ် မတ်လိုက်မိစဉ် ... ကိုယ့်ရှေ့တည့်တည့်က မြင်ကွင်းကြောင့် ... ရင်ထဲ ဒိတ်ခနဲပင် ဖြစ်သွားမိပါသည် ...။

မလှမ်းမကမ်းမှာ ... တည့်တည့်ကြီး လာရပ်ကြည့်နေသူကား ... ခုနက စကားပြောအဆင်မပြေလှသော မိန်းမတည်း ...။ မျက်နှာပေးက ခပ်တည်တည် ... လက်ကိုပိုက်ထားပြီး ...ခြေနည်းနည်း ခွဲရပ်ကာ ... မိုးနတ်ပုံကို ပေါ်တင် ... အတိအလင်းပင် စိုက်ကြည့်နေလေသည် ...။ မိုးနတ်ပုံ မြင်လိုက်ကာမှ ... ခပ်တည်တည်စေ့ထားသော နှုတ်ခမ်းတို့ကို တစ်ချက်တွန့်ပြီး ပြုံးလိုက်သည်။





ဖြစ်ပျက်သွားသော မျက်နှာပေးက ... "ယောက်ျားရှေ့ကျ ... အီး ... အားနဲ့ သည်းပြပြီး ... ကွယ်ရာကျတော့ ကျိတ်ပြုံးနေပါလား ... မိန်းမကိုက ..."ဟု ဆိုလိုချင်နေပုံကြီးမို့ ... မိုးနတ်ပုံက သူနှင့် အကြည့်ချင်း ဆုံနေကြရာမှ ဖျတ်ခနဲပင် လွှဲဖယ်လိုက်သည်။ အေးလေ ... နှုတ်ကလာဖွင့်ပြောနေတာမှ မဟုတ်ဘဲ ... အဲဒီလိုဆိုလိုချင်နေတာမျိုးလည်း ဟုတ်ချင်မှဟုတ်မှာပေါ့နော် ...။ မျက်နှာပေးဆိုတာကတော့ အဓိပ္ပာယ်အမျိုးမျိုးကောက်လို့ရတတ်ပါတယ်။

စိတ်ကို ဖြေသော်လည်း မရ ...။ ဟာ ... ဟုတ်ကိုဟုတ်တယ် ... အဲဒီလိုကို ဆိုလိုနေတာပါ ...။ အသိသာကြီးဟာကို ...။ ကျွတ် ...၊ ဟင်း ...။

"ရော့ ... Kremil-S ကို နို့နဲ့မျှောမချနဲ့ ... အရင်ဝါးစားလိုက် ... ဝါးစားမှ ပိုကောင်းတာတဲ့ ... ပြီးမှ ... နို့သောက် ... ကမ္ဘာ့ရှုံးထိုးကြီး မမျိုနဲ့ဦး ... ဖြည်းဖြည်းချင်း ... တစ်လုတ်ချင်းသောက်နော် ... ရတယ် ... မပူဘူး ... နွားနို့ကိုဆိုင်မှာတင် ... နွေးနွေးလေး သောက်လို့ရအောင် လုပ်ခိုင်းလာတာ ... ပေး ... ပေး ... မလိုင်ဖတ်ကြီးက မစားချင်ရင် ... ကိုယ်ပဲစားပစ်လိုက်မယ်"

အေးချမ်း ရောက်လာပြီး လှမ်းပေးသော ဆေးလုံးတွေကို ဖြည်းဖြည်းချင်း ဝါးနေရင်း ... ဟိုမိန်းမဆီ လှမ်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်မိတော့ ... ခုနကနေရာမှာ မတွေ့ပြန် ...။ တရုတ်သိုင်းကားရိုက်တာ ကျနေတာပဲ ...။ "ဘွား"ခနဲ ပေါ်လာလိုက် ... လှစ်ခနဲ ပြန်ပျောက်သွားလိုက် ...။ ဘာပဲဖြစ်ဖြစ် ... တစ်နေရာရာကတော့ ချောင်းနေဦးမှာပဲ မဟုတ်လား ...။ ထိုမာဆတ်ဆတ်ရိုင်းပျပျနဲ့ မိန်းမဟာ မိုးနတ်ပုံကို စိတ်ဝင်တစား ရှိသွားပုံတော့ ရပါသည်။ ခပ်ရိုင်းရိုင်းမာမာနှင့် အမိန့်ပေး စပ်စုတတ်သော်လည်း ... အေးချမ်းသာ ပြန်ရောက်မလာရင် ... ကူညီဖေးမပေးလိုသည့် သူမျိုးလည်း ဖြစ်ရင်ဖြစ်နေမှာပေါ့လေ ...။

သူများနှယောက်သွားက ပြန်ရောက်လာပြီး ပျာပျာသလဲ ပူပင်နေတော့လည်း ကြည့်ကောင်းကောင်းနဲ့ ဆက်ငေးပြီး ဟားချင်လျောင်ချင်လာတာ နေလိမ့်မှာပေါ့ ...။

"နို့ကို ကုန်အောင်သောက်လိုက်လေ ... ခေါင်းကို ဘာလို့ ဟိုလည် ဒီလည်နဲ့ ဖြစ်နေတာလဲ ..."

"ဟင်း ဟင်း ... မိန်းမတစ်ယောက် ... ဘယ်ရောက်သွားပြီလဲ မသိလို့ ... အေးချမ်းကို ပြောပြရဦးမယ် ..."

"သောက် ... သောက် ... ခုနေခါမှာ ကိုယ့်ရောဂါလောက် ဘယ်ဟာကမှ အရေးမပါဘူး ... ပြီးရင် ခဏနားပြီး ... နေသာရင် သွားရတော့အောင် ... မှောင်လာရင် ခြင်ကိုက်လိမ့်မယ် ... နတ်ပုံက ခြင်ကိုက်ရင် ဘုတွေကြီးပြီး ... ပြီးတော့တာ မဟုတ်ဘူး"





မိုးနတ်ပုံတို့ ပန်းခြံထဲမှ ပြန်ထွက်လာကြသောအခါ မှောင်ရိပ်ပင် သမ်းချင်ချင် ဖြစ်နေပါပြီ။ လမ်းထဲနည်းနည်းဝင်မိပြီးလျှင် မိုးနတ်ပုံက မသိစိတ်က နှိုးဆော်သလို ... နောက်ဘက်ချက်ခနဲ လှည့်ကြည့်လိုက်မိသေးသည်။ ထင်သည့်အတိုင်းပင် ...။

မာဆတ်ဆတ်မိန်းမက ပန်းခြံအဝင်ဝလောက်ဆီမှာ အပြင်ဘက် ပလက်ဖောင်းပေါ်ထိ ထွက်ရပ်လျက် ... မိုးနတ်ပုံတို့ရဲ့ နောက်ကျောတွေကို ခပ်တည်တည်ကြီး လိုက်ကြည့်နေဆဲဖြစ်လေသည်။

"ဟား ဟား ... စာလာတယ် ... စာလာတယ် ... တွေ့လား ... ဟိုမှာ စာ"

"စာလာတာများ ... ရွှေထုပ် အိမ်ဝရောက်နေသလိုပါလား"

"အို ... အေးချမ်းကလည်း ... နတ်ပုံတို့တွေ ဒီအိမ်ရောက်ပြီးမှ ... စာလာတာမျိုးမှ မရှိတာ ... ထူးဆန်းတာပေါ့ ..."

"စာလာတယ် ဆိုတာ ... နယ်မှာ ... နိုင်ငံခြားမှာ ဆွေမျိုးမိတ်ဆွေ ရှိမှလာမှာပေါ့ ... ဒီပြောင်းလာတာနဲ့ မဆိုင်ပါဘူး ... ကိုယ်တော့ မေမေတို့နဲ့ နေကတည်းက ကိုယ့်ဆီတော့ တစ်ခါမှ စာမလာဖူးဘူး ထင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ... အဲဒါ နတ်ပုံအတွက်စာပဲ ဖြစ်မယ် ..."

"ဒါပေါ့ ... နာမည်ကြီးဆိုတော့ မိတ်ဆက်စာတွေ ဘာတွေ လာနိုင်တာပေါ့ ..."

အေးချမ်းရဲ့ ပြောင်စပ်စပ် အပြောကို ... "ဒါပေါ့" ဟု ပြန်ရွဲ့လိုက်ရင်း မိုးနတ်ပုံက လှေကားထစ်တွေကို မြန်မြန်ပဲ ပြေးတက်လာလိုက်ပါသည်။ လှေကားခြေရင်း အောက်ဆုံးကနေပဲ တန်းခနဲ လှမ်းမြင်သာနေသော မိုးနတ်ပုံတို့ တိုက်ခန်းတံခါးရဲ့ သံပန်းတွေကြားထဲမှာ ... အနီတုံး ... အပြာတုံး လေယာဉ်စာအိတ် ရှည်လေးတစ်ခုက မိုးနတ်ပုံကို ကြိုစောင့်နေလေသည်။

... မျက်ခုန် ဆွဲယူလိုက်ပြီးသော် ... မိုးနတ်ပုံက ...

"တံဆိပ်ခေါင်းလည်း မပါဘူး" ဟု ရေရွတ်လိုက်သေး၏။

"စာတိုက်ကိုလွှမှ ... တံဆိပ်ခေါင်းနဲ့ စာတိုက်တံဆိပ်ဝိုင်း ပါမှာပေါ့ ... နတ်ပုံရဲ့ ... ခုဟာက နာမည်တောင်မပါဘူး ... ပြောင်ကြီးဥစ္စာ"

"ဖောက်မယ်နော် ..."

"သြော် ... ဖောက်ပေါ့ ... ဟား ဟား ဟား ..."

"မဟုတ်ဘူးလေ ... ကိုယ့်စာမဟုတ်ဘဲ ဖောက်မိနေမှာစိုးလို့ဟာ"

"ကိုယ်တို့အခန်းဝ လာရောက်နေလို့ ကိုယ်ဖောက်မှာလေ ... ဘာဖြစ်လဲ ... ကိုယ်တို့အပြစ် မဟုတ်ပါဘူး ... မှားဖောက်ပြီး ဖတ်မိရင် ... မှားပြီး လာထားထားသူရဲ့ အပြစ်ပေါ့ ..."





မိုးနတ်ပုံက ခေါင်းလေးတညိတ်ညိတ်နှင့် စာအိတ်ကလေးကို ဖောက်ဖွင့်ပြီး အထဲမှစာရွက်ကို ဆွဲထုတ်ယူစဉ် ... အေးချမ်းက တိုက်ခန်းတံခါးကို ဖွင့်ဝင်ပြီး ... ဝယ်လာသော ပစ္စည်းတို့ကို ... ဟိုးအိမ်နောက်ဘက်ထဲထိ သယ်ယူသွားလေသည် ...။

"နတ်ပုံရေ ... သစ်သီးတွေက တစ်ခါတည်းဆေးပြီး ဘုရားကပ်လိုက်ရမှာလား ... ဆယ့်နှစ်နာရီတော့ ကျော်နေပြီထင်တယ် ... ကပ်လို့ရသေးလား ... မရဘူးလား ..."

နောက်ဖေးမီးဖိုခန်းထဲမှ အေးချမ်း၏အသံ ထွက်ပေါ်လာပါသည်။ မိုးနတ်ပုံမှာတော့ အဖြေပြန်မပေးနိုင် ...။ ဖတ်လက်စစာရွက်မှ မျက်နှာမခွာနိုင်သေးဘဲ ... ဧည့်ခန်းက ကုလားထိုင်တစ်လုံးပေါ်မှာ ခြေပစ်လက်ပစ်ကြီး ... ဝုန်းခနဲ ဝင်ထိုင်လိုက်သည်။ အေးချမ်းရဲ့ အော်သံက ထွက်လာပြန်သည်။

"ဝုန်းခနဲက ဘာဖြစ်တာလဲ ... ချော်လဲတာလား ..."

"ဟင့်အင်း ..."

"ဒါဖြင့်လည်း ဖြည်းဖြည်းသက်သာ လုပ်ပါလား အမိလေးရယ် ... လူကောင်သေးသလောက် ... အသံထွက်တွေကတော့ အမြဲကျယ်နေ ..."

"အေးချမ်း"



www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းမှာ … စကားဆုံးအောင်ပင် မပြောလိုက်ရဘဲ မိုးနတ်ပုံရဲ့ ခေါ်သံညှော့စက်ညှက်ကလေးကို စိုးရိမ်ကာ ဧည့်ခန်းထဲသို့ အပြေးအလွှားပင် ပြန်ရောက်လာပါသည်။ နတ်ကလည်း… "ဘာဖြစ်လဲ … ဘာဖြစ်လဲ"နှင့် စိုးရိမ်တကြီး။ မိုးနတ်ပုံရဲ့ ဘယ်တစ်နေရာ့ရာမှာ … ဘာတွေများ ဖြစ်ပျက်ထိခိုက်နေပြီလဲ … ဟု အကဲခတ် လျှောက်ကြည့်နေသော အေးချမ်းက … ဘယ်တစ်နေရာမှာမှ … ဘာမှ … စိုးရိမ်လောက်ဖွယ် မမြင်မှပင် … စာကို စဖတ်လိုက်ပါသည်။

မိုးနတ်ပုံ …

ခွင့်လွှတ်ချင်စရာ မရှိတဲ့ အပြစ်ကြီးကြီးတစ်ခုကို မင်းကျူးလွန်လိုက်ပြီမို့ … မင်းအပြစ်ဒဏ်ကို … ထိုက်သင့်သလို မင်းပြန်ပေးခံ … ခံစားရတော့မယ် … စောင့်နေပေတော့ …



"ဟား ဟား ဟား ဟား …"

"ဘာရယ်တာလဲ … အေးချမ်းက ဘာရယ်နေတာလဲ …"





"နတ်ပုံရာ … ဒီထက်ရယ်ရတာ ရှိဦးမလား … အသက်တွေလည်း အစိတ်ကျော် သုံးဆယ်နီးတွေ ဖြစ်ကုန်ကြပြီ မင်းသူငယ်ချင်းတွေကိုက, ကလေးဆန်ချင်လွန်းပါတယ်ကွာ … အတော်အားလပ်နေကြတယ် ထင်ပါရဲ့ … ရယ်စရာတောင် ကောင်းတယ် …"

"မဟုတ်ဘူးနော် အေးချမ်း …"

"ဘာမဟုတ်တာလဲ … ဟား ဟား ဟား … ဒီစာထက်ပိုရယ်ရသေးတာ ခုမှ သတိထားမိတယ် … နတ်ပုံက ဘာဖြစ်နေတာလဲ … ဟား ဟား ဟား … အရမ်းရယ်ရတာပဲ … ဟား … ရယ်ရတယ်ကွာ … မျောက်ကိုက်ထားတဲ့ ရုပ်ကလေးလို ဖြစ်နေပါလား … ဘာဖြစ်တာလဲ … ဟား ဟား …"

"မရယ်နဲ့နော် …"

"ရယ်မှာပဲ … ဘာလဲ … တကယ်ကြောက်နေတာလား… အား … သေတော့မှာပဲ … ရယ်လိုက်ရတာ … ဗိုက်တောင်နာလာပြီ …"

အေးချမ်းက ဗိုက်နာလာပြီဆိုမှပင် မိုးနတ်ပုံလည်း ဲ ဗိုက်အောင့်ချင်သလိုလိုတောင် ဖြစ်လာရပါသည်။ မိုးနတ်ပုံရဲ့ အစာအိမ်ရောဂါက ဤသို့ ဤပုံလည်း ဆန်းကြယ်ပေသေးသည်။ စိတ်လှုပ်ရှား၊ ထိတ်လန့်၊ ကြောက်ရွံ့ တစ်ခုခု ဖြစ်သွားရင်…



www.burmeseclassic.com

www.burmeseclassic.com



အဲလိုလိုနေရင်းက အောင့်တောင့်တောင့် ဖြစ်ချင်လာသည်။ သို့သော်မဲ့ ခုချိန်မှာ အောင့်တာက အရေးမကြီးပါ ...။ ကြောက်သလိုလို ဘာလိုလိုနှင့် အသည်းအရမ်းယားသွားရတာက ပိုအရေးကြီးနေသည်။

အဲဒီစာကို ဖတ်လိုက်ရချင်း,ချင်းမှာ ... မိုးနတ်ပုံ အဖို့ အေးချမ်းလို တဟီးဟီး တဟားဟားနှင့် ..."ဘယ်ကောင်များ သိပ်အားလပ်နေပါလိမ့် ..."လို့ မတွေးမိနိုင်ရတာ ဘာ့ကြောင့်ပါလိမ့် ...။ ဖတ်ပြီးလျှင်ပြီးချင်း ... သွေးထဲကနေ စိမ့်တက်သွားသလို ... ခံစားချက်နှင့် အသည်းတွေက ယားတက်လာသည်။ ဒုတိယတစ်ချီ ထပ်ဖတ်လိုက်မိတော့ ခြေဖျားလက်ဖျားတွေ့ပါ အေးချင်လာသည်။ ဘာဖြစ်လို့ပါလိမ့်။ အန္တရာယ်ရဲ့ အငွေ့ အသက်တွေကိုပါ ခံစားလာရသလိုလိုပဲဟု (စုံထောက်ဝတ္ထုတွေထဲကလို) ပါပြောလျှင် ... အေးချမ်း တစ်ယောက်တော့ ဒီထက်ဒီ ပိုပြီး အူတက်နေတော့မည် ထင်ပါသည်။

ဘာကွာသွားတာလဲ ...။ ဘာလို့လဲ ...။ "အေးချမ်း" ဟု နာမည်တပ်မထားသည်မို့ အေးချမ်းက ရယ်နေနိုင်တာလား ...။ မဟုတ်လောက်ဘူး ထင်သည် ... သူ့နာမည်ကြီး မြင်နေရလည်း အဲဒီ အေးချမ်းကတော့ ရယ်နေမှာပါပဲ ... သူက ပြောင်းလဲမှာ မဟုတ် ...။ ခါတိုင်းဆိုရင် သူ့လိုပဲ အပြိုင်လိုက်ရယ်ရင်း အရယ် သန်တတ်သည့် မိုးနတ်ပုံကသာ ဒီတစ်ခါမှာ ပြောင်းလဲထူးခြား လို့နေတာ ...။ ကိုယ့်ကိုယ်ကိုယ်လည်း အံ့သြပါသည်။





အေးချမ်းကလည်း မိုးနတ်ပုံကို အံ့သြသလိုကြည့် မိုးနတ်ပုံ ထိုင်နေသည့် ကုလားထိုင်မှာ လာဝင်ထိုင်လိုက် ... လက်ကလေးကို ဆွဲကိုင်ကာ ...

"နတ်ပုံက ဘာလို့ ဒီလိုဖြစ်တာလဲ ..."

"နောက်တာလို့ မထင်ဘူး ..."

"နတ်ပုံရယ် ... ဖြစ်ရလေ ... ဒီလိုစာမျိုးဟာ နောက်တာ မဟုတ်လို့ ဘာများဖြစ်နေရဦးမှာလဲ ... ကိုယ်တို့နိုင်ငံမှာ... တခြားတိုင်းတစ်ပါးတွေလို လူဆိုးဂိုဏ်းကြီးတွေလည်း မရှိဘူး ... ရန်ကုန်မြို့ တစ်မြို့လုံးမှာ နိုင်ငံခြားရုပ်ရှင်ကား တွေထဲကလို ... လမ်းမပေါ်မှာ သွားနေရင်းနဲ့ ... သေနတ် နဲ့ပစ် ... ကားနဲ့တိုက် ... ဓားနဲ့ထိုးသွားတာမျိုးရော ရှိနိုင် ပါ့မလား ... ဘာကိုပူပြီး ကြောက်နေရမှာလဲ ...

ပြီးကျတော့ နတ်ပုံကရော ဘာများလုပ်ထားမိတဲ့သူ မို့လဲ ... အပြစ်ကြီးကြီး ကျူးလွန်ထားတယ်လို့ ဆိုရအောင် မာဖီးယားဂိုဏ်းချုပ်ကြီးရဲ့ စိန်တုံးကြီးကို ခိုးပြေးထားလို့ လား ... အဓိပ္ပာယ်မရှိလိုက်တာ နတ်ပုံရယ် ... ဒါလေ ... ဘယ်သူမှ မဖြစ်နိုင်ဘူး ... ကိုယ်ပြောမယ် ... နတ်ပုံတို့ သူငယ်ချင်းအုပ်စုတွေထဲက ... မေမာရယ် ... နန္ဒာရယ် ... ပြီးကျတော့ ဟိုအခြောက်လိုလိုကောင် ... အောင်ခိုင်ရယ် ... ဒီသုံးယောက်ထဲက တစ်ယောက်ယောက် ... ဒါမှမဟုတ် ရင်လည်း သုံးယောက်လုံး ပေါင်းလုပ်တာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



လောကကြီးမှာ ပညာလည်းစုံပြီးရက်နဲ့ ... အိမ်ထောင်လည်းမပြု ... ရည်းစားလည်း မထား ... အလုပ်လည်း ဟုတ်တိပတ်တိ မလုပ် ... အလကားနေရင်း အားလပ်နေတော့တာ သူတို့သုံးယောက်ပဲ ရှိတယ် ... ဒါတွေပဲ... မလွဲဘူး ... သူတို့ပဲ ...။ ဒီလိုလုပ်ပါလား ... ကျန်တဲ့အုပ်စုထဲက တခြားလူတွေဆီရော ဖုန်းဆက်ကြည့်လိုက်မလား... သူတို့ကိုလည်း နောက်ချင်နောက်ထားမှာပေါ့ ...

သဇင့်ဆီ ဆက်ကြည့်လိုက်လေ ... သဇင်က အလကားနေရင်း လူရော ... သူ့ရဲ့ရော ... မြွေရော ... တီကောင်တို့ ပင့်ကူတို့ပါ ရှာကြဲကြောက်နေတာဆိုတော့ ... နတ်ပုံကိုတောင်လုပ်ရင် ... သဇင့်လည်း ဒီကောင်တွေ ချမ်းသာပေးမှာမဟုတ်ဘူး ... ခုလောက်ဆို ကောင်မလေးလည်း ကြောက်ကြောက်နဲ့ ငိုရင်တောင် ငိုနေနိုင်တယ် ... သွား... ငါ့ဆီလည်း တူတူပဲ ရောက်လာတယ်ဟဲ့ ... ဆိုရင် ... ဟိုကပါ အကြောက်ပြေပြီး အငိုရပ်လိမ့်မယ် ... သွားပြောချေ ..."

အေးချမ်းက မိုးနတ်ပုံကို တွန်း,တွန်းလွှတ်နေသော်လည်း မိုးနတ်ပုံကတော့ ကုလားထိုင်ထက်မှာပဲ ဗြစ်ဆွဲကြီး ပေထိုင်နေမိသည်။ မဆက်ချင်ပါဘူး ...။ မေမာတို့လက်ချက် လုံးဝမဖြစ်နိုင်ဘူး ဆိုတာကိုလည်း ... ခန္ဓာကိုယ်ရဲ့ ဟိုးအတွင်းဘက်





တစ်နေရာထဲက ... မသိစိတ်ထဲက ... အသွေးထဲအသားထဲကပါ သိနေပြီးသားဆိုရင် ... "အကြားအမြင် ပညာရှင်ကြီးများလား" လို့ အေးချမ်းဆီက ရယ်သံကျယ်တွေ ထွက်ပေါ်လာလိမ့်ဦးမည်။

"ဘယ်သူလဲ မသိဘူး ... စာအောက်ကပုံကရော ... ဘာသင်္ကောလဲ ..."

"အဲဒါ အင်္ဂလိပ်လို Violin လေ ... မြန်မာလို... တယော..."

"ဒါတော့ သူပြောမှလား ..."

"ဘာသင်္ကေတလဲဆို ..."

"အေးလေ ... ဘာသင်္ကေတလဲကို သိချင်တာပဲ ... ဘာသာပြန်ခိုင်းနေတာ မဟုတ်ဘူး ... အမှတ်တံဆိပ် တစ်ခုခုလား ... လူနာမည်လား ... ဘာအဓိပ္ပာယ်လဲ ... အဲဒါကို သိချင်တာ ... နာမည်တို့ ဆိုင်းတို့ ထိုးမထားဘဲ တယောပုံကြီးနဲ့ဆိုတော့ ... အဓိပ္ပာယ်တစ်ခုခုတော့ ရှိရမယ် ..."

"ကျွတ် ... ကျွတ် ... လုပ်လိုက်တဲ့ကောင်ကတော့ တစ်နေရာရာကနေ လိမ့်သဘောကျနေတော့မှာပဲ ... သူလုပ်လိုက်တာ အောင်မြင်လှချေရဲ့လို့လေ ... ထင်တောင်မထားဘူးကွာ ... နတ်ပုံ ... မင်းကလေးက သူများတကာရဲ့ အလှည့်အပတ် အဆွဲအဆောင်နောက် အဲဒီလောက်တောင် ပါသွားတတ်သူလား ... အံ့ဩပါရဲ့ကွာ ...



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ ဆက်တွေးမနေနဲ့တော့ ... အီတလီနိုင်ငံရဲ့ မှာဖီးယားဂိုဏ်းတွေထဲမှာ ... Violin ဆိုတဲ့ ဂိုဏ်းဟာ နာမည်အကြီးဆုံးပဲ ဖြစ်လိမ့်မယ် ... အခု အဲဒီဂိုဏ်းကြီးက ရန်ကုန်ကို ရောက်လာပြီ ... သူတို့ရဲ့ နံပါတ်တစ်ပစ်မှတ်က ... မိုးနတ်ပုံ ဆိုတဲ့ မိန်းမချောကလေးပဲ ... မိုးနတ်ပုံကို သူတို့က မွေးကတည်းက သတင်းရပြီး လိုက်ရှာနေကြတာ ... ခုမှပဲ ... တွေ့မဲ့တွေ့တော့ ... (––)လမ်း၊ လေးထပ်တိုက်ပေါ်မှာ နေနေတဲ့ ... အေးချမ်းရဲ့မိန်းမမှ ... လာဖြစ်နေတယ် ... ဒါပဲ ...”

အေးချမ်းက မိုးနတ်ပုံရဲ့ နံဘေးမှ ရယ်ကျဲကျဲနှင့် ထထွက်သွားကာ ... နောက်ဖေးဘက်ထဲ ပြန်ဝင်သွားပါသည်။ မိုးနတ်ပုံကတော့ စာကို နောက်ထပ်တစ်ခေါက် ထပ်ဖတ်လိုက်မိကာ ... သွေးထဲကနေ တစ်ခါ ချမ်းစိမ့်လာရပြန်ရင်း ... မပြီးနိုင်အောင် တတွတ်တွတ်နှင့် ... ဘာတွေမှန်းမသိ ရေရွတ်ပေါက်ပေါက်ဖောက်နေမိတော့သည် ...။ စနေ တနင်္ဂနွေ ... ရုံးပိတ်ရက်မို့ ဘာမှချက်ပြုတ်မနေတော့ဘဲ ... အပြင်ထွက်ပြီးပဲ ချိုင့်နဲ့ဝယ်ခြမ်းလာတာတွေကိုလည်း ထပြီး ပြင်ဆင်ခင်းကျင်း မနေနိုင် ...။ နောက်ဖေးဘက်မှာ အေးချမ်း တစ်ယောက်တည်း ... ဂလုံ ... ဂလွမ်နှင့် ပြင်ဆင်ထည့်သိုနေသံတွေ ဆူညံနေသည်။





“ကဲ ... လာလာ ... အမိလေး ... ကိုယ်ကျူးလွန်ထားမိတဲ့ ... အပြစ်ဒဏ်ကို ထိုင်စောင့်မနေနဲ့ ... ထမင်းစားပြီး စောင့်ရင်စောင့် ... တော်ကြာ ဗိုက်ကအောင့်လာဦးမယ် ... ဒီမှာ ပြင်ဆင်ပြီးနေပြီ ... လာစားလိုက်တော့ ...”

“အေးချမ်းနော် ... ဘာကြောင့် သူများစိတ်ညစ်အောင် လိုက်ပြောနေသလဲ”

“ဟာ ... နတ်ပုံပဲ ... နောက်တာဖြစ်မှာပါ ဆိုတော့လည်း မဟုတ်ဘူးဆို ...”

“နောက်တာလည်း မဟုတ်ဘူး ... အဲဒီလိုလိုက်ပြီး ခြောက်နေစရာလည်း မလိုဘူး ... ရယ်မယ်မထင်နဲ့ ... ပိုပြီးပဲ အသည်းယားလာမှာ ...”

“ဟာ ... စိတ်ရှုပ်လာပြီ ... ကဲ ... ပေးစမ်း ...”

အေးချမ်းက စာရွက်ရော ... စာအိတ်ကိုပါ မိုးနတ်ပုံရဲ့လက်ထဲက ဆတ်ခနဲ လုဆွဲလိုက်ကာ ... အိမ်ရှေ့ဝရန်တာလေးဆီသို့ ထွက်သွားပြီး ... တဗြဲဗြဲနှင့် ဆုတ်ဖြဲကာ လမ်းမပေါ်သို့ လွှင့်ပစ်လိုက်လေသည်။

“ဟာ ... ဘာလုပ်တာလဲ ... ဒုက္ခပဲ ...”

“ရှင်းရောပေါ့ ...”

“မဟုတ်ပါဘူး ... အိမ်ရှေ့ဘက်ကြီးထွက်ပြီး အမှိုက်ပစ်တော့ ... တော်ကြာ စည်ပင်ဥပဒေနဲ့ ငြိနေဦးမယ် ... စည်းကမ်းကို မရှိဘူး ...”



www.burmeseclassic.com

www.burmeseclassic.com



"လာဖမ်းရင် နတ်ပုံပဲ လိုက်သွား ... ကိုယ်တော့ ပုန်းနေမယ် ..."

ဒီတစ်ခါမှာတော့ မိုးနတ်ပုံလည်း ရယ်ချင်လာကာ ... "တဟင်းဟင်း" ရယ်နေမိပါတော့သည်။ သို့သော် ... မိုးနတ်ပုံရဲ့ ရယ်သံတွေက သိပ်ကြီးတော့ တာမရှည်လိုက်ရ ...။ ထမင်းစားသောက် ဆေးကြောသိမ်းဆည်းပြီး အိမ်ရှေ့သို့ ပြန်ထွက်လာလျှင် အိမ်ရှေ့ခန်းမှာ တန်းခနဲ မြင်လိုက်ရသည်က ... ပိတ်ပြီး အထဲမှ ချက်ချထားသော တိုက်ခန်းတံခါးအောက်ခြေ အဟကြားမှနေ၍ ဧည့်ခန်းထဲသို့ တိုးဝင်လျက်ရှိသော လေယာဉ်စာအိတ်ရှည် တစ်လုံး ...။

"ဟာ ... ဟာ ... ဟိုမှာ ... ဟိုမှာ ... စာ ... စာအိတ် ..."

အေးချမ်းက ခြေမြန်လက်မြန်နှင့် စာအိတ်ကိုပြေးကောက်ကာ တိုက်ခန်းတံခါးကိုဖွင့်ပြီး ... အပေါ်ထပ်၊ အောက်ထပ် လှေကားတွေဆီ မော့ကြည့်၊ ငုံ့ကြည့် ... စစ်ဆေးလိုက်သည်။ တောက်လျှောက်မြင်သာနေသော လှေကားထစ်များတွင် ... ဘာအရိပ်အယောင်ကိုမျှ မမြင်ရပါ ...။ တံခါးကို ပြန်ဆွဲပိတ် ... ဝရန်တာဘက်ဆီ အမြန်ပြေးကာ လှမ်းမြင်နိုင်သလောက်တွေကို လျှောက်ကြည့် အကဲခတ်ပါသော်လည်း ... မြင်ကွင်းက ဘာမှ မထူးခြား ...။





အေးချမ်းတစ်ယောက် အလုပ်ရှုပ်နေသလောက် ... ဧည့်ခန်းအလယ်မှာ တောင့်တောင့်လေးပဲ ရပ်ကျန်နေတဲ့ မိုးနတ်ပုံက ...

"ဘာ ... ဘာထူးလဲ ..."

"ဟိုသုံးကောင်က ... တက္ကသိုလ်မှာတည်းက ... တာတို အပြေးလက်ရွေးစင်နဲ့ ...၊ ခြေလျင်နဲ့တောင်တက်ထဲ ဝင်ထားတာနဲ့ ...၊ မိဘအလစ်မှာ ဘာမဆို ခိုးလုပ်နေကျ ဖြစ်နေတာနဲ့ ...၊ ဘယ်မိနိုင်ပါ့မလဲ ... ရှေးခေတ်က ခြေမြန်တော်ဆိုတာတွေတောင် သူတို့လောက် မြန်မှာမဟုတ်ဘူး ..."

"သူတို့ မဟုတ်နိုင်ပါဘူးဆို ... ကဲပါ ... စာက ဘာတဲ့လဲ ..."

"ဖတ်မနေပါနဲ့တော့ ... သူများကျောကွင်းထဲ ကိုယ့်ဘာသာတိုးဝင်ပြီး လူ့အရယ်မခံနဲ့ ..."

"အေးချမ်းနော် ... ပေး ... ပေး ... နတ်ပုံ မဖတ်လိုက်ရဘဲ ဆွဲဆုတ်ပြီး လွှင့်ပစ်ရင်တော့ ... လုံးဝကို ခွင့်မလွှတ်ဘူး ..."

အေးချမ်းက ပခုံးနှစ်ဖက်ကို အသာတွန့်လိုက်ရင်း ...

"ငါ့ကျရင်တော့ သိပ်နိုင်တယ် ... ဘယ်သူမှန်းမသိတဲ့ ငပေါကိုကျတော့ ရှာကြံတွေးပြီး ကြောက်နေတယ် ..."

မိုးနတ်ပုံက စာကို ဖွင့်ဖတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆုတ်ပစ်လည်း အလကားပဲ _ အပြစ်က ပြီးမသွားဘူး _ မယုံမရှိနဲ့ _ ငြိုးကိုမပြီးဘူး ... တစ်သက်လုံး မငြိုးဘူး _။
Violin"

အေးချမ်းကလည်း ခေါင်းချင်းဆိုင်ကာ လာကပ်ဖတ်ရင်း ... "ကျွတ်"ခနဲ အော်မြည်လိုက်သည်။

"စောင့်ကြည့်နေတဲ့သဘော ... အေးချမ်းရဲ့ ... စာကိုဆုတ်ပြီး ဝရန်တာကနေ လွှင့်ပစ်လိုက်တာ သူ တွေ့နေတယ် ... တွေ့လား ..."

"စပုံနောက်ပုံက နည်းနည်းတော့ ကြမ်းတယ်ကွာ ... လွန်ချင်လာပြီ"

"စနေတာ မဟုတ်ဘူး ... နတ်ပုံသူငယ်ချင်းတွေလည်း ဘယ်သူမှ အဲဒီလောက်အထိ မအားဘူး ..."

"ဒါဖြင့်လာ ... ဘယ်ကောင် စောင့်ကြည့်နေသလဲ ... ကိုယ်တို့ ဝရန်တာ ထွက်ရပ်ပြီး ပြန်ကြည့်ကြမယ် ... ထူးခြားတဲ့သူတစ်ယောက်လောက်ရှိရင် ကိုယ်မသိလည်း နတ်ပုံကတော့ ... နတ်ပုံရဲ့ အသိထဲက ဆိုရင် မြင်တာနဲ့ တန်းသိမှာပေါ့ ..."

အေးချမ်းက မိုးနတ်ပုံရဲ့ လက်ကောက်ဝတ်ကို လာဆွဲသည်တွင် မိုးနတ်ပုံက ပထမတော့ ကျိတ်ရုန်းနေမိသေးသည်။ ပြီးမှ ... "အကဲခတ်ထားရင်လည်း မမှားပါဘူး"ဟု နှစ်





ယောက်သား ဝရန်တာဆီ ထွက်ခဲ့ကြလေသည်။ လမ်းပေါ်မှာ ကားတွေကလည်း ဘာမှ ထူးခြားပုံမရှိ ...။ လူတွေကလည်း သာမန်မြင်ကွင်းအတိုင်း သွားလာလို့ ...။ တိုက်ခန်းတွေဆီကော ...။ ညာဘက်က ဘယ်ဘက် ... လမ်းတစ်ဖက်ကမ်းက မျက်နှာချင်းဆိုင် တိုက်ခန်းများ ...။ ဘာမှလဲ မထူးခြားပါလား ...။

"တွေ့လား ... ဘာထူးခြားလို့လဲ နတ်ပုံရဲ့ ..."

"မထူးခြားတာက ပိုဆိုးတာပေါ့ ... ထူးထူးခြားခြား တစ်ယောက်ယောက်ကို တွေ့ရရင်တောင် အဖြေက ပေါ်နေပြီဆိုတော့ ... စိတ်အေးရမှာ ..."

"ဟောဗျာ ... မထူးခြားတော့လည်း တစ်မျိုးဖြစ်ရပြန်ပြီလား ... ထူးခြားတာ တစ်ခုခု တွေ့ရင်လည်း ... မင်းပဲ တစ်မျိုးပြောဦးမှာပါ နတ်ပုံရယ် ... ကဲ ... ဘာလုပ်မှာလဲ ... အိမ်ထဲပြန်ဝင်မှာလား ... အဲဒီစာကရော ... သိမ်းထားပြီး ... တနုံ့နုံ့ လုပ်နေဦးမှာလား ..."

"ဆုတ်ပြီး လွှင့်ပစ်ပြန်ရင် နောက်တစ်စောင် ထပ်ရောက်လာစေချင်လို့လား ... သိမ်းထားရမယ် အေးချမ်းရဲ့ ... ဒါက သက်သေခံ အထောက်အထားပဲ ..."

"မင်းတို့အုပ်စုတော့ စုံထောက်ဝတ္ထုတွေ ... စုံထောက်ရုပ်ရှင်တွေ ဖတ်တာကြည့်တာ များသွားပြီ ထင်တယ်ကွာ ... နတ်ပုံရာ ..."



www.burmeseclassic.com

www.burmeseclassic.com



မိုးနတ်ပုံက ခေါင်းကိုခါယမ်းရင်း အိမ်ထဲသို့ ပြန် ဝင်လာခဲ့ပါသည်။ ဟိုတစ်နေ့က ပန်းခြံထဲမှာ ကြုံခဲ့ရသော ကြွပ် ဆတ်ဆတ် ရိုင်းပျပျ မိန်းမတစ်ယောက်ရဲ့ မျက်နှာကို (နေရင်း ထိုင်ရင်း အဆက်အစပ်မရှိ) အတွေးထဲမှာ ရုတ်တရက် မြင်ယောင် လာလျှင်တော့ မိုးနတ်ပုံက ... ခါယမ်းလက်စခေါင်းကို နှစ်ဆ လောက်ပိုပြီး တအားကြီး ယိမ်းထိုးပစ်လိုက်သည် ...။

❀ ❀ ❀

ဖျတ်ခနဲ မီးတွေပျက်သွားသဖြင့် ... မိုးနတ်ပုံက "ဘုရား ... ဘုရား"ဟုပင် ဘုရားကိုပဲ လှမ်းတလိုက်မိပါသည်။ လမ်းမကြီးတစ်ခုလုံး ပိန်းပိတ်အောင် မှောင်မည်းတုပ်သွားပြီးမှ ... ဖျပ်ဖျပ် ... ဖျပ်ဖျပ်နှင့် တစစီ ပြန်လင်းလာကြသော မီးရောင် များသည် ... အိမ်တွေ ... ဆိုင်တွေ ... တိုက်ခန်းတွေထဲမှာပဲ ဖြစ်နေလျက် ... လမ်းမီးတို့ကတော့ လုံးဝကို ပြန်မလာ ...။ ဖျပ် ဖျပ်ပင် မဖြစ်ချေ ...။

အိမ်တွေ ဆိုင်တွေထဲက အလင်းရောင်က လမ်းမ ပေါ် ဖြာကျလာကြပြီဆိုတော့ ... လမ်းဆက်လျှောက်လို့မှ မရ ာင် ... စုံးစုံးမြုပ် မှောင်တုပ်နေတာမျိုး မဟုတ်တော့ပေမဲ့ ... ျလာသော အလင်းရောင်က မီးအားပြည့်ပုံမရ ...။ ခပ်ဖျော့





ော့ မှိန်မှိန်ရယ် ...။ ဒီတော့ လမ်းမကလည်း ... မမှောင်ပေမဲ့ ်င်း ...။ မြင်သာထင်သာရှိပေမဲ့ ... ဝိုးတဝါးဆိုတဲ့ အဆင့်ထက် ာရုံသာ ရှိလေသည်။

ပိန်းပိတ်အောင် မှောင်မည်းသွားစဉ်က ယောင်ယမ်း ြီး ရပ်တန့်နေခဲ့မိသော ခြေလှမ်းတို့ကို ပြန်စလိုက်ပါသည်။ လင်း မမှောင် ဖြစ်နေပုံကြီးက ပိုလို့ပင် ကြောက်စရာကြီး ...။ စောပိုင်းတုန်းကဆိုရင် ဘာမဆိုကို သိပ်မကြောက်တတ်ခဲ့တဲ့ ိုးနတ်ပုံဟာ ... ခုနောက်ပိုင်းမှာတော့ အရာရာကို ကြောက်တတ် သလိုလိုကြီး ဖြစ်နေရလေသည်။

ကျွတ် ...။ လမ်းမီးတွေ ပျက်နေချိန်ကျမှပဲ ... ကြောက်တတ်နေတဲ့ မိုးနတ်ပုံဟာ ... ကိုယ့်အိမ်ထဲ ကိုယ်မရှိဘဲ ... ဘက်ကြီးမှာ အပြင်လမ်းမပေါ် ရောက်နေရတယ်လို့ ...။ ငါ ယ် ...။ ခုချိန်ဆို ... အိမ်ကမီးအားမြှင့်စက်ကို အသာထ,တင် င်း ... တီဗီပေါ်ကနေ မျက်နှာမခွာနိုင် ဖြစ်နေမည်ဖြစ်သော အ.ချမ်းဟာ ... သူ့မိန်းမဖြစ်သူတစ်ယောက် ... လမ်းမှိန်မှိန် ပေါ်မှာ ... ကြောက်နေလောက်ပြီလား ... ဟု ... အတွေးထဲတောင် ရှိမှာမဟုတ်။ အိမ်မီးတွေက ပြန်လာတော့ ... လမ်းမီးလည်းလာ ာပေါ့ ... ဟုသာ ထင်နေလိမ့်မည် ...။

အို ...။ အဲဒီလိုတောင် ထင်ချင်မှ ထင်မှာပါ ...။ သူ့ခေါင်းထဲမှာ ဘောလုံးကလွဲလို့ ဘာများရှိမှာမို့လဲ ...။ ဒီမှာက



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ကြောက်လို့သေတော့မယ် ...။ ကြောက်ပါတယ်ဆိုမှ ခါတိုင်း
များ ဒီအချိန်လောက်ဆို လမ်းပေါ်မှာ လူတွေတရုန်းရုန်းနှင့်စည်
ကားစိုပြည်နေဆဲ ရပ်ကွက်က ... ထူးခြားစွာ လူခြေကင်းမဲ့ပြ
တိတ်ဆိတ်လို့ ...။ တိတ်ဆိတ်တယ်တော့ မဟုတ်ဘူးပေါ့ ...
လမ်းမပေါ်မှာသာ လူမရှိတာ ... အိမ်တွေထဲမှာတော့ ... ဘောလုံး
အတွက် ... လူစည်စုရုံး ... အော်ဟစ်နေကြပေလိမ့်မည်။

အေးချမ်းတို့များ ... "စာအုပ်ဆိုင် လိုက်ခဲ့ပေးပါလား
စာအုပ်သွားအပ်ချင်လို့ ..." ဆိုတာကိုပင် ... "နက်ဖြန်မှအပ်တော့
နော် နတ်ပုံ ..."တဲ့ ...။ ခြေချုပ်မိထားသလို ဧည့်ခန်းထဲက ...
တီဗီရှေ့က တစ်ဖဝါးမှ မခွာနိုင် ဖြစ်နေသည် ...။ နက်ဖြန်မှအပ်
တော့ ... တစ်ရက်ငှားခ (၁၀၀)နဲ့ မဂ္ဂဇင်းနှစ်အုပ်တ နေရင်းထိုင်
ရင်း (၄၀၀)ဖြစ်သွားမှာပေါ့ ...။ ပြီးကျတော့ ဒီညလည်း ဖတ်
စရာမရှိတော့တာမို့ ... မအိပ်သေးမချင်း ပျင်းပျင်းကြီးနဲ့ ငုတ်တုတ်
ကြီး ဖြစ်နေရမှာပေါ့ ...။

"လာ ... လာ ... လာ ... သိပ်ကောင်းတယ် ...
ဘောလုံးပွဲပဲကြည့်လိုက် ... စာအုပ်ဆိုင် သွားနေရင် လွတ်သွား
လိမ့်မယ် ... လာကြည့် ..."တဲ့ ...။ တောက် ...။

အတော်မှန်းစရာကောင်းတဲ့သူ ...။ မိုးနတ်ပုံက
မဂ္ဂဇင်းနှစ်အုပ် ကိုင်ပြီး ကိုယ့်ဖာနဲ့ကိုယ် ဖောင့် ... ဖောင့်နဲ့
အိမ်က ထွက်လာခဲ့တာကိုပင် ... အိမ်တံခါးထပိတ်ဖို့မှ သတိရရဲ့





လား မသိ ...။ သူ့မိန်းမဟာ အင်မတန်မှ စိတ်ကောက်သန်လှပါ
သည်ဆိုတာကိုလည်း မေ့နေပုံရသည်။ မိုးနတ်ပုံကလည်း ...
မိုးနတ်ပုံ ...။ စိတ်ကကောက်သွားရပြီမို့ ... ကိုယ့်ဘာသာကိုယ်
"ကြောက်တတ်သူ"ဆိုတာကို ပြန်မေ့သွားသည်။ စာအုပ်ဆိုင်မှာ
စာအုပ်အပ်၊ ဒီညဖတ်ဖို့ စာအုပ်ကို ပြန်ရွေး ... ပြီးတော့မှပင် ...။
"အဲ"ခနဲ သတိပြန်ရလိုက်မိတော့တာ ...။

ကြောက်ကြောက် ... ကြောက်ကြောက်နဲ့ ... ကျိုးကန်း
ဘောင်မှောက် ... ခေါင်းတွေလည်ပြီး ပြန်လာရစဉ်မှာပဲ မီးက
ဖျတ်ခနဲပျက် ...။ ပြန်လာတော့လည်း မှုန်မွှားမွှားသာ ...။ ဘုရား ...
ဘုရား ...။ ခြေလှမ်းတွေတလည်း ကိုယ့်ခြေထောက် ကိုယ်ပေမဲ့ ...
"နေးလှချေလား"ဟု မယုံသင်္ကာဖြစ်ကာ ပြန်၍ပင် ငုံ့ကြည့်ရသေး
သည်။

ထိုစဉ်မှာပင် ...။

"ရှူပ် ရှုပ် ... ရှုပ် ရှုပ် ရှုပ် ..."

ဟယ် ...။ ငါ့ဖိနပ်က အဲဒီလောက်ကြီး အသံမြည်
နေလို့လား။ ဖိနပ်နဲ့လမ်းမနဲ့ တိုက်ပွတ်သံ၊ ခြေသံတရှုပ်ရှုပ်ဟာ
မြည်လှချေလား။ မိုးနတ်ပုံမှာ ... နောက်လည်းလှည့်မကြည့်ရဲ...။
ခြေလှမ်းကို မသိမသာ ရပ်ကြည့်လိုက်သော် ...။ ထိုတရှုပ်ရှုပ်က
လည်း ငြိမ်သက်သွားလေသည်။ ပြန်လျှောက်တော့ ... ပြန်တရှုပ်
ရှုပ် ...။ ကိုယ်ရပ်ရင်ရပ် ... ကိုယ်လျှောက်ရင်လျှောက် ... အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



တရှပ်ရှပ်ဟာ ကိုယ့်ဖိနပ်ရဲ့အသံ မဟုတ်လေတာလည်း အသိသာကြီးလေ ...။

ကိုယ်က လမ်းလျှောက်ရင်လည်း ရှပ်တိုက်လျှောက်တတ်တာ မဟုတ် ...။ ဝတ်ထားတာကလည်း ... ညှပ်ဖိနပ်ပါးလည်း မဟုတ် ...။ ဒေါက်မြင့်သာဖြစ်လေရာ ... မသကာ ကိုယ့်ဆီကထွက်တဲ့ အသံဆိုလည်း ... ဖြစ်ချင်းဖြစ် ..."ဝွပ်ဝွပ်"သာဖြစ်ရမှာပေါ့ ...။ နောက်မှာ လူတစ်ယောက်ယောက်တော့ ပါနေပြီ ...။ သူရဲကတော့ ခုထက်ထိကို အယုံအကြည်မရှိ ... မကြောက်တတ်ပါဘူး ...။

မိုးနတ်ပုံက ..."ကဲ ... ဖြစ်ချင်ရာဖြစ် ..."ဟု ဖျတ်ခနဲ ခြေလှမ်းရပ်ကာ နောက်ဘက်သို့ ဆတ်ခနဲမဲ လှည့်ကြည့်ပစ်လိုက်ပါသည်။ ကျောခိုင်းပြီး ဘာမှန်းမသိ ကြောက်နေရတာထက်စာရင် ... လှည့်ကြည့်ပြီး ရင်ဆိုင်ပစ်လိုက်ရတာကမှ တော်ပါသေးတယ် ...။

လှည့်ကြည့်လိုက်စဉ်မှာပင် ... ဘယ်ချောင်ဘယ်ကြားက ရုတ်တရက် ထွက်ပေါ်လာသည် မသိသော ကောင်ကလေးတစ်ယောက်က ဖျတ်ခနဲ ပြေးဝင်လာပြီး ... လမ်းမကြီးလည်ခေါင်မှာရပ်နေသော မိုးနတ်ပုံကို အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်လိုက်လေသည် ...။

"အမယ်လေး ..."





ဆယ်နှစ်၊ ဆယ့်တစ်နှစ်လောက်ပဲ ရှိဦးမည့် ကလေးတစ်ယောက်ရဲ့ အားပေမဲ့ ... ရုတ်တရက်ကြီးနှင့် တစ်ဟုန်ထိုးဖြစ်နေတာမို့ ... မိုးနတ်ပုံလည်း ... "အမယ်လေး"တစ်ခွန်းနှင့်လမ်းမပေါ် ပြိုလဲကျသွားကာ ... လမ်းဘေးပလက်ဖောင်းစပ်ကရွှံ့ရေတွေနှင့် ... ပေလူးလူး၊ စိုရွှဲရွှဲ ဖြစ်သွားလေသည်။

ကျွတ် ... ဘယ်လိုကလေးလည်း မသိပါဘူး ...။ လူကို မမြင်ဘူးလား ...။ မီးမှိန်နေလို့ မမြင်တာဆိုလည်း နည်းနည်းပါးပါး သတိထားပါလား ...။ ကမူးရှူးထိုးကြီး ပြေးလာတော့ရပ်နေတဲ့သူကို ဝင်တိုက်မိတာပေါ့ ...။ ကလေးနဲ့ လူကြီးပေမဲ့ ... သူ့ကျတော့ ချော်ကမလဲ ...။ မိုးနတ်ပုံမှာသာ ပေရေနာကျင်လို့သွားရလေသည်။ ကောင်ကလေးက ဆက်ပြေးသွားပြီးမှ မလှမ်းမကမ်းမှာ ပြန်ရပ်စောင့်နေပြီး ... အားယူကုန်းထနေသည့် မိုးနတ်ပုံကို ပြန်ပြီးငဲ့စောင်းကြည့်နေသည်။

မတ်တတ်ခြေစုံရပ်လိုက်နိုင်ပြီး ကိုယ်ပေါ်ကရေတွေကို ဟိုခါဒီခါ လုပ်ပြီးတာနဲ့ ... အဲဒီကောင်လေးကို မျက်စောင်းကြီးနဲ့ ပိတ်ထိုးပစ်ဖို့ ရှေ့ကသူ ရှိနေရာကို လှမ်းကြည့်လိုက်သော် ...။

"အား ..."

လန့်အော်ထည့်မိလိုက်အောင်ပင် ... ကိုယ်နှင့်မလှမ်းမကမ်းမှာ မတ်တတ်ကြီး ရောက်ရှိနေသူတစ်ဦးရဲ့ မျက်နှာပေးကထိတ်လန့်စရာ ... ကြောက်စရာ ကောင်းလှပါသည်။ ဘယ်သူရှိမလဲ ...။ ဟိုတစ်နေ့က ပန်းခြံထဲက ရိုင်းပျမာဆတ် ... အမိန့်ပေး



www.burmeseclassic.com

www.burmeseclassic.com



တတ်သော မိန်းမတစ်ယောက်လေ ... တစ်ခါတည်း မြင်ဖူးရုံနှင့် မမှတ်မိချင်စရာ မရှိတဲ့ မိန်းမ ...။ ဘယ်တုန်းက ရောက်နေပြန်သည် မသိဘဲ ... ကိုယ့်ဟာနဲ့ကိုယ် အလုပ်ရှုပ်နေသော မိုးနတ်ပုံကို တည်တည်ကြီး ရပ်ကြည့်နေသည်။ မလှမ်းမကမ်းမှာတော့ မိုးနတ်ပုံကို ဝင်တိုက်လိုက်သော ကောင်ကလေးက ရပ်ကြည့်နေဆဲ ...။

မိုးနတ်ပုံက ... ကြောက်စရာမကောင်းသော ကလေးဆီသို့ ပြေးကပ်သွားလိုက်သည်။

"မင်း တမင်လုပ်တာ မဟုတ်လားဟင် ... ဟိုတစ်ယောက်က မင်းကို လုပ်ခိုင်းတာလား ..."

"ဟာ ... အစ်မကလည်း ... ဘာတွေလာပြောနေတာလဲ ... ဘာမှ မဖြစ်တော့ဘူး မဟုတ်လား ... အင်္ကျီတွေတော့ပေသွားတယ်နော် ... ဆောရီး ..."

ကလေးက ပြန်ပြေးထွက်သွားပါပြီ ...။ ခုချိန်မှာတော့ မိုးနတ်ပုံဟာ မျက်နှာထားတည်တည်နှင့် မိန်းမကိုသာ ပြန်လှည့်ကြည့် ရင်ဆိုင်ရရုံ ရှိပါတော့သည်။ ဘာအရေးလဲ ...။ မျက်နှာထားများ ... သူတည် ... ကိုယ်တည်ပေါ့ ...။ စကားပြောတွေလာပြီးမာဆတ်နေရင် ... မကြားချင်ယောင်ဆောင်လည်း ရတယ် ...။ အမိန့်တွေ လာပေးနေရင် ... ဂရုမစိုက်ဘဲ နေပြလို့လည်းရတယ် ... ကိုယ်တကယ် လန့်နေမိတာကလည်း ... ဒီမိန်းမကိုမှ မဟုတ်ဘဲ ...။ တယောတစ်လက်ပုံနှင့် Violin ဟု နာမည်တပ်,တတ်သော ... စာပိုင်ရှင်ကိုပဲ ...။





မိုးနတ်ပုံက ခပ်တည်တည်နှင့်ပင် ဆက်လျှောက်လာသည်။ ကိုယ့်ရဲ့တိုက်ခန်းရှိရာသို့ တက်ရမည့်လှေကားရဲ့အောက်ခြေမှာတော့ ... "မျက်နှာတည်"က လာကြိုရပ်စောင့်လျက် ရှိလေသည်။ မုန်းစရာကြီး ...။ သူ့ကို ယှဉ်ပြိုင်အနိုင်ကြဲနေရတော့ ... မိုန်မိုန်မှောင်မှောင်မှာ ဘာကိုမုန်းမသိ ရှာကြံကြောက်နေရတဲ့ ... အဖြစ်ဆိုးကတော့ လွတ်မြောက်စေပါရဲ့ ...။ ဒါပေမဲ့ ... မိန်းကလေး ရွယ်တူချင်းပဲ ... ဒီလောက် ခပ်ရင့်ရင့်ရုပ်ကြီး လုပ်နေစရာလား ...။ ဘေးနားကမသိတဲ့လူက မြင်ရင် ... သင်းနဲ့ မိုးနတ်ပုံနဲ့ကပဲ ... ရှေးအဆက်ဆက်ကတည်းက ငြိုးသူရန်ဘက်တွေလိုလို ... ဘာလိုလို ...။

အမယ် ...။ လှေကားကိုလည်း ကျဉ်းကျဉ်းကျပ်ကျပ်ဖြစ်အောင် ပိတ်ရပ်ထားလိုက်သေးတယ် ...။

"အပေါ်တက်မလို့ ... ခဏလောက် ဖယ်ပေးပါ ..."

မိုးနတ်ပုံကပဲ စကားစပြောရတာပေါ့ ...။ သင်းက ပိတ်ပိတ်ကြီးဟာ။ အဲဒီလောက် ပြောတာကိုတောင် မဖယ် ...။ အတော်ကြာကြာကြီး စိုက်ကြည့်နေပြန်သည်။ မျက်နှာချင်း ... မျက်လုံးချင်းတွေ ဆိုင်နေကြပြီးလျှင် ... "ဘာလို့ အဲဒီလိုတွေ ဖြစ်နေကြရမှာလဲ ... အဓိပ္ပာယ်မှ မရှိတာ ..."ဟု အသိဝင်လာပြန်သော မိုးနတ်ပုံကပဲ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီတိုက်ကပဲလား ... မဟုတ်ရင်လည်း ဖယ်ပေးတော့ ... အပေါ်တက်ချင်ပြီ ... ဒီကပဲဆိုလည်း အရင်တက်သွားလေ ... နောက်ကပဲ လိုက်တက်ပါ့မယ် ... မတက်ချင်သေးလို့ ဆိုရင်လည်း ဖယ်ပါတော့ ... ပိတ်ရပ်နေတာ ကြာပြီပဲ ... အလုပ်မှ မဟုတ်တော့တာ ..."

ထိုမိန်းမက လမ်းဖယ်ပေးလိုက်ပါသည်။ သူက အဲဒီလို ဖယ်ပေးလိုက်မှပင် သူ့ဘေးကဖြတ်၊ ကျော်ခိုင်းပြီးမှ လှေကားထစ်တွေပေါ် လှမ်းတက်သွားရဖို့အရေးကို မိုးနတ်ပုံက ကြောက်စိတ်ဝင်သွားမိပြန်သည်။ မတော် နောက်ကနေ တစ်ခုခု လှမ်းလုပ်ထည့်လိုက်ရင် ဘယ့်နှယ်လုပ်မလဲ ...။ လှေကားမီးမရှိသော ... ကျဉ်းမှောင်မှောင် လှေကားထစ်တွေထက်မှာ ... အော်ချိန်တောင်မှ ရလိုက်မှာမဟုတ် ...။

ဒါပေမဲ့ တက်ရတော့မယ်လေ ...။ ရွေးချယ်စရာက ဒီတစ်လမ်းပဲ ရှိတဲ့ဟာ ...။ သူ့ဘောလုံးနဲ့သူ ... ခေါ်မကြား၊ အော်မကြား ... ဖြစ်နေမည်ဖြစ်သော အေးချမ်းကတော့ဖြင့် ... "လာပါဦး"ဟု အကျယ်ကြီး အော်ခေါ်ရင်တောင် ... လည်ချောင်းပဲကွဲရုံရှိမည် ...။ အောက်ထပ်တွေဆီ အကူအညီတောင်းရအောင်ကလည်း ... ကိုယ်နဲ့က တစ်အိမ်နဲ့မှလည်း မသိ ...။ ကိုယ်ကခုမှ ပြောင်းလာတာဖြစ်ပြီး ... ဒီမိန်းမကတောင် ရပ်ကွက်ကလူခံဖြစ်ကာ သူတို့ချင်းတောင် သိကျွမ်းနေနိုင်သေးသည်။





"ဘာကိစ္စနဲ့ အကူအညီ တောင်းရတာလဲ ..."ဟု လူရယ်ချင် ဟားချင်စရာကြီး ဖြစ်နေပါဦးမယ်လေ ...။ မိုးနတ်ပုံက စိတ်တင်းကာ သင်းကို ကျော်ဖြတ်ပြီး လှေကားထစ်များကို စတက်လိုက်သည်။

"နင် အေးချမ်းကို ရသွားတာ ... ငါတစ်သက်လုံး ကျေမယ်မထင်နဲ့ ... သတိထားနေ ..."

ဘုရားရေ ...။ မိုးနတ်ပုံမှာ ... လှေကားထစ်တွေကို ထစ်ကျော်တွေ ခုန်လှမ်းရင်း ... အိမ်ပေါ်သို့ ကြောက်လန့်တကြားပင် ပြေးတက်ခဲ့မိပါတော့သည် ...။ တစ်ကိုယ်လုံးလည်း ချွေးရေတွေရွှဲ ...။ မျက်နှာပေါ်မှာတော့ ဘယ်လိုက ဘယ်လို ကျဆင်းလာသည် မသိသော မျက်ရည်တွေကရွှဲ ...။ နှုတ်ဖျားကတော့ ... "အေးချမ်း ... အေးချမ်း"ဟု တရစပ် အော်ဟစ်ခေါ်ငင်နေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

အေးချမ်းမှာ မျက်ရည်တွေ ပေလူးပြီး ရှိုက်ကြီးတငင် ... ကြီးဖြစ်နေသော မိုးနတ်ပုံကို စိတ်ညစ်ညစ်ကြီးပင် ငေးလျက်ရှိပါသည်။

"အဲဒါ သူ့ကြောင့် ... သူ့ကြောင့် ... သိရဲ့လား အေးချမ်းရဲ့ ... အပြစ်ရှိတာကကျတော့ အေးချမ်း ... ခံရတော့ မိုးနတ်ပုံ ... ကောင်းကြသေးရဲ့လား ... အီး ... ဟီး ..."

"ဟာ ... နတ်ပုံရယ် ... ဘာလဲကွာ ... ကိုယ့်အပြစ်က ဘာမို့လဲ ..."

"ကိုယ့်အပြစ်တောင် ကိုယ်မသိတော့ဘူးလား ... အဲဒီ တယောနဲ့ အေးချမ်းနဲ့ဟာ ငယ်ရည်းစားတွေပဲ ဖြစ်ရမယ်"





"ဟာ ... ဘယ်က တယောလဲ ... ဘာငယ်ရည်းစားလဲ ... မရှိပါဘူးကွာ ... တစ်လောကလုံးမှာ နတ်ပုံတစ်ယောက်ပဲ ရှိတဲ့ဟာ ... မင်းနဲ့ပဲတွေ့ ... မင်းနဲ့ပဲကြိုက် ... မင်းတစ်ယောက်တည်းသာ ကိုယ့်အတွက် ..."

"အပိုတွေ လျှောက်ပြောမနေနဲ့ ..."

အေးချမ်းက ပခုံးသာတွန့်ကာ ရယ်ချင်လာပုံနှင့် နှုတ်ခမ်းကို အသာကိုက်ထားသည်။ မိုးနတ်ပုံကတော့ ကြည်လင်နေသော မျက်နှာပေးလေးနှင့် ကြည့်ကောင်းသော လူချောလေး တစ်ယောက်ဖြစ်သည့် မောင်အေးချမ်းကို မသင်္ကာသလိုကြီးပဲ အကဲခတ်နေတော့ရင်း ..."နှင် အေးချမ်းကို ရသွားတာ ... ငါ တစ်သက်လုံး ကျေမယ်မထင်နဲ့ ..."ဆိုတဲ့ အသံတွေက နားထဲမှာ ပဲ့တင်ထပ် ဟိန်းထလို့နေသည်။

အတော့်ကို ကြိတ်မနိုင်ခဲမရနဲ့ နာကြည်းစက်ဆုပ်လို့နေတဲ့ အသံမျိုးကြီးနဲ့နော် ...။ အဲဒီလို အသံအနေအထားဟာ ... "တစ်ခုခုလုပ်မယ်"ဆိုရင် တကယ့်ကို လုပ်ကိုလုပ်ရမှ ... လုပ်ဖြစ်အောင် လုပ်ဝံ့တယ်ဆိုတဲ့ အနေအထားမျိုး။ သူ့မှာတော့ လက်လွှတ်ဆုံးရှုံးလိုက်ရလို့ ... မိုးနတ်ပုံကကျတော့ အောင်မြင်ပျော်ရွှင်စွာ စံစားသွားရလို့ ..."သိစေ့မယ်"ဆိုတဲ့ သဘော ...။ သူ့ကို ကျောသလို မောသလို အနိုင်နဲ့ပိုင်းသွားတဲ့ မိုးနတ်ပုံကို ..."ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် ... အဲဒီအသိုက်အမြုံကို မရ,ရအောင် ဖျက်ကိုဖျက်မှာပဲ"... ဆိုတဲ့ သဘော ...။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေလုပ်ထားခဲ့မှန်းမှ မသိတာ အေးချမ်းရယ် ..."

"ဟာ ... နတ်ပုံ ... အမိပ္ပာယ် မရှိဘူးကွာ ... အဲဒီတယော ဆိုတာတောင် ကိုယ် မသိဘူးကွာ ..."

"ဟိုတစ်နေ့ကရတဲ့ စာတွေထဲကလေ ..."

"အဲဒီစာတွေက သပ်သပ် ... ဟိုအရှုးမက သပ်သပ်လည်း ဖြစ်နိုင်တာပဲ ... နတ်ပုံက ဘာတွေ လျှောက်ပူးပစ်တာလဲ ... အဲဒီစာတွေက အဲဒီမိန်းမ ပို့တာပါလို့ ဘယ်သူက ပြောတာလဲ ... ဘယ်သူမှလဲ မပြောဘဲနဲ့ ..."

"သူပဲ ... ဒီပြင်လူ မဟုတ်ဘူး ... စာနဲ့လူနဲ့ တစ်ဦးတည်း ..."

"နာမည်ကလည်းပဲ ... တယောတဲ့လား ..."

"ဘယ်သိမလဲ ... ဒါပဲနေမှာပေါ့ ... အမယ် ... ကြည့်စမ်း ... လူကိုများ သူကပဲ ပြန်မေးနေရတယ် ရှိသေး ... သိရဲ့သားနဲ့ ဟန်လုပ်မနေပါနဲ့ ... ကိုယ်နဲ့ ကြုံဖူး ဆုံဖူး ပတ်သက်ဖူး ထားတဲ့လူရဲ့ နာမည်ပဲ ... ကိုယ်အသိဆုံး ဖြစ်ရမှာပေါ့ ... တကယ်ဆို စာနစ်စောင် ရောက်လာကတည်းက ဝန်ခံထားရမှာ ..."

"ဟာ ... ဖြစ်ပြီ ... ပေါက်ကရတွေ ..."

"ဘာ ... ပေါက်ကရလဲ ... တယော ဆိုတာ ... နာမည်ရင်းလား ... ချစ်စနိုး အခေါ်အဝေါ်လား ... ဥပမာ ... ချွဲတတ်လွန်းလို့ ... နောက်ခေါ်တာတို့ ဘာတို့ ..."





"ဘယ်သိပါ့မလဲကွ ..."

"သိကို သိရမယ် ... ပြော ... ပြော ... ခုချိန်မှတော့ မြို မနေနဲ့တော့ ... ဘာမှ မတတ်နိုင်တော့ဘူး ... အေးချမ်းနဲ့ နတ်ပုံတို့က လင်မယားတွေပဲ ဖြစ်နေကြပြီ ... ဒီလိုကိစ္စ ပြန်ပေါ်လာလို့ စိတ်ဝမ်းကွဲ ပြတ်တောက်ကြဖို့ဆိုတာထက် ဘယ်လို လက်တွဲဖြေရှင်းကြမလဲလို့ ... ပွင့်ပွင့်လင်းလင်း တိုင်ပင်ဆွေးနွေးကြရတော့မဲ့အချိန် ဖြစ်နေပြီ ..."

"သေတောင် သေလိုက်ချင်ပါရဲ့ကွာ ..."

"မသေပါနဲ့ ... ယောက်ျားလေးပဲ ... ကိုယ်သာလျှင် အချစ်ဦး ဖြစ်ရမယ်လို့ နတ်ပုံက သဘောထားမသေးတတ်ပါဘူး ... အရေးကြီးတာက ကိုယ့်ရှေ့ကလူ မဟုတ်ဘူး... ကိုယ့်နောက်မှာ နောက်ထပ်လူ ထပ်မပေါ်တော့ဖို့ကသာ အဓိကပဲဟာ ... ခုဟာကတော့ ရှေ့ကရှိခဲ့တဲ့လူက ပြဿနာ မပြီးနိုင်သေးလို့ ... အဲဒီတစ်ပြဿနာကို ရှင်းယူရမှာ ... နတ်ပုံက နားမလည်တတ်တဲ့သူ မဟုတ်ဘူး အေးချမ်းရဲ့ ..."

စောစောစီးစီး သိခဲ့ရရင်တော့ ပိုကောင်းတာပေါ့ ... ခုလို အထိတ်တလန့် ... အလန့်တကြားတွေ ဖြစ်နေစရာတောင် မလိုဘူး ... သွေးအေးအေးနဲ့ ရင်ဆိုင်လို့ရမယ် ... ဒါပေမဲ့ ခုလည်းပဲ အချိန်မနှောင်းသေးပါဘူး ... ဖြေပျက်



www.burmeseclassic.com

www.burmeseclassic.com



ဖူးခဲ့သမျှကို အစအဆုံး တစ်လုံးမကျန် သိထားရရင် ဘယ်လိုရင်ဆိုင်ဖြေရှင်းရမလဲ ဆိုတာကို ... တိုင်တိုင်ပင်ပင်နဲ့ လက်တွဲပြီး အဖြေထုတ်လို့ ရမယ် ...”

တကယ် လုပ်ချင်တာကတော့ လက်သည်းရှည်တွေနဲ့ကို ကုတ်ဆွဲပစ်လိုက်ချင်တာ ...။ ဒါပေမဲ့ ကိုယ့်ရင်ထဲက ဆန္ဒမှန်ကို သိသွားရင် ဟောဒီ မောင်အေးချမ်းက ဒီထက်“ဘူး”ခံရင်ခံနေဦးမှာမို့ ...“နားလည်မှု ကြီးမားတတ်သူကြီး”လိုလို ... ပြန်ဟန်ဆောင်ထားရသေးတာပေါ့ ...။ အားလုံးသိရပြီးမှ ... တစ်ခုခုဒဏ်ခတ်စရာရှိ ခတ်လို့ရမည်။ ခုတော့ နေနှင့်ဦး ...။

ကိုယ်သာ ကြိုသိခွင့် ရထားခဲ့ရင်တော့ ... အရင်လူရဲ့ ခြိမ်းခြောက်မှု ဆိုတာမျိုးကို မိုးနတ်ပုံက သိပ်မကြောက်ချင်ပါဘူး ...။ သူရဲကိုတောင်မှ မကြောက်တတ်တဲ့ မိုးနတ်ပုံဟာ ... မမြင်ရ၊ မသိရနဲ့ နောက်ကျောဘက်က ရုတ်တရက် ပေါ်လာနိုင်တဲ့ အန္တရာယ်မျိုးကိုသာ လန့်တာ ... သိသိကြီးနဲ့ ကြိုပြင်ထားပြီး ရင်ဆိုင်ရလို့ကတော့ ... မနိုင်ကာမှသေရော ... ခုလို အသည်းထဲက စိမ့်အေးပြီး ကြောက်နေစရာ ... ဘာလိုမလဲ ...။

အေးချမ်းကတော့ စိတ်ပျက်လက်ပျက် နိုင်လှသော မျက်နှာအိုအိုကြီးနှင့် ငြိမ်သက်နေသည်။ ဘယ်အချိန်ကများ တခြားမိန်းကလေးတစ်ယောက်ယောက်နဲ့ သွားပတ်သက်လိုက်ပါလိမ့် ...။ တကယ်ဆို အဲဒီ အေးချမ်းဟာ မိုးနတ်ပုံရဲ့ မျက်စိရှေ့





မှောက်တင် ကြီးပြင်း အရွယ်ရောက်လာခဲ့တဲ့ သူငယ်လေးပါ ...။ အဲဒီလိုဆိုတော့ ကိုယ်ကပဲ လူကြီးသူမလိုလို ...။

ဒီလိုလေ ...။ သူလည်းပဲ ကိုယ့်မျက်စိအောက်၊ ကိုယ်လည်းပဲ သူ့မျက်စိအောက် ...။ ဒီလိုဆိုလိုတာပေါ့ ...။ သူနဲ့ ကိုယ်ဟာ တစ်ရပ်ကွက်တည်းသားချင်း။ အိမ်ချင်းကပ် မနေကြပေမဲ့ အိမ်နီးနားချင်း ...။ ကိုယ့်မိဘနဲ့ သူ့မိဘတို့ဟာလည်း ထွေးလုံးရင်းနှီးသာ မနေကြတာ ... မေးထူးခေါ်ပြောထက်တော့ ပိုသေးသော ရပ်ဆွေရပ်မျိုးတွေ သဖွယ်ပင် ...။ တစ်ရပ်ကွက်တည်း ကြီးပြင်းလာရတော့ ... ကျောင်းမတူ ... အတန်းမတူပေမဲ့ ... သူငယ်ချင်း ဘော်ဒါတွေ သဖွယ်ပဲပေါ့ ...။

ဒါပေမဲ့ ပြောလို့တော့ မရနိုင်ဘူးပေါ့နော် ...။ အတူတကွ ကြီးပြင်းလာကြတယ် ဆိုပေမဲ့ ...။ မျက်စိရှေ့မှောက်မှာတင် ... ဘယ်မိန်းကလေးနဲ့မှ တွဲသွားတွဲလာ ... သမီးရည်းစားရယ်လို့ ဖြစ်ကြတာ မမြင်ပေမဲ့ ... သူနဲ့ကိုယ်ဟာ ကျောင်းမတူ ...၊ တက္ကသိုလ်မတူ ... ရပ်ကွက်ထဲက မဟုတ်တဲ့ အပြင်သူငယ်ချင်းတွေလည်း သပ်သပ်စီ ...။ အပြန်အလှန် မိတ်ဆက်ပေးဖူးကြလို့ ... သူ့အပေါင်းအသင်းကိုယ်သိ ...၊ ကိုယ့်သူငယ်ချင်းတွေလည်း သူနဲ့ခင် ဆိုတာမျိုးတော့ ရှိတာပေါ့ ...။ ဒါပေမဲ့ အလုံးစုံ နှိုက်နှိုက်ချွတ်ချွတ် ... ကိတိကျကျ ... အတွင်းသိ အပြင်သိကြီး မဖြစ်ခဲ့ကြရဘူး ... လို့ ပြောလို့လည်း ရနိုင်တာမျိုးပဲ မဟုတ်လား ...။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကွယ်ရာ ... ကျောင်းပရဝုဏ် ... ပြင်ပမိတ်ဆွေ အသိုင်းအဝိုင်းမှာ သူ တစ်ခုခု ကျိတ်လုပ်ခဲ့ရင် ... ကိုယ်ဘယ်လို လုပ် သိနိုင်မှာလဲ ...။ ကိုယ့်လို တစ်ရပ်ကွက်တည်းနေ မပြောနဲ့ ... တစ်အိမ်တည်း နေ,နေတဲ့ သူ့မိဘမသိအောင်တောင် သူ ကျိတ် လုပ်ထားလို့ ရတာပဲ ...။ မမြင်တိုင်း၊ မကြားတိုင်းတော့ ... ရှင်း ရှင်းလင်းလင်းကြီးပါလို့ ယုံစားလို့ မရနိုင်တာ ... ဒါမျိုးနေမှာပေါ့။

"ပြောတော့မလား ..."

အေးချမ်းက မျက်ခုံးနှစ်ဖက်ကို မြှင့်တင်ကာ နှုတ် ခမ်းကို လျှာတစ်ချက်သပ်လိုက်တာ မြင်သဖြင့် မိုးနတ်ပုံက ခပ် မြန်မြန်လေး မေးလိုက်ပါသည်။ မိုးနတ်ပုံရဲ့ မေးခွန်းကြောင့် သူ သပ်လိုက်သော နှုတ်ခမ်းကို ဆက်ကိုက်ထားပြီး မျက်ဝန်းအကြည့် တွေပါ ခပ်တည်တည် ဖြစ်လာသော အေးချမ်းက ...

"နတ်ပုံက အတော်အံ့သြဖို့ ကောင်းတယ် ... ဘာမှမရှိ ပါဘူး ... မသိပါဘူးဆိုတဲ့ ကိုယ့်ယောကျ်ားစကားတော့ ကိုယ်မယုံဘဲ ... နှစ်ခါလား တွေ့ဖူးတဲ့ ... နှစ်ခေါင်တည်း ရဖူးတဲ့စာနဲ့ ... ကလေကချေ ရှေ့ပ်တစ်ယောက်ကိုကျတော့ သွားယုံနေတယ် ... ဘယ်လိုဖြစ်တာလဲ ..."

"ဒါကတော့ ဒီလိုပဲ စဉ်းစားကြည့်ရမှာပေါ့ အေးချမ်းရဲ့ ... လူတစ်ယောက်ဟာ အဓိပ္ပာယ်မရှိ ... ထပြီး အရူးစိတ်ပေါက် ပါ့မလား ... တစ်ခုခုလုပ်ပြီဆိုရင် အဲဒီတစ်ခုခုအတွက်





လုံလောက်တဲ့ အကြောင်းပြချက်၊ အဓိပ္ပာယ် ရှိနေလို့သာ ... လူတကာထက် ထူးနေတဲ့ အဲဒီလိုအလုပ်မျိုးကို လုပ်တာ ပေါ့ ... အေးချမ်းနဲ့ ဘာမှမပတ်သက်ခဲ့ဘဲနဲ့ ထလုပ်တယ် ဆိုရင်တော့ ... ဒါ စိတ်မနှံ့တာပဲ ..."

"ဒီလိုလည်း ဖြစ်ချင် ဖြစ်နေမှာပေါ့ ..."

"ကောင်းပြီ ... စိတ်မနှံ့လို့ ထလုပ်တာပါ ဆိုရင်တောင် ... ဘာဖြစ်လို့ အေးချမ်းကိုမှ ရွေးချယ်သလဲ ... တခြားယောကျ်ား တွေ ဤကမ္ဘာမှာပုံလို့ ... အရူးတို့ ... စိတ်မနှံ့တဲ့သူတို့ ဟာ ... သာမန်လူထဲက လူတစ်ယောက်ကို ရွေးချယ်မိဖို့ ထက် ... လူတိုင်းသိ ... သူတို့လည်း မြင်နေတွေ့နေရတဲ့ ... Celebrity (လူသိများ၊ ထင်ရှားကျော်ကြားသူ)တွေထဲက တစ်ယောက်ယောက်ကိုပဲ ရွေးချယ်ဖြစ်ရမယ် ... အဲဒါက ပိုပြီး ဖြစ်နိုင်တယ် ... ဥပမာ ... ဒွေး၊ လွင်မိုး၊ လူမင်း၊ ရာဇာနေဝင်း၊ ဇော်ဝင်းထွဋ်၊ အဲလက်စ်၊ ဖြိုးကြီး ... ၈ရေပာမ်၊ လေးဖြူ၊ မျိုးကြီး ... ဇော်ပိုင် ..."

"နတ်ပုံပဲ အဲဒီမိန်းမကို အဲဒီနာမည်တွေအကုန် စာရွက် တစ်ရွက်နဲ့ စာရင်းရေးချပြီး သွားပေးလိုက်လေ ... ရော့ ... ကြိုက်ရာရွေးလို့ ..."

"ပေးစရာ မလိုဘူး ... လူကောင်းပကတိ မဟုတ်ဘဲ ... အရူးဆိုရင်တောင် အဲဒီလူတွေကိုတော့ သူလည်း သိနေတာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ ... ဒါပေမဲ့ ... အဲဒီလူတွေကို သူ မလုပ်ဘူး ... အေးချမ်းကိုမှ ရွေးချယ်တယ် ... ဒါဘာလို့လဲ ... မစဉ်းစားလို့ကို မရဘူး ... အကြောင်းကတော့ ရှိကိုရှိတယ် ... အဲဒါကြောင့် အဲဒီအကြောင်းကို သိချင်နေတာ ... အေးချမ်းကို မေးနေရတာ ... ယုံခြင်း မယုံခြင်း ... သူ့ဘက်က ငါ့ဘက်ကဆိုတာတွေနဲ့ ဘာမှမဆိုင်ဘူး ...”

“ယုံခြင်း၊ မယုံခြင်းနဲ့ မဆိုင်ဘူးဆိုရင် ... ကိုယ့်ဘက်က တစ်ခွန်းတည်းသော စကားကို ပြောမယ် နတ်ပုံ ... ကိုယ့်ဘဝမှာ နတ်ပုံကလွဲရင် တခြားဘယ်သူ့စိမ်း မိန်းမနဲ့မှ မပတ်သက်ခဲ့ဖူးဘူး ... တယောတို့ Violin တို့လည်း ကိုယ်လည်းမသိဘူး ... အဲဒါပဲ ... ယုံချင်ယုံ မယုံချင်နေလို့ ကိုယ်မပြောဘူး ... ယုံ ... အဲဒီစကားကို”

“သူစိမ်းမိန်းမ, မရှိဘူးဆိုရင် ... ဆွေမျိုးထဲကကော ...”

“ဟာ ... ဘာတွေ လာမေးနေတာလဲ ...”

“မေးရမယ်လေ ... အားလုံး လိုက်တိုက်ကျထားမှ ဖြစ်မှာပေါ့ ... တချို့တွေ ရှိတတ်ကြတာပဲ ... ဆွေထဲမျိုးထဲက မောင်နှမတွေ ... သူစိမ်းဖက်ပြီး လက်ထပ်ကြတော့မယ်ဆိုရင် ဆတ်ဆတ်ခါ နာကျည်းတွန့်တိုတာတို့ ဘာတို့ ...”

“မရှိဘူး ... မရှိဘူး ... ဘာရှုပ်ရှုပ်ယှက်ယှက်မှ မရှိဘူး ... မောင်နှမတွေ အရင်းရော ... ဝမ်းကွဲရော ... ဆယ့်လေးငါး





ဝမ်းကွဲအထိပါ ... ကိုယ့်ကို ဘယ်သူမှ မတွန့်တို မနာမြော ဘူး ... လုံးလုံးထွေးထွေး ပတ်ပတ်သက်သက်လည်း မရှိဘူး ...”

မိုးနတ်ပုံမှာ သက်ပြင်းလေးတစ်ချက်နှင့် ငြိမ်သွားရ ်ပါတော့သည် ...။ “တစ်ခွန်းတည်းသော စကားကိုဆိုမယ် ... ် ...”ဆိုတော့လည်း “မယုံပါဘူး”လို့ လုပ်လို့မှ မရတော့ဘဲ ...။ ကယ်လည်း ခါးခါးသီးသီး မယုံကြည်ရလောက်စရာ အကြောင်း တော့ မရှိနိုင်ပါ ...။ အရင်က မသိလိုက် မသိဘာသာနဲ့ ဖုံးဖိ အားခဲ့တယ် ဆိုရင်တောင် ... ဒီအချိန်မှာ ဖွင့်ဟဝန်ခံပြီး ... ရှေ့ မားမားရပ်ပြလို့ သူ့ရဲကောင်းကြီး ပြန်လုပ်ပြလိုက်နိုင်စရာ ကောင်းဆုံး အချိန်အခါပဲ မဟုတ်လား ...။

မောင်အေးချမ်းလေးဟာ ဒီလောက်တော့လည်း မအ, ...။ ဆိုးရွားစုတ်ပြတ်လှတဲ့ နောက်ကြောင်းခံ မရှိရင် ... မြ ားဖို့ မလိုတော့ချိန်ဆိုတာ သူ မသိဘဲ နေပါ့မလား ...။ “ဆိုး ားစုတ်ပြတ်လှတဲ့ နောက်ကြောင်း”ဆိုတာကြီးကျတော့လည်း ...။ ... မရှိနိုင်ပါဘူး ... ဘာလို့ရှိရမှာလဲနော် ...။ ကဲ ... ပြီးပြီ ... တ်ဖြတ်ပြီး ယုံလိုက်ပြီ ...။

“အေးချမ်း သိတဲ့ ဘာနောက်ကြောင်းမှ မရှိဘူးဆိုရင်တောင် အေးချမ်း မသိလိုက်တဲ့ တစ်ခုခုကတော့ ရှိမှာပဲ ... သူ့ ဘာသာသူ ... လာပြီးကျိတ်ချစ်နေမိတာမျိုးတို့ ... ဘာတို့ ...”



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... နောက်တစ်မျိုး ..."

"အဲဒါကိုတော့ ဝင်မငြင်းနဲ့လေ ... ကိုယ်မှ မသိတာ ကိုယ်မသိဘဲ ဖြစ်နေတာမျိုးဆိုရင် အပိုင်ငြင်းလို့ မရ ပါဘူး ..."

"ဒါပေမဲ့ နတ်ပုံက နှစ်ခါမြင် ... နှစ်စောင်ရကို သိပ် နေတာကတော့ မလွန်ဘူးလား ..."

"သူ့ပုံစံက အရူးမဟုတ်ပါဘူး ..."

"ကဲ ... ဒါဖြင့် ကိုယ့်ကိုပြ ..."

"ပြရမှာပေါ့ ... ပြကို ထားရဦးမှာ ... နာမည်ကို ကြား မသိဘူး ဆိုရင်တောင် ... လူကိုမြင်လိုက်မှ ... ဪ ဒီတစ်ယောက်လေ ... ငါနဲ့ သိတာပေါ့ ... ဆိုတာမျိုးလည်း ဖြစ်နိုင်တာပဲ ..."

အေးချမ်းက ..."လာပြန်ပြီလား"ဆိုသည့် ပုံစံနှ မျက်စိစွေကြည့်သည်။

"မဟုတ်ဘူးလေ ... ဓာတ်လမ်းရှိတာကို ပြောတာမဟုတ် ဘူး ... လူချင်းသိနေနိုင်တာကို ပြောတာ ..."

"ဖြစ်နိုင်ပါတယ် ... ဖြစ်နိုင်ပါတယ် ... ကျော်ဟိန်းကတော့လူ တကာကို လိုက်သိမနေနိုင်ပေမဲ့ ... လူတကာကတော့ ကျော်ဟိန်းကို ဝိုင်းသိနေနိုင်ပါတယ် ... ကျိတ်ချစ်နေနိုင် ပါတယ် ..."





အေးချမ်းက သူ့မေးစေ့ကို သူ့လက်နှင့်သူ ပြန်ပင့် ရင်း ... ခပ်ကျောကျောလေး ဆိုလိုက်သည်။ သိပ်ဖြစ်နိုင်တာ ပေါ့ ...။ အဲဒီလို ဗလွတ်ရွတ်တလေးတွေ တပြောပြောနှင့် ... ရောအမူအရာလေးတွေကို တမင်တကာရော ... မသိလိုက်မသိ သာပေါ် ပြုမူနေတတ်တဲ့ ကောင်ကလေးတစ်ယောက်ကို ... တ်ပုံ ဆိုရင် ... ကျိတ်ချစ်နေခဲ့ရတဲ့ သက်တမ်းတွေ ... နည်း လား ...။ ကိုယ်ကမှ နောက်ဆုံးကျတော့ ကိုယ့်ဆန္ဒတွေပြည့် ... သင်းကလေးရဲ့ ချစ်ခြင်းကို လက်ဝယ်ပိုင်ပိုင်ရ ... ည်နှုး ပျော်ရွှင်လိုက်ရသေးတယ် ...။

မျှော်လည်း မျှော်ခဲ့ရ ...။ နောက်ဆုံးကျတော့ ... လင့်ချက်တွေက ပျက်သုဉ်း ...။ စိတ်ကူးယဉ်အိပ်မက်တွေက ခနဲ ကွဲကြေ ...။ ဆိုတာမျိုးကို တနင့်တပိုးကြီး ခံစားလိုက် တဲ့ မိန်းကလေး ... ဆိုတာ ... သိပ်ဖြစ်နိုင်တာပေါ့ ...။ ပမဲ့လေ ... ကိုယ်သာဆိုရင်တော့ ... အဲဒီလို ကျန်ရစ်ရရင် ... နှစ်လောက်ဖြစ်ဖြစ် ... ကျိတ်ငိုချင်လည်း ငိုနေလိုက်မှာပေါ့ ...။ နှစ်ထက်တော့ ပိုမငိုနိုင်ဘူး ... ဘယ်လောက်ပဲ ချစ်ရချစ်ရ ...။)

ကိုယ်မရလိုက်တဲ့အတွက် ... ရသွားတဲ့လူကိုတော့ ပစ်ရာပြီး လိုက်ရန်လုပ်မိမယ် မထင်ပါဘူး ...။ ဘာဆိုင်လဲ ...။ သော် ... Violin ကတော့ဖြင့် ဆိုင်သည်ထင်သတဲ့ ...။

"သူ ဘာတွေဆက်လုပ်ဦးမလဲ မသိဘူးနော် ..."



www.burmeseclassic.com

www.burmeseclassic.com



"နတ်ပုံရာ ... ကိုယ်ပြောပြီးပါပြီ ... မြန်မာနိုင်ငံမှာ ... ရန်ကုန်မြို့ပေါ်မှာ မျက်နှာချင်းဆိုင်ကြီး သေနတ်နဲ့ပစ်သွား တာမျိုးလည်း မလုပ်နိုင်ပါဘူး ..."

"မျက်နှာချင်းမဆိုင်ဘဲ နောက်ကနေ တုတ်နဲ့ချောင်းရိုက် သွားတာမျိုးတော့ ဖြစ်နိုင်တယ် ..."

"မိန်းကလေးချင်း ..."

"အို ... မိန်းကလေးချင်း မလုပ်ရဲရင်လည်း ... လူဆိုး တစ်ယောက်ယောက်ကို ပိုက်ဆံပေးငှားရင် ရတာပဲ ..."

"လာပြန်ပြီ စုံထောက်ဝတ္ထုတွေ ... ကဲ ... ဒါဖြင့် ဆိုပါဦး ... နတ်ပုံလည်း လူတစ်ယောက်ယောက်ကို မကျေနပ်လို့ချောင်း ရိုက်ချင်ရင် ... အဲဒီလို ပိုက်ဆံပေးခိုင်းလို့ရတဲ့ လူဆိုးကြီး ကို ဘယ်မှာလိုက်ရှာငှားလို့ ရနိုင်မလဲ ... သိသလား ... ကဲ ..."

"နတ်ပုံက မသိပေမဲ့ ... အဲဒီတစ်ယောက်ကတော့ သိချင် သိနေမှာပေါ့ ..."

"ဘာမှ ရန်မရှာနိုင်ဘဲ ... စိတ်အနှောင့်အယှက် ပေးရုံ ဆိုတာမျိုးလည်း ဖြစ်နိုင်ပါတယ် ... နတ်ပုံပြောသလို စာ လူနဲ့ တစ်ဦးတည်းပဲ ဆိုရင်လေ ... အဲဒီလို ... ဘွားခနဲ ပေါ်ပေါ်လာတာတို့ ... စာတွေ ပို့နေတာတို့ ... ဖုန်းဆက် ပြီး ဆဲတာတို့ ..."





"ဖြစ်နိုင်တာပေါ့ ... အဲ ... ဟုတ်တယ်နော် ... သူကဖုန်း ကို မသုံးသေးဘူး ... ဖုန်းနံပါတ် မသိသေးဘူးနဲ့တူတယ် ..."

"ဒီတစ်ခါ တွေ့ကြရင် ... ပေးရင် ပေးလိုက်ပေါ့ ..."

မိုးနတ်ပုံလည်း ရွှဲနေပြန်သော အေးချမ်းကို မျက် စောင်းရွယ်ကာ ခုမှပြန်ပြီး အနည်းငယ် ပြုံးနိုင်ရယ်နိုင် ဖြစ်လာ သည်။ ကိစ္စက ဒီလောက်နဲ့ မပြီးနိုင်သေးဘူးဆိုတာတော့ သေချာ သည်။ ဒါပေမဲ့ ကိုယ့်လူဘက်က ဘာမှလွန်ကျူးမထားဘူးဆိုတာ သေချာရင် ... သူ ဘယ်သူလဲ ဆိုတာကိုလည်း သိသိကြီး ဖြစ်နေ ပြီဖြစ်ရာ ... ခေါင်းအေးအေးနှင့် ရင်ဆိုင်နိုင်ဖို့ကိုပဲ အဆင်သင့် ပြင်ဆင်ထားရပါမည်။

* * *

အမှန်စင်စစ်မတော့ ... မိုးနတ်ပုံဟာ "နှင်းစပယ်"ဟု အမည်ရှိသော ဤမိန်းကလေးနှင့် ဒီလောက်ကြီး ခင်မင်ကျွမ်းဝင် ကြတယ်တော့ မဟုတ်ပါ ...။ သိကြသည် ဆိုရုံမျှလောက်သာ ...။ မခင်မင်ကြတဲ့အပြင် ... (သူ့ဘက်ကတော့ မသိ) ကိုယ့်ဘက်က တော့ ကျိတ်တောင် အမြင်ကတ်ခဲ့ရသေးဆိုရင် ပိုမှန်မည်။ တစ်ဦး မေတ္တာ တစ်ဦးမှာ ဆိုတဲ့ စကားသာ မှန်ခဲ့ရင်တော့ နှင်းစပယ်ရဲ့ ရင်ထဲမလည်း ဤသို့သာ ရှိမည်ပင် ...။



www.burmeseclassic.com

www.burmeseclassic.com



နှင်းစပယ်ကား အေးချမ်းရဲ့ အခင်မင်ရဆုံးသော (ဒါက နှင်းစပယ်ရဲ့ အပြော) သူငယ်ချင်းမကလေးတည်း ...။ အေးချမ်းနှင့် မိုးနတ်ပုံတို့ သမီးရည်းစားတွေ ဖြစ်ပြီးကြသလိုလို ... မသေချာကြသေးသလိုလို ... ဘာမှန်းမသိ မိရေမရာ အီလည်လည်ကြီးတွေ ဖြစ်နေကြဆဲ ကာလက ... တစ်ရက်မှာ အေးချမ်းအိမ်သို့ မိုးနတ်ပုံ ရောက်အသွားမှာ ... နှင်းစပယ်နှင့် ပထမဦးဆုံး အကြိမ်အဖြစ် ကြုံဖူးလိုက်ကြရခြင်း ဖြစ်လေသည်။ အေးချမ်းရဲ့ အိမ်သို့ ရောက်နှင့်နေသော နှင်းစပယ်က သူတစ်ဦးတည်းတော့ မဟုတ် ...။ ကျန်သူငယ်ချင်း မိန်းကလေး၊ ယောက်ျားလေးများ စွာနှင့် တစ်အုပ်ကြီး။

အီလည်လည်ဘဝနှင့် ကိုယ့်ကိုယ်ကိုယ် ဘာကောင်မှန်းတောင် သေချာသဘောမပေါက်နိုင်သေးတဲ့ မိုးနတ်ပုံက .. အေးချမ်းနဲ့ နေပုံထိုင်ပုံ တအားရင်းနှီးပြီး ... ဖက်လှဲတကင်းကြီး ရှိလှသော ...၊ သူပဲ အပိုင်ရထားပြီးသလိုလိုနှင့် မဏ္ဍပ်တိုင်တက်ချင်သလိုလိုပင် ဖြစ်နေသော နှင်းစပယ်ကို မြင်မြင်ချင်း ဆိုသလို အတော်ကြီး မျက်စိနောက်၊ အမြင်ကတ်မိသွားရတာ ...။ သူကလည်း မိုးနတ်ပုံကို မျက်ခုံးကြီးနှစ်ဖက် မြင့်တက်အောင် စိုက်ကြည့်ရင်း ... "ဟော့ ... နင်က ဘာကောင်လဲ"ဆိုတဲ့ ရုပ်မျိုးနဲ့ပေါ့ ...။

သို့သော်လည်း ကြားတည်းက အေးချမ်းက မိတ်ဆက်ပေးလိုက်ပြီးတဲ့ အချိန်မှာတော့ ..."သူ ဘာကောင်လဲ ...





ငါဘာကောင်လဲ"ဆိုတာ သေချာကြီးကို ရှင်းလင်းသွားရတော့တာပင် ...။ မိုးနတ်ပုံကို "သိပ်ချစ်နေမိလို့ပါ"လို့ ရင်ဖွင့်ထားပေမဲ့ ... အဖြေပြန်တောင်းထားသလား ... အဖြေပဲ မလိုအပ်လို့လား မသေချာတဲ့ မောင်အေးချမ်းကြောင့် အခြေအနေက အီလည်လည်ကြီး ဖြစ်နေရသလို ရှိချိန်မှာ ...၊ သင်းက ... အများတကာရဲ့ရှေ့ကျမှ အခွင့်အရေးတွေ အပြည့်အဝကြီး ရယူပစ်လိုက်ကာ ...

"အားလုံးကို ကြေညာချင်တာကတော့ ... ဒါ ... ငါ့ကောင်မလေးပဲ ... အေးချမ်းရဲ့ နတ်ပုံ ..."

အေးချမ်း တစ်ယောက်ကလွဲလို့ ကျန်ဧည့်ခန်းထဲက ရှိရှိသမျှ လူသားအားလုံး တစ်ခါတည်း အငိုက်မိသွားစေတဲ့ စကားလေ ...။ အဲဒီတုန်းကတော့ အဟုတ်ကြီးလိုလို ... ပီတိပဲ ဖြစ်ရတော့မလိုလိုနဲ့ ခုမှ ပြန်တွေးကြည့်မိတော့ သင်းလုပ်ပုံကို ကြည့်ပါဦး ...။ မုန်းစရာ ကောင်းလိုက်တာများ ...။ အပိုင်ကြီး။ မိုးနတ်ပုံမှာဖြင့် ဘာမှတောင် အဖြေပြန်ပေးခွင့် မရလိုက်တဲ့ဘဝပါလား။

ဒါပေမဲ့ အဲဒီတုန်းကတော့ အဲဒါမျိုးလည်း မတွေးမိပါဘူး ...။ တရင်းတနှီး ပုတ်ခပ်ပိုင်နိုင်နေကြတဲ့ အေးချမ်းရဲ့ သူငယ်ချင်းမ ဆိုသူများကို ... ဘယ်သူတွေ ဘာများဖြစ်ကုန်ကြပါလိမ့် ... လို့ လိုက်အကဲခတ်နေရတာနဲ့ပဲ ... အေးချမ်းကို မိတ်တိုဖို့လည်း သတိမရ ...။ ယောက်ျားလေး သူငယ်ချင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း လူစုံတက်စုံ ပြုံးမပြ ... လှည့်မကြည့်နိုင် ...။ မိန်းက လေးတိုင်း အံ့သြသွားကြပြီး နေပုံထိုင်ပုံလေးတွေ အရှိန်တန့်၊ ဣန္ဒြေရရ အပိုးကျိုးသွားကြတဲ့ အထဲမှာ အဲဒီ နှင်းစပယ် တစ် ယောက်ဟာတော့ သူများထက်ကို ပိုဆိုးသွားသလားလို့ ...။ ထင်လို့လည်း ဖြစ်ချင်ဖြစ်မှာပါ ...။ နောက်ပိုင်းကျတော့လည်း အဲဒီ နှင်းစပယ်ဟာ လူမှုရေးပဲ သိတတ်တာလား ...။ ဟန်ဆောင် ပဲ ကောင်းတာလား ...။ မိုးနတ်ပုံကို ဖော်ဖော်ရွေရွေနှင့် ... (တွေ့ ဖြစ်ကြရင်) မေးထူးခေါ်ပြော နှုတ်ဆက်ပြုံးပြခဲ့ကြတာတွေ ရှိပါ သည်။

ခုချိန်မှာ မိုးနတ်ပုံဟာ ကိုယ့်ရဲ့လိုဘ၊ ဆန္ဒတစ်ခု အတွက် အဲဒီ နှင်းစပယ်ကိုမှ ရွေးချယ်မိပါသည် ဆိုတာကတော့... အတ္တကြီးရာ ... ကိုယ့်အတွက်ပဲ ကိုယ်ကြည့်တတ်ပြီး သူများ တကာမှာ ဘယ်လိုရှိမလဲ ဆိုတာမျိုးကို အားမနာတတ်ရာတော့ ကျမနေလောက်ဘူး ထင်ပါရဲ့ ...။

ဘာဖြစ်လို့ဆို ...။ သူပဲ ပြောထားတာလေ ... အခင် မင်ရဆုံးဆို ...။ အေးချမ်းရဲ့ အတွင်းအပြင် အကြောင်းအရာတွေ ကို သူကလွဲရင် သူ့လောက်သိနိုင်သူ နောက်တစ်ယောက်တောင် ထပ်မရှိနိုင်တော့ဘူးဆို ...။ (သူပဲပြောတာပဲ။) အဲဒီတော့ မိုးနတ်ပုံ က သူ့ကိုပဲ ရွေးချယ်သည်။ ပြီးကျတော့ အေးချမ်း ပြောသလိုပဲ... နှင်းစပယ်ဟာ တခြား အေးချမ်းရဲ့ အပေါင်းအသင်း ရောင်းရင်း





တွေနှင့်မတူ ...။ မေမာတို့၊ နန္ဒာတို့၊ အောင်ခိုင်တို့လိုမျိုးပဲ အလ ကားနေရင်း ... အားလပ်နေတတ်တဲ့ သူမျိုးလေ ...။

"မတွေ့ရတာတောင် ကြာပြီနော် ... Reception ပြီးကတည်း က သူ့အလုပ် ကိုယ့်အလုပ်နဲ့ ရှုပ်နေပြီး မတွေ့ဖြစ်ကြ တာ ... အဆင်ပြေကြတယ် မဟုတ်လား ..."

"ဟုတ်ကဲ့ ..."

"ဘာလေးတွေ ညာလေးတွေရော မတိုးပွား ... မစည်ပင် သေးဘူးလား ..."

လာပြီ ...။ ဒါပဲ ...။ လူတွေဟာ ... အိမ်ထောင်ဦး စုံတွဲတွေဆိုရင် ဒီမေးခွန်းဟာ မမေးမဖြစ်လို့များ ယူဆထားကြ လေရော့သလား ... သိပ်သိချင်ကြသည်။ အဓိပ္ပာယ် မရှိတာ ...။ သို့သော် နှင်းစပယ်ရဲ့ ပြုံးစစ မေးဟန်က မတွေ့ရတာကြာသည့် မိတ်ဆွေချင်း စပ်စုချင်ရုံလောက်မျှသာဖြစ်ပြီး ဟိုမိန်းမတစ်ယောက် ရဲ့ ... "ကိုယ်ဝန်ရှိနေပြီလား"ဆိုတဲ့ တရားခံဖမ်းချင်သံကြီးမျိုးနှင့် တော့ မဟုတ်သည့်အတွက် ... မိုးနတ်ပုံက ခေါင်းကိုပဲ အသာ အယာ ခါယမ်းပြလိုက်မိပါသည်။

အမယ်လေးနော် ...။ ခုမှ ပြန့်တွေးမိတာ ...။ အဲဒီ "တယော"ဆိုတဲ့ မိန်းမတစ်ယောက်ဟာ ... အဲဒီတုန်းကများ မိုးနတ်ပုံမှာ တကယ်ပဲ ကိုယ်ဝန်ရှိနေလို့ ..."ဟုတ်ကဲ့"လို့များ ဖြေမိလိုက်ရင် ... ပန်းခြံထဲက တွေ့ကရာ ကျောက်ခဲအုတ်ခဲတို့



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကိုယ့်ခေါင်း (ဒါမှမဟုတ် ကိုယ့်ဗိုက်)ကိုများ ထထုပစ်လိုက်မလား မပြောနိုင်ဘူး ...။

သူ့အေးချမ်းကို ယူမိသည့်အပြင် ... ကိုယ်ဝန်ပါ ထပ်ယူထားသေးဆိုရင် မိုးနတ်ပုံဟာ အတော်ကြီး အပြစ်ကြီးတဲ့ မိန်းမတစ်ယောက် (သူ့အမြင်မှာ) ဖြစ်နေလောက်ပြီပေါ့ ...။

မိုးနတ်ပုံက နှင်းစပယ်နှင့် တွေ့ဖြစ်ဖို့ လိုအပ်နေပါသည်။ နှင်းစပယ်ဆီက အတိအကျပဲ ဖြစ်ဖြစ် ...၊ ထင်မိထင်ရာပဲ ဖြစ်ဖြစ် ထွက်လာနိုင်သည့် သတင်းတစ်ခုခုကို လိုချင်နေသည်။ အေးချမ်းကို မယုံကြည်လို့ မဟုတ်ရပါ။ ကိုယ့်ယောကျ်ားကိုသာ ကိုယ်မယုံရလောက်ဘူးဆိုရင် မိုးနတ်ပုံဟာ ... ခုလို သူစိမ်းတစ်ရဲ့ စာတွေကို ဟိုမေးသည်မေးဆိုတဲ့ ... ကိုယ်ပေါင်ကိုယ်လှန်ထောင်းရတဲ့ လုပ်ရပ်မျိုးဆန်ဆန်ကို လုပ်မိမှာကို မဟုတ်တော့ပါ။

ခုဟာကတော့ ယုံလို့ သူများနဲ့ ထပ်ပတ်သက်တာ ...။ လောကကြီးထဲမှာ ယောကျ်ားရင့်မကြီးတွေ လုံးလုံးမရိပ်မိ မသိရှိလိုက်နိုင်ဘဲ မိန်းကလေးတို့ကသာ ချက်ဆို နားခွက်က မီးတောက် ... ရိပ်မိသိရှိ နားလည်နေကြရတဲ့ ကိစ္စရပ်တွေ ... တစ်ပုံကြီးမှတစ်ပုံကြီးရယ်လေ ...။ ဒီတော့ အေးချမ်း အနေနဲ့ အလျဉ်းမသိပါဆိုတဲ့ "တယော"ကို ... အေးချမ်းရဲ့ အတွင်းသိ အပြင်သိ သူငယ်ချင်းမကလေး နှင်းစပယ် ဆိုရင်တော့ သိရှိနေနိုင်သည်ပဲ မဟုတ်လား ...။





မောင်အေးချမ်းကတော့ဖြင့် ... "လျှစ်လျူရှုထားလိုက် ... ဂရုကို မစိုက်နဲ့"ဆိုတဲ့ စကားတစ်ခွန်းနဲ့တင် ... တယောနဲ့ ပတ်သက်လို့ သူ့ခေါင်းထဲမှာ ဘာမှလဲထပ်ရှိတော့ပုံမရ ...။ မိုးနတ်ပုံက "ဒီလို ... ဒီလို ဖြစ်ပြန်ပြီ အေးချမ်းရေ ..." ဆိုလည်း စိတ်ဆိုးတဲ့အခါဆိုး။ "ဪ ... အင်း"လောက်နဲ့ ပြီးတဲ့အခါပြီး ...။ "သတိထားနေပေါ့ ..."ဟု ပွင့်ပွင့်လင်းလင်း ပြောတဲ့အခါလည်း မရှိဘူး မဟုတ် ... ရှိပါရဲ့ ...။ သို့သော် ... သူကတော့ ခံနေရတာမှ မဟုတ်တာ ...။ စိတ်အနှောင့်အယှက် ဖြစ်ရတာမှာတော့ မိုးနတ်ပုံလောက် သူ့မှာ ဘယ်ရှိပါ့မလဲ ...။ အရေးတကြီး ကိစ္စကြီးလို့လည်း ဘယ်ထင်နေပါ့မလဲ ...။

မကြာခဏ ... (စာတိုက်က မဟုတ်ဘဲ လစ်ရင်လစ်သလို ... အိမ်တိုင်ရာရောက်) ရောက်လာနေတတ်တဲ့ စာတွေကို ... "စာပဲ ဘာဖြစ်လဲ"လို့ လျစ်လျူရှုရမယ်ပဲထား ...။ ဒါတောင်မှ အင်မတန် စိတ်အနှောင့်အယှက်ဖြစ်၊ ကသိကအောက်နိုင် ... အသည်းယားချင်စရာ ကောင်းသော အရေးအသားမျိုးတွေကို ... ဘယ်မိန်းမသားမျိုးကမှတော့ ကြာကြာကြီး လျစ်လျူရှု ... "စာပဲဟာ"ဟု သဘောထားနိုင်ကြမည် မထင်ပေ ...။

လူကိုယ်တိုင် ကိုယ်ထင်ပြ၊ စော်ကား ... ချောက်ချ ထိတ်လှန့်တတ်တာတွေကတော့ ပိုဆိုးတာပေါ့ ...။ ခုလိုကြီးကျ



www.burmeseclassic.com

www.burmeseclassic.com



တော့ မိုးနတ်ပုံမှာ အပြင်ထွက်လေတိုင်း "ကျိုးကန်းတောင်မှောက်" ဆိုတဲ့ စကားကို လက်စွဲပြုလျက် ...။ ပတ်ဝန်းကျင်ကတော့ "ဒီမိန်းကလေးဟာ တော်တော်မျက်စိဂနာမငြိမ်တဲ့ တစ်ယောက်ပါလား"ဟု သတ်မှတ်ချင်လည်း မှတ်ကြမည်။ မတတ်နိုင်ပါ ...။ ကိုယ့်မှာက ဘဝပေးအခြေအနေအရ ... အဲဒီလိုပုံကြီးပဲ ဖြစ်နေရတော့တဲ့ အဖြစ်နဲ့လေ ...။

"အသက်အန္တရာယ် မရှိနိုင်ရင် ... ဘယ်သူဘာပဲ နှောင့်ယှက် ... နှောင့်ယှက် ... စာပဲဖြစ်ဖြစ် ... လူပဲဖြစ်ဖြစ် ... မမှုဘူး ..."ဟု သဘောထားနိုင်ကြသူတွေလည်း ရှိကောင်းရှိမှာပေါ့ ...။ ရှိတယ်ဆိုရင်လည်း မိုးနတ်ပုံက "လူစွမ်းကောင်းဘွဲ့တံဆိပ်"ပဲ သွားချီးမြှင့်လိုက်တော့မည်။ ကိုယ့်မှာတော့ အဲဒီလောက်ကြီးလည်း မမှုတတ်တဲ့ စိတ်ထားမျိုး မရှိနိုင်ပါဘူး ...။

အဆိုးဆုံးက "သူ ကိုယ့်ကို ဘယ်တစ်နေရာကနေ အမြဲမြင်နေရသလဲ" ဆိုတာပင် ...။ ဘယ်လောက်ကြီးပဲ အားလပ်နေပါစေဦး ...။ အေးချမ်းက နန္ဒာတို့ အောင်ခိုင်တို့ကို ခေါ်သလို ... "ကိုအားအား"၊ "မအားအား"ပဲ ဖြစ်နေပါစေဦး ...။ လူတစ်ယောက်ကို မိုးလင်းရာ မိုးချုပ် ... မခွာစတမ်း မျက်စိဒေါက်ထောက် လိုက်ကပ်ထားနိုင်ဖို့အထိ ... အားလပ်နေတာမျိုးတော့ ရှိနိုင်ပါ့မလား ...။





ဥပမာ ... ဆိုရင် ... "မင်း ဒီနေ့ဝှားထားတဲ့ မဟေသီမဂ္ဂဇင်း မျက်နှာဖုံးက ကောင်မလေးက အေးချမ်း သဘောကျတတ်တဲ့ ရုပ်မျိုးပဲလေ ..."တို့ ...။ "ရုံးမှာ ငါ့ဘက်က မှန်တာပဲဆိုပြီး အထက်လူကြီးကို ကဲကဲဆတ် ပြန်ပြောတာမျိုး အေးချမ်းသိရင် ကြိုက်မယ် မထင်ဘူး ... ငါသာ မင်းရဲ့အထက်လူကြီးဆိုရင်လည်း မင်းကို အလုပ်ဖြုတ်ပစ်လိုက်တာ ကြာပြီ ..."တို့ ...။ "မင်းအမေနဲ့ ဈေးအတူသွားရင်း မင်းဝတ်ထားတဲ့ အင်္ကျီအဖြူက ငါ့မှာလည်း ရှိတယ် ... အေးချမ်း ကြိုက်မှန်းသိလို့ ငါလည်းဝယ်ထားတယ် ..."တို့ ...။

ကဲ ... ကဲ ...။ အဲဒီလိုမျိုး စာတွေမပြတ် ရနေတော့တာကို ... "ဘာဖြစ်လဲ ... သူ့ဟာသူ အချိန်အား၊ လက်အားနေလို့ ရေးနေတာပဲ ..."လို့ ဒီတိုင်းပဲ ငြိမ်နေရမှာလား ...။ "ကိုယ့်မှာ ဘာအန္တရာယ် ရှိနိုင်လို့လဲ ... သူ့ဘာသာ လိုက်ကြည့်နေတော့ ဘော်ဒီဂတ်တောင်ရသေး ..."လို့ ... ကျေနပ်နေရမှာလား။ "နေပေါ့ ..."ဟု ပြောချင်သူ ရှိလျှင်တော့ ... အဲဒါကိုယ် ခံစားမနေရလို့ ကိုယ်ချင်းမစာတတ်တာပင် ...။ "ငါ့ကို စောင့်ကြည့်နေသူ တစ်ယောက်ရှိတယ်"ဆိုတဲ့ ခံစားချက်ဟာ အလွန်တရာမှကို ဆိုးဝါးလှကြောင်း ခံစားဖူးသူမှသာ သိနိုင်မည်ပင် ...။

အင်မတန် စိတ်အနှောင့်အယှက် ဖြစ်ချင်စရာကောင်း ...။ ကျောမလုံချင်စရာကောင်း ...။ သတိကြီးနဲ့ အမြဲရှာ



www.burmeseclassic.com

www.burmeseclassic.com



ကို လှုပ်ရှားနေရတော့ ... ကုန်ကုန်ပြောရရင် ... အိမ်သာတက်ချင်ရင်တောင်မှ "သူ ငါ့ကိုများ မြင်များ မြင်နိုင်နေဦးမှာလား ..." ရယ်လို့ ... အပြင်က၊ ရုံးက၊ သူများအိမ်က အိမ်သာတွေမပြောနဲ့ ... ကိုယ့်အိမ် ... ကိုယ့်ရေချိုးခန်းထဲက အိမ်သာကိုပင် ကိုယ်မယုံကြည်ချင် ဖြစ်လာသည် ...။

အထူးသဖြင့်ကတော့ ... တစ်လမ်းတည်းနေ့နေရသည့် ရပ်ကွက်သူ ရပ်ကွက်သားတွေ ဘယ်သူ့ကိုမှ မယုံကြည်နိုင်တော့တာမို့ ... တစ်ဖက်သားတွေက မိတ်ဆက်စကား စလာရင်တောင် စကားဟာဟ ပြန်မပြောရဲ ...။ အထောက်တော် ... သူလျှိုတွေ ဖြစ်နေမှာစိုးကာ ... လူမှုရေး မသိတတ်သူကြီးလိုလို ဖြစ်လာသည်။ ကိုယ့်အိမ်ရဲ့ အရပ်လေးမျက်နှာ နံဘေးပတ်ပတ်လည်က ဘယ်ကန်ထရိုက်တိုက် ... တိုက်ခန်းတွေကိုမှလည်း မယုံကြည် ...။ ဖွင့်ထားတတ်သော ပြတင်းတံခါးပေါက်တွေကို မျက်စိဖွေကြည့်လိုက်မိတိုင်း ... သံသယစိတ်နှင့် မုန်းလှလေသည်။

လူကိုယ်တိုင် "ဘွား"ခနဲကြီး ကိုယ်ထင်ပြလာလျှင်တော့ ... ဖြုန်းဆို အထိတ်တလန့် ဖြစ်,ဖြစ်သွားရတာကလွဲရင် ... မိုးနတ်ပုံက ... သူက ခပ်တည်တည်ဆို ကိုယ်ကလည်း ခပ်တည်တည် ...။ သူ့ဆီက ပေါက်ကရစကားတစ်ခွန်းဆိုရင် ... ကိုယ်ကလည်း ... သူ့အထိနာလောက်စရာ စကားမျိုးတစ်ခွန်း ...။ အလားတူတွေ တုံ့ပြန်ဖြစ်လိုက်ဖို့ ... ဝန်မလေးတော့ဘဲ အသင့်ရှိနေတတ်





သူချောက်ချတတ်လို့ ချောက်ပေါက်တွေ ဘာတွေ ကြုံရပြီးမှ သူ့ကို တွေ့ရရင်တော့ ကိုယ့်ဘက်ကလည်း ... အသံမထွက်တဲ့ ... ခပ်လှုပ် ကျိန်ဆဲခြင်းတို့ ...၊ နဂါးမျက်စောင်းတို့ တုံ့ပြန်ရတာ ပါလေ ...။

ဘာပဲဖြစ်ဖြစ် ... တစ်ခုခု ...။ ဘာလေးပဲဖြစ်ပစေ ... တစ်စုံတစ်ခုကိုတော့ ဒီ့ထက်ထူးပြီး မိုးနတ်ပုံက သိချင်နေပါပြီ ...။ အတိုင်းပဲ ခပ်ကြာကြာကြီးဆိုရင် ခံနေရတဲ့ ကိုယ်တင်မက ... လိုက်လုပ်နေတတ်တဲ့သူရော ... အရွယ်မတိုင်ခင် အိုစာစုတ်ပြတ်သွားကြရတော့မဲ့ အချိုးအချိတ်ပဲ ဖြစ်နေပြီလေ။

"တို့ကို တွေ့ချင်တာ အကြောင်းထူးများ ရှိမလား ..."

နှင်းစပယ်က ခပ်ပြုံးပြုံးနှင့်ပဲ မေးလာပါသည်။

"ဟိုလေ ... ရယ်စရာတော့ ကောင်းနေမလား မသိဘူး ... နတ်ပုံကတော့ အကြောင်းထူးရှိလို့ သိချင်တာပါ ... နတ်ပုံသိချင်တာလေးတစ်ခုရှိလို့ ... အကြောင်းရင်းကိုလည်း စပယ့်ဘက်က သိချင်ရင် ပြောပြဖို့ဝန်မလေးပါဘူး ... နတ်ပုံသိချင်တာက ... ဟို ... တစ်မျိုးတော့ မထင်နဲ့နော် ... ဟို ..."

"အေးချမ်းနဲ့ ပတ်သက်တာ တစ်ခုခုပဲ မဟုတ်လား ..."

"ဟုတ်ပါတယ် ..."

"ဒါများ ... အပြောရ ခက်မနေပါနဲ့ ... ဘာဖြစ်လဲ ... အဆင်တော့ ပြေကြတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



“ကိုယ်တွေချင်းကတော့ အဆင်ပြေပါတယ် … ဒါပေမဲ့
ကြားဝင်ပြီး အဆင်မပြေနိုင်တဲ့သူက လာရှိနေလို့ … ဒီလ
လေ … နတ်ပုံနဲ့ အေးချမ်းနဲ့ အိမ်ထောင်မပြုဖြစ်ကြခ
က … ဟို … အေးချမ်း လူပျိုဘဝတုန်းကပေါ့နော် … သူ့
ကိုလေ နည်းနည်း စိတ်ဝင်တစား ရှိနေတဲ့ မိန်းကလေး
မျိုး … အဲလိုမျိုးပေါ့ … အဲဒါရှိမလားလို့ … စပယ်က
အေးချမ်း အကြောင်း အားလုံးသိတယ် ဆိုတော့လေ”

နှင်းစပယ် တစ်ယောက် ပါးစပ်အဟောင်းသားလေး
ပင် ဖြစ်သွားကာ … မိုးနတ်ပုံကို အချိန်တော်တော်ကြာကြာပင် …
(ထိုပါးစပ်ကလည်း အပွင့်သားနှင့်ပဲ) စိုက်ကြည့်နေပါသည်
ပြီးလျှင်တော့ အလိုက်သည်းလိုက်ကြီး ရယ်ချပစ်လိုက်သည်မှာ
လည်း ခပ်ကြာကြာကြီး …။

“အမယ်လေး … စောလွန်းမနေဘူးလား မိုးနတ်ပုံရယ် …
အေးချမ်းဟာ ယုံချင်စရာ မကောင်းတဲ့သူ ဆိုရင်တော
မှ … တစ်နှစ်လောက်အတွင်းတော့ မလှုပ်ရှားနိုင်လော
သေးဘူး ထင်ပါတယ် … ခုဟာကတော့ လေးငါးခြောက်လ
ပဲ ရှိသေးတယ်လေ … မဟုတ်ဘူးလား …”

“သူ့ကို ယုံပါတယ် … လုံးဝယုံတယ် … ဒါပေမဲ့ …”

“သူ့ပတ်ဝန်းကျင်က မိန်းကလေးတွေကို မယုံနိုင်တာပေ
ဟုတ်လား … အဲဒါတွေကလည်း မင်းဆီကတော့ ခွတ်ပြ
မဆွဲထုတ်နိုင်ကြပါဘူးကွာ … ဖြစ်ရလေ …”





“အို … အဲလိုမျိုးကြီး ပြောတာလည်း မဟုတ်ဘူး … နတ်ပုံ
ရှင်းပြလိုက်ရင်တော့ စပယ်လည်း ကောင်းကောင်းနားလည်
သွားမှာပဲ … သိလား …”

“ဒါဖြင့် ပြောပါဦး … ဘယ်လိုဖြစ်လို့ ဒီလိုမေးချင်လာ
ရတာလဲ … ရှင်းရှင်းပြောရရင်တော့ … အေးချမ်း လူပျို
ဘဝတုန်းကဆိုရင် … သူ့ကိုဝိုင်းသဘောကျနေကြတဲ့ မိန်းက
လေးတွေမှ တစ်ပုံကြီးပေါ့ … အဲဒီတစ်ယောက်ဟာ မင်း
သားမဟုတ် … အဆိုတော်မဟုတ်နဲ့ … အဲဒီဘက်မှာတော့
တော်တော်ပဲ စန်းပွင့်တဲ့သဘောပဲ ထားပါတော့ … သူက
တော့ ခပ်အေးအေးပဲ ထင်ပါရဲ့ … ထင်တာနော် … ဒါပေမဲ့
ဟုတ်မှာပါ … သူသာပါမယ်ဆိုရင် ရည်းစားတွေဆိုတာ
သက်စေ့ဖြစ်သွားလိမ့်မယ် ထင်တယ် … မိုးနတ်ပုံရယ် …
အပွင့်လင်းဆုံး ပြောရရင်တော့ … အဲဒီလိုစာရင်းထဲ …
တို့လည်း ပါခဲ့တာပဲလေ …

ကဲ … ဒီထက် ရှင်းတာတော့ မရှိတော့ဘူး … သူက
သာ ရွေးချယ်ခဲ့ရင် တို့လည်း မဆိုင်းပါဘူး … ခပ်မြန်မြန်ကို
ခေါင်းညိတ်လိုက်မိမှာပဲ … ဒါပေမဲ့ … ဒါတွေက ပြီးသွား
ခဲ့ပြီလေ … ခုမှနောက်ကြောင်းပြန် တစ်ခေတ်ဆန်း … မင်း
က ဘာဖြစ်ချင်လာရတာလဲ … အိမ်ထောင်သည်ကြီးတစ်
ယောက်ကိုပါ ဆက်မျှော်လင့်ချင်နေတတ်ကြတာတော့ …



www.burmeseclassic.com

www.burmeseclassic.com



မြန်မာမိန်းကလေးတွေထဲမှာ လက်ချိုးရေလို့တောင်မှ မရနိုင်လောက်ပါဘူးကွာ ... စုန်းပြူးလောက် ရှိချင်ရှိမှာပါ ...”

အတော်ကြီးကို ပွင့်လင်းလှသော စိတ်ဓာတ်ကို မိုးနတ်ပုံက အံ့သြတကြီး ဖြစ်နေသည်။ တစ်ပြိုင်နက်တည်းမှာပဲ သ်ဘောတကျလည်း ဖြစ်ရလေသည်။ ပွင့်လင်းပြီး အရှင်းဆုံး၊ အမှန်ဆုံး ပြောတတ်သူတွေဟာ ... မမြိုတစိနဲ့ အတွင်းကျိတ်၊ ကျိတ်ထားတတ်သူတွေထက် အများကြီးပိုပြီး ယုံကြည်စိတ်ချချင်စရာ ကောင်းတတ်သတဲ့ ...။

မိုးနတ်ပုံက ဖြစ်ပျက်နေသမျှတို့ကို မခြွင်းမချန်၊ တစ်လုံးမကျန်ဘဲ နှင်းစပယ်ကို ဖွင့်ပြောပြလိုက်သည်။ ပြောပြနေမိရင်းက ကိုယ့်ကိုယ်ကိုယ်ရော ... ကိုယ့်အဖြစ်၊ ကိုယ့်ဘဝကိုပါ ပြန်အံ့သြနေရသည်။ ဒီလိုပြဿနာကြီးမျိုးကို ... ကာယကံရှင်တွေ ဖြစ်ကြတဲ့ အေးချမ်းနဲ့ မိုးနတ်ပုံကလွဲရင် ... မိုးနတ်ပုံအတွက် ပထမဦးဆုံး၊ အတိကျဆုံး ပြန်ရင်ဖွင့်မိမည့်သူဟာ ... မိုးနတ်ပုံရဲ့ နှစ်ကိုယ့်တစ်စိတ်သဖွယ် ဖြစ်သော ... မေမေတို့၊ အစ်မအရင်းတို့ ... မွေးကတည်းက ပေါင်းလာကြသော သူငယ်ချင်းမများတို့ ဖြစ်မနေဘဲ ... ဘယ့်နှယ်ကြောင့် ... ကိုယ်နဲ့လည်း သိပ်မခင်သည့် (အမြင်တောင်မှ ကတ်ခဲ့ရဖူးသေးသည့်) သူစိမ်းမိန်းမငယ်တစ်ယောက်ပဲ ဖြစ်နေရပါလိမ့် ...။ ကံကြမ္မာများ ပြောပါတယ် ... ဖြစ်ရပုံကလေ ...။





မိုးနတ်ပုံရဲ့ စကားတွေကို မျက်လုံးပြူးလို့ တစ်မျိုး၊ ပါးစပ်ဟလို့တစ်ဖုံ၊ မျက်မှောင်ကုတ်လို့တစ်သွယ် ...။ အမျိုးမျိုးသော မျက်နှာပေး အပြောင်းအလဲ ပေါင်းစုံနှင့် နားထောင်နေသည့် နှင်းစပယ်က ... အကြောင်းအရာစုံလို့ ... စကားကို ရပ်လိုက်သည် ဆိုသည်နှင့်-...

“ဒါ ငြိမ်ခံနေလို့ ဘယ်ရမလဲ ...”

ကိုယ်နှင့် ယှူဆချက်တူသူ တစ်ယောက်ကို ရဲရဲတောက်အသံနှင့် ဆုံလိုက်ရသဖြင့် ... မိုးနတ်ပုံက အားတက်သရောလေး ဖြစ်သွားရကာ ... ရင်တွေပင် တဒိတ်ဒိတ်ခုန်ချင်လာသည်။

“တယော ဆိုတာတော့ မကြားဖူးဘူး ... ဒါမျိုးက အိမ်နာမည်တွေ ဘာတွေလဲ ဖြစ်နိုင်သလို ... သူ့ဟာနဲ့သူ ... ဟုတ်မလားလို့ ... အရှုးထထားတာမျိုးလည်း ဖြစ်နိုင်တာပဲ ... ကိစ္စမရှိပါဘူး ... ခဏစောင့်လိုက် ... တို့သိတဲ့အသိုင်းအဝိုင်းထဲက မဟုတ်ရင်တော့လည်း မတတ်နိုင်ဘူးပေါ့ ... ဒါတောင် သိသိမသိသိ ... ဒီကိစ္စထဲမှာ တို့ဆက်ပါကိုပါပေးနေဦးမယ်ကွာ ... ဟုတ်နေခဲ့ရင်တော့ ... ပေါ်မှာပါ ... ရုပ်လည်း မြင်ဖူးထားတာပဲ မဟုတ်လား ... တို့သိတဲ့သူဆိုရင်တော့ အနေးနဲ့အမြန်ပဲ ပေါ်စေရမယ် ... အလုပ်မဟုတ်တာတွေ လုပ်တဲ့သူဆိုရင် တို့က လုံးဝမကြိုက်ဘူး ... အရမ်းရွံတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဒါ အမှန်က ဥပဒေနဲ့တောင် ငြိစွန်းနေတယ် မိုးနတ်ပုံ … တို့လည်း အတိအကျတော့ မသိဘူးပေါ့ … ဒါပေမဲ့ ခြိမ်းခြောက်မှုတို့ … စိတ်အနှောင့်အယှက် လု… အနှောင့်အယှက်ပြုပြီး … လူတစ်ဖက်သား ဒုက္ခရောက်အောင် လိုက်လံပြုမူနေမှုတို့ဆိုတာ … ပုဒ်မတပ်ပြီးတော့ကို တိုင်… တန်းအရေးယူစေလို့ ရနိုင်တာမျိုး … တိတိကျကျ သိရရင် … လက်ဆွဲခေါ်ပြီး သတိပေးရမယ် … ဒါမှမရသေးရင်တော့ … ရဲကို တိုင်မယ်ကွာ … ကဲ …”

“အဲ … ဟိုလေ … အကြီးအကျယ်ကြီး လျှောက်ဖြစ်ကုန်… မလား …”

“သူက စတာလေ … ကိုယ်က စတိုက်ခိုက်နေတာမဟုတ်… ဘူး … မိုးနတ်ပုံလည်း ဒီတစ်ခါ လူချင်းဆုံရင် ‘ရဲတိုင်လိုက်… ရမလား’ လို့ သတိပေးကြည့်လိုက်ပါလား …”

“အေးချမ်းက ဘာပြောချင်ဦးမလဲ မသိဘူး …”

“ဘာပြောပြောပေါ့ … သူ့အကြောင်းများ မသိရင် ခက်… ဦးမယ် … သူ့အပြစ်တော့ ဘာမှမရှိပေမဲ့ … ထားလိုက်ပါ… ကွာတို့ ဘာတို့ပြောပြီး … ပြီး,ပြီးရောပဲ ငြိမ်းချမ်းချင်နေ… မဲ့သူ …”

“သိပ်ဟုတ်တာပဲ …”





“သိတာပေါ့ … ပေါင်းလာတာ ကြာပြီပဲဟာ … သူ့တိုင်ပင် မနေနဲ့ … နောင်လည်း စပယ်ပဲ လာတိုင်ပင်ပေါ့ … ခု လည်းပဲ မင်းက လူရွေးတော့ မှန်တတ်ပါတယ် မိုးနတ်ပုံ ရယ် … ဘဝတစ်သက်တာအတွက် အေးချမ်းကို ရွေးမိတာ ရော … ခုကိစ္စအတွက်တော့ … တို့ကိုမှ လာရွေးမိတာ ရော …”

ဟိုးအရင်တုန်းကလိုပဲ … အေးချမ်းနဲ့ ပတ်သက်လာ…င် သူသာ အသိဆုံးဆိုတဲ့ အချိုးမျိုးကို ချိုးပြထားပြန်ပေမဲ့ …နတ်ပုံက ဒီတစ်ခါမှာတော့ နှင်းစပယ်ကို အမြတ်ကတ်မိဖို့ထက် …င်မင်မိသလိုလိုကြီးတောင် ဖြစ်သွားသည်။

“အလကားပါ … ဟုတ်မလားလို့ စတန့်ထွင်ချင်တာလည်း ဖြစ်ရင်ဖြစ်မယ် … ဒါမှမဟုတ်လည်း အရူးထတာပေါ့ … ဒါကိုပဲ အေးချမ်းကို ချစ်ရှာလွန်းလို့ ထင်တယ်လို့ … လေးစားပေးနေဦးမှာလား … အပြတ်ဖြတ်ပစ်မှကို ဖြစ်မှာ… တကယ်ဆို အေးချမ်းကို တကယ်ချစ်နိုင်ပါတယ်ဆိုတဲ့ သူဟာ မင်းအပြင် ရှိရဦးမလား … စေတနာအပြည့်အဝနဲ့ သူကောင်းစားတာပဲ မြင်ချင်တဲ့သူ ဆိုရင်ကော … တို့အပြင် ရှိနိုင်ဦးမလား … သူများရသွားလို့ ဆတ်ဆတ်ထိမခံနိုင် … နာကျင်ပါတယ် ဆိုတာ … ဒါ … စိတ်ယုတ်မာ ရှိတာ သက်သက်ပဲ …”



www.burmeseclassic.com

www.burmeseclassic.com



အင်း ...။ သူကလည်း တစ်မျိုးပါလား ...။ အမြင်တော့ မကတတ်နိုင်တော့ပေမဲ့ ... သူ့ ပြောပုံကြီးကလည်း ... ရင်ထဲတော့ ခိုးလိုးခုလု။

* * *

တိုက်ခန်းတံခါးရဲ့ အောက်ခြေအဟလေး ကြားထဲကနေ လှမ်းမြင်နေရသော လှုပ်လှုပ်ရှားရှား ပုံရိပ်ကို မိုးနတ်ပုံက မျက်တောင်ပင် မခတ်မိဘဲ စူးစိုက်ပြီး ကြည့်နေမိသည်။ တိုက်ခန်းတံခါးရဲ့ အပြင်ဘက်မှာတော့ လူတစ်ယောက်ယောက်တော့ ရောက်ကို ရောက်နေပြီကွာ ...။

အရေးထဲကျမှ ... အေးချမ်းကလည်းပဲ ပြန်မရောက်သေး။ အေးချမ်းသာ အိမ်မှာရှိနေရင်တော့ ... ယောကျာ်းအားကိုးနဲ့ မိုးနတ်ပုံဟာ ခုလောက်ဆို ကိုယ့်တိုက်ခန်းရဲ့ တံခါးကို "ဖြန်း" ခနဲ ဆွဲဖွင့်လိုက်မိပြီးသား ဖြစ်နေလောက်ပေပြီ။ ဒီလိုကော မရဘူးလား ...။ သူ မရှိလည်းပဲ ... ဖွင့်ကြည့်လိုက်ရင်ကော ...။

မျက်နှာချင်းဆိုင် တိုက်ခန်းရဲ့ တံခါးဟာလည်း မိုးနတ်ပုံတို့ တိုက်ခန်းတံခါးနဲ့ လေးငါးပေလောက်မျှ မကွာအောင် နီးနီးကလေးပဲမို့ ခုမြင်နေရသည့် ခပ်လှုပ်လှုပ်ဟာ ... အဲဒီအိမ်ကိုလာသော ... သူတစ်ယောက်ယောက် ...၊ ဒါမှမဟုတ် အဲဒီအိမ်က တစ်ယောက်ယောက် အိမ်ပြန်လာတာလည်း ဖြစ်တော့





ဖြစ်နိုင်တာပဲလေ ...။ ဒါပေမဲ့ ... အဲသလိုဆိုရင် ... မောင်းကွဲကြီး ထုချလိုက်သလို ... "ဂွမ်း" ခနဲ ကျယ်လောင်လှသော သူတို့အိမ်ရဲ့ လူခေါ်ဘဲလ်သံကြီးက ခုထက်ထိ ဘာလို့ထွက်ပေါ်မလာရသေးတာလဲ ...။ အဲဒီအိမ်ထဲ ဝင်ချင်သူမှန်လျှင် ... အဲဒီဘဲလ်ကြီးကို နှိပ်ကို နှိပ်ရမည်။ ခုလောက်ရှိ နှိပ်ပြီးကို ဖြစ်ရမည်။ ဒါမှမဟုတ် ... မိုးနတ်ပုံတို့ရဲ့ ... တီးတောင် ... တီးတောင် ဘဲလ်ကို နှိပ်လေ ...။

ခုတော့ အဲဒီလိုမှ မဟုတ်တာဘဲ ...။ လှုပ်တုပ်တုပ်နဲ့ အရိပ်က ဒီနားတင် အတော်ကြာနေပြီ ...။ အပေါ်ထပ်က အခန်းတွေဆီလည်း ဆက်တက်မသွားသေးဘူးလေ ...။ စာလာထည့်မလို့ ရောက်လာပြီးမှ ... ဧည့်ခန်းထဲမှာ လူရှိမရှိ ... ချောင်းနားထောင် ... အကဲခတ်၊ ချိန်ဆနေတာမျိုးပဲ ... မဖြစ်နိုင်ဘူးလား ...။ သူက စာဆိုရင်တော့ တိတ်တဆိတ် လျှို့ဝှက်စွာအရောက်ပို့ချင်တာလေ ...။ ဧည့်ခန်းထဲမှာ လူရှိနေတုန်းကြီး ထိုးထည့်မိရင် ... သူ့ လှေကားက ဆင်းပြေးလို့ မပြီးသေးခင် ဒီအခန်းတံခါးက ပွင့်လာပြီး ... သူခိုးဖမ်းရင် အခက်လို့ တွက်မှာပေါ့ ...။

မိုးနတ်ပုံကိုတော့ သူက စာရင်းထဲ ထည့်မှာမဟုတ်ပါဘူး ...။ မိသွားလည်း "အေး ... ဟုတ်တယ် ... ငါပဲ ... ဘာဖြစ်လဲ ..." လို့ ခပ်တည်တည်ပဲ ရင်ဆိုင်ချင်မဲ့ မိန်းမမျိုးပါ ...။ သူ ဂရုထားပြီး ရှောင်ရှားလိုတာက အေးချမ်းကိုပဲ နေမှာ ...။ ညနေ ရုံးဆင်းချိန် ကျော်လာပြီမို့ ... "အေးချမ်းများ ပြန်ရောက်နေပြီလား" ဆိုတာ သူ တွက်ကိုတွက်ရတော့မှာလေ ...။ အေးချမ်း



www.burmeseclassic.com

www.burmeseclassic.com



ကိုရှောင်ချင်လို့လည်း ခုချိန်ထိ အေးချမ်းနဲ့ကျတော့ မျက်နှာချင်းထိပ်တိုက်မဆိုင်သေးဘဲ နေ,နေတာပေါ့ ...။ စာတွေထဲမှာသာ အေးချမ်း ... အေးချမ်း ...။

အဲဒီစကားလုံးဟာ မပါမပြီး ...။ နှုတ်ကနေ ထုတ်ဖော်ခေါ်ဝေါ်နေခွင့် မရှိလို့ ရေးနေရတာလေးကိုပဲ လက်ကအတော်တွေ့တယ် ထင်ပါရဲ့ ...။ သနားစရာ ...။ ဟယ် ...။ မသနားပါဘူး ...။ မှားလို့ ...။ ဘာလို့ သနားနေရမှာလဲ ...။ ဒီလောက်အမြင်ကတတ်နေရတဲ့ဟာကို ...။

ကဲ ... ဖွင့်ကြည့်လိုက်ချင်လာပြီနော် ...။ သင်းမဟုတ်ဘဲ ... တခြားလူစိမ်းသူစိမ်း တစ်ယောက်ယောက် ဖြစ်နေမှာစိုးလို့သာ ...။ မိုးနတ်ပုံတို့ရဲ့ တိုက်ခန်းတံခါးတွေက သံပန်းတစ်ထပ်၊ သစ်သားတံခါးက တစ်ထပ် ဖြစ်သော်လည်း ... သစ်သားက အတွင်းဘက်ကဖြစ်ပြီး သံပန်းက အပြင်ဘက်က ဖြစ်ပေရာ... လင်မယားနှစ်ယောက်လုံး အပြင်ထွက်သွားမှ တံခါးနှစ်ထပ်စလုံးကို ပိတ်ပစ်ခဲ့ကြတာ ဖြစ်ပြီး ... တစ်ယောက်ယောက် အိမ်မှာရှိနေရင်တော့ ... သစ်သားတံခါးကိုသာ အစေ့ပိတ်ကာ ... တွန်းတံခါးပုံစံဖြစ်သော ... သံပန်းတံခါးကိုတော့ ... လွတ်လွတ်လပ်လပ်ဖြစ်အောင် ... အဖွင့်ပုံစံအတိုင်း ... ဟိုးအပြင်ဘက်သို့ တွန်းထုတ် ... ဖွင့်လှစ်ထားတတ်မြဲ ...။

ဒီတော့ ... တခြားယောက်ျား၊ လူဆိုး၊ သူစိမ်းတစ်ယောက်ယောက်ဖြစ်နေရင် ... သစ်သားတံခါးကို အထဲကနေ





ဖွင့်ထွက်လိုက်တာနဲ့ ထိုသူဟာ မိုးနတ်ပုံရဲ့ အိမ်ထဲထိ အတင်းချဉ်းနင်း ဝင်ရောက်ခွင့် ရရှိနိုင်သွားပြီ ...။ နောက်ဆိုရင်တော့ အိမ်မှာလူရှိရှိ မရှိရှိ ... တံခါးနှစ်ချပ်စလုံး ပိတ်ထားတတ်တဲ့အကျင့်ကို ပြောင်းမှပါပဲ ...။ သစ်သားတံခါးက အပြင်ဘက်ကို တွန်းဖွင့်ရမှာမှ မဟုတ်တာ ... အတွင်းဖွင့်ပဲဟာ ...။

တွန်းရပြုရ ခက်သော သံပန်းတံခါးကို ခုလိုတဆုံးအမြဲဖွင့်ထားတော့ ... ခုလိုအချိန်ကျ ... လုံခြုံရေးစိတ်မချရတာမို့ ကိုယ့်စိတ်ထဲရှိတဲ့အတိုင်း လှုပ်ရှားခွင့်က မရ ...။ ပြီးကျတော့... တယော ဆိုတဲ့ မိန်းမအတွက်ကျတော့လည်း (မိုးနတ်ပုံတို့ရဲ့ အကျင့်ကိုသာ လေ့လာသိရှိပြီးရင် ...)အပေါ်ထိ တက်လာစရာတောင်မှ မလို ...။ တိုက်အောက်ပလက်ဖောင်းပေါ်ကနေပဲ လှေကားထဲ ခေါင်းလေးငုံ့ပြီး စုံစမ်းလိုက်ရင် ... တံခါးပုံစံကိုကြည့်လိုက်တာနဲ့ အိမ်ထဲမှာ လူရှိမရှိ တန်းသိပြီး ဖြစ်သွားနိုင်မည်လေ ...။

အင်း ...။ အဲဒီလိုဆိုရင်တော့ အပြင်ကတစ်ယောက်မှာ သူသာဆိုရင် ... သံပန်းတံခါးက အပြင်သို့ တွန်းထုတ်ထားတဲ့ပုံစံကြီး ဖြစ်နေရက်နဲ့ ဘာ့ကြောင့် အိမ်ပေါ်ထိ တက်လာသလဲ ...။ လူရှိနေနိုင်တာ ရိပ်မိပါလား ...။ မိုးနတ်ပုံတို့ရဲ့ အကျင့်ကို လေ့လာမထားမိသေးလို့ဟုတော့ အထင်မသေးလိုပေ ...။ ဒီမိန်းမဟာ ခုလောက်ဆိုရင် ... တစ်နေ့ကို ရေဘယ်နှခါချိုးလို့ ... အိမ်သာဘယ်နှခါ တက်မလဲလောက်ကအစ လေ့လာချင် လေ့လာထားပြီးဖြစ်မဲ့ မိန်းမမျိုး ...။



www.burmeseclassic.com

www.burmeseclassic.com



ဒါဖြင့် ... အပြင်ကလူက သူ မဟုတ်ဘူးလား...။ မိုးနတ်ပုံမှာ ခြေဖျားလက်ဖျားတွေပင် အေးစက်ချင်လာပြန်သည်...။ ထိပ်တိုက်ကြီး ရင်ဆိုင်ကြရကြေး ဆိုလျှင်တောင် ... သေသေကြေကြေ မမှုချင်တတ်တဲ့ မိုးနတ်ပုံက ... ခုလို ဘာမှန်းမသိသည့် တထင့်ထင့် ဆိုရင်တော့ အသည်းတွေယားကာ စိမ့်တက်လာတတ်လေ့ ရှိသည်လေ ...။

သစ်သားတံခါးမှာတော့အပြင်သို့ ချောင်းကြည့်လို့ရတဲ့ မှန်ဘီလူးပေါက် ပါသားပေါ့ ...။ သို့သော် ညှော်ခန်းထဲက ကုလားထိုင်တစ်လုံးထက်မှာ မလှုပ်မယှက် ထိုင်နေတုန်း ... ဒီအဖြစ်က ဖြစ်ပွားလာတာဆိုတော့ ... (သူ့အရိပ်ကို ကိုယ်ကမြင်နေရတဲ့နည်းတူ) ကိုယ့်အရိပ်ကိုလည်း အပြင်ကနေ လှမ်းမြင်သွားမှာစိုးလို့ ... ခြေထောက်နှစ်ချောင်းလုံး ကုလားထိုင်ပေါ်တင်ထိုင်နေမိလို့ ညောင်းညာလာပြီဖြစ်တာကိုပင် ဆန့်မထုတ် ...၊ အောက်မချရဲ ...။ တံခါးအပေါက်နေ ထပြီးတော့,တော့ဆို ပိုလို့ပင် မချောင်းချင်ပေ။

နိုင်ငံခြားရုပ်ရှင်ကားတွေထဲမှာ ဆိုရင်တော့ အဲဒီလို ချောင်းမိတုန်းမှာပဲ ... အဲဒီအပေါက်တည့်တည့် ... ကိုယ့်မျက်လုံးထဲတည့်တည့်ကိုမှ ချိန်ပြီး ... သေနတ်နဲ့ ပစ်ချထည့်လိုက်တာပဲ...။ ဒီမှာကတော့ ဒါမျိုးတော့ မဖြစ်နိုင်ဘူးပေါ့ ...။ သို့ပေမဲ့ အလင်းထဲက ကိုယ်က လှေကားခပ်မှောင်မှောင်ထဲက သူ့အရိပ်အခြည် လှုပ်ရှားမှုကိုတောင် မြင်နေရသေးတာပဲ ...။ ကိုယ်သာလှုပ်ရှား





လိုက်ရင် ..., အမှောင်ထဲက သင်းက ... ညှော်ခန်းမီးအလင်းထဲက ကိုယ့်အရိပ်ကို မြင်ကိုမြင်သွားနိုင်တာ ကျိန်းသေပေါက်ပဲလေ...။

ဘာလုပ်ရမှာလဲ ...။ ဘာဝဲဖြစ်ဖြစ် လှုပ်ရှားမှုကို မြင်ကာမှ မြင်ရော ... နောက်ဖေးမီးဖိုထဲ ပြေးဝင်ပြီး ... ဓားဦးချွန်ဖြစ်ဖြစ် ... ကတ်ကြေးဖြစ်ဖြစ် ... ကိုယ့်အနားယူဆောင်ထားပြီးမှ တံခါးကို ပြေးဖွင့်ရင်ကော ...။

တစ်ယောက်တည်း စိတ်ယောက်ယက်ခတ် ... ဗျာများနေဆဲမှာပင် ... တံခါးရဲ့ အောက်ခြေအကြားက တစ်စုံတစ်ခုက ညှော်ခန်းထဲထိ တိုးဝင်လာပါတော့သည် ...။ ဟင် ... အနီတုံး၊ အပြာတုံးတွေနှင့် လေယာဉ်စာအိတ်ကလေးလည်း မဟုတ်ပါလား ...။ ဖိတ်စာကတ်လိုလိုနှင့် ပန်းနုရောင်လေးထောင့်ကျကျ... စာအိတ်တစ်လုံးသာ ...။

မိုးနတ်ပုံက ထိုင်ရာမှ "ဝုန်း" ခနဲထ ...။ နောက်ဖေးဘက်ထဲ ပြေးဝင် ...။ တွေ့ကရာဓားတစ်ချောင်းကို ဆွဲယူလာခဲ့ကာ အိမ်ရှေ့ဘက် ပြန်ပြေးထွက်လာရင်း တစ်ဆက်တည်း သစ်သားတံခါးမကိုပါ ဖွင့်ထည့်လိုက်ပါတော့သည်။

"ဟင်း ဟင်း ဟင်း ဟင်း ... ဓားကြီးနဲ့ပါလား ..."

အံ့သြစရာ... ထိုမိန်းမသည် ... လှေကားမှ ပြန်ဆင်းမသွားသေးဘဲ ... မိုးနတ်ပုံ ပြေးထွက်လာတော့မည်ကို အစင်းသိပြီးသကဲ့သို့ ... လက်ပိုက်ရပ်လျက်ကို စောင့်စားနေပေသည်။

"နှင် ... နှင် ဘာလုပ်တာလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



တယောက သဘောကျလှသလို "တဟင်းဟင်း"နှင့် ဝင် သူ့လက်ထဲမှာ ကျန်ရှိနေသေးသည့် ပန်းနုရောင်စာအိတ်များ ထဲမှ တစ်ခုကို ဆွဲထုတ်ပြန်ကာ မျက်နှာချင်းဆိုင် အခန်းရဲ့တံခါး ဝ့အောက်မှနေ၍လည်း သွားထိုးထည့်လိုက်ပြန်လေသည်။ ဘာ လုပ်တာလဲ ...။ စာအိတ်တွေကလည်း တစ်ထပ်ကြီးနှင့် ...။ သူဟာ မိုးနတ်ပုံတို့ကိုသာမက ... လူတကာကို လိုက်ခြိမ်းခြောက် နေတတ်တဲ့ ရောဂါသည်များလား ...။

တယောက ... ကြောင်ငေးကြီး ဖြစ်နေသော မိုးနတ်ပုံ ကို ကျော်ကာ တိုက်ခန်းထဲသို့ လိုက်မျှော်ကြည့်နေပါသေး သည်။

"ရှာမနေနဲ့ ... အေးချမ်း ပြန်မရောက်သေးဘူး ... ဒါပေမဲ့ တစ်ခုခုဆိုရင် ငါ့လက်ထဲကစားက နင့်ဗိုက်ထဲဝင်ပြီးသားပဲ နော် ... မလုပ်ရဲဘူး မထင်နဲ့"

"အေးချမ်း ပြန်မရောက်သေးတာ နင့်ထက်ငါက ပိုသိပါ တယ် ... သူများအိမ်ထဲမှာ လာရှာမှ တွေ့ရမှာလား ... အခန်းအနေအထားကို ကြည့်တာပါ ..."

အမယ်လေး ...။ ဘုရား ... ဘုရား ...။ ပေါ်တင်ပင် ...။

"နင့်လုပ်ရပ်တွေ ရပ်တန်းက ရပ်စမ်း ... နို့မို့ရင် ငါကရဲ တိုင်တော့မှာနော်"

မိုးနတ်ပုံက စပယ့်ရဲ့ ဩဝါဒအတိုင်း ... တွေ့တုန်း သတိပေးထားလိုက်သည်။ သို့သော် ... တယောကတော့





မိုးနတ်ပုံရဲ့ စကားကြောင့် ကလိထိုးခံလိုက်ရသလိုပင် ... တဟီး ဟီး ... တဟားဟား ဖြစ်သွားရကော ...

"ရဲ ... ဘာအမှုနဲ့လဲ ... ဟား ဟား ... ဘာပုဒ်မနဲ့လဲ ..."

အတိအကျ ပြန်မပြောတတ်သဖြင့် ... မိုးနတ်ပုံက ... လောလောဆယ် ... ကိုယ့်တိုက်ခန်းတြမ်းပြင်ပေါ်မှာ ရှိနေသော ပန်းနုရောင်စာအိတ်ကလေးကို မေးငေါ့ပြလိုက်သည်။ တယောက အဲဒီစာအိတ်ကိုပဲ (တမင်ပင်) မျက်လုံးပြူးကြီးနှင့် ကြည့်ပြကာ ...

"လောကကြီးထဲမှာ ... အိမ်တက်ဆွမ်းကျွေးဖိတ်မိလို့ ... ရဲဖမ်းခံရတယ်ဆိုတာတော့ ... တစ်ခါမှမကြားဖူးသေးဘူး ..."

အိမ်တက်ဆွမ်းကျွေး ...။ ဘာလဲဟ ...။ တယောက တော့ မိုးနတ်ပုံရဲ့ ဘာဆက်လုပ်ရမှန်းမသိ ဖြစ်နေသော အူကြောင် ကြောင် အမူအရာကို အတော်ကြီး ကျေနပ်သဘောကျနေသည့်ပုံ ရပါသည်။ တကယ်ပဲ အိမ်တက်ဆွမ်းကျွေး လိုက်ဖိတ်နေတာ လား ...။ အဲဒါကြောင့်မို့ ... ဟိုဘက်ခန်းထဲကိုလည်း တစ်စောင် ထိုးသွင်းလိုက်တာလား ...။ သူ့လက်ထဲမလည်း အလားတူစာ အိတ်မျိုးတွေ အများကြီးနဲ့ ...။

ဒါဆိုရင်လည်း ဘာဖြစ်လို့ ... ပုံမှန်လိုက်မဝေဘဲ ... မိုးနတ်ပုံရဲ့အခန်းအပြင်ဘက်က ကွက်လပ်ကလေးမှာ ... လှုပ်လှုပ် လှုပ်လှုပ်နဲ့ အချိန်ကြာကြာ အချိန်ဆွဲနေခဲ့ရတာလဲ ...။ သိပြီ ...။ သိပါပြီ ...။ အေးချမ်း ပြန်မရောက်သေးတာကို သိပါတယ်ဆိုတဲ့ ဒီမိန်းမဟာ ... တိုက်တံခါးဖွင့်ထားတဲ့ ပုံစံအရ ... မိုးနတ်ပုံ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်း အိမ်မှာရှိနေမှန်း သိလို့ ... အသည်းမယား,ယားအောင် ... စိတ်အနှောင့်အယှက် မဖြစ်,ဖြစ်အောင် တမင်ဆွပြီး လုပ်ပြနေခဲ့တာပေါ့ ...။ ဒါပဲ မဟုတ်လား ...။

ဒါမှ ခုလို ... ဒေါသတကြီးကြီးနဲ့ (ပိုဆိုးတာက ဓားကြီးနဲ့) ထွက်ချလာတဲ့အခါမှာ သူကစောင့်ပြီး ဟားတိုက်မယ်လေ ...။ ရှက်ပြီး အခံရခက်ရပြန်အောင် ကလိမယ်လေ ...။ ကျွတ်...။ နည်းကလည်းမျိုးစုံလိုက်တာ ...။ တစ်ခုပြီးတစ်ခု မရိုးရလေအောင် ...။

တယောက မတ်မတ်ရပ်နေရာမှ ... မိုးနတ်ပုံတို့တိုက်ခန်းရဲ့ တံခါးပေါင်ကို လက်နှင့်လမ်းထောက်လိုက်သည်။

"မကိုင်နဲ့ ... မထိနဲ့ ..."

"နင့် ထိနေတာမို့လို့လား ... အုတ်နံရံကို ထိတာပဲဟာ ..."

သူ့လက်တွေကို တံခါးပေါင်ကနေ ဘေးဘက်က အုတ်နံရံဆီ နည်းနည်း ရွှေ့ရွှေ့၊ ရွှေ့ရွှေ့ကလေး ရွှေ့လိုက်သည် ...။

"အုတ်နံရံကိုလည်း မထိနဲ့ ..."

"နင့်မှာ ဘာတားပိုင်ခွင့်ရှိသလဲ ... ဒါ နင်ပိုင်တဲ့ အုတ်နံရံ မဟုတ်ဘူး ... ကန်ထရိုက်တိုက်တွေမှာ လှေကားအကက် အဆင်း ဘေးနှစ်ဖက်ကနံရံ အုတ်နံရံတွေဆိုတာ ဘယ်သူမှ မပိုင်တော့ဘူး ... ဆိုင်ချင်းဆိုင် ဒီတိုက်ရဲ့မူလပိုင်ရှင် မြေရှင်နဲ့သာ ဆိုင်ချင်ဆိုင်မယ် ..."





စိတ်အနှောင့်အယှက်ဖြစ်အောင် လာလုပ်နေပြန်ပြီဆိုတာ သိလာသဖြင့် မိုးနတ်ပုံက ကိုယ့်အခန်းထဲပဲ ကိုယ်ပြန်ဝင်ကာ တံခါးကို ပိတ်ထားဖို့ပဲ ဟန်ပြင်လိုက်ပါသည်။ ထိုစဉ်မှာပင် မျက်နှာချင်းဆိုင် ... အခန်းတံခါးက ပွင့်လာကာ ... အသက်ကြီးကြီး လူကြီးတစ်ယောက်က ခေါင်းပြူပြီး အပြင်ဘက်သို့ ကြည့်လေသည်။ ပထမ နှစ်ယောက်စလုံးကို ...။ ပြီးကျတော့ ... ခါးဦးချွန်အစ်စ်ခုကို ခပ်တင်းတင်း ဆုပ်ကိုင်ထားသည့် လက်ဆီကို ...။

တယောကတော့ ထိုလူကြီးကို သွက်သွက်လက်လက်ပင် ရယ်ပြလိုက်ကာ ... "ဖိတ်စာတွေ လိုက်ဖိတ်နေတာပါ ..." ဟုပါ ပြောလိုက်သည်။ ထိုလူကြီးက သူ့ကြမ်းပြင်ပေါ်သို့ ရောက်နေသည့် ဖိတ်စာကို လှမ်းကောက်ယူလိုက်ရင်း ... "အေး ကွယ် ... အေး" ဟု ဆိုကာ သူ့တံခါးကို သူ ပြန်ပိတ်သွားလေသည်။

အခန်းနီးချင်းရဲ့ အကြည့်တွေကြောင့် မိုးနတ်ပုံ တစ်ယောက် အခံရခက်သွားရပြန်လေသည်။ မျက်နှာချင်းဆိုင်သာ နေနေကြပေမဲ့ အဲဒီအခန်းကလူများနှင့် မိုးနတ်ပုံတို့ မရင်းနှီးကြပါ။ တယောနှင့်ကော ... ရင်းကြသလား ...၊ သိကြသလား ... မိုးနတ်ပုံ မသိ။ လူကြီးရဲ့ မျက်နှာထား အချိုးအချိတ်တို့ကတော့ ... (လျှင်မြန်စွာပင် စပရင်ကဲ့သို့ မျက်နှာပြောင်တိုက် ပြောင်းလဲလိုက်သော) တယော အပေါ်မှာ ကြည်ကြည်လင်လင် ပျော့ပျော့ပြောင်းပြောင်း ရှိသလောက် ... မိုးနတ်ပုံကိုကျတော့ ... "ဘယ်လိုမိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးလဲ ...” ဟူသည့် သဘော ...၊ မျက်မှောင်ကုတ်ကြီးနှင့် ဖြစ်လေသည်။

ထိုအခိုက်မှာပင် ... တယောက ရုတ်တရက် လှန် ခနဲဆိုသလို ... လှေကားထစ်များမှ တဒုံးဒုံးနင်းကာ အောက်သို့ ပြေးဆင်းသွားလေသည်။ “ဘာဖြစ်ပြန်ပါလိမ့် ...”ဟု ထင်လိုက်ဆဲ ... လိုက်ကြည့်နေမိသည့် မိုးနတ်ပုံရဲ့ မြင်ကွင်းထဲသို့ ဝင်ရောက်လာသူမှာ ... အေးချမ်းပါ ...။ ကျွတ် ... တေ့လွဲကလေး ...

အင်း ... တေ့လွဲကလေးတော့ မဖြစ်နိုင်ဘူး ... တမင် မဆုံအောင် ထွက်ပြေးတာပေါ့ ...။ လာပြီ ... ဆိုတာကို ဘယ်လိုလုပ် သိပါလိမ့် ... အဲဒါကြောင့်ပဲ သင်းက “နင့်ထက် ငါက ပိုသိပါတယ်”လို့ ပိုင်ပိုင်ပြောရဲတာလား ...။ အဟုတ်ပဲ ... မိုးနတ်ပုံဖြင့် မသိလိုက်ပါဘူး ...။ သူသာသိလို့ ဆင်းပြေးတာ ... မိုးနတ်ပုံက ... ရုတ်တရက် ... “အဲဒီမှာ ... အဲဒီမှာ ... ကြည့်လိုက် ... ကြည့်လိုက် ... အကျီခရမ်းရောင်နဲ့ ...”ဟု အော်ဟစ်လိုက်သည်။

“ဟ ... ဘာလဲ ဘာဖြစ်တာလဲ ...”

“လှည့် ... လှည့် ... သြော် ... ပြန်ဆင်းပါဆို ... လှေကားကပြန်ဆင်း ... ပလက်ဖောင်းပေါ်ရောက်ရင် ဘယ်ညာကြည့် ... အကျီခရမ်းရောင် ...”

မိုးနတ်ပုံလည်းပဲ လှေကားထစ်တွေကို “တဒိုင်းဒိုင်း” ပြေးဆင်းလာခဲ့၏။ ကိုယ်အောက်ရောက်သည်အထိ ကြောင်နေဆဲ





ခင်အေးချမ်းကိုလည်း ကျောကုန်းကနေ တွန်း,တွန်းထုတ်ရသေးသည်။ သို့သော် ... မိုးနတ်ပုံတို့ နှစ်ယောက် ပလက်ဖောင်းပေါ် ရောက်ကြလို့ အားဘိဝဲယာသို့ ဝဲရှာတော့ ... အကျီခရမ်းရောင်နဲ့ ထိုမိန်းမကို တွေ့ဖို့ဝေးလို့ ... အရောင်ဆင်တဲ့ တစ်ယောက် ကလေးလောက်ကိုမှ မတွေ့ရတော့ချေ ...။

“ဘာဖြစ်တာလဲ ... အလန့်တကြား ...”

“ဟိုမိန်းမလေး ... ဟိုမိန်းမ ... ခု အေးချမ်းရောက်လာမှ ထွက်ပြေးသွားတာ ...”

“ဘာလာလုပ်တာလဲ ... ဟင် ... နတ်ပုံကလည်း မားကြီးနဲ့ ... တိုက်ခိုက်ကြသလား ... ဟုတ်လား ... တောက် ... ဘယ်လိုဖြစ်တာလဲ ...”

မိုးနတ်ပုံမှာ အေးချမ်းကို မျက်စောင်းခပ်ကြီးကြီး တစ်ခုနှင့်ရွယ်ရင်း ခုထက်ထိ ယောင်ယမ်းပြီး ထောင်ကိုင်လာမိသည့်ဖြစ်သော မားကို လက်အောက် မြန်မြန်ချပြီး ကျောနောက်ဘက် ဖွင်းဝှက်လိုက်သည်။

“သူပြောမှ ပိုဆိုးနေတယ် ... ဘယ်ကမားကြီးရမှာလဲ ... အိမ်က ကြက်သွန်တွေ ဘာတွေလှီးတဲ့ မားဦးချွန်လေးပါ ...”

“မားကတော့ မားပဲလေ ... တကယ်ပဲ တိုက်ခိုက်လာပြီလား”

“ဟင့်အင်း ... ဆွမ်းကျွေးလာဖိတ်တာတဲ့ ...”

အေးချမ်းပင် ခပ်ကြောင်ကြောင် ဖြစ်သွားရပါသည်။

...မှ ...



www.burmeseclassic.com

www.burmeseclassic.com



"ပြေလည်ငြိမ်းချမ်းပြီး ရိုးရိုးသားသား ခင်မင်ချင်တဲ့သဘော နဲ့ တူပါရဲ့ ... ငါ့မိန်းမကတော့ကွာ စံပါပဲ ... ဆွမ်းတွေ လာဖိတ်တဲ့လူကို ဓားနဲ့လိုက်ရတယ်လို့ ... လူမြင်မကောင်း သူမြင်မကောင်း နတ်ပုံရယ် ... သူ့ဘက်ကနေ ပြေလည် ချင်ပါပြီဆိုလည်း ... ကိုယ့်ဘက်ကပါ သည်းခံခွင့်လွှတ် ပေးလိုက်ရုံပေါ့ ... ရန်မီးတစ်မီးငြိမ်းလည်း နည်းလား နတော့ ဓားနဲ့လိုက်,လိုက်တယ် ဆိုတော့ ... ဘယ်မှာလဲ ငြိမ်းချမ်းရေး ..."

"အေးချမ်း"

မိုးနတ်ပုံက ခပ်ဆတ်ဆတ် အော်ခေါ်ပစ်လိုက်သည် ရောက်ကတည်းက ထင်ရာတွေပဲ တရစပ် လျှောက်ပြောနေတယ် သူ့ရှေ့ကဖြတ်ပြီး ပြေးဆင်းသွားတဲ့ ခရမ်းရောင်ကို ချက်ချ လိုက်ကြည့်မါဆိုတော့ ကြောင်ငေနဲ့ ...။ ဘယ်လိုလူမှန်းကို ပါဘူး ...။

"ဘာပဲဖြစ်ဖြစ် ... အဲဒီမိန်းမက အေးချမ်းနဲ့ လုံးဝမျက် ချင်းမဆိုင်ရဲတာတော့ သေချာနေပြီ ... အဲဒါဘာကြောင့်လဲ တစ်ချက်ပဲ ရှိတယ် ... အေးချမ်းနဲ့ သိနေ၊ ခင်နေလို့ မျက်နှာချင်းဆိုင် တွေ့လိုက်ကြရပြီး ... နတ်ပုံကို လို နှောင့်ယှက်နေတယ်ဆိုတဲ့သူဟာ သူပါလားလို့ ... အေးချ သိသွားမှာကို စိုးနေတာ ဆိုကတည်းက ... အေးချမ်း သူဟာ သူစိမ်းကြီးတွေ မဟုတ်ဘူး ... အရင်းအချာကြီး





မဟုတ်ကြရင်တောင် ... ခုထက်ထိ မေးထူးခေါ်ပြောရှိနေတဲ့ လူသိတွေထဲကမို့လို့ ..."

မိုးနတ်ပုံတို့နှစ်ယောက် တိုက်ခန်းထဲ ပြန်ရောက်လာလျှင် ကျန်ရစ်သော ပန်းရောင်ကတ်ပြားလေးကို မိုးနတ်ပုံက က်သွက်လက်လက် ကောက်ယူဖွင့်ဖတ်လိုက်ပါသည်။

"(---)အိမ်ရာ ... ဟင် ... ဒီလမ်းထဲက လိပ်စာပဲ ... တိုက်နံပါတ်(၈) လေးထပ်၊ လက်ဝဲဘက်၊ အခန်း(B)ဆိုတော့ ... အင်း ... တိုက်နံပါတ်(၈) ... ဟိုမျက်နှာချင်းဆိုင် တိုက်တန်းအသစ်တွေဘက်ကပဲ ..."

မိုးနတ်ပုံက ထွက်မရပ်တာ ကြာပြီဖြစ်သော ဝရန်တာ ခါးကို သွားဖွင့်လိုက်ကာ ... အပြင်ဘက်ထွက်ရပ်ရင်း ... တိုက် စ်တွေဘက် မျှော်ကြည့်လိုက်သည်။

"တိုက်(၈) ... အဲဟို ... အပြာနုရောင်လေးပဲဖြစ်မယ် ... လေးထပ် ... လှေကားက တက်လာရင် ဘယ်ဘက်ဆိုတော့ ... ခုမြင်နေရတာနဲ့ဆို ညာဘက် ... ဟိုမှာ ... ပြတင်းပေါက်ဖွင့်ထားပြီး ခန်းဆီးအပြာပွင့်ကလေး လွင့်နေတဲ့ အခန်းပဲ ဖြစ်မယ် ... တွေ့လား ..."

"ဟုတ်ပါပြီ ... အဲဒီတော့ ဘာဖြစ်လဲ ..."

"သူက အဲဒီမှာပဲ နေတာလား မသိဘူး ... သူနေတဲ့နေရာကို အတိအလင်း ဖော်ပြရဲလာပြီဆိုတော့ ... သူ့ရဲ့တိုက်စစ်နည်းအသစ်က ဘာသဘောပါလိမ့် ..."



www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းက မေးကိုသာ အသာဆတ်ရင်း ..."သွားမှ
မို့လို့လား"... တဲ့။

"အင်း ... ကြည့်စမ်း ... ကြည့်စမ်း ... စာအိတ်မှာရေးထာ
တဲ့ နာမည်ကိုလည်းကြည့်ဦး အေးချမ်းရဲ့ ... ဘယ်မှာလဲ
မိုးနတ်ပုံ ဆိုတာ ... တစ်လုံးမှကို မပါဘူး ... ဇနီးဆိုတာ
လောက် ထည့်ရင်တောင် တော်ပါသေးတယ် ... ခုတော့
ကြည့်စမ်း ... ကိုအေးချမ်းတဲ့ ... တစ်လုံးတည်း ... ငုံးငေ
စင်း ... ဒါဘာသဘောလဲ ... ဟင်း ... တောက် ..."

"မလာစေချင်တဲ့ သဘောပေါ့ ... မေ့ထားလိုက်ပါကွာ ...
ဘာဖြစ်လဲ"

တောက် ...။ မေ့လို့ရမလား ...။ ဒီညလည်း အိပ်
ပျော်နိုင်မှာကို မဟုတ်တော့ပါဘူး ...။ တနုံ့နုံ့နဲ့ စဉ်းစားရင်း ...
ဒေါသတွေရော၊ မောဟတွေရော ရှိရှိသမျှ မကောင်းတာတွေ
အကုန်လျှောက်ပွားရင်း ... သင်းမျက်နှာကြီးပဲ တမြင်မြင်နဲ့ ရှိနေ
ရတော့မှာပါ ...။

လုပ်သွားပုံတွေက ကြည့်လေ။ တိုက်ခန်းရှေ့မှာ
အကြာကြီး ရပ်နေတယ် ...၊ ရီတယ် ...၊ သူများယောက်ျားအကြောင်
သူပဲ အသိဆုံးလိုလို ပြောတယ် ... (တကယ်လည်း သိလည်းသိနေ
တယ်)၊ အိမ်ခန်းထဲ ချောင်းကြည့်လိုကြည့် ... လျှောက်ကိုင်လို
ကိုင် ... သူနဲ့ပတ်သက်နေနိုင်သော လိပ်စာတစ်ခုကိုလည်း ချလင်း
လုပ်သည့်သဘောနှင့် ရဲရဲတင်းတင်းပင် အသိပေးလိုက်သေး ...





ပြီးကျတော့မှ ... ဖိတ်စာမှာ "ကိုအေးချမ်း"တဲ့ ...။ (အိမ်ထောင်သည်
ယောက်ျားတစ်ယောက်ကိုများ လုပ်ပုံ ... လုပ်ပုံ ...)တစ်ညနေ
တည်းနဲ့ကို ခြောက်မျိုး၊ ခုနစ်မျိုးလောက် နှောက်ချသွားတာ ...။

"နောင်ကျရင်တော့ ... မားကြီးတွေ ဘာကြီးတွေနဲ့ မလုပ်
ပါနဲ့ကွာ ... တကယ်ထိုးမိသွားရင် ဘယ်ကောင်းပါ့မလဲ ...
သူ့ထိလည်း မကောင်း ... ကိုယ့်ထိလည်း မကောင်း
နဲ့ ..."

"သူ့ထိရင် ဘာလို့မကောင်းရမှာလဲ ... ဘာတွေစိတ်ပူနေ
တာလဲ ..."

"ဩော် ... ဒီမိန်းမဟာလေ ပြောရကျပ်လိုက်တာ ... သူ
သေတာက အရေးမကြီးဘူး ... မင်း ထောင်ကျမှာကို ပူ
တာကွ ..."

ဒီလိုဆိုတော့လည်း မိုးနတ်ပုံမှာ "ပွန်း"ခနဲ သဘော
ကျရကာ ...

"ပြောစမ်းပါဦး ... မျက်လုံးပြူးပြူး ... ဆံပင်ကဖြောင့်
ဖြောင့်ရှည်ရှည် ပခုံးလောက် ... လူကတော့ ပိန်ငေါငေါ
နဲ့ ... အသားကလည်း ဖြူဖပ်ဖြူရော်ပါ ... အဲဒီလိုမိန်းမ
မျိုး အသိထဲမှာ ရှိသလား ..."

မိုးနတ်ပုံက ... ပြီးကျမှ ... နောက်ဆက်တွဲအနေ
နှင့် ... ခပ်မြန်မြန် ခပ်တိုးတိုး ... အရေးကတော့ တယ်မကြီးလှ
ဟန်နှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ရုပ်ကတော့ ... အင်း ... ခပ်ချောချောထဲကပဲလို့ ပြောလို့လည်း ရပါတယ် ..."

အေးချမ်းက တစ်ဖက်သို့ လှည့်ကာ ကျိတ်ပြုံးလိုက်သည်။

"ကိုယ်က မချောရင် မပေါင်းဘူးဆိုတော့ ... ကိုယ့်ပတ်ဝန်းကျင်မှာ ရှိသမျှကတော့ အချောချည်းပါပဲ ... ဘယ်တစ်ယောက်ဖြစ်မလဲ မမှန်းတတ်ဘူး"

"သေလိုက် ..."

ဒါပေမဲ့ ဒီပုံအတိုင်းသာဆို တကယ်သေနိုင်သည့်သူက အေးချမ်းမဟုတ် ... မိုးနတ်ပုံသာ ဖြစ်နေသည်။





## အခန်း(၃)

အေးချမ်းက "မသွားနဲ့ ... မသွားပါနဲ့ ... ဘာလုပ်မှာလဲ ... မသွားဘဲနေလိုက်လည်း ရတာပဲ"ဟု တတွင်တွင်ဖျောင်းဖျနေချိန်မှာ ... နှင်းစပယ်ကတော့ ... "ဘာလို့မသွားဘဲနေရမှာလဲ ... သူကတောင် မျက်နှာပြောင်ရဲသေးတာ ... ကိုယ်ကမသွားဘဲ ရှောင်နေလိုက်ရင် ... ကိုယ် အောက်တာပေါ့"တဲ့ ...။

"သွားကိုသွားမှ ဖြစ်မယ် ... အေးချမ်း မလိုက်ရင်နေလေ ... လိုက်ဖို့လည်း မလိုပါဘူး ... မိုးနတ်ပုံနဲ့ တို့ပဲ အဖော်လိုက်ပေးလိုက်မယ် ... တို့နှစ်ယောက် သွားလိုက်ကြတာပေါ့ ..."

"စပယ်ရာ ... အဆင်းဘီးတပ် ... နင်က ဘာတွေ ငါ့မိန်းမကို လာမြှောက်ပေးနေရပြန်တာလဲ ... ဒီကိစ္စက နင့်ပါ, ပါလာရင်တော့ ပြီးကိုမပြီးတော့ပါဘူး ... နင်ကမှ



www.burmeseclassic.com

www.burmeseclassic.com



နတ်ပုံက ...မသိလိုက် မသိဘာသာ ရှောင်နေလိုက်ဖို့ယက် ရန်ကို ရန်ချင်း ပြန်တုံ့နှင်းမှုဆိုတဲ့ စိတ်မျိုး ရှိနေရတဲ့ အထဲ ..."

"အို ... နတ်ပုံက ရန်မလိုတတ်ပါဘူးနော် ..."

"ရှောင်,ရှောင်ဆိုတိုင်း ဘယ်လောက် နေနိုင်မှာလဲ အေးချမ်းရဲ့ ... နင့်ဟာက ဘယ်လောက်အထိကော ရှောင်နေရဦးမှာလဲ ... နင်မခံရတိုင်း ..."

မိုးနတ်ပုံနှင့် နှင်းစပယ်တို့ သံပြိုင်ပင် ထွက်လာကြပါသည်။

"ပြီးကျရင် ... နင်က နင့်အိမ် နင်ပြန်မှာ ... နင်ဆွဲပေးခဲ့တဲ့ ကိစ္စတစ်ခုကို ဒီရပ်ကွက်ထဲမှာပဲ ငုတ်တုတ်ကြီးဆက်ခံနေရမှာက ငါ့မိန်းမပဲ ဖြစ်မနေဘူးလား ..."

"ဟဲ့ ... ဒီလောက် ရန်ရှာချင်နေတဲ့ မိန်းမက ခပ်ဝေးဝေးက မဟုတ်ဘဲ ... ကိုယ့်အိမ်နဲ့ မျက်စောင်းထိုးတိုက်က ဖြစ်နေကတည်းက ... ငါပါပါ ... မပါပါ နင့်မိန်းမဟာ ... ဒီပုံတိုင်းဆို ငုတ်တုတ်ကို ခံနေရတော့မှာ ... ပြေးတွေ့ပြီး ရှင်းပစ်လိုက်မှ ကိစ္စကပြတ်မှာ ..."

"ကျွတ် ... နတ်ပုံတို့များကွာ ... ကိုယ့်ကိစ္စ ကိုယ်နဲ့တင် မပြီးဘူး ... ခေါမည့်ခေါ်ထည့်တော့လည်း နှင်းစပယ်ကိုမှတဲ့ ... ဟား ..."





"အဲဒီတော့ နင်က ဘာလုပ်ချင်သေးလဲ"

ကိုယ့်ဘက်က ဘယ်လောက်ကြီးပဲ ဝင်နာကာ စွမ်းစွမ်းတမံတွေ ဖြစ်နေပါစေ ... စကားပြောရင် လက်ပါလွှန်းလှသည့် နှင်းစပယ်ကိုကြည့်နေရတာ မိုးနတ်ပုံ အဖို့ ... သက်ပြင်းတွေလည်း များလှပါပြီ။ တစ်ဖတ်ဖတ်နဲ့ ရိုက်နေတတ်တဲ့အပြင် ... ပခုံးနဲ့ပါ တိုက်ပစ်လိုက်သေးတဲ့ ဟန်တွေက ... ကိုယ့်ဗိုက်ထဲကို လက်သည်းတိုက်တဲ့ Nail File (တံစဉ်း)လေးနှင့် လာတိုက်နေသကဲ့သို့ ရှိလှသည်။

အားကိုးရတာနဲ့ အသည်းယားရတာက ပြန်မျှနေသလို ရှိနေတော့ မခက်ဘူးလား ...။

"နင့်ဘယ်သူက ဖိတ်လို့လဲ ... နတ်ပုံကိုတောင် ဖိတ်တာမှမဟုတ်တာ ... မမြင်ဘူးလား ... ကိုအေးချမ်းတဲ့ ... တစ်လုံးတည်း ..."

"အဲဒါနဲ့ပဲ နင်က နင့်တစ်ယောက်တည်းပဲ ကျိတ်သွားလိုက်ချင်တာလား ..."

"တော်ပြီကွာ ... ပြေရာပြေကြောင်းလေး ဝင်ပြောနေလည်း ... ပိုဆိုးဖို့ချည်းပဲ ..."

"အဲဒီလို အမြင်မှန်ကို စောစောစီးစီးတည်းက ရသင့်တာ၊ ဒါမြန်မာပြည်ဟဲ့နော် ... အလှူမင်္ဂလာဆောင်တစ်ခုကို... ခုလို ... သေချာကြီး တမင်ကြွရောက်လာတာမျိုး မပြော



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ... အလှူချင်းပွဲချင်းမှားပြီး ဝင်လာရင်တောင် ဘယ်သူမှ ရိုက်မထုတ်ဘူး ... အတင်းလက်ဆွဲထားပြီး မှားလည်း ဝင်တော့စားသွားပါဦး ... ဆိုတာမျိုးချည်းပဲ ..."

"လုပ်ချင်တာလုပ် ... နတ်ပုံကိုတော့ မထိခိုက်စေနဲ့ ... ဒါပဲ ..."

နှင်းစပယ်က မျက်နှာကလေးကို မဲ့ရွဲ့ပစ်လိုက်ကာ ...

"သူ့မိန်းမကို ငါ့ကပဲ အန္တရာယ်တွင်းထဲ မျှားခေါ်ပြီး တွန်းချထားပစ်ခဲ့မဲ့ပုံ ..."

အေးချမ်း ထထွက်သွားတော့မှပင် ... မိုးနတ်ပုံမှာ ... လက်သည်းတိုက်တစ်ဦးနှင့် အတိုက်ခံနေရသလို ခံစားချက်မျိုးမှ ကင်းလွတ်ရပါတော့သည်။ "သွားကိုသွားမည်"ဟု ဆုံးဖြတ်ချက်ကျတော့ မိုးနတ်ပုံက အဝတ်အစား အမြန်ဝင်လဲပြီး သပ်သပ်ရပ်ရပ်လေးဖြစ်အောင် လုပ်လိုက်သည်။ တယောဆိုတဲ့ မိန်းမနဲ့ဆုံဖြစ်ကြပြီဆိုရင် ... အလုပ်ကအပြန်တို့၊ ဈေးအသွားတို့၊ လမ်းထဲခဏတဖြုတ် အဆင်းတို့၊ အိမ်နေရင်းတို့ချည်း ဖြစ်နေတတ်ပေရာ ... ကြည့်လိုက်တိုင်းမှာ သူ့ဘက်ကချည်း ကြော့ရှင်းနေသလိုဖြစ်နေရပြီး ... ကိုယ့်မှာတော့ဖြင့် စုတ်ပြတ်တယ် မဟုတ်တောင် ... ပြီးကပျစ်လိုလိုနှင့်ချည်း ဖြစ်နေပေရာ ... ဒီတစ်ခါမှာတော့ မိုးနတ်ပုံက နည်းနည်းလေး အချိန်ယူပြီး သ,လိုက်မိသည်။





နို့မို့ဆို ... ကိုယ့်မှာတော့ သင်းကို "ခပ်ချောချောထဲကပဲ"ဟု အသိအမှတ် ပြုနေရစဉ်မှာ ... သင်းဘက်ကတော့ ... "ငါ့အေးချမ်းကို ဒီလို ရုပ်စုပ်စုပ်နဲ့မျှား အရလုနိုင်ရသလား"လို့ ယူဆထားသည်ဆိုရင် ... ပြီးပါလေရော ...။

အပြင်ပြန်ထွက်လာခဲ့သောအခါမှာတော့ ... ကိုယ်တော်တော်ကလေး ပြုပြင်လာမိတာကို ... နှင်းစပယ်ရော ... အေးချမ်းပါ ကျိတ်ပြုံးကလေးတွေနဲ့ ရိပ်မိနေကြပုံရတော့လည်း ... လူက မခံချင်ပြန်ပေ ...။

မိုးနတ်ပုံနှင့် နှင်းစပယ်တို့ တိုက်(၈)ရဲ့ခြေရင်းပလက်ဖောင်းသို့ အရောက်မှာတော့ ... တိုက်အောက်မှာ ကားတွေပြည့်ပြီး ... စည်ကားနေတာမို့ ... ဆွမ်းကျွေးပွဲ တကယ်ရှိနေတယ်ဆိုတာကတော့ သေချာသလောက်ပင်။

"ဆွမ်းကျွေးကတော့ တကယ်ရှိတဲ့ပုံပါ ..."

"ဟို ... ဟို ... ပြဿနာတော့ မရှိလောက်ပါဘူးနော် ..."

"ဩော် ... ဒီလောက်ထိ ရောက်လာပြီးမှ တွန့်နေရသလား မိုးနတ်ပုံရဲ့ ... တခြားပရိသတ်တွေလည်း အများကြီးရှိနေမဲ့ပွဲပဲ ... ရတ်ရတ်သဲသဲကြီးတော့ သူလည်း အဲဖြစ်ခံမှာမဟုတ်ပါဘူး ... ဟိုမှာလည်း တွေ့လား ... ပြန်လှည့်ကြည့်လိုက် ... မင်းရဲ့အဲချစ်တုံးကြီးက သူ့အသည်းကလေး တစ်ခုခုဖြစ်မှာစိုးလို့ ထင်တယ် ... ဝရန်တာထွက်ရပ်ပြီး ကြည့်နေပါတယ်ရှင် ... ဘာမှပူစရာမရှိဘူး ... လာ ... လာ ..."



www.burmeseclassic.com

www.burmeseclassic.com



"မစပယ်လည်း ... တစ်ခုခုဆိုရင် ... စိတ်လျှော့နော်..."

"ဟား ဟား ... နတ်ပုံက ဟိုမိန်းမကို ကြောက်တာထက် ... တို့ကို ပြန်ပူနေတာကိုး ... ရယ်ရတယ်ဟယ် ... ကဲပါ ... လာပါ ..."

မိုးနတ်ပုံရဲ့ လှုပ်ရှားလုပ်ကိုင်နေမှု မှန်သမျှကို တစ်နေရာရာကနေ မပြတ်စောင့်ကြည့်နေဟန်တူတဲ့ မိန်းမဟာ ... ဒီတိုက်ခန်းထဲကနေပဲ အစစအရာရာကို လှမ်းမြင်နေနိုင်သလား ...။ ဒါကိုတော့ အသိချင်ဆုံးပင် ...။ အဲဒီအခန်းထဲ ရောက်ရပြီးရင်တော့ ... ဝရန်တာဘက်ကို ... ဘာလိုလိုနဲ့ ထွက်ကြည့်ဖြစ်အောင် ကြည့်လိုက်ဦးမည်ဟု မိုးနတ်ပုံက တေးထားသည်။ အိမ်ချင်းက နည်းနည်းတော့ လှမ်းတာပဲ ...။ အစစအရာရာ ... လမ်းထဲဆင်းလာတာ ဘာညာကအစ မြင်လိုလျှင် ... မှန်ပြောင်းတစ်လက်ကိုပဲဖြစ်ဖြစ်တော့ သုံးရလောက်မည်ဟု ထင်သည်။

မိုးနတ်ပုံတို့နှစ်ယောက် ... တိုက်တစ်ခုရဲ့ လှေကားထစ်ကျဉ်းဖြောင့်ဖြောင့်တွေကနေ တက်လာကြပြီး ... အလျှုပွဲရှိရာ လေးထပ်သို့ပင် မရောက်လိုက်ရပါ ...။ မြေညီထပ်ကနေ ... ပထမထပ်သို့ တစ်ထပ်လောက်တက်လိုက်ပြီးတာနဲ့ ... ကိုယ့်ရှေ့မှာ ... ဘယ်ကမှန်းမသိ ဘွားခနဲ ပေါ်လာတဲ့ တယောက ရောက်ရှိနေခဲ့ပြီ ...။

"ဘာလာလုပ်တာလဲ ..."





တယောက ခပ်ကျဉ်းကျဉ်းသာဖြစ်သော လှေကားရဲ့ နံရံနှစ်ဖက်ကို လက်နှင့်တစ်ဖက်တစ်ချက်ထောက်ကာ ... ပိတ်ကာရပ်ထားလိုက်ရင်း ...

"နှင့်ကို ဘယ်သူက ဖိတ်လို့လာတာလဲ ... ငါဖိတ်တာက အေးချမ်းပဲ ..."

မိုးနတ်ပုံရဲ့ မျက်နှာမှာ နီရဲရဲပင် ဖြစ်သွားရကာ ... "ဘာပြန်ပြောလိုက်ရမလဲ" အပြင်းအထန် စဉ်းစားနေဆဲ ... "ဒါ ... တယောပဲ ဖြစ်ရမယ်"ဟု ရိပ်မိနိုင်သွားသော နှင်းစပယ်က ဝင်ကာ ...

"ဒါ အေးချမ်းရဲ့မိန်းမပဲ ... အိမ်တစ်အိမ်ကို ပွဲဖိတ်ရင် ယောကျ်ားမအားရင် သူ့မိန်းမ ...၊ မိန်းမ မအားရင် သူ့ယောကျ်ား ... ကြုံသလို ကြွရောက်ကြရတာ ... ဒါထုံးစံပဲလေ ..."

"မလိုချင်ဘူး ... ပြန် ... အရှက်မရှိတွေတော် ... မဖိတ်ဘဲ လာရဲရတယ်လို့ ..."

နှင်းစပယ်တော့မသိ ...။ မိုးနတ်ပုံတော့ ... အရိုက်ခံလိုက်ရသလိုကို နာကျင်ရှက်ရွံ့သွားသည်။ နဂိုကတည်းကပင် နှုတ်သီးကောင်းလှပါး ဖြစ်ဟန်တူသော နှင်းစပယ်ကတော့ ... ဘာယက်ရှင်အစစ် မဟုတ်လို့လားတော့ မသိ ...။ မိုးနတ်ပုံလောက် ခြစ်ပျက်ထိခိုက်သွားဟန် မရှိဘဲ ... ချက်ချင်းပင် ...



www.burmeseclassic.com

www.burmeseclassic.com



"လှမှုရေး နည်းလှချေလား ... ကိုယ့်အလှူလာတဲ့ ဧည့်သည်ကို ဒီလိုပဲ တုံ့ပြန်သလား ... ရိုင်းလိုက်တာ ..."

"နင်ကကော ဘယ်သူလဲ ... သူနဲ့ ကပ်ပါလာတာလား ... ငါ့ကို ရိုင်းလိုက်တာလို့ ပြောရအောင် ... ကိုယ့်လည်းဖိတ် ကိုယ်နဲ့လည်း လုံးလုံးမသိတဲ့ ပွဲတစ်ပွဲက ကျွေးသမျှတွေကို အချောင်ကပ်စားရအောင်ကြံတဲ့ နင့်လုပ်ရပ်ကရော မရိုင်းဘူးလား ... လူလေးကြည့်တော့ သနရုပ်ပနဲ့ ... မထင်ရဘူး ..." ဟွင်း

နှင်းစပယ်လည်း တော်တော် ထွန့်ထွန့်လူးသွားပုံရသည်။ "တော်ပြီ တော်ပြီ ... ဒီလောက် အောက်တန်းကျနေမှတော့ ပြန်ကြရုံပဲရှိတယ် နတ်ပုံ ..."ဟု ပြောလိုက်သံက စူးရှလို့နေလေသည်။ မိုးနတ်ပုံမှာ ဟိုအရင်ခါတွေကလိုပင် အခါလွန်ကာမှ သဘောပေါက်လိုက်ရပြန်ပါပြီ ...။ အေးချမ်းကို နာမည်တစ်ဦးတည်းတပ်ပြီး ဖိတ်ကာမှပင် ... စိတ်လိုက်မာန်ပါနှင့် (အေးချမ်းမပါဘဲ) မိုးနတ်ပုံချည်းသာ မရောက်ရောက်အောင် လာတော့မည်မဟုတ်လား ...။ အဲဒီအခါကျ ... သူ့အကွက်ထဲဝင်ကာ ... ချောက်ချ၊ ပညာပေး၊ အရှက်ခွဲ ... နည်းမျိုးစုံနှင့် အပေါ်စီးအခြေအနေကို သူ့ဘက်က အရယူနိုင်ပေလိမ့်မည် ...။

ခုကျ ... ကြည့်ပါလား ...။ တကယ်ပဲ ပွဲရှိနေဟန်တူသည့် အထပ်ထိသို့ ရောက်အောင်ပင် တက်ခွင့်မရှိ ...။ လမ်းတစ်ဝက်တောင်မှ မရောက် ... လမ်းတစ်စိတ်ကနေ အရှက်တကွဲအကျိုးနည်းနဲ့ လှည့်ပြန်ရမှာလောက် စိတ်ထဲ မခံချိမခံသာဖြစ်ရတာ ရှိနိုင်ဦးမလား ...။

သူ့အပြောအဆိုတွေကို ဒီအတိုင်း ငုံ့ခံနေပြီး နောက်ထပ်ပွဲလာ ဧည့်သည်တစ်ယောက်ယောက် ... အောက်ကနေ တက်လာတဲ့အထိ ...။ ဒါမှမဟုတ် အပေါ်ကတစ်ယောက်ယောက် ပြန်ဆင်းလာတဲ့အထိစောင့်ပြီး ... လေးထပ်ထိ အတင်းလိုက်ကပ်တက်ရင်များ ကောင်းမလားဟု စိတ်လိုက်မာန်ပါ တစ်ချက်တွေးလိုက်မိသေးသည်။ သို့သော် နှင်းစပယ်ကလည်း ကိုယ့်လက်ကိုဆွဲနေပြီ ...။ အပေါ်ထိ အတင်းတက်လို့ရရင်တောင် ... ဒီမိန်းမရဲ့တုံ့ပြန်မှုကလည်း ဘယ့်နှယ်ရှိလို့ ... ဘယ်လောက်ထပ်ဆိုးဝါးဦးမလဲ ... မသိနိုင်တာနှင့်ပဲ ...၊ နောက်ကြောင်းပဲ ပြန်လှည့်လိုက်ကာ ...

"အား ..."

ရင်ထဲမှာ လှပ်ခနဲ တစ်ချက်ဖြစ်သွားသည်။ ခေါင်းထဲမှာ မိုက်ခနဲတစ်ချက် ဖြစ်သွားသည်။ လူကတော့ ဖောက်ထိုးကြီး ထိုးကျလိုက်သလိုကို ဖြစ်သွားကာ ... နှင်းစပယ်၏ စူးစူးရှရှ အော်သံတစ်ချက်ကိုပါ ကြားလိုက်ရလေသည်။

ခဏတဖြုတ်ကလေး ... ဘာမှမသိတော့သလိုလို ... သတိပဲ လစ်သလိုလို ဖြစ်သွားပြီးလျှင် ... မိုးနတ်ပုံ ပြန်သိလာတော့ ... လမ်းမ ပလက်ဖောင်းပေါ် ရောက်နေသည့် ကိုယ်တို







www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ယောက်က ခပ်ကြမ်းကြမ်း ဆွဲပွေ့လိုက်သလို ခံစား
လိုက်ရလေသည်။

"အား ... နာတယ် ... နာတယ် ... ဖြည်းဖြည်း ..."

"နတ်ပုံ ... နတ်ပုံ ... နတ်ပုံ ... ဘာဖြစ်သွားသလဲ ... သတိရသလား ... ဘယ်နေရာထိသွားသေးသလဲ ... ဘာ ဖြစ်သွားတာလဲ ..."

ကိုယ့်ကို ဆွဲပွေ့လိုက်သူမှာ အေးချမ်းဖြစ်ကြောင်း သိရလျှင် မိုးနတ်ပုံက အားကိုးရကာ ရှိုက်ကြီးတငင်ပဲ ငိုချလိုက် လေသည်။

"ဟာ ... နတ်ပုံရာ ... ကျွတ် ... ဟင်း ..."

"မိန်းမ ... မိန်းမ ... ဟိုမိန်းမ ... အဲဒီမိန်းမတစ်ယောက် ပေါ့ ... တွန်းချလိုက်တာလား ... ခြေထိုးခံလိုက်တာလား မသိဘူး ... သူလုပ်တာ ... သူပဲ ..."

နှင်းစပယ်ရဲ့ အသံစူးစူးကလေးက တရစပ် ထွက် ပေါ်လာလျှင် ... ချက်ချင်းပင် ပြုံအုံလာကြသော လူအုပ်တို့က သူ ညွှန်ပြရာ ... လှေကားအပေါ်ဆီ ဝိုင်းမော့ကြည့်ကုန်ကြလေ သည်။ ထိုစဉ်မှာပဲ ... အပေါ်ထပ်တွေမှ လှေကားအတိုင်း လူတွေ တစ်အုပ်ကြီးပဲ ဆင်းချလာကြသည်။ တချို့ရဲ့ ဝတ်စားထားပုံ အရ ... ပွဲလာပရိသတ် ... သို့မဟုတ် ... အိမ်ရှင် ...။ ပွဲနှင့်ပတ် သက်နေသူတွေမှန်း သိသာလေသည်။





"အဲဒီ... အဲဒီပွဲကပေါ့ ... အခုအိမ်တက်လုပ်နေတဲ့ အိမ်ရှင် ... သူပဲ တွန်းချလိုက်တာ ..."

"ဟယ် ... ဘယ်လိုလဲ ..."

"ဟာ ... မဖြစ်နိုင်တာ ..."

"နေ ... နေပါဦး ... ဘာလို့ အဲဒီလို ပြောရတာလဲ ... ညီမတို့က ဘယ်သူတွေလဲ ..."

အမျိုးသမီး ခပ်ကြီးကြီး တစ်ယောက်ရဲ့ အမေးကို နှင်းစပယ်က ... "ကျွန်မတို့က ဒီအိမ်ကဖိတ်လို့ ... သူတို့ရဲ့အိမ် တက်ကို လာတာလေ ... ရောက်လည်းရောက်ရော ... ဆီးကြို ခြင်းပြီး ... တစ်ခါတည်း ဒီလိုဖြစ်အောင် လုပ်လိုက်တာပဲ ..."ဟု ပြောလိုက်၏။ သူ့ရင်ခွင်ထဲမှာ မိုးနတ်ပုံကို ပွေ့ထားဆဲဖြစ်သည့် အေးချမ်းကလည်း ... ဒီတစ်ခါမှာတော့ မေးကြောကြီးတွေတင်း ... ချက်နှာတွေပါ နီရဲနေကာ ...

"ဟုတ်တယ် ... သူပြောတဲ့အတိုင်းပဲ ... ကျွန်တော်တို့က ဟောဟိုတိုက်ကပါ ... သူတို့နှစ်ယောက် အိမ်တက်ပွဲသွား ကြတာကို ... ဝရန်တာကနေ ထွက်ရပ်ကြည့်နေမိလို့သာ ပေါ့ ... ကံကြီးပေလို့ဗျာ ..."

"ခဏလေးပါနော် ... ဒီကတွေ ပြောနေကြတာကို အစ်မ လုံးဝ နားမလည်လို့ပါ ... ညီမတို့ ငါ့မောင်တို့ ပြောနေ ကြတာ အစ်မကိုများ ပြောနေတာလား ... အစ်မက အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အိမ်သစ်ရဲ့ အိမ်ရှင်ပါ ... ပြီးခဲ့တဲ့ အပတ်ကမှ ပြောင်းလာ
လို့ ... ဒီနေ့မှ ပွဲလုပ်ဖြစ်တာလေ ... ညီမတို့ ပြောနေကြ
တာတွေကိုတော့ အစ်မ ဘာမှမသိလို့ပါ ..."

"အစ်မကို ပြောတာမဟုတ်ပါဘူး ... ကျွန်မတို့အရွယ်
လောက် တစ်ယောက်လေ ... နာမည်က Violin တဲ့ ..."

"ဟယ် ... မသိပါလားကွယ် ... ဘယ်သူလဲ ..."

"နာမည်အရင်းတော့ ဟုတ်ချင်မှ ဟုတ်လိမ့်မယ် ..."

"ဟင့်အင်း ... ညီမတို့အရွယ် အိမ်သားကို အစ်မ
မိသားစုထဲမှာ မရှိတာ ... ဒီမှာလေ ... အစ်မယောက်ျား
ရယ် ... သမီးရယ် ... သားရယ် ... သမီးကတော့ ဆယ်
တန်းပဲ ရှိသေးတယ် ... ဒါပေမဲ့ သူလည်း မိုးလင်းတည်
က ခုထိ အောက်ထပ်ကို တစ်ခါမှကို ဆင်းမသွားသေးပါ
ဘူး ... ပွဲကိစ္စနဲ့ အလုပ်ရှုပ်နေတာဆိုတော့လေ ..."

မျက်လုံးပြူးတွေနှင့် ဝိုင်းအုံကြည့်နေကြသူတွေကို
ကြည့်ကာ မိုးနတ်ပုံက လူးလဲပြီး ထရပ်လိုက်ပါသည်။ ခြေတွေ
လက်တွေကို လျှောက်ခါ၊ ဆတ်ကြည့်ပြီး ခေါင်းချိုး ဇက်ချိုး
လုပ်ကြည့်လိုက်တော့ ... နည်းနည်းပါးပါး နာကျင်ပြီး ... ပွန်းပဲ့
သော နေရာလေးတစ်ချို့မှာ သွေးစို့နေတာကလွဲလို့ ... ကြီးကြီး
မားမား ထူးထူးခြားခြားတော့ ဘာမှဖြစ်မသွားချေ ...။ "ရလား"
ဟု မေးသည့် အေးချမ်းကို ခေါင်းပဲ ညိတ်ပြလိုက်သည်။





နှင်းစပယ် ခများလည်း လှေကားပေါ်ရော ... လူအုပ်
ကြားရော ... ဟိုကြည့် ဒီကြည့်နှင့် လျှောက်ရှာနေကာ ... ဖြစ်နိုင်
ချင်တော့ ... လေးထပ်ထိ ပြေးတက်လိုက်ပြီး အလှူရှင်အိမ်ဆို
တာထဲ ဝင်မွှေရှာပစ်လိုက်ချင်သေးသည့် ပုံပင် ...။ မိုးနတ်ပုံက
တော့ ထားပါတော့ ... သူကတော့ ... ချော်လဲကျသွားသည့် သူ
လည်း မဟုတ်ပါဘဲနှင့် ... လိမ့်ကျသွားသည် မိုးနတ်ပုံ နောက်သို့
ပြေးဆင်းလိုက်ပါသွားမိတာနှင့်ပင် ... ကိုယ့်မြင်ကွင်းထဲက တရားခံ
ကို လုံးလုံးကြီး မြေလျှိုးလိုက်သလို ပျောက်ကွယ်သွားတာကို
နာခံရခက်နေပုံရသည်။

"ခြေထိုးလိုက်တာလား ... တွန်းချလိုက်တာလား"

နောက်ဆုံးတော့ မကျေမနပ်နှင့် မိုးနတ်ပုံကိုသာ
မေးခွန်းတွေ တရစပ် လာထုတ်နေလေသည်။

"မသိဘူး စပယ် ... သူနဲ့ ကိုယ့်အသား တစ်နေရာရာနဲ့
ထိလိုက်သလား မထိလိုက်ဘူးလားဆိုတာ သေချာမသိလိုက်
ဘူး ..."

"ဪ ... ဒီလိုလည်း ဖြစ်နိုင်တယ်လေ ... ကိုယ့်ဘာသာ
ခြေချော်ပြီး လဲကျသွားတာလည်း ဖြစ်နိုင်တာပဲ ... ဟုတ်
တယ်မှတ်လား ... လှေကားကလည်း အသစ်ကြီးဖြစ်နေတာ
ရယ် ... ဧည့်သည်တွေလည်း အဆင်းအတက် များထားတယ်
ဆိုတော့ ... သတို့ ချွတို့ ... ရှိနေနိုင်တယ် ..."



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှင်ဆိုသော ယောကျ်ားကြီးက အမှုပတ်နေမှာ ဒ်ီးပုံနှင့် ... အပိတ်စကားကို ဝင်ပြောသည်။

"ဒါဆိုရင် ... အဲဒီမိန်းမကရော ရှင် ... ပြဿနာတွေဖြစ် လိုက်ကြပြီးမှ ရုတ်တရက် ဖျတ်ခနဲ ပျောက်သွားရတာက ဘာသဘောလဲ ... ဒါ ရိုးသားတယ်လို့ ပြောနိုင်ပါ့မလား ... ကျွန်မသူငယ်ချင်းဘာသာ ခြေချော်ကျတာဆိုရင် ... သူက ဘာလို့ပျောက်နေရမှာလဲ ... ကဲ ..."

"ညီမတို့ ပြောနေတဲ့ မိန်းမဆိုတာကို ... အစ်မတို့က မသိကြတာ ... ဒီလိုရှိပါတယ် ညီမတို့ရယ် ... အစ်မတို့က လည်း လူသစ်တွေဆိုတော့ ရပ်ကွက်က လူခံလူဟောင်း တွေနဲ့ ပြေပြေလည်လည်ပဲ ရှိချင်တာပါ ... ညီမတို့ကလည်း အစ်မတို့ပွဲကို လာကြတာဆိုတော့ ... ဘယ်လိုများ ..."

"ဖိတ်လို့လာတာလေ ... ဖိတ်စာဝေလို့ ရောက်လာတာ ..."

"ဟို ... အစ်မတို့ကလည်းလေ ... တစ်ရပ်ကွက်လုံးနဲ့တော့ ခင်ခင်မင်မင် ရင်းနှီးချင်ပါတယ် ... ဒါပေမဲ့လည်း ပွဲလုပ် ဖြစ်တယ်ဆိုတော့ ကိုယ်နိုင်သလောက်လေးပဲပေါ့နော် ... ဒီလမ်းထဲကဆိုရင် ... ရပ်ကွက်လူကြီးတချို့နဲ့ ... ဒီတိုက် ကတော့ ရှိသမျှ အခန်းတိုင်းစေ့ အကုန်ပေါ့နော် ... ဖိတ် ဖြစ်ပါတယ် ... အဲဒါ ... ခုနက ငါ့မောင်လေးပြောတော့ ... ညီမတို့က ဟိုးဘက်က ... လမ်းခြားနေတဲ့တိုက်ကဆိုဟော့ လေ ... ဘယ်လိုများ ..."





မိုးနတ်ပုံက ... ကမူးရှူးထိုးနှင့် ... "ကျွန်မတို့နဲ့ မျက်နှာချင်းဆိုင်က အခန်းကိုလည်း ဖိတ်စာဝေတယ်လေ ..."ဟု ပြောလိုက်ပါသည်။

"ဖိတ်စာ ... အဟင်းဟင်း ... ဟိုလေ ... အစ်မတို့က ဆွေမျိုးတွေရော ... မိတ်ဆွေတွေရော ... တစ်တိုက်တည်း သားချင်းတွေကိုပါ ပါးစပ်ဖိတ်ကလေးပဲ ဖိတ်ဖြစ်လိုက် တယ် ညီမရယ် ... အကျဉ်းရုံးကလေးပဲ ဆိုတော့လည်း လေ ..."

အေးချမ်းက နှင်းစပယ်ကို ... "ဘာမှထပ်မပြောနဲ့ တော့ဟာ ... ရှင်းနေပြီပဲ ..."ဟု ခပ်ကျိတ်ကျိတ် လှမ်းပိတ်လိုက် ပါသည်။ တော်တော်ကြာကျ နှင်းစပယ်က ပေါက်ကရတွေလျှောက် ပြောပြကုန်ရင် ... ဒီလမ်းထဲမှာ ... ဒီမျက်နှာတွေနှင့် ... ဆက်နေ နေဖို့ ခက်ခဲသွားမှာကို စိုးရိမ်ရသည်လေ။ ကိုယ့်အဖြစ်ကလည်း "ဒီလို ... ဒီလိုပါ"ဟု အရင်းအတိုင်း ပြောပြရင်တောင် ... "စုံထောက်ကားတွေ အကြည့်များလို့ ကယောင်ချောက်ချား ဖြစ် ချင်တာများလား"ဟုသာ သတ်မှတ်ခံရချင်စရာ မဟုတ်လား။ သက်သေပြစရာကလည်း ... အများတကာ ရယ်ပွဲဖွဲ့ချင်စရာ ... စာလေးတွေကလွဲရင် ... လူက လက်ဆုပ်လက်ကိုင် မရှိ ..."

"တစ်ယောက်ယောက်ကတော့ လိုက်နှောက်ပြီထင်တယ် ... ညီမတို့အပြင် အဲဒီလိုမသိဘဲနဲ့ ရောက်လာကြသူတွေတော့ မရှိသေးဘူး ညီမရဲ့ ... ဟင်း ဟင်း ..."



www.burmeseclassic.com

www.burmeseclassic.com



မိုးနတ်ပုံ၊ အေးချမ်းနှင့် နှင်းစပယ်တို့ သုံးယောက်လုံး … အရပ်ကိုရော … အဲဒီအိမ်ရှင်တွေကိုပါ … တဟဲဟဲ … တပြုံးပြုံးနှင့်ပဲ နှုတ်ဆက်ကာ … ကိုယ့်တိုက်ရှိရာ ကိုယ်ပြန်လာကြရရှုံ ရှိပါတော့သည်။

"တစ်ပတ် နှစ်ပတ်လောက် အိမ်ပြောင်းနေလိုက်ကြမလား … ကိုယ့်အိမ်ပဲဖြစ်ဖြစ် … နှတ်ပုံတို့အိမ်ပဲဖြစ်ဖြစ် …"

"ဟာ … လူကြီးတွေကိုမှ ပြောပြမထားတာ …"

"ဒီအချိန်မျိုးရောက်မှတော့ ပြောရတော့မှာပေါ့ …"

"အေးချမ်းရဲ့မိဘတွေကမှ တော်သေးတယ်လေ … တော်ကြာ ဖေဖေတို့ မေမေတို့က အေးချမ်းကို ဘာလဲ …ညာလဲနဲ့ အထင်မှားကုန်ကြမှာ နတ်ပုံက သိပ်စိုးတာပဲ … အထင်ဆိုတာက တစ်ချက်မှားပြီးရင် ပြေနိုင်တော့တာ မဟုတ်ဘူး … ကိုယ်လည်းမဟုတ်ဘဲနဲ့ … သိက္ခာကျတယ် …"

"ဒါကတော့ နားလည်အောင်အထိ ရှင်းပြရမှာပေါ့ … သိက္ခာကျမှာကို ကြောက်နေတာနဲ့ပဲ … အသက်အန္တရာယ်နဲ့တော့ မလဲနိုင်ဘူးလေ …"

"ခုဟာလည်း သူတွန်းချ၊ ခြေထိုးလိုက်တယ်ဆိုတာ အထင်ပါ … မသေချာဘူး … နတ်ပုံ ပြန်စဉ်းစားကြည့်သလောက် … ကိုယ့်အသားကို သူ့အသားနဲ့ လာထိသွားတယ်ဆိုတဲ့ ခံစားချက်မျိုး … မမှတ်မိဘူး …"





"တေပြန်ပြီ … အေးပါ … ပြီးရောပေါ့ … သေမဲ့လူကမှ မကြောက်ရင် … ကိုယ်က ဘာမှပြောမနေတော့ဘူး …"

"အေးချမ်းပဲ … လမ်းမကြီးလယ်ကောင်တော့ သေနတ်နဲ့ ပစ်မပြေးပါဘူးဆို … မာဖီးယားဂိုဏ်းကြီးတွေလည်း ဒီမှာ မရှိပါဘူးဆို …"

မိုးနတ်ပုံမှာ … အေးချမ်းတစ်ယောက် ခါတိုင်းလို … မယုံမကြည်နှင့် ပြောင်စပ်မနေတော့ဘဲ … စိတ်ပူပန်ဖို့၊ ယုံကြည်တုန်လှုပ်ဖို့ ခေါင်းထဲရောက်လာပုံရတာ တစ်ချက်ကိုတော့ … အဆိုးထဲက အကောင်းအဖြစ် ကျိတ်သဘောကျလျက် ရှိလေသည်။

"ဒါပေမဲ့ အရှုးမ ဆိုတာမျိုးကတော့ ရှိနိုင်တယ် … အဲဒီအရှုးမရဲ့ လက်ထဲကို သေနတ်တစ်လက်ရောက်ဖို့ မလွယ်ကူပေမဲ့ … ကျော့ကွင်းဆင်ပြီး ညှို့ခေါ်ရင် … တစ်ယောက်တောင် မကဘူး … နှစ်ယောက်တောင် … အမြီးတန်းနှန်းနဲ့ ပါသွားကြတာ ကြည့်ပါလား … ပြောတော့ဖြင့် သူတို့ကိုယ်သူတို့ လည်လှုပြီလိုလို … ရဲလှ၊ လျင်လှပြီလိုလိုနဲ့ … နင်လည်း အရေးကြုံတော့ ငါ့မိန်းမကို တစ်ချက်လောက်တောင် လှမ်းမဆွဲလိုက်နိုင်ဘူး မဟုတ်လား … စပယ် …"

"တော်သေးတာပေါ့ အေးချမ်းရယ် … နင်ပဲတွန်းချလိုက်တာ မဟုတ်လားလို့အထိ မစွပ်စွဲသေးပေလို့ …"



www.burmeseclassic.com

www.burmeseclassic.com



သူပြောမှပင် ... ကိုယ့်လက်ကို လှမ်းဆွဲလိုက်ပြီး ကိုယ့်အသားနှင့် နောက်ဆုံးထိသလို ရှိလိုက်သူမှာ ... Violin မဟုတ် ...။ နှင်းစပယ် ပါလားဆိုတာကို အမှတ်ရတော့သည်။ မိုးနတ်ပုံရဲ့ အတွေးကိုသာ လှမ်းမြင်နိုင်ရင်တော့ သူ စိတ်မကောင်း ဖြစ်ရှာရော့မှာ ...။

"အဲဒီတစ်ယောက်ကို မျက်နှာချင်းဆိုင် တွေ့ရက်နဲ့ မသိဘူးဆိုတော့ စပယ် သိတဲ့ အသိုင်းအဝိုင်းထဲကတော့ မဟုတ်ဘူးပေါ့နော် ..."

"မဟုတ်ဘူး နတ်ပုံ ... လုံးဝမဟုတ်ဘူး ..."

ဒါဖြင့်ရင် ... အေးချမ်းကို ရုပ်မြင်မခံဝံ့သော ထိုမိန်းမဟာ ဘယ်အသိုင်းအဝိုင်းထဲကများပါလိမ့် ...။ မိုးနတ်ပုံလည်း မသိ ... နှင်းစပယ်လည်း မသိဆိုလျှင် အေးချမ်းရဲ့ အသိုင်းအဝိုင်းဟာ ကုန်သလောက်ရှိနေပြီပဲ မဟုတ်ဘူးလား ...။ အလုပ်ထဲကများလား ...။

ჯ ჯ ჯ

တော်တော် အစိုးရိမ်ကြီးနေပုံရသော မောင်အေးချမ်းက ... "အဖြစ်မှန်အတိုင်း မပြောရင်တောင် ... တစ်နည်းနည်းနဲ့ လှည့်ပြောပြီး ... မိဘတစ်အိမ်အိမ်မှာ ခဏတဖြုတ် ပြန်နေ,နေလိုက်ကြရင် ကောင်းမယ်"ဟု ဖွတ်ကြီးပင် စီစဉ်လေသည်။





"သူလိုက်နှောင့်ယှက်နေမှာက တစ်လလား၊ တစ်နှစ်လား ... ဘယ်လောက်အတိုင်းအတာအထိ ဆက်ရှည်လျားနေဦးမှာလဲ ... ကိုယ်မှ မသိနိုင်တာ အေးချမ်းရယ် ... မိဘတွေအိမ် ခဏပြန်နေမယ်ဆိုတဲ့ အစီအစဉ်ကို ဘယ်လောက်ကြာကြာ နေမယ်လို့ ဆုံးဖြတ်ရမှာလဲ ... တစ်လလောက်ရှောင်ပြီး ပြန်လာတယ်ဆိုရင်ကော ဘာထူးမှာမို့လဲ ...

သူက ဒီတစ်လအတွင်း နတ်ပုံတို့ကို မတွေ့တော့တာနဲ့၊ စုံစမ်းမရတာနဲ့ ... ဒါမှမဟုတ် ... တခြားအိမ်သားတွေနဲ့ပါ ဖြစ်နေတော့ လူမလစ်တာနဲ့ပဲ ... သူ့အကြံအစည်တွေကို တစ်သက်လုံးအတွက် လက်လျှော့လိုက်မဲ့သူမျိုးမှ မဟုတ်နိုင်တာ ..."

မိုးနတ်ပုံက အကျိုးသင့် အကြောင်းသင့် စဉ်းစားနိုင်သေးပေမဲ့ အေးချမ်းကတော့ ခေါင်းပဲခါယမ်းကာ"ဘူးဆို ဖရုံ မသီးချင်သည့်အစား" မျိုးပင် ...။ "တစ်လ ရှောင်နေတုန်း ... တစ်လဆို တစ်လ ... ကိုယ့်ဘက်က အခွင့်အရေးကောင်းတွေ အများကြီး ရှိလာနိုင်တယ်"တဲ့ ...။ ပြောင်းကို ပြောင်းမည်ဆိုတော့လည်း မိုးနတ်ပုံက ကိုယ့်မိဘအိမ်ကိုပဲ ကိုယ်ရွေးချယ်လိုက်သည်။

အေးချမ်းရဲ့ မိဘတွေဆီမှာ နေရင်လည်း အဆင်မပြေနိုင်စရာတော့ မရှိပါ ...။ သို့သော် ... "အကျိုးအကြောင်းမှန်ကို



www.burmeseclassic.com

www.burmeseclassic.com



မသိစေချင်ဘူး”ဟု မိုးနတ်ပုံက ဂျစ်တိုက်သောအခါ ... အေးချမ်း ဆွဲယူပြလိုက်သည့် အကြောင်းပြချက်ကလည်း ကြည့်ဦးလေ ...။ “မိုးနတ်ပုံက နေမကောင်းလို့”တဲ့ ...။ နှစ်ဖက်မိဘတို့ခမျာ ... ပျာပျာသလဲ စိုးရိမ်တကြီးတွေ ဖြစ်ကုန်ကြကာ ... အရင်ဦးဆုံး ခေါင်းထဲ ရောက်လာကြသည့် အတွေးကတော့ ... ဘာရှိမလဲ ...။ “ကိုယ်ဝန်များလား”ပဲပေါ့ ...။ “မဟုတ်ပါဘူး” ဆိုတာကိုပင် မနည်းရှင်းယူရပါသည်။

သို့သော် ... ကိုယ့်အကြောင်းပြချက်နှင့်ကိုယ် ကိုက်ညီအောင် ... ခေါင်းပဲမူးနေသလိုလို ... ဗိုက်ပဲအောင့်သလိုလို ... တွေ ဟန်ဆောင်ပန်ဆောင်လေးနှင့် လုပ်နေရပေရာ ... ကိုယ့်မိဘ ကိုယ်ဆိုတော့ သိပ်အပြစ်မရှိလှသလိုလို ... အားနာစရာသိပ်မကောင်းလှဘူးပေါ့ ...။ “မိဘအိမ် ပြန်လာနားသည့် ရောဂါသည်ကလေး”ဆိုတော့ ... မိဘများခမျာလည်း မျက်စိဒေါက်ထောက်ကြည့် ... ဖူးဖူးမှုတ် ဂရုစိုက်ကြရတော့မည် ဖြစ်ပေရာ ... ယောက္ခမအိမ်တက်နေပြီး (ဘာမှလဲ တကယ်မဖြစ်ဘဲ) ဖူးဖူးမှုတ်ခံ ... အခွင့်အရေးတွေ ယူနေရမှာများ ... မနေတတ်ပါဘူး ...။

ခုလည်း ကိုယ့်အမေအိမ်သာ ကိုယ်နေနေတာ ... အေးချမ်းရဲ့မိခင်ကြီးခမျာ ... ဗိုက်အောင့်ရောဂါ အခံရှိသည်ဟု သတင်းကြားထားပြီးသား ချွေးမကလေးအတွက် ... ညာ၊ မနက်စာ၊ ဆန်ပြုတ်၊ ကြက်စွပ်ပြုတ်၊ မြုံစွမ်ပြုတ်တွေ လာ,လာပို့ရတာ





အမော ...။ လူကောင်းပကတိကြီးကနေ ဟန်ဆောင်နေရတဲ့ မိုးနတ်ပုံ ခမျာမှာတော့ ... အေးချမ်းရဲ့အမေကို အိမ်ပေါက်ဝမှာ တွေ့လိုက်ရတာနဲ့တင် ... မျက်နှာကြီး ရှုံ့မဲ့မပစ်မိအောင် မနည်းထိန်းထားရပါသည်။

ကိုယ်ကဖြင့် စားကောင်းသောက်ကောင်းလို့ နှုတ်မြိန်မြိန်နဲ့ မေမေ့အိမ်က ... အချဉ်အစပ် စုံစီနဖာတွေကို ရောက်တုန်းလေး ဟဲပစ်မှလို့ တွက်ထားတာလေ ...။ နှစ်ယောက်တည်းနေတုန်းကဆို ... ကိုယ်ကလည်း အလုပ်သွားနေရသေးတာနှင့် အစားတစ်လုတ်အတွက် အချက်အပြုတ်ကိစ္စကို ဒီလောက်ကြီး အချိန်မပေးနိုင်၊ မပေးချင်တာမို့ ... ပြီး,ပြီးရော ချက်ပြုတ်စီစဉ်နေရတာတွေက ... မေမေ့အိမ်က လက်ရာကောင်း ဟင်းခွက်တွေလို သွားရည်ယိုချင်စရာမှ မရှိခဲ့ဘဲ ...။

ခုတော့ ...။ ကိုယ့်ဟန်ဆောင်မှုနှင့်ကိုယ် ... ကိုယ့်အမေရဲ့ မြိန်ချင်စရာ ဟင်းလက်ရာတွေကို အေးချမ်းက ပါးဖြိုနားဖြိုနဲ့ ကုန်းတုတ်နေချိန်မှာ ... ကိုယ့်မှာတော့ ... သူ့ရှေ့ငုတ်တုတ်ထိုင်ကာ ... သူ့အမေရဲ့ ဖြူရော်ရော် ကျဲတောက်တောက် များကို မျက်စိစုံမှိတ် မျိုချပြနေရလေသည် ...။ အေးချမ်းကား ... ကိုယ့်အဖြစ်ကို ရိပ်မိနေတော့ကာ ... ထမင်းတွေ ပလုပ်ပလောင်း ပြည့်နေသော ပါးစပ်ကြီးကို ဖွင့်ဟပြီး ... တဟီးဟီး ...။ မုန်းစရာကို ကောင်းပါတယ် ...။



www.burmeseclassic.com

www.burmeseclassic.com



"မှန်းစရာ ကောင်းလိုက်တာ ... တကယ်ဆို အကြောင်းပြချင်းပြ ... အေးချမ်း နေမကောင်းလို့လို့ ပြပါလား ..."

"ကိုယ်က ဘယ်တုန်းကမှ ဘာရောဂါမှ ရှိဖူးတာမှ မဟုတ်တာ ... ဒီလောက်လေးလုံးခြောက်ဖက်ကြီးက ရောဂါသည်ပါဆိုရင် ယုတ္တိရှိမလား ..."

"နတ်ပုံကရော ... ကျန်းကျန်းမာမာကြီးနဲ့ဟာကို ... ဘယ်မှာ ရောဂါသည်နဲ့ တူလို့လဲ ... ခုမှသာ ... ဒါတွေသောက်နေရတာ သုံးလေးရက်လောက် ရှိလာလို့ ... အာဟာရပြတ်ပြီး သေကာနီး ဖြစ်ချင်လာတာ ..."

"ဟာ ... ဒါပေမဲ့ ... ကိုယ်က ဟန်မဆောင်တတ်ဘူးကွ ..."

"ဩ ... ဒါဖြင့် နတ်ပုံကပဲ 'ဟန်ဆောင်ကာမှုပို'ပေါ့လေ ... အကယ်ဒမီများ ပေးချင်နေသေးတာလား ..."

"မပေးချင်ပါဘူး ... မင်းပုံစံကလည်း အမေနှစ်ယောက်ပူးတွဲရှေ့ကျရင်သာ 'ဟင်း ဟင်း ဟင်း'နဲ့ ညည်းပြနေတာ ... ယုံကြည်သနားချင်စရာပုံတော့ တစ်စက်မှကို မထွက်ပါဘူး ..."

"တောက် ... ဟန်ဆောင်နေတာမှန်း သိကုန်ရင် ... ပိုတောင်ဆိုးသေး ... ရှက်စရာကြီး ..."

"ဒါဖြင့်လည်း ဟန်ဆောင်မနေနဲ့ပေါ့ ... ပုံမှန်အတိုင်းပဲနေပေါ့ ..."





"ဩ ... ရှင်ပဲ နတ်ပုံနေမကောင်းဘူးလို့ အကြောင်းပြပြီး လာနေနေကြတာလေ ..."

"ခုကောင်းသွားပြီပေါ့ကွာ ... ဘာဖြစ်သေးလဲ ... နေတော့ကောင်းပြီ၊ ဒါပေမဲ့ မပြန်ချင်သေးဘူးဆိုတဲ့ သားသမီးကို ဘယ်မိဘကမှတော့ ရိုက်မချပါဘူး ..."

ဟန်ဆောင်တုန်းကတော့ဖြင့် ဆောင်ပြီး ... ရတ်တရက်ကြီး ပြန်ကောင်းပြရမှာကျတော့လည်း ပြောတဲ့လူက လွယ်သလောက် ... လုပ်ရမဲ့သူက လွယ်ပါ့မလား ...။ "ဆေးခန်းပြ ... ဆေးခန်းပြ"ဆိုတာကိုပင် ... "မေမေ မလိုက်ခဲ့ပါနဲ့ ... အေးချမ်းနဲ့ပဲ သွားပါ့မယ်"လို့ အတင်းငြင်းနေရတာတောင်မှ လွယ်တယ်ထင်သလား ...။

မိဘနှစ်စုံတွဲတို့ကို မပါစေဘဲ "အေးချမ်းနဲ့ပဲ ဆေးခန်းသွားပါမည်"ဟု ... ရုံးပြန်ချိန် ... ညနေဘက်တွေကျ ... နှစ်ဖက်မိဘတို့ရဲ့ အားရာကားကလေး တစ်စီးစီးနဲ့ ... လင်မယားနှစ်ယောက်တည်း အပြင်ထွက်,ထွက်နေကြရတာကတော့ ... ခိမ်ပင်။ ကားကလေးနဲ့ ရှိခနဲ သွားချင်ရာ လျှောက်သွား၊ စားချင်ရာလျှောက်စား။ ရုပ်ရှင်ကလေး ဘာလေး ဝင်ကြည့်ချင်ရင်တော့ ..."ဒီနေ့ဆေးခန်းမှာ တိုကင်နံပါတ် နောက်ကျလို့ ... အကြာကြီး ထိုင်စောင့်နေရတယ်"ပေါ့ ...။ ကိုယ်ချည်းနေရတုန်းက တစ်ခါတလေပါလာတတ်သည့် ဆိုင်ကယ်လေးကလွဲရင် ... ကားမှမရှိတာ ...။



www.burmeseclassic.com

www.burmeseclassic.com



ညနေဘက်တွေ အားလပ်လို့ နှစ်ယောက်တည်း လျှောက်လည်ချင်ရင်တောင် ... ခုလောက်တော့ ဇိမ်မရှိခဲ့ဘူးလေ ...။

အမေ့အိမ် ပြန်ရောက်စကတော့ ... "ဒီလောက်ဖြစ်နေတာ ... ရုံးလည်းမတက်နဲ့ ..."ဆိုလို့ ... အကောင်းကြီးက ... ဆေးခွင့်ငါးရက် ယူလိုက်ရတာ ... ကိုယ့်ကုမ္ပဏီရုံးမှာလည်း မျက်နှာပူလိုက်ရတာ မပြောပါနဲ့တော့ ...။ "အိမ်ပေါ်က လိမ့်ကျထားလို့ ... ခေါင်းထိသလား ... ကျိုးသလား မသိ ... ဆရာဝန်က တစ်ပတ်လောက် အိပ်ရာထဲမှာပဲ နေပါဆိုလို့"ဟု လိမ်လည်ရပြန်တာပေါ့လေ ...။ ဟိုလိမ် ... ဒီလိမ်နဲ့ ... လူဆိုတာလည်း အလိမ်အလည်တုံးကြီး နှစ်ကောင်ကို ဖြစ်လို့ ...။

အေးချမ်းရဲ့ အမေကိုတော့ သုံးရက်လောက်မြောက်ကတည်းက ဆက်လက်သည်းခံနိုင်စွမ်း မရှိတော့ကာ ... "ဗိုက်ကကောင်းသွားပြီ ... ဘာမှမဖြစ်တော့ဘူး ... ဆရာဝန်ကလည်း စားချင်ရာ စားလို့ရပြီတဲ့ ..."ဟု ရတ်တရက်ပင် ... နေပြန်ကောင်းတားဆီးယူလိုက်ရသည်။

အဲဒီလို အဆင်မပြေတာလေး တချို့တလေကလွဲရင် ...။ ညနေဘက် အိမ်ပြန်ရောက်လို့ ... ကိုယ့်အိမ်တံခါး ကိုယ်ဖွင့်ဝင်လိုက်ရင် ... အနီတုံး အပြာတုံး လေယာဉ်စာအိတ်ရှည်တစ်ခု ရောက်နေမလားဟဲ့ ... လို့ ပူရတာမျိုး ...။ လမ်းထဲလမ်းလျှောက်ရင်း တစ်နေရာရာကများ "ဘွား"ခနဲ ပေါ်လာတော့မလား ...လို့ တထိတ်ထိတ်နဲ့ သတိထားနေရတာမျိုး ...။ ကိုယ့်အိမ်ရဲ့ လှေကားကျဉ်းမှောင်မှောင် အထစ်တွေမှာ ငုတ်တုတ်လာထက်ထိုင်နေတော့မလား ... လို့ ပူပန်ကာ ... လှေကားခြေရင်းရောက်တိုင်း ... တစ်ခါတည်း တန်းတက်မသွားရဲသေးဘဲ အောက်ကနေ ... မော့ကြည့်စစ်ဆေးနေရတတ်တာမျိုး ...။

တစ်ခါတလေ ... ရုံးဖယ်ရီက အဆင်မပြေလို့ ... ဘတ်(စ)ကားနဲ့ အိမ်ပြန်ရရင် ..."သင်းများ ငါ့ကျောနောက်တည့်တည့်ကလူ ဖြစ်နေမလားဟဲ့"ရယ်လို့ ခါးပိုက်နှိုက်နဲ့ လူမသမာဆိုတာတွေကိုပင် မကြောက်မိ ...၊ သင်းကိုပဲပူ၊ ကြောက်နေရတော့တာမျိုး ...။ အဲဒါမျိုးတွေနှင့် မကြုံနိုင်တော့ဘူးဆိုတာ သေချာနေရတော့ ... ဘဝကြီးက အင်မတန်မှကို ငြိမ်းချမ်းသာယာလှလေသည် ...။

သို့ပေမဲ့လည်း ... အဲဒီမိန်းမတစ်ယောက်ဟာ ... အိမ်ပြောင်းပြေးပြီး ... အလုပ်ကပါ ခဏခွင့်ယူနေ,နေလိုက်ရုံနဲ့တော့ ... မိုးနတ်ပုံကို လက်လျှော့ခွင့်လွှတ်လိုက်တာမျိုး ဘယ်ရှိပါ့မလဲ ...။ စွဲမိစွဲရာ ဖွဲသန်မိပြီဆိုရင် အလွယ်တကူနဲ့ လက်လျှော့တတ်မဲ့သူ မဟုတ်မှန်း ... တစ်နေ့မှာတော့ ... သေချာကြီးကို သဘောပေါက်လိုက်ရလေသည်။

အဲဒီနေ့ကတော့ ... အေးချမ်းနဲ့ မိုးနတ်ပုံတို့ဟာ ... အေးချမ်း အလုပ်ကနေ ပြန်ရောက်လာချိန်မှာ ... မလှမ်းမကမ်းက







www.burmeseclassic.com

www.burmeseclassic.com



သူ့မိဘတွေအိမ်ကို လမ်းလျှောက်သွားပြီး ... ညနေဘက်သွားနေ ထမင်းလည်း အဲဒီမှာပဲစားကြသည့်နေ့ ဖြစ်လေသည် ...။ ညှော်ခန်း ထဲမှာ တီဗီကြည့်သူကကြည့် ...၊ စကားဝိုင်းဖွဲ့သူကဖွဲ့ ... မိုးနတ်ပုံကတော့ ... အေးချမ်းအစ်မရဲ့ ... သား ... လေးနှစ်သား အရွယ် ကလေးလေးနှင့် ... အရုပ်ဆက်တမ်း ကစားနေချိန် ... ဖုန်းသံက မြည်လာသည်မို့ ... အနီးဆုံးဖြစ်သည့် မိုးနတ်ပုံကပဲ ကောက်ကိုင်လိုက်ကာ ...

"အမိန့်ရှိပါရှင် ... ဦးဝင်းမြတ်တို့ အိမ်ကပါ ..."

"အဲဒီအိမ်မှာ ရောက်နေတဲ့ ... မိုးနတ်ပုံနဲ့ စကားပြောချင် ပါတယ်"

ရုတ်တရက်မှာ လက်ဖျားခြေဖျားတွေ အေးစက်ပြီး တောင့်တင်းသွားသည်။ သုတိသာယာ ရှိလှကာ ... အေးချမ်းနေ သော အခြေအနေကလေး ချက်ချင်းပျက်ပြားကာ ... လငပုပ်ဖမ်း သကဲ့သို့ ခံစားလိုက်ရသည်။ မကြားရတာ ... ကြာလှပြီဖြစ်တဲ့ ဟိုမိန်းမရဲ့အသံ။ လေးငါးရက်လောက် အဆက်အသွယ်ပြတ်... ငြိမ်းချမ်းနေရုံနှင့် ..."စိတ်ချမ်းသာစရာ ကောင်းလေစွ ..."ဟု အော်မြည်နေမိတာတွေ ... ချက်ချင်းရပ်တန့်လိုက်ရတော့မည် ...။ စိတ်ဆိုတာ ... ဘယ်လို ... ဘယ်လို ကုန်ခမ်းညစ်ညူးသွားလိုက် သလဲဆိုတာ ... မပြောပါနဲ့တော့ ...။

"ဟော့ ... နင်ပဲ မဟုတ်လား ..."





ဒီဘက်က အသံတိတ်နေလို့လား ... ဖုန်းထဲက မိုးနတ်ပုံရဲ့အသံကို မှတ်မိလိုက်လို့ပဲလားတော့ မသိ ... တယော က ရူးရှနေအောင်ပင် အော်ဟစ်လိုက်လေသည်။ ဖုန်းကိုပြန်ချပစ် လိုက်ရရင်များ ကောင်းမလား ... ဟု တွေးမိပေမဲ့ ... ချက်ချင်း ပြန်မြည်လာမှာ သေချာသည်လေ ...။ ဒီတစ်ခါ ကိုယ်ကောက် ကိုင်တော့ရင်လည်း ... လာကိုင်တဲ့ တစ်ယောက်ယောက်ကတော့ ကိုယ့်ကို လှမ်းခေါ်ပေးလိုက်မှာပဲ ...။ အေးချမ်းကို ဖုန်းပေးလိုက် ရင်များ ကောင်းမလား ...။ ဒီလိုဆိုပြန်တော့လည်း သူတို့ချင်း တိုက်ရိုက်အဆက်အသွယ် ရှိမသွားစေချင်ပေ ...။

ယောက္ခမတွေအိမ်မှာဆိုတော့ ... ကိုယ့်ဘက်က စိတ်ရှိတိုင်း တအားပြန်ကျူးအော်ထည့်ဖို့ကလည်း မဖြစ်နိုင်ပြန် ဆ ...။ ခက်လိုက်တာ။ ကျွတ် ...။ မိဘတွေ မသိစေချင်ပါဘူး ဆိုမှ ...။ ကြည့်ရတာ ... ဒီမိန်းမဟာ ... မိုးနတ်ပုံနဲ့ အေးချမ်းတို့ ဒီအိမ်ကို ရောက်လာကြတာကို တိတိကျကျ သိပြီးလို့သာ ဒီကို လှမ်းဆက်နိုင်လိုက်တာပေါ့ ...။ မိုးနတ်ပုံတို့ နှစ်ယောက်တည်း နေကြသောအိမ်သို့ ခဏသယ်ယူထားသည့် ခြင်းဖုန်းနံပါတ် ယ် ...။ မေမေတို့အိမ်က ... ဖုန်းနံပါတ်ရယ်ကိုကျတော့ သင်း သိရှိပြီးသည့်ပုံ မရသေး ...။ ဒီအိမ်ကဖုန်းနံပါတ်ကိုကျတော့ သိ သွားတယ်ပေါ့ ...။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဆိုရင်တော့ မမေတို့အိမ်မှာ မိုးနတ်ပုံ ပြန်ရောက်နေတာကိုပါ ... သူ သိပြီးဖြစ်လိမ့်မည်။ တိုက်ရိုက် ဆက်သွယ် ဝင်ကြဖို့ မဖြစ်နိုင်တာရယ် ...၊ အဲဒီအိမ်က ဖုန်းနံပါတ် ကို သိမထားတာရယ်ကြောင့်သာ မိုးနတ်ပုံ ခမျာ ... လေးငါးရက် လောက် နိဗ္ဗာန်ရောက်နေရသလို အခြေအနေ အေးချမ်းဆိတ်ငြိမ် နေခြင်း ဖြစ်ရလိမ့်မည်။

"နင် ဒီလိုရှောင်ပြေးသွားတိုင်း ငါ့လက်ထဲက လွတ်ပြီမထင် နဲ့ ... နင့်အပြစ်ကြီးနဲ့နင် တွဲရက်ရှိနေသရွေ့ ငါ့ကို ဘယ် လိုမှ ရှောင်ပုန်းနိုင်မယ် မထင်နဲ့ဟေ့ ... နင့်မှာ အခုဆို အပြစ်တွေက တစ်ခုတောင်မ,ကတော့ဘူး ... အလကား ဟာမ ... ပါးစပ်စည်းကမ်းမရှိတဲ့ မိန်းမ ... နင့်နှုတ်ခမ်း ဟာ အဲဒီလိုဖဲ ပေါက်တတ်ကရ၊ အလေနတော တွေ လျှောက်ထွက်နေဖို့ ... အပေါက်ဖောက်ထားတာလားဟင် အစားစားဖို့ မဟုတ်ဘူးလား ... လိမ်လည်ကောက်ကျစ်နေဖို့ သက်သက်လား ..."

"ဘာတွေ ပြောနေတာလဲ ..."

"နင့်ဘာသာနင် ရှက်ရမ်းရမ်းပြီး ... ထွက်ပြေးလို့ ဖြစ် ကျရတာကိုပဲ ... နင်က အေးချမ်းဆီမှာ ငါလုပ်တာ လို့ ... ချောက်ချလိမ်ပြောတယ်ပေါ့လေ ... နင် အဲဒီလို မဟုတ်တရုတ် လီဆယ်လုပ်ကြံပြီး ပြောမယ်မှန်းသိရင် ...





အဲဒီတုန်းက တကယ်ပဲ တွန်းချပစ်ခဲ့တယ်ဟဲ့ ... တစ်ထပ် ကနေတောင် မဟုတ်ဘူး ... သုံးထပ်လောက်တက်ပြီးမှ လုပ်မှာ ... ခုလောက်ကလေး ပွန်းပဲ့ရုံနဲ့များ ကျေနပ်နေမယ် မထင်နဲ့ ... လုပ်မှတော့ အသေနဲ့အကျိုး ... တစ်ခုခုပဲ ..."

မိုးနတ်ပုံရဲ့ရင်ထဲ ကျင်ပြီး အေးစိမ့်နေသော ခံစား ချက်မျိုးကြီး ပြန်ခံစားလာရပြန်ပါပြီ။ မိုးနတ်ပုံက တယ်လီဖုန်း ကို ကောက်ကိုင်လိုက်စဉ်က "ဘယ်သူ့ဖုန်းများလဲ ..."ဟု စိတ် ဝင်တစား လမ်းကြည့်နေကြသော အေးချမ်းတို့ အိမ်သားများက လည်း ... မိုးနတ်ပုံကလည်း ဆက်ပြောနေသောအခါ ... ခေါင်း ပြန်လှည့်သွားကြပြီး ... ကိုယ့်စိတ်ဝင်စားရာကိုပဲ ကိုယ်ပြန်ဆက် လုပ်နေကြပါပြီ ...။ အေးချမ်း တစ်ယောက်သာ ... ဆက်ပြီးမျှော် ကြည့်နေရာက ... မိုးနတ်ပုံရဲ့ မျက်နှာထားကြောင့် ... နေရာက ထပြီး အနီးသို့ ရောက်လာသည်။

"ဘယ်သူ့ဆီက ဖုန်းလဲ ..."

မိုးနတ်ပုံက အေးချမ်းကို မျက်ရိပ်ပြပြီး ခေါင်းပဲ ခါယမ်းပြလိုက်သည်။ ဖြစ်နိုင်သေးရင်တော့ ... ခုလိုအခြေအနေမျိုး ကြင့် ဖြစ်နေပြီ ဆိုတာကိုပင် လူကြီးတွေကို တတ်နိုင်သလောက် မသိစေချင်သေးပါ။ အထူးသဖြင့်ကတော့ ယောက္ခမများရဲ့အိမ် မှာ ... အေးချမ်းရဲ့ ဝရန်းသုန်းကား ဒေါသသံကြီးတို့နှင့် ရုတ်ရုတ် သဲသံကြီး မဖြစ်စေလို ...။ ရင်ထဲကျင်ပြီး စိမ့်နေရတာကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ရနိုင်သလောက် အောင့်ခံပြီး ... (ကိုယ့်ဝဋ်နဲ့ကိုယ်) သူပြောလိုရာကို ပြီးသည်ထိ ပြောခွင့်ပေးထားရပါမည်။

"ဖုန်းမှားတာဆိုလည်း ... ချလိုက်လေ ... မေးသမျှဖြေမနေနဲ့"

သဘောပေါက်သွားဟန်တူသည့် အေးချမ်းက ... သူ့ညအိပ်ဗွမ်းညာဏ်စလေး ရှိသလောက်နှင့် သူ့အိမ်က လူကြီးတွေမသိစေဘဲ ... မိုးနတ်ပုံကိုသာ အခြေအနေထဲက ကယ်ထုတ်ဖို့ ဝင်ကြိုးစားကြည့်ပါသည်။ ဘယ်ဖြစ်မလဲ အေးချမ်းရယ် ... ဖုန်းသံပြန်မြည်လာပြီး ... ပြန်ခေါ်တာကမှ ဟုတ်ဦးမယ် ...။ လာကိုင်တဲ့တစ်ယောက်ယောက်ကို သူ ပြောချင်ရာ ပေါက်ကရတွေ အကုန်လျှောက်ပြောချလိုက်ရင် ပြီးပါလေရော ...။ ဒါဖြင့်ရင် ... ခုတစ်ခေါက် မဟုတ်ဘဲ ... မိုးနတ်ပုံတို့ ညအိမ်မှာ ရှိမနေခိုက်မှာ ... ဒီအိမ်က တစ်ယောက်ယောက်ကို ခေါ်ပြီး ဒါမျိုးတွေ လျှောက်အသိပေး ... လျှောက်ပြောကုန်ရင်ကော ...။

စိတ်ညစ်ရလွန်းလို့ တစ်ခါတည်း သေပစ်လိုက်ချင်သည်ဆိုတာ ဒါမျိုးကို ခေါ်တာထင်သည်။ မိုးနတ်ပုံမှာ ကိုယ့်အပြစ်မရှိဘဲ ... ဒီလောက် ကျဉ်းထဲကျပ်ထဲကျပြီး ဒုက္ခရောက်ရတာမျိုး ကြုံနေရလိမ့်မယ်လို့များ တွေးတောင်မထားမိပါဘူး ...။ သူကတော့ ကိုယ့်မှာ အပြစ်မရှိမဟုတ် ... ကြီးကြီးမားမားကြီးပင် အပြစ်ကြီးသတဲ့ ...။ မိုးနတ်ပုံမှာ စိတ်ကျဉ်းကျပ်ရလွန်းလှတော့ ... "အေးချမ်း





ကို လက်ထပ်ယူမိတာပင် မှားပြီလား ..."ဟု တစ်ချက်တော့ ခေါင်းထဲ ရောက်လိုက်မိသေး၏ ...။

အို ... မမှားပါဘူး ...။ ဘာလို့မှားရမှာလဲ ...။ ကိုယ့်ဘက်က ဘာမှမှားမနေဘူး ...။ သူများတကာ့ရဲ့ ရည်းစား၊ ခင်ပွန်း ယောကျ်ားကို ပြစ်မှားခဲ့မိတာလည်း မဟုတ်ဘူး ...။ သူကသာ လာမှားနေတာ ...။ ဘယ်လောက်ပဲ စိတ်ညစ်ရာနဲ့ကြုံရကြုံရ ... "အေးချမ်းကို လက်ထပ်မိတဲ့အတွက် မှားပြီလား"လို့တော့ မတွေးသင့်ပါဘူး ...။ ဒီမိန်းမက အဲဒီလို အတွေးမျိုးမဝင်ဝင်အောင် လိုက်လုပ်နေတာ ...။ မဝင်နဲ့ ... မတွေးနဲ့ ...။ သူ့အကြံအစည် ... သူ့ဆန္ဒတွေ အောင်မြင်မသွားစေနဲ့လေ ...။

"အေးချမ်းရဲ့ ပါးစပ်က အခုငါ့ကို အပြစ်တင်တဲ့စကားတစ်လုံး ထွက်လာလိုက်ပြီဆိုတော့ ... နင့်မှာ ဒီ့ထက်ဆိုးမယ်မှတ် ... ငါခံစားရတာထက် ဆယ်ဆပြန်ခံစားရမယ်မှတ် ... နင် ဒီ့ထက်ပိုပြီး စိတ်မဆင်းရဲရရင် ပြောချင်တိုင်းပြော ..."

"အို ... ခုလည်း ဘယ်မှာ စိတ်ဆင်းရဲလို့လဲ ... နင်မအောင်မြင်ဘူး ..."

"ငြိမ်သက်စွာ နားထောင်ပေးနေပါမည် ..."ဟု ဆုံးဖြတ်ထားမိသော်လည်း ... ကိုယ်လည်းပဲ ပါးစပ်ပါသည့် ပြောတတ်သည့် လူတစ်ယောက်ပဲ ဖြစ်နေတာမို့ ... စိတ်မထိန်း



www.burmeseclassic.com

www.burmeseclassic.com

လိုက်နိုင်မိခင်မှာပင် မိုးနတ်ပုံထံမှ ... ခပ်တုန်တုန် ... ခပ်တိုးတိုး စကားလေးတစ်ခွန်း ပြန်ထွက်သွားမိပါသည်။ တိုးပြီးတုန်နေ့တော့ မို့ ကျန်အိမ်သားတွေ ကြားမကြားတော့ မသိ ...။ (မိုးနတ်ပုံက စိတ်မလုံသည်မို့ သူတို့အားလုံးကို ကျောပေးထားမိသည်။) အေးချမ်း ကတော့ဖြင့် "ကျွတ်"ခနဲ အသံထပ်ထွက်လာပြန်လေသည်။

"ဘာပြောတယ် ... ငါ့ကို မအောင်မြင်ဘူးလို့ နင်ကပြောတယ်ပေါ့ ...၊ ကောင်းပြီ ... နင့်ချည်းပဲ လောကကြီးမှာ အောင်မြင်မှုတွေ ရနေနိုင်မယ် မထင်နဲ့ ... ငါ ဘာတွေ အောင်မြင်သလဲဆိုတာ နင့်ကို ငါပြမယ် ... စောင့်ကြည့် ... အေးချမ်းကိုလည်း ပြောထား ... စောင့်နေလို့ ..."

"အေး ... အေးချမ်းနဲ့ ဘာဆိုင်သလဲ ... သူက စောင့်စရာ မလိုပါဘူး ..."

"ဆိုင်တယ် ... သူလည်း နင့်ကို လက်ထပ်လိုက်တာ အပြစ် ရှိတာပဲ ... ဒါပေမဲ့ သူကတော့ အေးချမ်းဖြစ်နေတဲ့အတွက် ... နင့်လိုဆိုးဆိုးဝါးဝါး ကံကြမ္မာတော့ သူ့မှာ မကြုံရနိုင်ပါဘူး ... သူ့ကိုတော့ ... နင်မရှိချိန်မှာ သူတကယ် ပြန်လက်ထပ်သင့် တဲ့သူဟာ ငါပဲဆိုတာလောက် သိအောင်လုပ်ပြမှာပါ ..."

"နင် ... နင် ... အဲဒါ ဘာပြောတာလဲ ... လောကကြီးမှာ နင်လုပ်ချင်တိုင်း လုပ်လို့မရဘူး ... ဒါမင်းမဲ့တိုင်းပြည် မဟုတ်ဘူး ... တရားဥပဒေဆိုတာ ရှိတယ် သိရဲ့လား ..."





မိုးနတ်ပုံမှာ သူတစ်ခွန်း ကိုယ်တစ်ခွန်းပင် ပြန်ပြောနေမိပါပြီ ...။ အေးချမ်းက "နတ်ပုံ ... နတ်ပုံ"ဟု သတိပေးသလို တတွတ်တွတ် ခေါ်နေ၏။ သူတို့အလုပ်နဲ့သူတို့ ဖြစ်နေကြသော အိမ်သားတွေလည်း ... သတိထားမိလာပုံရကာ ... ကျယ်ကျယ် လောင်လောင် ဖြစ်နေသော တီဗီအသံက ရုတ်တရက် တိုးကျသွားသည်။ အေးချမ်းရဲ့ မေမေလည်း ထိုင်ရာမှ ထလာကာ အေးချမ်း ရဲ့နံဘေးသို့ ရောက်ရှိလာသည်။

"ရပါတယ် ... ငါမှန်းတောင် ဘယ်သူမှ သိလိုက်မှာမဟုတ် တဲ့နည်းလမ်းတွေ ငါ့မှာ တစ်ပုံကြီး ရှိတယ် ... ဥပမာဆို ရင် ... နင် ဒီနေ့ည အိပ်ရာဝင်ရင်... စောင်တွေ ခေါင်းအုံး တွေ အိပ်ရာခင်းတွေ သေချာခါဖို့ မမေ့နဲ့ ... ငါကပြော ပြီးမှ လုပ်တာနော် ..."

"နင် ... အဲဒါ အလကားလိမ်တာ ... နင်ဘာမှလုပ်လို့ မရဘူး ..."

"ပြီးရောပေါ့ ... သေချာမစစ်ဆေးဘဲ အိပ်ရာဝင်ရင်တော့ စောင်ပုံထဲက ပျော့စိစိကို ခြေထောက်နဲ့ ထိုးမိရင် ... စဉ်းစားမနေနဲ့တော့ ... အဲဒါ ... မြွေပဲ ..."

"မဟုတ်ဘူး ..."

"မဟုတ်လည်း ပြီးတာပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"နှင် ငါ့ကို တမင်သက်သက် စိတ်အနှောင့်အယှက်ဖြစ်အောင် လိုက်လုပ်နေတာ ..."

"ခု အဲဒီအဆင့်ကို လွန်သွားပြီ ... အဲလောက်နဲ့ ငါမကျေနပ်တော့ဘူး"

"နင် ခြောက်တိုင်း ကြောက်မယ် မထင်နဲ့ ... ဂရုမစိုက်ဘူး ..."

"အဲဒါတွေကို ငရဲပြည်ရောက်မှ ယမမင်းဆီမှာ ဆက်ပြောပေါ့ ..."

ဖုန်းကို "ခွပ်"ခနဲ ချသွားလေပြီ ...။ မိုးနတ်ပုံမှာ တစ်ကိုယ်လုံး တုန်ယင်ကာ ..."ဟင်း ... ဟင်း ..."နှင့် အသံတွေ ထွက်ပြီးတော့ပဲ ကျန်ရစ်သည်။ အေးချမ်းက မိုးနတ်ပုံကို ပခုံးနှစ်ဖက်ကနေ ကိုင်လှုပ်ကာ ... "နတ်ပုံ ... နတ်ပုံ"ဟု အဆက်မပြတ် အော်နေလေသည်။ အေးချမ်းရဲ့မေမေက အေးချမ်းလက်ထဲမှ မိုးနတ်ပုံကို သူ့ဘက်သို့ ဆွဲယူပြီး ကျစ်ကျစ်ပါအောင် ဖက်ထားလိုက်၏။ ကျန်တစ်အိမ်လုံးလည်း ..."သံပရာရည်" ...၊ "ယပ်တောင် ..."၊ "ရှူဆေး ..."၊ "ရေပဲကောင်းတယ် ... မရေ... ရေ ..."နှင့် ဆူညံလှုပ်ရှားသွားကြကာ ... အေးချမ်းရဲ့အဖေကတော့ ..."ဟိုဘက်အိမ်ကို တစ်ယောက် လှမ်းဖုန်းဆက်လိုက်စမ်း... နေ ... နေ ... ဖုန်းမဆက်နဲ့ ... တစ်ခါတည်း ပြေးခေါ်လိုက် ..." ဟု သမီးကြီးကို ခိုင်းလိုက်သည်။





မိုးနတ်ပုံရဲ့ မိဘများပါ အပြေးအလွှားနှင့် ရောက်လာကြလျှင်တော့ ... အေးချမ်းတို့ရဲ့ အိမ်ဧည့်ခန်းအလယ်မှာ ... စိုးရိမ်တကြီး ဖြစ်နေကြသည့် လူကြီးမိဘဆွေမျိုးတစ်သိုက်ကို ... အေးချမ်းက နတ်သံမနှောဘဲ မခြွင်းမချန် ဇာတ်ကြောင်းပြန်ရပါလေပြီ ...။ မိုးနတ်ပုံမှာ ... ယောက္ခမဖြစ်သူရဲ့ ရင်ခွင်ထဲမှာပဲ မျက်စိစုံမှိတ်ထားပြီး ... ကိုယ့်မိဘနှစ်ပါးရဲ့ မျက်နှာတို့ကို လှမ်းမကြည့်လိုက်ရဲ ...။ ရင်မဆိုင်ဝံ့ပါ ...။ လုံးဝမသိစေချင်သော်လည်း... ဤမျှလောက် တုန်လှုပ်စိတ်ပင်ပန်းရခြင်းမျိုးကို ကိုယ့်တစ်ယောက်တည်း (နှစ်ယောက်တည်း) ဆက်ရင်ဆိုင်လို့ ရနိုင်ပါဦးမလား... ဆိုတာက မတွေးရဲစရာလေ ...။

"ထင်သားပဲ ... တစ်ခုခုတော့ ... တစ်ခုခုပါလို့ ... နတ်ပုံဟာ ခါတိုင်းတွေ ဖျားနာရောဂါဖြစ်ရင် ဒီလိုပုံ မဟုတ်ပါဘူးလို့ ..."

"ကျွန်မလည်း ထင်နေတာလေ ... ဒါပေမဲ့ သူတို့ကမှ ဖွင့်မပြောတော့"

"နတ်ပုံက လူကြီးတွေ ပူပန်စိတ်ဆင်းရဲပြီး အထင်တွေလွဲကုန်ကြမှာ စိုးလို့တဲ့ ..."

"ဘယ်ဟုတ်မလဲ ... နှစ်ယောက်တည်းထက်စာရင် ... ခေါင်းလေးငါးဆယ်လုံး ... ခေါင်းတစ်ပုံကြီးက အားကောင်းတာပေါ့ ... ဒီလိုပဲ ဝိုင်းဖြေရှင်း ရင်ဆိုင်ကြရမှာပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



ခုထောင် ဒီအိမ်ထိ လိုက်ဆက်လာပေလို့ ... နို့မို့ဆို ဒီနှစ်ယောက်ဟာ ဘယ်လိုအခြေအနေမျိုး ရောက်တဲ့အထိ ဆက်ဖုံးဖိထားကြဦးမလဲ မသိဘူး ... ဒီဘက်က အဲလိုဖုံးဖုံးဖိဖိနဲ့ ငြိမ်ခံနေတော့ တစ်ဖက်က ပိုအတင့်ရဲသထက် ရဲလာမှာပေါ့ ...

နောင်ဆိုရင်တော့ ဘာလေးပဲဖြစ်ဖြစ် လူကြီးမိဘကို မမေ့ကြနဲ့ ... သားသမီးဆိုတာ ဘယ်လောက်ပဲ အသက်တွေကြီးသွားကြီးသွား ... ကိုယ့်အမေမိဘရဲ့ အရိပ်နဲ့ အားကိုးကိုကိုးရဦးမဲ့ ကိစ္စမျိုးဆိုတာ ရှိကိုရှိသေးတယ် ... ကိုယ့်အတွက် ကိုယ့်မိဘတွေ ပူပန်စိတ် ဆင်းရဲကြရမယ် ဆိုတာလည်း ဒီလောက် ထည့်မတွက်ပါနဲ့ ... မိဘဆိုတာကတော့ ... ပူကာမှ ပူနေရရော ... ဘာမှ မသိလိုက်ရဘဲနဲ့ ... တစ်ခုခု ဖြစ်သွားမှာနဲ့စာရင် ... ဝင်ပူ အကြံပေးနေချင်ကြတဲ့ သူတွေချည်းပဲ ..."

အေးချမ်းရဲ့မေမေက ..."ဟုတ်ဟုတ် ... မဟုတ်ဟုတ်ပေါ့လေ ... ဒီညတော့ ဒီမှာပဲ အိပ်ရင်လည်း အိပ်လိုက်ကြပါလား ... သူ ခြိမ်းခြောက်သလို ဟိုအိမ်မှာ မြွေရှိနေမှာစိုးလို့ မဟုတ်ပါဘူး ... ရှိမနေမှာ သေချာပါတယ် ... ဒါပေမဲ့ စိတ်သန့်သွားအောင်ပေါ့ ... အိပ်ပျော်လိုက်ဖို့ အရေးကြီးတယ် ..."ဆိုသဖြင့် ... ဒီတစ်ခါတော့ မိုးနတ်ပုံကလည်း ချက်ချင်းပင် သဘောတူ လက်ခံလိုက်ပါသည်။





သို့သော် ညဘက်အိပ်ကာနီးမှာတော့ အေးချမ်းရဲ့မေမေ ကိုယ်တိုင်ပြင်ဆင် ခင်းကျင်းပေးထားတဲ့ အိပ်ရာကိုပဲ ... စောင်တွေ ဘာတွေ ဖြန့်ခါ... ခေါင်းအုံးတွေ လှန်လှော ... မွေ့ရာကိုလည်း ဖိကြည့် ခါကြည့်နှင့် ... သံသယစိတ်တွေ ကဲနေသည့် မိုးနတ်ပုံကို ကြည့်ပြီး အေးချမ်းလည်း စိတ်မသက်သာ၊ မသာယာပေ ...။ နောက်တစ်နေ့ မနက်ကစပြီး ... (လူကြီးတွေကို လိမ်ထားလို့လားတော့ မသိ။) မိုးနတ်ပုံက တကယ်ပဲ ဗိုက်အကြီးအကျယ် ပြန်အောင့်ကာ ... အေးချမ်းမေမေရဲ့ ဖြူရော်ရော် ... ကျဲတောက်တောက် ... ဇွပ်ပြုတ်များနှင့် နှစ်ပါးပြန်သွားရပြန်လေသည်။

⁂

မိုးနတ်ပုံ၏ မေမေသည် မျက်နှာကလေး ဟောက်ပက်နှင့် အိပ်ရာထဲ လဲလျက်ရှိသော သူ့သမီးငယ်ကို ကြည့်ပြီး တဖျစ်တောက်တောက် ဖြစ်လျက်ရှိလေသည်။

"တစ်ဆိတ်ရှိ သင်းတို့ဘက်ကလည်း ရဲတိုင်မယ် ... ရဲတိုင်မယ်နဲ့ ... အိမ်ကအဖေကပါ နားယောင်ပြီး ရဲတိုင်ချင်တဲ့ဘက်တ ခပ်ပါပါ ... ရဲတိုင်လိုက်တာနဲ့ ဒီကိစ္စကြီးက ပြီးသွားပါမယ်လို့ ဘယ်သူက ပြောလို့လဲ ... သေချာလည်းဆုပ်



www.burmeseclassic.com

www.burmeseclassic.com



လက်ကိုင်ဖမ်းဆီးပြီး ရဲလက်အပ်နိုင်မယ်ဆိုရင်တော့လည်း တစ်မျိုးပေါ့ …။ ခုတော့ ကိုယ့်ဘက်က မသေမချာကြီးနဲ့ လုပ်ရမဲ့ကိစ္စ … ဒါမျိုးက ကြားရရင် ယုံကြည်ကိုယ်ချင်းစာဖို့ထက် … ရယ်စရာကြီးပါလားလို့ မြင်ကြတဲ့သူကသာ များနေမှာ … ပြီးရင် … ယောကျ်ားလေးဘက်က ဖောက်ပြန်ထားလို့ နေမှာပေါ့ … ဆိုတာက တစ်ခါတည်း ကပ်ပါလာမယ် …”

“မေမေရယ် … အေးချမ်းက အဲဒီလိုတော့ မဟုတ်ပါဘူး …”

“မေမေ သိပါတယ် … နတ်ပုံရယ် … ဘာမှဝင်မပြောနဲ့ အေးအေးသက်သာ နေစမ်းပါ … မေမေက သမီးကို ဆူနေတာလည်း မဟုတ်ပါဘူး … ကိုယ့်အကြောင်းလည်း ကိုယ်သိပါဦး … တစ်ဆိတ်ရှိ ခံစား၊ ဝမ်းနည်းနဲ့ ကိုယ်ဗိုက်အောင့်တော့ ကိုယ်ပဲခံရတာ … ကြည့်ပါလား… ဗိုက်ကအောင့်တော့ မစားနိုင်၊ အစာမဝင်တော့ ပြန်အောင့်၊ စားပြန်တော့ ထိုးအန် … ရုပ်က အရိုးခေါင်းခြောက်ရုပ်တောင် ပေါက်နေပြီ … ကိုယ့်ကိုယ်ကိုယ်လည်း မှန်ထဲ ပြန်ကြည့်ဦး …”

မကြည့်လိုတော့ပါ …။ အမေ အိမ်သို့ ပြန်ရောက်လာတုန်းက ပြည့်ပြည့်ဖြိုးဖြိုး စိုစိုပြည်ပြည်နဲ့ မိုးနတ်ပုံဟာ … နှစ်ပတ်လောက်အတွင်း အရည်ညှစ်ပြီးသား ကြံဖတ်စုတ်လိုပုံ ပေါက်သွားတာ ကိုယ့်ဘာသာပဲ အသိဆုံးပါပဲ။





“အေးချမ်းကို လူတကာက မယုံကြည်တော့ရင် … နတ်ပုံတို့ … မေမေတို့က သူနဲ့စပ်မှ တော်ရတာ … မေမေတို့ပါ နာမည်ပျက် အရှက်ရတာက နောက်ထားလိုက်ဦး … သူတို့ကသာ မိဘရင်း၊ မောင်နှမရင်းတွေဟာ … သူတို့ပဲ အရင်မျက်နှာပျက် လူပြောခံရမှာ … ဒါကို မတွေးမိကြဘူးလား မသိပါဘူး … ခက်တဲ့ဟာတွေ”

“တယော”ကိစ္စကို ရဲတိုင်မယ် … မတိုင်ဘူးနဲ့ပတ်သက်လို့ မိုးနတ်ပုံရဲ့မိဘများနှင့် အေးချမ်းရဲ့မိသားစုတို့ စိတ်ဝမ်းကွဲ …၊ အတိုင်အဖောက်မညီနိုင် ဖြစ်နေကြပါသည်။ မေမေကလည်း ဟိုဘက်ကို “မစဉ်းစားတတ်တဲ့သူတွေ”အဖြစ် အပြစ်မြင်ကာ ဒီကိစ္စကြီးကို လူသိများမှာစိုး။ တစ်ဖက်ကကျတော့ … ရာဇဝတ်မှုတောင် မြောက်နေပြီဖြစ်တဲ့ ဒီကိစ္စမျိုးကို ခုချိန်ထိ ဆက်လက်ဖုံးဖိထားချင်သေးတာဟာ … ကောင်းရာမွန်ရာကို နားမလည်တာ …၊ တကယ် လုပ်သင့်လုပ်ထိုက်တာကို လုပ်ဖြစ်ဖို့ထက် … ဘာမဟုတ်တဲ့ “အရှက်”ဆိုတာ တစ်ခုကို ရှေ့တန်းတင်နေတာ … အသိဉာဏ်ကို ထုတ်မသုံးတတ်သလို ဖြစ်နေတယ် … စသဖြင့် … တီးတိုး … မကြားတကြား (သို့သော် မရောက်ရောက်အောင် ပြန်ပို့နေတာ ဖြစ်နိုင်သော) ဝေဖန်မှုတွေနှင့် … တစ်ဖက်နှင့်တစ်ဖက် စိတ်အခန့်မသင့်တွေ ဖြစ်နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးနတ်ပုံကတော့ ... ဒီကိစ္စကြီး မတိုင်ခင်က ရပ်ရွာရပ်မျိုး မိတ်သင်္ဂဟတွေအနေနှင့် ချစ်ခင်စည်းရုံးကြ၊ တစ်အိမ်နဲ့တစ်အိမ် တန်ဖိုးထား၊ လေးစား၊ အသိအမှတ်ပြုလှေ ရှိကြသည့် နှစ်အိမ်ထောင်မိသားစုတို့ရဲ့ ဝါးအစည်းပြေမှုကိုပဲ အတော်ကြီး ဝမ်းနည်းနေသည်။

ဟိုမိန်းမကတော့ဖြင့် မိသားစုချင်းတွေပါ မသင့်မမြတ် ဖြစ်ကြဖို့အထိ ရည်ရွယ်လေသလား ...။ မရည်ရွယ်ခဲ့ဘဲ ကံကြမ္မာက သူ့ဘက်က ဘက်လိုက်နေခဲ့တာလား မသိ ...။

ကြားထဲက ကြားလူနှစ်ယောက်ဖြစ်သည့် မိုးနတ်ပုံနှင့် အေးချမ်းတို့မှာတော့ နှစ်ဖက်မိဘ နှစ်စုံတို့ရဲ့ အယူအဆလေးမျိုးလောက်ကြားမှာ နေ့စဉ်နေ့တိုင်း မျက်နှာပူကာ စိတ်မချမ်းသာရပေ ...။

အေးချမ်းရဲ့ မိဘတို့ကလည်း "အေးချမ်းရဲ့အပြစ် စိုးစဉ်းမျှမပါပါ"ဟု ကာကွယ်ချင်ကြသည့် နေရာမှာ တစ်ဆိတ်တော့ လွန်လွန်းလှပါသည်။ မိုးနတ်ပုံရဲ့ မေမေကတော့ ... ကိုယ့်ဘက်က အဲဒါကို နားလည်ယုံကြည်ပေးပါရက်နဲ့ ထပ်ခါထပ်ခါပဲ လာပြောနေကြပြီး ... ကိုယ့်ကိုကျ ပြန်နားလည်မပေးနိုင်ပါလား ... ဆိုတာကိုပဲ တနုံ့နုံ့ ...။

ဒါပေမဲ့လည်း အမေနှစ်ယောက်ဟာ ညနေတိုင်းတွေ့ဆုံပြီး စကားလက်ဆုံမကျ၊ မတိုင်ပင်ဘဲလည်း နေနိုင်တာ





မဟုတ်ရပါ ...။ ညနေဆိုရင် (မိုးနတ်ပုံတို့က ဒီဘက် မေမေတို့အိမ်မှာပဲမို့) အေးချမ်းရဲ့အမေဟာ အိမ်ကူးလာပြီး သတင်းမေးရင်း ငြင်းကြ ခုန်ကြ။

ဘာလို့ဆိုတော့ ... ကန့်ထရိုက် တိုက်ခန်းငယ်ရဲ့ တံခါးအပေါ်ကြားက ထိုးထည့်ပေးပို့လို့ မရနိုင်တော့သော စာအိတ်များဟာ အမြန်ချောပို့မှတစ်ဆင့် ... နေ့စဉ်နဲ့အမျှ ဆိုသလို (ပေးပို့သည့်လိပ်စာ၊ စာတိုက်တွေ ပြောင်းပြောင်းသွားပြီး) ရောက်ရှိလို့နေကြသည်လေ။ စာတွေကတော့ မိုးနတ်ပုံရဲ့ အကြောင်းတွေလည်း ပါရဲ့ ...၊ အေးချမ်းရဲ့ အကြောင်းတွေလည်း ပါရဲ့ ...။ တစ်ခါတလေကျရင်တော့ ... ပင့်ကူ(အကြီးကြီး)အသေတွေ၊ ပိုးဟပ်၊ ကြိုကောင်အသေတွေလည်း ပါရဲ့ ...။

အချင်းချင်း ကြည့်မရကြပြီဖြစ်သော အမေနှစ်ယောက်ဟာ စာတစ်စောင် ရောက်လာပြီ ဆိုရင်တော့ ... သူတို့နှစ်ယောက်လောက် စည်းလုံးသွားသည့်သူ မရှိနိုင်တော့ကာ ... အဲဒီစာကို ... ကိုယ့်ဘာသာတွေပဲ ဖွင့်ကြည့်ရေး၊ မိုးနတ်ပုံကို ပေးမပြ၊ မမြင်စေရေး ...၊ အရေးတွေကိုကြီးလို့ ...။ ပြီးရင်တော့ သူတို့ပဲ ပူပူပန်ပန် တိုင်ပင်ကြတာနှင့် မိုးနတ်ပုံက အဲဒီစာအကြောင်းကို မသိလိုက်ရဘဲ ရှိကိုမရှိချေ ...။

မိုးနတ်ပုံကို အစဉ်အမြဲ အိမ်တွင်းအောင်းခိုင်းထားရမှာကျတော့လည်း သူတို့ပဲ စိတ်မသက်သာ ...။ အပြင်ခလနဲ့



www.burmeseclassic.com

www.burmeseclassic.com



ထိတွေ့နိုင်ဖို့ ... လူတော သူတောထဲ သတ္တိရှိရှိ ပြန်သွားနိုင်လာဖို့ ... အပြင်ထုတ်လာပြန်တော့လည်း ... ရဲနှစ်ယောက်ခြံရံပြီး ဖမ်းချုပ်လာတဲ့ တရားခံလူဆိုးမကြီးတစ်ယောက်လို ... သူတို့ပဲ ဘော်ဒီဂတ် ...။ သူတို့ပဲ စိုးရိမ်တကြီး ကျိုးကန်းတောင်မှောက်တွေ ဖြစ်နေကြ။ (လူကို မြင်ဖူးကြတာလည်း မဟုတ်။)

အလုပ်ကတော့ တကယ့်ကို နေမကောင်း ဖြစ်လာလို့ ...။ လူက အရိုးကျ၊ ပိန်မျောကာ ခွေနုံးပျော့ဖတ်နေသည်မို့လို့ ... ခွင့်ကို တစ်လကြီးများတောင် ယူထားလိုက်ပြီ ဖြစ်ပါသည်။ အဲလိုယူလိုက်ရလို့လည်း မိုးနတ်ပုံမှာ ရွယ်တူ တက်တက်ကြွကြွ၊ ရဲရဲတင်းတင်းနှင့် တုံးဆိုတိုက်၊ ကျားဆိုကိုက်ပဲ ခေါင်းထဲရှိကြမည့် မိတ်ဆွေသူငယ်ချင်းတွေနှင့် လုံးဝအဆက်ပြတ်သွားရကာ ... အချင်းချင်းလည်း မသင့်မြတ်ပါဘဲနှင့် ကိုယ့်အတွက်မို့ စည်းလုံးနေကြရသည့် အမေ(ကြောက်)ကြီး နှစ်ယောက်ကြားမှာ အတွေးအခေါ်တွေနှင့် စိတ်အနေအထားတွေက ပိုဆိုးသွားရခြင်းလည်း ဖြစ်ကောင်း ဖြစ်နိုင်သည်။

ခုဆိုရင် ... မိုးနတ်ပုံက အလိုလိုနေ့ရင်း ... ရင်ထဲမှာ (ခံစားချက် တစ်ခုခုနှင့်) ချမ်းစိမ့်နေသလို ဖြစ်နေသည်။ ဟိုလူ့တွေ့ မယုံ၊ ဒီလူ့တွေ့ မသင်္ကာနှင့် ...။ ကိုယ်အပျိုဘဝက တစ်သက်လုံး သုံးစွဲနေထိုင်လာသည့် အိမ်နှင့် အိမ်ထောင့်ပရိဘောဂများ အပေါ်လည်း သံသယစိတ်က အမြဲရှိနေသည်။





ဟိုတစ်နေ့ကဆိုရင် ... လူတစ်ယောက်က အိမ်တိုင်ရာရောက် ပန်းစည်းတစ်စည်း လာပို့ပေးတာ ...။ အဲဒီလူကတော့ အဲဒီလို ပန်းစည်းလိုက်ပေးပို့သည့် Floral Service က လူပင် ...။ …ယက်ရှင်က လက်မှတ်ထိုးယူ လက်ခံရမည်မို့ ... မိုးနတ်ပုံရဲ့ အစ်မကြီးက ပန်းစည်းကိုရော ... လက်မှတ်ထိုးရမည့် စာရွက်ကိုပါကိုင်ပြီး အိမ်ထဲဝင်လာစဉ် ... ဘော်ဒီဂတ်အမေကြီး နှစ်ယောက်လုံးရော ... မိုးနတ်ပုံပါ ... ဘာဖြစ်သွားကြသည် ထင်ပါသနည်း။

မမေက အဲဒီပန်းစည်းကို အစ်မကြီးလက်ထဲက လု။ လာပို့ပေးသည့် Floral Service ကလူလက်ထဲ အတင်းပြန်ထိုးထည့် ...။ ယောက္ခမကတော့ အဲဒီလူကို ခါးခါးသီးသီးပင် ပြန်နှင်လွှတ်ကာ ... နောင်ပေါ်မလာဖို့တောင်းပန် ...။ မိုးနတ်ပုံကတော့ ... ကြောင်တက်တက်နှင့် မျက်နှာတွေ ဘာတွေ နီနေသော ထိုသူ့လက်ထဲက ပန်းစည်းကို (ကြောက်ကြောက်နှင့်) ပြန်ဆွဲယူကာ ... လှပစွာ ချည်နှောင်ထုပ်ပိုးထားသော ဖဲကြိုးကြီးနှင့် ပလတ်စတစ် အကြည်ရောင် အရွက်ကိုပါ ... ဖြေချဆွဲခါပစ်လိုက်ရပါသည်။

ထိုလူလည်း "ဟာ"ခနဲ ...။ ပြန့်ပြန့်ကြဲသွားသော ပန်းပွင့်တွေကြားမှာ မသင်္ကာစရာ ဘာတစ်ခုမှ ထွက်ကျမလာလျှင် ... မိုးနတ်ပုံသည်လည်း "ဟင်"ခနဲ ...။ ယောက္ခမကြီးက

www.burmeseclassic.com



တော့ ပြုတ်ကျလာသော စာရွက်တစ်ရွက်ကို လျင်မြန်သွက်လက်စွာ ကောက်ယူဖြန့်ဖတ်လိုက်သော် ... ထိုပန်းစည်းကို ပေးပို့လိုက်သည့်သူမှာ (အရိုးစုကျနေသော) မိုးနတ်ပုံ အတွက် ... ရုံးမှအကြီးဆုံး အကြီးအကဲ ... နိုင်ငံခြားသား ဘော့စ်နှင့် ကျန်တစ်ရုံးလုံးတို့မှ ... "အမြန်ဆုံး ပြန်လည်နေကောင်း၊ ကျန်းမာလာပါစေကြောင်း"ဆုတောင်းနှင့် ပန်းလက်ဆောင် ဖြစ်နေလေသည်။

အားလုံးတို့ဟာ Floral Service မှ လူကိုလည်းတစ်ယောက်တစ်ပေါက် တောင်းပန်ကြရ ...။ အဲဒီလောက်ကြီးတွေအထိ သံသယစိတ်တွေ ကြီးမားတုန်လှုပ်နေကြရတဲ့ ကိုယ့်အဖြစ်ကိုယ်တွေလည်း ပြန်သတိထားမိကြကာ စိတ်မကောင်းတွေဖြစ်ရ ...။ မေမေကတော့ ... မိုးနတ်ပုံရဲ့ ကွယ်ရာမှာ အစ်မကြီးကို ကျိတ်ဆူကာ ... "အနည်းဆုံးတော့ ခြိမ်းခြောက်စာပဲဖြစ်ဖြစ်ပါလာမယ်လို့ကို တွက်ထားတာ ... မြွေတစ်ကောင်တောင် ပါလာနိုင်တယ်လို့ ထင်နေတာ ..."တဲ့ ...။

နောက်တစ်နေ့မှာပဲ ... လူတစ်ယောက်နှင့် ကိတ်မုန့်စုံလုံးတို့ ပေါ်လာပြန်တော့ ... ယောက္ခမကြီးလည်း အိမ်ရောက်လာချိန်နှင့် ဆုံနေတာနှင့်ပဲ ... သူပင်၊ ထိုကိတ်မုန့်ဘူးကြီးကို ကိုင်ကာ သယ်ယူလာပေးပါသည်။ စက္ကူဘူးခွံပေါ်မှာကလည်း ... လှပသော လက်ရေးစာသားနှင့် ရုံးမှ နိုင်ငံခြားသားဘော့စ်ရဲ့ နာမည်က ပါနေသည်လေ ...။





"နတ်ပုံရဲ့ ဘော့စ်က နတ်ပုံကို နေ့စဉ်နဲ့မပြတ် သတိရနေပါလား"

အေးချမ်းကတောင် ပြောင်စပ်စပ်နဲ့ ပြောခဲ့သေး...။ Cream တွေ၊ မလိုင်တွေ၊ ချိ(စ်)အဆီခဲတွေနှင့် ... ကြည့်လိုက်တာနဲ့ အီလျောက်လို့နေသော ကိတ်မုန့်ကြီးကို မိုးနတ်ပုံကတော့ ကြည့်တောင်မှ မကြည့်နိုင်။ မေမေနဲ့ ဖေဖေတို့ကလည်း သွေးတိုးနဲ့ ဆီးချိုသမားတွေမို့ မစား၊ အေးချမ်းကတော့ ... ဒါမျိုးဘယ်တုန်းကမှ မကြိုက် ...။ မြည်းတောင်မှ မကြည့်ဖူးသူ ...။ အစ်မကြီးကတော့ ခါတိုင်းစားပါလျက် ... ဒီတစ်ခါမှပင် (နတ်နှိုးဆော်သလို) မစားဖြစ်ကာ ... ပက်ကင်ပုံစံလေးအလိုက်ပင် ... မပျက် ... အိမ်က ကောင်မလေးတွေကို ခေါ်ပြီး ... "နက်ဖြန်ဘုရားဆွမ်းတော် ... တစ်တုံးလောက်ကပ်လိုက်ပြီး ... နင်တို့ စားလိုက်ကြချေတော့ ..."ဟု ပေးပစ်လိုက်လေသည်။

ဘာပြောကောင်းမလဲ ...။ ဘုရားဦးဖယ်ပြီးတာနဲ့ ... ကောင်မလေးတွေ ညတွင်းချင်း အားပေးလိုက်ကြတာ ...။ မိုးလည်းလင်းရော ဆေးခန်းတစ်ခါတည်း တန်းရောက်သွားပြီး ဒရစ်(ပ) လိုင်းပါ ချိတ်လိုက်ကြရလေသည်။ နှစ်ယောက်စလုံး ... မရပ်မနား ဝမ်းတွေလျှောကုန်ကြလို့လေ။ တစ်အိမ်သားလုံးရဲ့ စိတ်ထဲမှာ ... "ကိတ်မုန့်ဆိုင်က ရက်လွန်နေတဲ့ ... သိုးနေ၊ ချဉ်နေတဲ့ ကိတ်မုန့်ကို လာပို့ပေးတာမို့လို့ ..."ဟု ဘယ်လောက်ပင် ရွတ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးတွေ ဆွေးကြည့်နေကြပါစေ ...။ မယုံမရဲ သရိုးသရီတွေကတော့ ဖြစ်ချင်နေကြပြီ။

အေးချမ်းက မိုးနှုတ်ပုံရဲ့ ရုံးသို့ ဖုန်းလှမ်းဆက်လိုက်လေသည်။

"ကိတ်မုန့် မဟုတ်ဘူးလေ ... ကျွန်မတို့ပို့ပေးလိုက်တာ ပန်းစည်းပါ ... မိုးနှုတ်ပုံလည်း သက်သာတယ် မဟုတ်လားဟင် ... အားလုံးကပဲ ကျန်းမာနေကောင်းပြီး အမြန်ဆုံး ရုံးပြန်တက်နိုင်ဖို့ မျှော်လင့်နေကြပါတယ် ...လို့ ပြောပေးပါနော် ..."

ဒီအတိုင်းဆိုရင်တော့ သူတို့ရဲ့ မျှော်လင့်ချက်တွေလည်း တော်ရုံနှင့် ပြည့်နိုင်တော့မည် မထင်ပါ ...။

"ဒီလိုကတော့ အလုပ်သိပ်မဟုတ်တော့ဘူး ..."

လူကြီးမိဘတွေလည်း အသည်းအသန် ခေါင်းချင်းရိုက်ကုန်ကြပါပြီ။ ရဲတိုင်ထားချင်သည့်ဘက်က လူတွေဘက်ကနည်းနည်းပိုပြီး အသာစီးရချင်သလိုလိုတွေ ဖြစ်လာသည်။ ဒါပေမဲ့ လက်ဆုပ်လက်ကိုင် သက်သေပြစရာက ဘာလဲ ... ဓာတွေနဲ့တင် တိုင်လို့ရသလား ... လို့ ပြန်တွက်ကြပြန်တော့ လက်ထဲမှာ ရှိထားသမျှ ... သက်သေခံစာတွေက ... အန္တရာယ်ပြု မကောင်းကြံလိုသောသဘော စိုးစဉ်းမျှကို မပါဝင်နေပေ ...။ နိစ္စဓူဝဖြစ်ပျက်နေသည့် အကြောင်းအရာတွေကိုသာ အရေးလုပ်ပြီး ရေးပို့





နေတာမျိုးတွေဆိုတော့ ... အဲဒီသက်သေခံတွေကို ပြပြီး ..."ကျွန်မရဲ့ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေလို့ပါ" ဆိုတာကြီးကတော့ ... ကိုယ့်ဘက်ကပဲ ဇွတ်ကြီးဆန်နေသလိုလိုတောင် ဖြစ်နေမည်။

လေယာဉ်ပေါ်က လိမ့်ကျရတာတို့၊ ကိတ်မုန့်ကြောင့် လူနှစ်ယောက် ဝမ်းလျှောရတာတို့၊ ဖုန်းထဲကနေ ခြိမ်းခြောက်တာတို့အတွက်ကတော့ ဘယ်မလဲ ... သက်သေ။ စာအိတ်တွေထဲမှာ တစ်ခါတစ်ရံ ပါလာတတ်သည့် ပင့်ကူတို့၊ ပိုးဟပ်တို့တောင်မှ ... "ဒါဒီစာအိတ်တွေထဲက ထွက်ကျလာတာပါ ... စာတိုက်က ထည့်ပို့ပေးလိုက်တာပါ ..."ဆိုတာ ယုံကြည်အောင်ပြောဖို့ ခက်လှလေသည်။

"ငါ့နှယ်နော် ... ငါ့သမီးလေးဟာ တက္ကသိုလ်တက်ကတည်းက ချစ်ကြ၊ ကြိုက်ကြ၊ စကားကမ်းလှမ်းကြသူတွေ ဒီလောက်များပါရက်နဲ့ ဒီမောင်အေးချမ်းကိုမှ ရွေးမိဖို့ ဖြစ်လာတာ ... ဒါ ကံကိုက ခေနေတာမျိုးများလား ... ဒီမောင်အေးချမ်းကို ကိုယ့်သားအရင်းလေးလို မချစ်နိုင်လို့လည်း မဟုတ်ပါဘူး ... သူ့ကိုလည်း ယုံကြည်နိုင်ပါတယ် ... ဒါပေမဲ့ ... သူနဲ့သာ မယူဖြစ်ခဲ့ကြရင် ... သူ့ကိုယူမိလို့ ဖြစ်လာရတဲ့ ဒီပြဿနာမျိုးကြီးနဲ့ ငါ့သမီးလေးနဲ့ ဘာမှ ဆက်ဆိုင်နေစရာ မရှိဘူးလို့ ...ခဏခဏကို တွေးမိနေတော့တာပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



မိုးနတ်ပုံ အကြောက်ဆုံးကလည်း အဲဒီလို အတွေးကိုပဲ ဖြစ်ပါသည်။ ကိုယ်တိုင်တောင်မှ ... စိတ်အင်မတန် ကျဉ်းကျပ်နေရစဉ် တစ်ခါက ... "အေးချမ်းကို လက်ထပ်မိတာမှားပြီလား" လို့ ယောင်ယမ်းပြီး တွေးခဲ့မိသေးတာဆိုတော့ ... မိုးနတ်ပုံရဲ့မိဘတွေ ဒီလိုတွေးမိကြတာလည်း အလွန်မရှိချေ ...။ လူတိုင်းဟာ ဒီလိုပဲ (ဖြစ်နိုင်ကောတာလည်း မဟုတ်ဘဲနဲ့) တွေးမိကြမည့်သူချည်းပင် ...။ အဲဒီလိုဆိုရင်တော့ ... အေးချမ်းအပေါ်မှာ ကိုယ့်အပြစ်က, မကင်းသလို ... အားနာပြီး ... မျက်နှာချင်းတောင်သေချာမဆိုင်ဝံ့ ...။

ခုနောက်ပိုင်းမှာ မောင်အေးချမ်း ခမျာလည်း ... ပြောင်စပ်စပ် နောက်တီးနောက်ရွတ် စကားသံကလေးတွေနှင့် ဟန်ပန်တွေပင် အတော်ကြီး ကွယ်ပျောက်ကာ ... စားသတိ၊ သွားသတိလို ပုံစံကြီးနှင့် ... သူ့အပြစ် မရှိသော်လည်း ... မိုးနတ်ပုံရဲ့မိဘတွေကို ရင်ဆိုင်နေရမှာကိုပဲ မဝံ့လှ့ုံနှင့် ...။ မိုးနတ်ပုံရော... မေမေပါ ... ကိုယ့်ရဲ့အတွေးကြီးကြီး အတွေးတွေကြောင့် အေးချမ်းကို မျက်နှာချင်းဆိုင်ရမှာ မျက်နှာပူသလို ... အေးချမ်းကလည်းပဲ ... "ငါ့ကြောင့်၊ ငါနဲ့ပတ်သက်လို့ ဒီလိုမျိုးကြီး ဖြစ်နေရတာ..." ဟု မိုးနတ်ပုံတို့ မိသားစုကို ပြန်ပြီးမျက်နှာပူလေသောအခါ ... တစ်အိမ်တည်းနေ,နေကြသည့် မိသားစုဝင်တွေဟာ အချင်းချင်း လှည့်ပတ်ပြီး ရှောင်နေမိကြသလို ဖြစ်လာသည်။





အေးချမ်းကလည်း မလုပ်စဖူး (မိုးနတ်ပုံ မပါဘဲ) သူ့မိဘအိမ်သို့ သူတစ်ယောက်တည်း ထွက်သွားတဲ့အခါလည်း ...ချင်ရှိလာသည်။ ရုံးက ပြန်ရောက်ချိန်စောရင် ... တစ်အိမ်တည်းနေပြီး လှည့်ပတ်ရှောင်နေရမဲ့တူတူ ကိုယ့်အမေအိမ် ကိုယ်သွားနေ,နေလိုက်တော့ သူ့အတွက်လည်း အသက်ရှူချောင်ရတာပေါ့ ...။ ...းနတ်ပုံကကျတော့ ... ကိုယ်ရောက်သွားတုန်းမှာ ဖုန်းထလာမှာ ...းလို့ အဲဒီအိမ်ကို မသွားချင်ပေ ...။ ယောက္ခမကြီးကိုလည်း အဲဒီလိုပဲ အတိအလင်း ဖွင့်ပြောထားတာမို့ ... အေးချမ်းရဲ့မေမေ ...ကလည်း ..."ဟုတ်သားပဲ ... မလာနဲ့ ... မေမေလည်း ညနေ ...ကက်တွေ လာနေတာပဲ ..."ဟု ခွင့်ပြုထားပြီးသားလေ ...။

နှစ်ယောက်တည်း တစ်အိမ်နေကြစဉ်က ..."ငါမရှိ ...င် နတ်ပုံတစ်ယောက်တည်း အိမ်မှာ ..."ဆိုတဲ့ အတွေးနဲ့ ... ...အိမ်မလည်တတ်သော ...၊ ရုံးပြန်စောသော၊ အပေါင်းအသင်းတွေနဲ့ ...လက်ဖက်ရည်ဆိုင် ထိုင်နေဖို့ ဝန်လေးတတ်သော၊ မိုးနတ်ပုံမှမပါ ...င် ဘယ်ကိုမှ မသွားတတ်တော့သော မောင်အေးချမ်းက ... ...လိုချိန်ကျတော့ ... အိမ်ပြန်ဝင်ရမှာ စိတ်ညစ်တာရော ...၊ "သူ့ ...မှာ စိတ်ချရတဲ့ ဘော်ဒီဂတ်တွေ ရှိနေတာပဲ ..."ဆိုတဲ့ အတွေး ...ကြောင့်ရော ... အရင်က မလုပ်တတ်တာတွေအားလုံး ... ပြိုင်တူ ...င် လုပ်တတ်ချင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုစိတ်ပျက်စဖွယ် ကောင်းသော အခြေအနေ
အိလည်လည်ကြီးဟာ ... လင်မယားနှစ်ယောက် ... ကိုယ့်တိုက်
ခန်းလေးရှိရာဆီ ကိုယ်ပြန်ပြောင်းပြီး၊ ပြန်နေလိုက်ကြရင် ...
ပြုပြင်ပြီးသား မူလအနေအထားသို့ ပြန်ရောက်သွားနိုင်တာကိုတော
တွေးမိပါရဲ့ ...။ သို့သော် ... တယော ဆိုတဲ့ မိန်းမရဲ့ ... နည်း
လမ်းတိုက်ကွက် အဖုံဖုံကို ရင်မဆိုင်ချင်တာနှင့်ပဲ ... "ကောင်းနိုင်
တယ်"ဟု သဘောပေါက်သည့် နည်းလမ်းကို လိုက်လုပ်မိဖို့က
တော့ ခေါင်းထဲမထည့်မိချင်ပေ ...။

အေးချမ်းလည်း အိမ်ပြန်ပြောင်းနေချင်မှာပဲ ဆိုတာ
မိုးနတ်ပုံက သိပါသည်။ အမေအိမ် ပြန်နေ,နေရတဲ့ ခုအခြေအနေ
ဟာ ... ရောက်စတုန်းကလို ... စားကောင်းသောက်ဖွယ်တွေစား
ကားကလေးနဲ့ အပြင်ထွက် ... ဓိမ်ပဲ ... ဆိုတဲ့ ပုံစံမျိုးနှင့်
မဟုတ်တော့တာပဲ ...။ သူကပဲ ခေါ်လာထားပြီး ... သူကပဲ "ပြ
ကြပါစို့ ..."ဟု စကားပြန်စဖို့ အခက်တွေ့နေတာပဲ ဖြစ်လိမ့်မည်
မိုးနတ်ပုံကလည်း (ကိုယ့်အတွက်ပဲ ကိုယ်ကြည့်ကာ) သူစကား
လာမှာကိုတောင်မှ ကြောက်နေသည်။ သူကစလာလျှင် ပြိုင်ငြ
ရတော့မှာမို့ ... နှစ်ယောက်တည်း ခပ်ကြာကြာလေး အချိန်ပ
စကားပြောဖြစ်ကြဖို့ကိုတောင်မှ ရှောင်ရှားချင်လာသည်။





"ကားတောင်းပြီး အပြင်လျှောက်လည်ရအောင်
ကွာ... ညနေ ရုံးကစောပြန်လာခဲ့မယ် ... ပြင်ထား"ဆိုသည်ကို
ဖင် ..."ဟင့်အင်းကွာ ... နေလို့မှ မကောင်းဘဲ ... အပြင်မလည်
ချင်ပါဘူး ..."ဟုပင် ငြင်းပစ်ထားမိလေသည်။ ပြီးကျတော့ ကိုယ့်
ဘာသာပဲ ..."လက်ထပ်ပြီးကြတာဖြင့် တစ်နှစ်မပြည့်သေးဘူး ...
ငါနဲ့ အေးချမ်းနဲ့ သိပ်အလှမ်းကွာပြီး ဝေးနေကြသလိုလို ဖြစ်နေ
ပါပေါ့လား ..."ရယ်လို့ ... ကိုယ့်ကိုယ်ကိုယ် ပြန်အပြစ်တင်ကာ
စိတ်မကောင်းနိုင်ပြန်ပေ ...။

"ကိုယ်တို့အဖြစ်က ဘယ်လိုဖြစ်နေပြီလဲသိလား ... နိုင်ငံ
ခြားမှာဆိုရင် ဒီလောက်ဖြစ်နေရင် ... အဲဒီလင်မယားနှစ်
ယောက်စလုံးဟာ အိမ်ထောင်ရေး အတိုင်ပင်ခံ အကြံပေး
တွေ ... စိတ်ရောဂါကုဆရာဝန်တွေဆီ သွားပြီး တိုင်ပင်ဆွေး
နွေးပြီး အဖြေရှာ ... အကြံဉာဏ်ယူတာမျိုးတွေတောင်
လုပ်ပြီးနေပြီ ... ဒီမှာက ဒါမျိုးတွေ မရှိလို့ ... တကယ့်
တကယ်က အဲဒီလို လုပ်ကြည့်ကြဖို့တောင် လိုအပ်နေပြီ...
အဲဒီလောက်ကို ဖြစ်နေပြီ ..."

နောက်ဆုံးမှာတော့ အေးချမ်းက သည်းမခံနိုင်တော့
သလို ... မထိန်းချုပ်နိုင်တော့သလို (ဒါတောင် မိုးနတ်ပုံရဲ့မိဘ
တွေ ကြားကုန်မှာစိုးလို့ ... တိုးတိုး ... ပျော့ပျော့) ဖွင့်ပြောလာ
လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီပုံအတိုင်း ကြောက်နေရင် တစ်သက်လုံးပဲ ဆက်ကြောက်နေရတော့မှာ … တစ်ခါပဲ အကြောက်ခံတော့မယ် … အတိအလင်း ရင်ဆိုင်ပစ်မယ် …"

မိုးနတ်ပုံက နှုတ်ခမ်းလေးကို တင်းတင်းစေ့ကာ ပြောလိုက်သည်။

"ဘယ်လို …"

"ဒီအိမ်နဲ့မနီးတဲ့ လူရှင်းရှင်း တစ်နေရာမှာ နတ်ပုံတစ်ယောက်တည်း သွားထွက်ထိုင်နေလိုက်ရင် … နတ်ပုံနားကို သူ ရောက်လာမှာပဲ … တစ်နေ့နဲ့ မအောင်မြင်ရင် … ရောက်မလာသေးရင် … နှစ်ရက်ပေါ့ … သုံးရက်ပေါ့ … နေ့တိုင်းပေါ့ …"

"ရောက်လာရင် …"

"သူပြောချင်ရာ ပြောပစေလေ … နတ်ပုံကလည်း ပြန်ပြောမှာပဲ … သူ နတ်ပုံကို စိတ်တွေတိုလာပြီး တစ်ခုခု ကိုယ်ထိလက်ရောက် လုပ်ချင်လုပ်… သူ မလုပ်ရင်တော့ နတ်ပုံက လုပ်ထည့်လိုက်မှာပဲ … သူက ပြန်ပြီးကြောက်သွားရအောင်တောင် တွယ်ထည့်ပစ်လိုက်ဦးမယ် … ပြီးကျမှ သူ့ဘာသာ ဘယ်တိုင်တိုင်… တန့်သွား … ရှိန်သွားရင်ပြီးရော…"





"ဟ … ဟ … အဲဒီလိုတော့ မဟုတ်သေးဘူးလေ … နတ်ပုံက မလုပ်လိုက်နဲ့လေ … သူကသာ တစ်ခုခုလုပ်လာရင် … သိပ်မဆိုးလောက်ဘူးဆိုရင် … ကိုယ်တို့က တစ်နေရာရာကနေ ချောင်းဖမ်းပြီး သက်သေအထောက်အထားယူမယ်၊ လူတွေအများကြီး စုခေါ်ထားလို့ မဖြစ်နိုင်ရင်လည်း ဗီဒီယိုကင်မရာနဲ့ ရိုက်ပြီးပဲဖြစ်ဖြစ် …"

တစ်မျိုးကြီးတွေ ဖြစ်နေတာ ကြာပြီဖြစ်သည့် လင်မယားနှစ်ယောက်သား … ခုမှပင် ဆန္ဒတွေ ကိုက်ညီပြီး … တစ်သွေးတစ်သားတည်းတွေလို ဖြစ်သွားကာ … အားရဝမ်းသာ … "တဟဲဟဲ"တွေ ရယ်လိုက်မိကြသည်။

"ကင်မရာနဲ့ ရိုက်ကောင်းကောင်းနဲ့ ရိုက်နေပြီး … နတ်ပုံသေသွားတဲ့အထိ သတင်းယူလို့ မပြီးနိုင်တာမျိုးလည်း ဖြစ်နေဦးမယ် …"

"အာ … ကိုယ့်ဘက်ကိုတော့ စိတ်ချစမ်းပါ … နတ်ပုံသာ စိတ်ထိန်းဦး … သူ့ဖမ်းချင်လို့ ဗီဒီယိုရိုက်ထားကာမှ … နတ်ပုံရဲ့ လက်ကွက်တွေချည်း ဖြစ်နေလို့ … ရဲတိုင်အကြောင်းကြားလို့ မရတဲ့အပြင် … အဲဒီအခွေကြီးကိုပါ ဘယ်မှာဖျောက်ဖျက်ရမယ်မသိ ဖြစ်နေရဦးမယ် …"

မိုးနတ်ပုံမှာ … ခုမှပင် အပြုံးချိုချိုလေးတွေ ပြန်မြင်ရတော့သော အေးချမ်းရဲ့ မျက်နှာကလေးကို ကြည့်မဝနိုင်သလို ငေးနေရင်းက …



www.burmeseclassic.com

www.burmeseclassic.com



"သူ လာမယ် ထင်သလားဟင် ..."

"လာမှာပေါ့ နတ်ပုံရယ် ..."

"သူ့ကို အေးချမ်းက တစ်နေ့ရာရာကနေများ စောင့်ချောင်းပြီး ဖမ်းလေမလားလို့ ... သူက မထင်နိုင်ဘူးလား ..."

"အင်း ... ထင်ရင်လည်း ထင်မှာပေါ့ ... ဒါပေမဲ့ ... သူ ဒီလောက်ရန်ရှာချင်နေတဲ့ မိုးနတ်ပုံကို ဒီလိုတစ်ယောက်တည်း ... ဘော်ဒီဂတ်တွေလည်း မပါဘဲ ... နှစ်ယောက်ချင်း တွေ့ကြရဖို့ဆိုတာ လွယ်တော့တာမှ မဟုတ်တာ ... အခွင့်အရေးတစ်ခုကို လက်လွှတ်မခံချင်စိတ်တွေလည်း သူ့မှာရှိကိုရှိနေရမှာပေါ့ ... ကိုယ်တို့လိုပဲလေ ... အန္တရာယ်တွေ့နိုင်တဲ့ကြားက စွန့်စားကြည့်လိုက်ဦးမယ်ဆိုတဲ့ စိတ်ဓာတ်မျိုး ... သူ့လို မိန်းမတစ်ယောက်မှာ ရှိနေမှာပါ နတ်ပုံရယ် ..."

ပြီးမှ အေးချမ်းက အနေရခက်သည့် ပုံစံလေးနှင့်ခုမှ ဝန်ခံရသလို ...

"မမဆီ သူ ဖုန်းဆက်,ဆက်နေတာ လေး ... ငါးခါလောက်ရှိပြီတဲ့"

"ဟင် ... ကြည့်စမ်း ... ဖုံးထားကြတယ် ..."

"မေမေတော့ မသိပါဘူး ... ကိုယ်တို့မောင်နှမနှစ်ယောက်ပဲ တိုင်ပင်ပြီး မပြောဖြစ်ကြတော့တာ ..."

"ဘာတဲ့လဲ ... သူက အေးချမ်းရဲ့ အစ်မကိုပါ သတ်ချင်တယ်တဲ့လား ..."





"ဟင့်အင်း ... မမကိုတော့ ... ဘာတွေလဲ မသိပါဘူး ... ဓာတ်လမ်းတွေ၊ ဓာတ်လမ်းတွေ ပြောပြောပြီး ငိုတာပါ"

"ဟင် ..."

မိုးနတ်ပုံမှာ ဒေါသတွေ ထွက်လာရပြီး ... တယောက်ိုတင်မက ... ကိုယ့်ယောက်မကိုပါ စိတ်တိုချင်သလိုလို ဖြစ်သွာသည်။

"မိန်းမသားချင်း ဆိုတော့လည်းကွာ ... သူက ရန်မရှာ ... မဆဲဆိုဘဲ ... တောင်းပန်ပြီး ငိုချည်းနေတော့ ... မမလည်း ဘာလုပ်ရမလဲ ... ချော့မော့ပြီး ဖုန်းချပစ်လည်း ပြန်ဆက်တာပဲ ဆိုတော့ ... သူဆက်တိုင်း ဆက်တိုင်းမှာ သူ ပြောချင်ရာတွေ ပြောပြီးတဲ့အထိ ... ငြိမ်ငြိမ်ပဲ နားထောင်ပေးနေရတယ် ..."

ဟို ... နတ်ပုံကို ဥပမာယူပြီး ... သူလည်း တစ်ဖက်က ဒီလိုပြောပြောဆိုဆိုလေး ရှိနေတာကမှ တော်သေးတယ်လို့ တွက်မိတာလည်း ပါတာပေါ့ ... သူပြောတာတွေကို လုံးဝနားမထောင်ဘဲ ဆန့်ကျင်ဘက် လုပ်လိုက်မိရင် ... သူ့ကိုပါ ရန်သူစာရင်းသွင်းပြီး ရန်ဆက်ရှာလာမှာကိုလည်း မမက စိုးတယ်တဲ့ ... အဲဒါကြောင့်ပါ ..."

"သူ ပြောတာတွေကရော ဘာတွေတဲ့လဲ ... မမကရော ယုံတာပဲတဲ့လား ..."



www.burmeseclassic.com

www.burmeseclassic.com



"ယုံဖို့-မယုံဖို့ထက် ... ဘာတွေပြောနေမှန်းတောင် ခေါင်းထဲ မရောက်ပါဘူးတဲ့ ... မမမှန်း သိတာနဲ့ တန်းငိုပြီး ... နှတ်ပုံ မကောင်းကြောင်း ... သူပဲ ကောင်းကြောင်း ... အေးချမ်းကို သူသာ ပိုင်ထိုက်ကြောင်းတွေချည်းပေါ့ ... အဲဒါမျိုးတွေပဲ ပြောတော့တာ ..."

စောစောက ကြည်လင်နေသော စိတ်တွေပင် ပြန်နိုပြီး နောက်ကျိသွားသည်။

"မှန်မှန်ပြောနော် ... အေးချမ်းကိုရော ... ဖုန်းနဲ့ပဲဖြစ်ဖြစ်ပေါ့ ... တိုက်ရိုက်ဆက်သွယ်သလား ..."

"ဟင့်အင်း ... ဖုန်းရော၊ စာရော၊ လူရော ... တစ်ခါမှ မကြုံသေးဘူး ..."

"ကြောက်လို့ပါ"ဆိုတဲ့ ယောက်မကိုလည်း ... "ဖုန်းဆက်မပြောပါနဲ့တော့ ... ရန်သူလို့ သတ်မှတ်ရင်လည်း သတ်မှတ်ပစေပေါ့ ... သူ့ဘက်ပါအောင် ဆွဲဆောင်နေတာ အသိသာကြီးနဲ့ဆိုတော့ ... နှတ်ပုံ မခံစားနိုင်ဘူး ..."လို့ တားမြစ်ပိတ်ပင်ပြန်ရင်လည်း ကိုယ်ပဲ မကောင်းရာ ကျတော့မည် ...။

"ကဲပါလေ ... ရင်ဆိုင်လိုက်ကြရုံပေါ့ ..."

ကိုယ့်ဘာသာ ခပ်ကျယ်ကျယ် အော်ပြောလိုက်လျှင် သတ္တိစိတ်က အနည်းငယ်မျှတော့ ဝင်လာသည်။





## အခန်း(၄)

သုံးရက်ဆက်တိုက်လောက် ... ညနေစောင်းလင်း
င်းချင်းချင်း အချိန်ကနေ ... မှောင်စမပျိုးတပျိုးလောက် အချိန်
... အချိန်ပေး လျှပ်ရှားလိုက်သောအခါ ... လေးရက်မြောက်
ည့်နေ့မှာ အခြေအနေက ထူးခြားလို့ လာခဲ့လေသည်။

မကြောက်ဘူးတော့ ဘယ်ဟုတ်ပါ့မလဲ ... ကြောက်
ာပေါ့နော် ...။ ကြောက်တာမှလေ ... အသည်းထဲ နှလုံးထဲက
ပြီးတော့ကို နေတာ။ ညနေ လေးနာရီလောက်ကနေ ခြောက်
ရီလောက်ထိ နှစ်နာရီသော အချိန်ကာလဟာ ... မိုးနှတ်ပုံ
တွက်တော့ နှစ်ကမ္ဘာလောက်ကြီးနီးနီးတောင် ကြာပြီလား ထင်
သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခြောက်နာရီလောက်ကျ ... ပြန်မယ်"ဟု ဆုံးဖြ
ထားပေမဲ့ နာရီတကြည့်ကြည့်ကလည်း မလုပ်ရဲ ...။ ခါတိုင်း
ဟိုဟိုဒီဒီ မျက်စိကစားပြီး ရှာဖွေနေတာမျိုးလည်း မလုပ်ရဲ
လုံးဝမရှာဖွေပြန်ရင်လည်း ... "ဒီဟာမ တယ်သတ္တိရှိနေ
လား ... ထူးခြားတယ်"ဟု သတ်မှတ်ဦးမှာ စိုးရတာမို့ ... မသ
သာ တစ်ခါ နှစ်ခါလောက်လည်း ခေါင်းလည်ပြကာ ရှာဖွေ
ရသေးသည်။

သရုပ်ဆောင်ကတော့ တကယ်ကောင်းပြရ
သည်။ ရှာဖွေပြတာတောင်မှ ကိုယ့်နောက်က ကင်းပုန်း
ရာလည်း ရောက်မှာစိုးရသေးတာကိုး ...။ ပိပိရိရိရှိအောင်
အေးချမ်းကို မိုးနတ်ပုံနဲ့ တစ်ပါတည်း လိုက်စေတာလ
မဟုတ်ပါ ...။ နေ့စဉ်ရက်ဆက်ဆိုလည်း ယုတ္တိမရှိမှာစိုးလို့
ခြားပြီး ထွက်ရတာဆိုတော့ ... အေးချမ်းခမျာလည်း သူ့ရုံး
ရက်ခြားပြီး စောစောခွင့်ပန်ထွက်လာလို့ ရတာပေါ့လေ ...
အဲဒီအခါကျ ..."အေးချမ်းမှ ရောက်လာပါ့မလာ
ငါ့ကို စောင့်ကြည့်ပေးနေတဲ့သူမှ ရှိနိုင်ပါ့မလား ... သူ့
ဒီနေ့ စောစောထွက်လာလို့ ရပါ့မလား ..."နဲ့ ပူရပင်ရတာက
မျိုး ...။ ကိုယ့်ဘာသာ ဟန်ဆောင်ပြရင်း ခေါင်းလည်နေတု
သူ့ဟာနဲ့သူ ပုန်းအောင်းချောင်းမြောင်းနေမည်ဖြစ်သည့် အေး
နှင့် တန်းတိုးပြီး မျက်လုံးကြီးတွေ ဆိုင်နေမိကြမှာကလည်း





သေးတာမို့ ... ခေါင်းလည်တာတောင်မှ မျက်လုံးကလေးကို မှေး
မှေးသာ ထားဝံ့လေသည်။

နှစ်ကမ္ဘာတိတိ ချွေးပြန်တုန်လှုပ်ပြီးရင်တော့ မိုးနတ်ပုံ
ကို ပြန်ကြိုပေးမည့် ကားကလေးက ခြောက်နာရီအတိလောက်
မှာ ရောက်လာမည်။ အဲဒီအခါကျ ... ယနေ့အဖို့လည်း ကိုယ့်ရဲ့
ရည်မှန်းချက် တိုက်စစ်က မပြည့်ပြန်ပေမဲ့ ..."လွတ်မြောက်ပြီ
ဟေ့ ... လွတ်မြောက်ပြီ ... ဒီနေ့အဖို့တော့ အချိန်ကစေ့ပြန်ပြီ"
လို့ ထမကြွေးကြော်မိရုံတစ်မယ် ... လျင်မြန်သွက်လက်သော
ခြေလှမ်းတို့နှင့် မိုးနတ်ပုံက ထပြန်မိတတ်လေသည်။

သူ့ဘာသာ တစ်နေရာမှာ ရှိနေမည့် အေးချမ်းကို
တော့ ... ခရီးကြုံလမ်းကြုံပဲ ... ကားကလေးနဲ့ သက်သောင့်သက်
သာ ပြန်လိုက်ပါလားဟု မခေါ်ရဲပေါင် ...။ တစ်နေရာကနေ မြင်
သွားမှာ စိုးရသည်လေ ...။ သူ့ဟာနဲ့သူ ဆိုင်ကယ်ပါလာလျှင်
လည်း ဆိုင်ကယ်နဲ့ ...၊ ဒါမှ မဟုတ်ရင်တော့ ဘတ်(စ)နဲ့ပဲ ပြန်
ရောက်လာမည့် အေးချမ်းကို အိမ်ဝကထွက်မျှော်နေမိပြီးမှ ...
"ဒီနေ့ ဘယ်နားမှာ ရှိနေတာလဲ ..."၊ "နတ်ပုံရဲ့ရုပ်ကြီးက နည်း
နည်းတင်းပြီး သတိဆွဲထားသလို ဖြစ်နေတယ် ..."၊ "လေးနာရီ
အတိမှာ ရောက်လာရဲ့လား ... ကြောက်တယ်နော် ... နောက်မကျ
စေနဲ့" ... စသဖြင့်တွေ ... လင်မယားနှစ်ယောက် ပြန်တိုင်ပင်ဆွေး
နွေးကြရတာကလည်း စိတ်ဝင်စားစရာ တစ်မျိုးလေ ...။



www.burmeseclassic.com

www.burmeseclassic.com



မိုးနတ်ပုံတို့ နှစ်ယောက်ရဲ့ စွန့်စားခန်းနဲ့ အစီအစဉ် ကို နှစ်ဖက်မိဘဆွေမျိုးတွေကိုတော့ လုံးလုံးမှ ဖွင့်မပြောပါဘူး ...။ လူကြီးဆိုတာမျိုးက လူငယ်တွေလို ကလိမ်ကကျစ်နဲ့ ဓာတ်လမ်း ဆန်ဆန် လှုပ်ရှားချင်တာမျိုးတွေကို သဘောကျနိုင်ကြမှာ မဟုတ် ဘူးလေ ...။ ရှင်းရှင်းဖြောင့်ဖြောင့်ပဲ တွေးတောလုပ်ဆောင်ချင် ကြမှာ ...။ "ထောင်ဖမ်းတာပါ"ဆိုရင် ... "ကိုယ်အရင်ဦးဆုံး ထိခိုက်နေမယ်"ရယ်လို့ သဘောတူနိုင်ကြမည် မထင်ပေ ...။

အေးချမ်း ပြောသလို ... မာဖီးယားဂိုဏ်းက လူဆိုး မကြီးနဲ့ ရင်ဆိုင်နေရတာတော့ မဟုတ်ပေမဲ့ ... ကိုယ်က သူ့ကို လုံးလုံးမမြင်ရနိုင် ...။ သူကပဲ ကိုယ့်ကို မြင်နေရ ... ကိုယ်လှု ရှားတာ မှန်သမျှ စောင့်ကြည့် စောင့်သိနေနိုင်တဲ့ အခြေအနေ တာ တော်တော်ထိတ်လန့်ဖို့ ကောင်းတာပေါ့နော် ...။ ပြီးကျတော့ သူ့ရဲ့အခြေအနေက ... အရူးလား၊ အကောင်းလားမှ မသိတာ ပဲ ...။ အရူးဆိုရင်တော့ မပြောပါနဲ့တော့ ... အကောင်းပကတိ လူသားတွေသည်ပင်လျှင် ... ဒေါသ၊ မောဟ၊ သောကနဲ့ လော စိတ်တစ်ခုခု ကပ်ငြိပြီး မွန်နေချိန်တွေကျရင် ... ဘာကိုမှမ တတ် ... မစဉ်းစားတတ်ကြတော့ဘဲ မျက်ကန်းတစ်ယောက်လို အရူးတစ်ယောက်လိုပဲ ပြုမူလှုပ်ရှားကုန်တတ်ကြတာ ... သာဓ တွေက အများကြီးပဲကိုး ...။





ထုံးစံအတိုင်းပါပဲ ...။ နှင်းစပယ်ကိုပဲ အားကိုးအကူ အညီတောင်းရပြန်တာပါ ...။ သူက ကိုယ့်ကိုယ်ပိုင်ကားကို ကိုယ် တိုင်မောင်းနှင်ပြီး သွားလာလှုပ်ရှား ... တတ်သူတစ်ယောက် ဆိုတော့ ... လူအကူအညီတင်မက ကားအကူအညီအတွက်လည်း အဆင်ပြေသည်။ လေးနာရီမထိုးခင် အိမ်သို့ကားကလေးနဲ့ ရောက် လာ၊ သူ ပဲလာခေါ်။ သတ်မှတ်ထားတဲ့ နေရာသို့လိုက်ပို့ ... ချခဲ့ပေး ...။ ခြောက်နာရီထိုးရင် ပြန်လာခေါ် ... အိမ်ပြန်ပို့ပေး ...။

သတ်မှတ်ထားတဲ့ နေရာမှာ ချပြီးရင် သူပါတစ်နေ ရာရာက ဆက်ပြီးစောင့်ချောင်းမနေဖို့ ...။ ယုတ္တိမရှိမှာစိုးလို့ တကယ်ပဲ စိတ်ချလက်ချ ပြန်ထွက်သွားဖို့ ...။ ခြောက်နာရီ ... "ဒေါင်"ခနဲ ထိုးတာနဲ့ အမှောင်ရိပ် မကြီးစိုးသေးခင် ခေါ်ဖြစ် အောင် ပြန်လာခေါ်ဖို့ ...။ ဒီအစီအစဉ်ကို မိုးနတ်ပုံတို့ရဲ့ နှစ်ဖက် မိဘနဲ့တကွ ... တခြားဘယ်သူ့ဘယ်သူဆီကိုမှ နှုတ်မဖွာ ... ပြန် မပြောမိစေဖို့ ...။ ဒါတွေကိုတော့ အာပေါက်အောင်ပင် တောင်း ပန်မှာကြားရတာပေါ့နော် ...။

ဒါတောင် သူလည်းပါချင်တယ် ... သူလည်းဝိုင်း ချောင်းဦးမယ် ... ဆိုလို့ ... အေးချမ်းက စကားပိတ်ပြောပစ်လိုက် တော့မှပင် အင်တင်တင်နှင့် လက်ခံတော်မူသည်။ မိုးနတ်ပုံချည်း ပြောရင်တော့ ရမဲ့ပုံမပေါ် ...။ အေးချမ်းရဲ့စကားကိုသာ ဂရုစိုက် ပုံရတာမို့ ... ဤလည်းတစ်ဒုက္ခပင် ...။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ကလိမ်ကကျစ်ဆန်ဆန်၊ ငယ်ငယ်က,ဂဏား ကြသော သူခိုးပုလိပ်ဖမ်းတမ်းဆန်ဆန် ကစ္စရပ်တွေမှာ ... အတော် ကလေး စိတ်ပါဝင်စားဟန်ရှိတဲ့ နှင်းစပယ်က ... အေးချမ်းထက် ပင် "စိန်တက်ကြွ"ဖြစ်လို့နေတာပါ ...။ မိုးနတ်ပုံကို လာအကြို နဲ့ ပြန်အပို့ ကားမောင်းရတာကိုပင် ... "တို့ကို မှတ်မိနေရင် ... ဘာမှ မလှုပ်ရှားရဲမှာစိုးလို့ ..."ဟု ဆံပင်တု အဖြောင့်အတို ခေါင်းစွပ်လေး စွပ်ချထားကာ ... ကော်ကိုင်းနက်နက် ... မျက် မှန်အကြည်ကလေးနှင့် ရုပ်ဖျက်ထားတာမို့ ... မိုးနတ်ပုံနှင့် အေး ချမ်းကို့ ... သူ့ကွယ်ရာမှာ ကျိတ်ရယ်ကြရသေးသည်။

စိုးရိမ်စိတ်ပူကြရသော်လည်း ... မိုးနတ်ပုံတစ်ယောက် အပြင်ထွက်ပြီး လှုတော့တိုးခရီး ...၊ ပြင်ပလေနဲ့ ထိတွေ့ရေးတွေ မှာ ဘော်ဒီဂတ်ကြီးနှစ်ယောက်အဖြစ် စွမ်းစွမ်းတမံတွေ ပါဝင်နေ ကြရတာကို ... (သူတို့ခမျာလည်း မိန်းမဖြစ်ရုပ်အထဲ ... အသက် ကလည်း ကြီးနေကြသေးမို့) အတော်ကြီး ကြောက်ရွံ့စိတ်ပျက်နေ ကြပြီဖြစ်တဲ့ အမေနှစ်ယောက်ကိုတော့ ... နှင်းစပယ်ရဲ့စကားတွေ နဲ့တင် ... ထိန်းထား ... အောင်မြင်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

အဲဒီလို အစစအရာရာ တိတိကျကျတွေ စီစဉ်ပြီး ... သွားလိုင်စောင့်ပါသော်လည်း ... တစ်ရက်မလာ ...။ တစ်ရက် မလာ ... နဲ့ ... သုံးရက်လောက် လှုပ်ရှားပြီးချိန်မှာ ... ကာယကံ ရှင်ဖြစ်တဲ့ မိုးနတ်ပုံကလွဲလို့ အေးချမ်းရော ... နှင်းစပယ်ပါ စိတ် မရှည်စပြုပြီ။





"နတ်ပုံရဲ့တစ်ယောက်က ပေါ်ကော ပေါ်လာဦးမှာလား ..."

"ဟုတ်ပါရဲ့ နတ်ပုံရယ် ... မသကာ နတ်ပုံတို့ အရင်လမ်း ထိပ်က ပန်းခြံထဲမှာပဲ သွားစောင့်နေတာဆိုလည်း ... သူ့ အိမ်နဲ့ နီးချင်နီးနေမှာမို့ သူ ရောက်လာနိုင်တယ် ဆိုတာက ဖြစ်နိုင်တယ်လေ ... ခုဟာကတော့ ကြိုရာလူရှင်းတဲ့ပန်းခြံ၊ ကစားကွင်းတွေဆိုတော့ ... ကိုယ့်နောက်က တကယ်ပဲ တရစပ် တောက်လျှောက်ပါနေမှသာ ... မိုးနတ်ပုံ တစ် ယောက် ဒီထဲမှာ တစ်ယောက်တည်း ရောက်နေပါလား ဆိုတာ ... သူသိနိုင်မှာပေါ့ ... နို့မို့ဖြင့် ချိန်းထားကြတာ လည်း မဟုတ် ... သူ့အိမ်နဲ့လည်း မနီးဆိုရင် သူပေါ်လာ နိုင်ဖို့ဆိုတာ တစ်ထစ်ချ တွက်ထားလို့ ရပါ့မလား ... နောက်ကလည်း တရစပ်ပါမနေရင်လေ ... ဆုံဖြစ်ကြဖို့ က လုံးဝကြီးကို တိုက်ဆိုင်မှ ဆိုသလို ဖြစ်နေတာပေါ့ ..."

"မစပယ်မှာ ... နတ်ပုံကို ကူညီနေရတဲ့အတွက် ... မအား မလပ်တာတွေ ... အလုပ်ပျက်တာတွေများ ရှိနေလို့လား ဟင် ..."

"ဟာ ... အဲဒီလိုတော့ မဟုတ်ပါဘူး ... တို့က အကူအညီ မပေးချင်တော့လို့ ပြောနေတာ မဟုတ်ဘူးနော် ... လက် တွေ့မှ ကျပါ့မလားလို့ ... ဒါကို စိုးရိမ်တာ ... ဒီနည်း လမ်းနဲ့ပဲ အောင်မြင်နိုင်တယ် ဆိုရင်တော့ ... ကြိုက်သလို



www.burmeseclassic.com

www.burmeseclassic.com



လုပ် ... ကြိုက်သလောက် အချိန်ယူ ... ရတယ် ... ကိစ္စ မရှိဘူး ... တို့လည်း အားနေတာပဲဟာ ... အချင်းချင်းတွေ ... ဒီလောက်မှ မလုပ်ပေးနိုင်ရင် ဘယ်ဟုတ်တော့မှာလဲ ..."

"စပယ်က ကိစ္စမရှိပေမဲ့ ... ကိုယ်ကတော့ ကိစ္စနည်းနည်း ရှိတယ်ကွ ... ခဏခဏ ခွင့်တောင်းပြီး စောပြန်နေရတယ် ဆိုတာ သိပ်တော့မကောင်းလှဘူး ..."

"အေးချမ်းက ငါးနာရီမှ ရုံးဆင်းတာဆိုတော့ ငါးနာရီကျော်မှ စဖြစ်ရင် ... အချိန်သိပ်မရလိုက်တာတို့ ... အချိန်ပိုယူရင်လည်း သိပ်မှောင်သွားတာတို့ ဖြစ်မယ်လေ ..."

"ဒါဖြင့် ... စနေ၊ တနင်္ဂနွေတွေပဲ လုပ်ကြရင်ကော ..."

"ဩ ... အဲဒီနေ့တွေက အေးချမ်း ရုံးအားရက်ဆိုတာ အဲဒီတစ်ယောက်က မသိဘဲ နေမလား ... ရုံးအားရက်ဖြစ်ရဲ့နဲ့ နတ်ပုံ တစ်ယောက်တည်း ထွက်လာပြီး ... အေးချမ်းကော့ အိမ်မှာကျန်နေတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား ... ယုတ္တိ ဘယ်ရှိပါ့မလဲ ..."

"အစစအရာရာ ယုတ္တိရှိဖို့ကတော့ လွယ်မယ်မထင်ဘူးကွာ ... တကယ်ဆိုရင် နတ်ပုံတစ်ယောက်တည်း အဲဒီလို အပြင်ရောက်နေတာကရော ... တကယ့်တကယ်မှာ ယုတ္တိရှိလို့လား ..."





"ရှိချင်ရှိမှာပေါ့ ... သွားပါ ... မကူညီချင်လည်းနေပေါ့ ... ဒီမှာ ဘာမှမဆိုင်တဲ့ သူများကတောင် ဝမ်းသာအားရကူညီပါ့မယ်ဆိုနေတာကို ... ကိုယ့်ယောက်ျားအရင်းကြီးက လာ ဈေးဆစ်နေတယ် ... ဘယ်လိုလဲ ..."

"ဒါတော့ သူက အလုပ်မှမရှိဘဲ ... အလကားနေ အားနေတာကိုး ..."

မှိုင်းစပယ်က အေးချမ်းကို ဖြန်းခနဲ တစ်ချက်ရိုက်လိုက်ပြန်ကာ မိုးနတ်ပုံကိုလည်း ..."ဘာမှမဆိုင်တဲ့သူလို့ မပြောပါနဲ့နော်..."ဟု လှည့်ပြီး ရန်ထောင်လိုက်လေသည်။ အင်းပါ ... အင်းပါ ...။ သိပ်ဆိုင်ပါတယ် ...။ ဘုရား ... ဘုရား ... ဤလည်း တစ်ဒုက္ခ။

လေးရက်မြောက်တဲ့နေ့မှာတော့ မိုးနတ်ပုံက(--)ပန်းခြံကို ရွေးချယ်လိုက်သည်။ အဲဒီမှာက မိုးနတ်ပုံတို့လမ်းထိပ်က ပန်းခြံလို လူတွေလည်း ပြည့်သိပ်ကျပ်ညပ်မနေ ...။ စိုးရိမ်စရာကောင်းလောက်အောင်လည်း မကျဲ ...။ ပျင်းလာရင် ထသွားထလာ စားသောက်ချင် စားသောက်နေနိုင်ဖို့ လက်ဖက်ရည်၊ ကော်ဖီ၊ အအေးဆိုင်ကလေးတစ်ခုကလည်း ရှိနေသေးသည်။ ပြီးကျတော့ ...အေးချမ်းတစ်ယောက် လှည့်ပတ်၊ ပုန်းခို၊ ရှောင်တိမ်းနိုင်စေရာ အဆောက်အအုံငယ်ကလေးများ ... သစ်ပင်အုပ်အုပ်ကလေးများကလည်း ပတ်ပတ်လည်မှာ အတော်များများပင် ရှိနေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လေးနာရီကနေ ... တစ်နာရီတိတိ ထိုင်ပြီးချိန် ... ငါးနာရီထိုးလွှင်တော့ ... မိုးနတ်ပုံက "ဒီနေ့လည်း အောင်မြင်မှာ မဟုတ်ဘူး ထင်တယ်" ... ဟု အတွေးဝင်လာသည်။ ထိုင်သည့် ရက်က များလာပြီမို့ ကျင့်သားရကာ ... ကြောက်ရွံ့တုန်လှုပ်ဖို့ ထက် ပျင်းရိခြောက်သွေ့စိတ်ကသာ ပိုကြီးစိုးလာသည်။ ရေလည်း ဆာလာသည်။ "နောက်က တရစပ် လိုက်ကြည့်နေတာမျိုးမဟုတ်ရင် ... မိုးနတ်ပုံတစ်ယောက်တည်း ဒီထဲရောက်နေမှာကို သူက သိနိုင်ပါ့မလား ..."ဟူသည့် နှင်းစပယ်ရဲ့ စကားတွေလည်း ခေါင်းထဲရောက်လာကာ ... လူကတောင်တောင်အီအီ စိတ်ထွေပြားပြီး လက်လျှော့ချင်သလိုလိုတောင် ဖြစ်လာသည်။

ခြောက်နာရီမှာ ပြန်ပေါ်လာပြီး..." No ... ပဲမဟုတ်လား"ဟု ပခုံးတွန့် လက်ဝါးဖြန့်ပြရင်း ဆိုတော့မည့် နှင်းစပယ်ကိုပင် ဆက်မစောင့်ချင်တော့ဘဲ ... "အေးချမ်းရေ ... ဘယ်နေရာရောက်နေသလဲဟော့ ... တော်ပြီ ... ဒီအစီအစဉ်ကို ဖျက်သိမ်းတယ် ... ခုပဲ နှစ်ယောက်တူတူ အိမ်ပြန်ကြရတော့အောင် ..."ဟု အော်ပြောပစ်လိုက်ချင်လာသည်။

ငါးနာရီခွဲလောက်မှာတော့ မိုးနတ်ပုံက ထိုင်ရာကထ ကာ ကော်ဖီ၊ အအေးဆိုင်ကလေးသို့ လမ်းလျှောက်လာခဲ့လေသည်။ ဒီနေ့ ... နေဝင်တာ နည်းနည်းစောလိမ့်မယ် ... ခါတိုင်းခြောက်နာရီလောက်ရောက်မှ စသမ်းသော အမှောင်ရိပ်ဟာ ကနေ့တော့





ငါးနာရီခွဲတာနဲ့ အဲဒီလောက်ပဲ ဖြစ်နေပြီ ...။ ဆောင်းတွင်းလည်း မဟုတ်ဘဲနဲ့များ ... ငါးနာရီခွဲတာနဲ့ ရုတ်တရက် ခပ်အုံ့အုံ့ကြီး ဖြစ်သွားရတာ ... မိုးရွာမလို့များလား။

မိုးရွာရင်လည်း အကာအကွယ် ရပြီးသားဖြစ်အောင် လုပြတ်သွားရင်လည်း အနည်းဆုံးတော့ ဆိုင်ရှင်တစ်ယောက်တော့ ကျန်မှာဖြစ်တဲ့အတွက် ... အားကိုးမမဲ့အောင် ...၊ ရေကလည်း ဆာတာနှင့်ပဲ ... မိုးနတ်ပုံက ဆိုင်ကလေးထဲ ဝင်လိုက်ကာ ... အပြင်ဘက် ဟင်းလင်းပြင် ... သို့ဆဲမဲ့ အမိုးရှည်ကြီးတစ်ခုအောက်သို့တော့ ရောက်နေသော ... နေရာက စားပွဲတစ်လုံးမှာ ဝင်ထိုင်ပြီး ... အအေးတစ်ခွက် မှာလိုက်ပါသည်။

အအေးခွက် လာချသော ကောင်ကလေး ပြန်ထွက်သွားပြီးနောက် ... မိုးနတ်ပုံ တစ်ယောက်တည်း ထိုင်နေသော စားပွဲမှာ ... လူတစ်ယောက်က ဖြုန်းခနဲ ဝင်ထိုင်လိုက်လေသည်။ "အမေ့"ဟု ယောင်ယမ်းပြီး အော်လိုက်မိသော မိုးနတ်ပုံကို ... (စားပွဲအလွတ်တွေ အများကြီးလည်း ရှိနေပါသေးရက်) ခွင့်မတောင်းဘဲ ပိုင်စိုးပိုင်နင်း အတူဝင်ထိုင်ချလိုက်သော ... ယောကျ်ားကြီးတစ်ယောက်က ... သွားကြီးဖြဲပြီး ပြုံးပြလိုက်လေသည်။

မျှော်လင့်ထားသလို တယော မဟုတ်ဘဲ ... ဘယ်ကလူစိမ်းကြီးမှန်းလည်း မသိသဖြင့် ... မိုးနတ်ပုံက ကြောက်စိတ်တွေ ပြန်ဝင်လာသည်။ ဖြီးပြထားတဲ့ သွားကြီးတွေက ဝါကြန့်



www.burmeseclassic.com

www.burmeseclassic.com



ကြန့်၊ မည်းညစ်ညစ်တွေနှင့် ကွမ်းသမားသွားကြီး။ လူကြီးကတော့ အသားမည်းမည်းကြီးမှာမှ ဆီတွေရော ချွေးတွေပါ ပြန်ချင်တိုင်း စွတ်ပြန်နေသည်။ ဦးထုပ်စုတ်ကြီးအောက်က ဆံပင်တွေကတော့ ဆေးဆိုးထားသလား ထင်ရအောင် နီလွင့်နေကြလေသည်။

ခပ်စုပ်စုပ် အဝတ်အစားတွေကလည်း အချဉ်နံ့၊ နေလောင်နံ့က တဟောင်းဟောင်း။ လက်တုတ်တုတ်ကြီးတွေ ထိပ်က လက်သည်းရှည်ကြီးတွေဟာလည်း ဂျီး(ချေး)မည်းမည်းတွေ ပြည့်လို့ ...။ ရယ်ပြနေပေမဲ့ လူကြမ်းသရုပ်ဆောင်ကြီးတစ်ယောက်နှင့်သာ တူနေသော ထိုလူကြီးက မိုးနတ်ပုံက သူ့ကို အကဲခတ်နေစဉ်မှာပင် ... လာထိုင်လိုက်စဉ်က စားပွဲအောက်သို့ရောက်သွားသော လွယ်အိတ်စုတ်ကြီးတစ်လုံးကို ဝုန်းခနဲ စားပွဲပေါ်သို့ တင်လိုက်လေသည်။

"အမေ့ ... အဲလေ ... ဒီမှာ ... ဒီစားပွဲမှာ လူရှိတယ်လေ ... ဘာလုပ်တာလဲ ..."

ဟန်ကိုယ့်ဖို့လေ ...၊ ဟန်ကိုယ့်ဖို့ ...။

"ကော်ဖီတစ်ခွက်လောက်တော့ သောက်ချင်တာပဲ ..."

ဟမ် ...၊ ဘာလဲ ...။ သူတောင်းစား ...၊ အဲလေ ... ဗိုက်ဆာလို့ ကော်ဖီတောင်းသောက်သူလား ...။ သူ့ပုံစံကြီးက သူတောင်းစားနှင့်တော့ မတူပါ ...။ အလုပ်ကြမ်းသမားကြီး ... ဒါမှမဟုတ် ... လူဆိုးကြီးတစ်ယောက်နှင့်သာ တူနေတာ ...။





"ကော်ဖီ ...။ ကျွန်မက ဝယ်တိုက်ရမှာလား ..."

"အာ ... ကိုယ့်ဘာသာတော့ ဘာလို့ဝယ်သောက်မလဲ ... မဟုတ်တာ ..."

ဘုရားရေ ...။ ဒါယဉ်ယဉ်ကလေးနှင့် အနုကြမ်းစီးတာများလား။ ကော်ဖီတစ်ခွက် အနုကြမ်းစီးသွားတယ်ဆိုတာတော့ မကြားဖူးပါဘူး။ ပြီးရင် ဘာဆက်လာဦးမလို့များလဲ ...။ အေးချမ်းကလည်း ဘယ်နားမှာများ ဒီလောက် လုံလုံခြုံခြုံကြီး ပုန်းနေပါလိမ့် ...။ တယောမဟုတ်တဲ့ ဘယ်ကလူကြမ်းကြီးမှန်းမသိ လာရောက်နေတာကို လှမ်းမြင်မနေဘူးလား ...။ ဒါမျိုးကြီးက ကြိုတင်ပြင်ဆင်ထားတဲ့ အစီအစဉ်ထဲမှာ မပါဘူးလေ ...။ ပြေးလာပါတော့လား ...။ ဒါ ... တမင်သက်သက် ... မိန်းကလေးတစ်ယောက်တည်း ထိုင်နေတာတွေ့လို့ ... လာဗိုလ်ကျတာ ...။ အို ... ခြောက်နာရီကလည်းပဲ မထိုးနိုင်သေးဘူးလား ...။

"ဒါဖြင့် ကော်ဖီတစ်ခွက် ဘယ်လောက်လဲ ... မေးလိုက် ... ကျွန်မ ပိုက်ဆံထုတ်ပေးလိုက်မယ် ... ပြီးရင် တခြားမှာသွားထိုင်သောက် ... ဒီစားပွဲက ကျွန်မကိစ္စရှိတယ် ... မအားဘူး ..."

"မှာထားပြီးပြီ ... ဒီမှာပဲ သောက်မယ် ... လုပ်စရာရှိရင်လည်း လုပ်ပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် ... ကောင်လေးတစ်ယောက်က ကော်ဖီတစ်ခွက် လာချသဖြင့် ... မိုးနတ်ပုံက ထိုကောင်လေးအားကိုးကိုယူကာ စားပွဲနေရာ ထပြောင်းဖို့ ဟန်ပြင်လိုက်ပါသည်။ ထိုကောင်လေးကလည်း မိုးနတ်ပုံကို တစ်လှည့် ... ဟိုလူကြီးကို တစ်လှည့် ကြည့်နေ၏။ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည့် မိုးနတ်ပုံကြောင့် လူကြီးက သူ့လွယ်အိတ်ကြီးထဲ လက်နှိုက်လိုက်ကာ... ပြန်ထွက်လာသောအခါ ... စာတစ်စောင် ...။

"ရော့ ... ရော့ ... ဒါကို ဖတ်ကြည့်လိုက်ဦး ..."

ကော်ဖီ လာပို့သည့် ကောင်ကလေးက အေးအေးဆေးဆေးပဲ ပြန်ထွက်သွားပါပြီ ...။ နှုတ်က တစ်ခုခု ထုတ်မပြောလိုက်မိတဲ့ ကိုယ့်ကိုယ်ကိုယ်ပဲ ယူကျုံးမရဖြစ်ရလျက် ... မိုးနတ်ပုံက ငိုချင်လာသည်။ ထိုကောင်လေးက မှန်အမည်းတပ် ဆိုင်ခန်းရဲ့ တံခါးနောက်သို့ ဝင်ရောက်ပျောက်ကွယ်သွားလျှင်တော့ အပြင်ဘက် အမိုးအောက် ဟင်းလင်းပြင် စားပွဲများနေရာမှာ ... ဟိုလူကြီးနှင့် မိုးနတ်ပုံတို့ နှစ်ဦးတည်းသာ ကျန်ရစ်လေသည်။ မိုးက အနည်းငယ် ပိုအုံ့လာကာ ခပ်ကျဲကျဲစရွာစ ပြုလာသည်။

"ဖတ် ... ဖတ် ... ဖတ်ဖို့ပေးတာ ..."

လွယ်အိတ်ထဲက ထိုးထွက်နေသော ခပ်ချွန်ချွန်တစ်ခုမှာ ဓားလား ...။ မဟုတ်ဘူး ... "ဆောက်"နဲ့တူတာပဲ ...။ ဒါဆို ဘေးနားက လက်တံရိုးရှည်က "တူ"ဖြစ်လိမ့်မည်။ ဒါဖြင့်





ဒီလူကြီးဟာ လူဆိုးကြီး မဟုတ်ဘဲ ... တူနဲ့ ဆောက်နဲ့ဆိုတော့... လက်သမားတစ်ယောက်များလား။ နည်းနည်း စိတ်အေးမိမလိုရှိပြီးမှ ... နိုင်ငံခြားရုပ်ရှင် လူသတ်ကားတွေထဲမှာဆိုရင် ... တူနဲ့ ထုသတ်တာတို့ ...၊ ဆောက်နဲ့ ပေါက်သတ်တာတို့ ရှိတာပဲ ... ဟု ပြန်တွေးမိလျှင်တော့ မိုးနတ်ပုံက တုန်တုန်ယင်ယင်နှင့်ပင် ... သူ့အမိန့်ကို နာခံကာ စာကိုဖွင့်ဖတ်လိုက်ရပါသည်။

"ကဲ ... ဘာဆက်လုပ်မှာလဲ ... ကိုယ်ကိုယ်ကိုယ် ဟုတ်လှပြီ ထင်နေရင် ... အဲဒီမှာ အခုရင် ... ရင်ဆိုင်ကြည့်လိုက်ဦး ... ဟုတ်ပြီလား ...

Violin ..."

"အား ..."ခနဲ အော်လိုက်မိသော အသံမှာ ... ကိုယ့်ဟာနဲ့ကိုယ်တော့ အကျယ်ကြီး ဖွင့်အော်လိုက်မိသော်လည်း ... တစ်စုံတစ်ခုက ထိန်းချုပ်ခံထားရသလို ..."အာ"ခနဲ မပီ့တပီ တိုးတိမ်တိမ်သာ ထွက်လာသည်။ စာဖတ်ပြီးသွားသော မိုးနတ်ပုံကို ... ကော်ဖီတွေ တရှုးရှုး ခပ်မြန်မြန် မှုတ်သောက်လျက်ရှိသော လူကြီးက ခုနကအတိုင်း ... ခပ်ပြုံးပြုံးကြီး ကြည့်နေပြန်တာကို ... ခိုးကြည့်ရင်း မြင်နေရလေသည်။

ကြောက်တယ် ... ကြောက်လိုက်တာ ...။ ရုပ်ဆိုးညစ်ထေးကြီးတွေ ပြုံးရယ်ရင် ... ဒီလောက်ပဲ ကြောက်စရာကောင်းသလား။ လက်စသတ်တော့ ... ကော်ဖီသောက်ချင်လို့ သာဗိုလ်



www.burmeseclassic.com

www.burmeseclassic.com



ကျ ဘာသာ … တယောရဲ့လူကိုး …။ ဒီပြင် ဘာမှမဆိုင်တဲ့ သူခိမ်းကြီးဆိုလည်း တစ်မျိုးတော့ ကြောက်မိဦးမှာပဲ ဖြစ်တဲ့ မိုးနတ်ပုံက … "တယောရဲ့လူ"ဆိုတဲ့ အသိနှင့် ဆိုရင်တော့ အသက်ထွက်မတတ်ကို ကြောက်လေသည်။ တခြားလူကြီးဆိုရင်မှ ကော်ဖီသောက်ပြီးတာနဲ့ ပိုက်ဆံအိတ်တစ်အိတ်လုံးကိုပါ ပေးပစ်လိုက်ရင် … သက်သာရာ ရချင်ရဦးမည်။ ခုကျတော့ … အကြံနှင့် ရန်ဘက်ရဲ့လူ …။

ဘာလုပ်မလို့လဲ မသိဘူး … တူနဲ့ ဆောက်နဲ့လိုက် သတ်မှာကိုခုခံကာကွယ်ရမှာမျိုးများလား …။ အရေးမှာ အားကိုးစရာဆိုလို့ သက်ရှိတစ်ကောင်တစ်မြီးမှလည်း မမြင် …။ မှန်အခည်းတပ် တံခါးဆီကို ပြေးပြီး တွန်းဖွင့်ဝင်သွားလျှင် ဆိုင်ကလူတွေနှင့်တွေ့ပြီး အကူအညီ ရနိုင်မလား …။ ဒါမှမဟုတ်ရင် … တံခါးဆီမရောက်နိုင်သေးခင်မှာပဲ သူ့ဆောက်ကြီးက "ဗွီ"ခနဲ ကိုယ့်နောက်ကျောထဲ ဝင်လာရင်ကော …။

မှားပြီ …။ မိုးနတ်ပုံတော့ အဲဒီမိန်းမနဲ့ ပြိုင်ချင်မိတာကိုက မှားပါပြီ။ မဟုတ်ဘူး … အေးချမ်းကို ချစ်ခဲ့မိတာကိုက စမှားတာ …။ အဲဒါ အမှားဆုံးပဲ …။ မိုးနတ်ပုံသာ အေးချမ်းနဲ့ မယူဖြစ်ခဲ့ကြရင် … ခုနေ ဒီနေရာမှာ အသက်ထွက်မလိုလို ဖြစ်နေရသူက တခြားမိန်းမတစ်ယောက်ပဲ ဖြစ်နေလိမ့်မည်။ ကိုယ်နှင့်မဆိုင် …။ ဒါမှမဟုတ်ရင်တော့ … ဟိုမိန်းမပြောသလို …





…နဲ့ပဲ ယူလိုက်ပြီး ဖြစ်နေတာမို့ … တခြားသူကိုလည်း လိုက်…ာင့်ယှက်နေဖို့ မလို … သာယာပျော်ရွှင်ချမ်းမြေ့နေတဲ့ အိမ်ထောင်…း ခရီးလည်း ဖြစ်ချင်ဖြစ်နေကြမှာပေါ့ …။

အရေးကြုံတော့ ရောက်မလာကြဘူး … တွေ့လား …။ …န်သူနှင့် ပေါင်းကြံထားကြသလား ထင်ရအောင် … နှင်းစပယ်…လည်း ခြောက်နာရီ ထိုးသွားပြီးရက်နဲ့ ပေါ်မလာ …။ အေးချမ်း…လည်း လက်ပိုက်များ ရပ်ကြည့်နေရှာသလား …။ စိတ်နာ…ိုက်တာ …၊ ငါ့တစ်ယောက်တည်းကြီး။ ခုနေသေသွားရင် …တ်မှာကို မဟုတ်ဘူး …။ အားလုံးကို နာကြည်း၊ မုန်းတီးပြီး…တ်တိုနေသည် …။

"ကဲ … ဘာပြောစရာ ရှိသေးလဲ …"

"ရှင် … ရှင် ဘာလုပ်မှာလဲ … ကျွန်မသေရတော့မှာလား"

"တဟားဟား" အော်ရယ်ချလိုက်သော ရယ်သံနက်…က်ကျယ်ကျယ်လောင်လောင်နှင့် ပါးစပ်မည်းမည်းပြဲပြဲကြီးကို …းကြည့်နေရင်း … ကြည့်နေရင်းနှင့်ဝင် … ထိုလူကြီးက မတ်တတ်…ရပ်လိုက်သည်နှင့် … မိုးနတ်ပုံလည်း … ကုလားထိုင်ထက်မှ "…"ခနဲ ပြိုဆင်းလဲကျ … သတိလစ်လို့ သွားပါတော့သည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



"သူရောက်လာပါတယ်တဲ့ ... ရုံးက အလွှယ်တကူ ထွ
ခဲ့လို့မရဘဲ ... နောက်ကျနေလို့ ... ခါတိုင်းအချိန်လော
အတိအကျ မရောက်မိတာပဲ ရှိတာပါတဲ့ ... သူရော
လာတော့ မိုးတွေကလည်း ရွာနေပြီ ... နတ်ပုံကိုလည
လှမ်းမတွေ့တော့လို့ ... မိုးရွာလို့ စောပြန်သွားပြီပဲ ထ
ပြီး အိမ်ပြန်လိုက်မိတာပါတဲ့ ..."

မိုးနတ်ပုံက ရွှေပြည်အေးတရား ဟောကြားနေသ
လို ... လေသံအေးအေးကလေးနှင့် ရှိနေသော အစ်မကြီးဖြင
ရဲ့ စကားတို့ကို မကြားချင်ယောင်ပဲ ဆောင်နေသည်။

"နှင်းစပယ်ကကျတော့ Trafic နဲ့ ကားကြောတွေ ပိတ
နေတာတဲ့ ... အဲဒီဘက်မှာ မိုးကနည်းနည်းဖွဲဖွဲပဲ ရွာ
သူတို့ အင်းလျားမြိုင်ဘက်မှာတော့ ဝုန်းဒိုင်းကြဲကို ရွာ
လိုက်တာလေ ... အင်းလျားမြိုင်ကတော့ သိတဲ့အတိုင်းပဲ
ရေများများနဲ့ မိုးရွာလိုက်ရင် လမ်းတွေအကုန်ရေမြုပ်
မြောင်းတွေပိတ်၊ အောက်ခြေကြမ်းပြင် ခပ်နိမ့်နိမ့်ကားတေ
ရေဝင်ပြီး ထိုးရပ်ကုန်၊ ကျန်ကားတွေက ဘယ်လိုမှရှေ့
လို့မရ ... နောက်ပြန်ဆုတ်လို့ မဖြစ်နဲ့ ..."





"တော်ပါပြီ မကြီးရာ ... ကိုယ်ရဲ့ အရင်းအချာဆုံးကမှ အားကိုးမရနိုင်တဲ့ကိစ္စ ...၊ သူများကို သွားပြီး ...'ဘာလို့ နောက်ကျရတာလဲ'လို့ အပြစ်သွားတင်နေလို့ မရပါဘူး ... သူလည်း တိတိကျကျ ကူတုန်းက ကူပြီးပြီပဲ ... ဒီတစ်ခါ ပဲလွဲ ... ဒီတစ်ခါပဲ ဖြစ်ရတာကတော့ ကိုယ့်ကံပဲ ... ဘာမှမဆိုင်တဲ့ သူစိမ်းကို အပြစ်မပြောချင်ပါဘူး ..."

"ဒါဖြင့်ရင်လည်း ဘယ့်နှယ့်ကြောင့် သူတို့ကို အတွေ့မခံရတာလဲ နတ်ပုံရယ် ... မကောင်းပါဘူး ... မျက်နှာပျက်စရာ ဖြစ်တာပေါ့ ... အေးချမ်း ဆိုလည်း ကြည့်ပါဦး ... ဘယ်လောက် သနားစရာ ကောင်းထားသလဲ ... သူ့မိဘတွေက ဝိုင်းဆူကြတော့ မျက်နှာလေးကိုယ်လို့ ..."

မိုးနတ်ပုံက ခေါင်းကိုပဲ ယမ်းခါပြလိုက်သည်။

သနားနိုင်ပါ။ ခုချိန်မှာ ကိုယ့်ကိုယ်ကိုယ်ပဲ သနားသည်။ ကိုယ်
လွဲတဲ့ ကျန်ဘယ်သူ့မှ ကိုယ့်လောက်သနားစရာ မကောင်းနိုင်
ဘူး။ အားကိုးရာမဲ့ကာ ကြောက်လန့်တကြား သတိလစ်လဲကျ
သော မိန်းကလေးတစ်ယောက်ဟာ ... သူ့အိမ်က သူ့မိဘတွေ
ာက်မလာမချင်း ...၊ ပန်းခြံတစ်ခုထဲမှာ ...၊ သူစိမ်း(ဆိုင်ရှင်)
လက်ထဲမှာ ပက်လက်ကလေးတဲ့ ...။

မေမေတို့ကို အကြောင်းကြား ခေါ်ယူဖို့ ... အဲဒီ
င်ကလူတွေ ဖုန်းနံပါတ် ဘယ်ကရကြပါလိမ့် ...။ ဖြစ်နိုင်တော



www.burmeseclassic.com

www.burmeseclassic.com



ကတော့ တစ်နေ့ရာရာကနေ စောင့်ကြည့်နေသည့် တယောက ဘာလိုလိုနှင့် လာပေးလိုက်တာဖြစ်ဖို့ များပါသည်။ ဉာဏ်အမြေ အမြင် ရှိပုံရတဲ့ ဆိုင်ရှင်က ဆိုင်ကြမ်းပြင်မြေကြီးပေါ် ပက်လ ကလေး လဲကျနေတဲ့ မိုးနတ်ပုံကိုလည်း နေရာမရွှေ့ ...။ သူကော သူ့ဆိုင်ကလူတွေကိုပါ လက်ဖျားနှင့်မှ မထိစေနဲ့လို့ မှာကြား သတဲ့ ...။ ပြန်သတိရလာမှ တစ်ခုခုဆိုရင် ပြဿနာဖြစ်ရမှာ လို့နဲ့ တူပါရဲ့ ...။ မိုးနတ်ပုံကိုရော ... ပိုက်ဆံအိတ်ကိုပါ နေ မရွှေ့ ...၊ မထိစေရပေ ...။

ဟိုလူမည်းမည်း ရုပ်ဆိုးဆိုးကြီးကိုတော့ စားပွဲထ နှစ်ယောက်က ဖမ်းဆွဲထားကြကာ ... မေမေတို့ ရောက်လာမှ မေးမြန်းကြည့်တော့ ...

"ဘာမှမသိရပေါင်ဗျာ ... ကျုပ်က စာလည်းမတတ်ပါဘူး မြောက်ဒဂုံကပါ ... လက်သမားဆရာ ဦးမြင့်ဆိုရင်(--) ကွက်က လူတကာ သိပါတယ် ... လိုက်မေးစုံစမ်းနိုင တယ် ... မိန်းကလေးတစ်ယောက်က ... ဒီစာနဲ့ ပိုက်ဆံ ပေးပြီး ... သူ့သူငယ်ချင်းကို ကျီစားချင်တယ်ဆိုလို့ သူခိုင်းတဲ့အတိုင်း လိုက်လုပ်ရတာပါ ...

အလကားနေ လန့်နေတဲ့ ဒီမိန်းကလေးကို ရ ချင်တာပဲ ရှိတယ် ... လက်ဖျားနဲ့လည်း မထိပါဘူး ဘာလုပ်မယ် ... ညာလုပ်မယ် မခြိမ်းခြောက်မိတဲ့အပြင်





စကားမာမာတောင်မှ မပြောမိပါဘူး ... ဟိုတစ်ယောက် ပေးလိုက်တဲ့စာကို ပေးပြီး ကော်ဖီတောင်းသောက်ပြီးတာ နဲ့ ... ကျုပ်ကို ခိုင်းလိုက်တဲ့ မိန်းကလေးကို ဘာပြန်မှာ ဦးမလဲပဲ မေးရသေးတယ် ... သတိလစ်သွားတော့တာပါ ပဲ ...

စာထဲမှာ ဘာပါနေမှန်းမှ မသိတာ ... ကျုပ်ကို တရားခံပါလို့ ရေးထားရင်တော့ အဲဒါ လုံးဝမဟုတ်ဘူး ဗျာ ... လာခိုင်းတဲ့ မိန်းကလေးနဲ့လည်း အရင်ကတည်းက အသိအကျွမ်းတွေ မဟုတ်ပါဘူး ... တစ်ခါမှတောင် မမြင် ဖူးဘူး ... ကျီစားချင်တယ်ဆိုလို့ ပိုက်ဆံယူပြီး ခိုင်းတာ လုပ်မိရုံပဲ ရှိတာပါ ... ဒီဆိုင်ကလူတွေလည်း မျက်မြင်ပါ ပဲ ... ရယ်ချင်လွန်းလို့ ရယ်နေမိတာကလွဲလို့ ဘာမှကို မလုပ်မိတာပါ ... ဘုရားလည်း သိမှာပါ ..."

ဘယ်လိုလှည့်ပတ်မေးမေး ဒီအဖြေကလွဲရင် မရိုး ...ား ထိမ်ချန်ထားတာမျိုးလည်း မတွေ့ရတာမို့ နောက်ဆုံးမှာ ...ော့ ရဲစခန်းတွေ ဘာတွေလဲ အကြောင်းကြားမနေတော့ဘဲ ... ...လူကြီးထံမှ သူ့ရဲ့နေရပ်လိပ်စာ အတိအကျကို တောင်းယူထား ...က်ကာ ... ဒီတိုင်းပဲ ပြန်လွှတ်လိုက်ရပါသည်။ နောက်တစ်နေ့ ... မသိမသာ သွားကြည့်စုံစမ်းတော့လည်း သူ့လမ်း ... သူ့ရပ် ...ွက်ထဲမှာ ... ထိုလက်သမားဆရာ ဦးမြင့်ဟာ လူကောင်းလူရိုး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပဲ ဖြစ်နေလျက် ... တစ်ယောနှင့် ပတ်သက်ဆက်နွယ်
နေနိုင်တဲ့ သတင်းတစ်စုံတစ်ရာကိုမျှ ထူးထူးခြားခြား မကြားခဲ့ရပါပေ ...။

မိုးနတ်ပုံကတော့ ... သတိပြန်လည်လာတာနဲ့ ... "ကြီးကြီးတို့အိမ်ကို သွားမယ် ... ကြီးကြီးတို့အိမ်ကိုပဲ လိုက်ပို့ပေးပါ ..."ဟုချည်း တတွင်တွင် တောင်းဆိုတော့တာမို့ မိဘနှစ်ပါးခမျာ ဘုမသိ၊ ဘမသိနဲ့ ဖေဖေ့အစ်မကြီးရဲ့အိမ်သို့ ချက်ချင်းလိုက်ပို့ပေးလိုက်ကြရာမှစကာ ... မိုးနတ်ပုံက ယနေ့ထိ အဲဒီအိမ်ရဲ့ အိပ်ခန်းထဲကကို ပြန်မထွက်တော့ဘဲ နေလိုက်တော့တာပါ ...။ ကိုယ့်အိမ် ကိုယ်ပြန်သွားရင် တရားခံအစစ်တော့ မဟုတ်ပေမဲ့ သွယ်ဝိုက်သောအားဖြင့်တော့ "သူ့ကြောင့်"ပင်ဖြစ်သည့် ယောကျ်ားဖြစ်သူနှင့် တွေ့ရမည်လေ ...။ မတွေ့ချင်ပါဘူး ...။ လုံးဝကိုမတွေ့မမြင်ချင်တာပါ။

နှစ်ယောက်တည်း ခွဲနေနေသည့်အိမ် ...၊ ဒါမှမဟုတ် သူ့မိဘတွေရဲ့အိမ် ဖြစ်နေရင် ကိုယ်က ဆင်းချလာခဲ့လို့ရသေး ...။ ခုဟာကတော့ ကိုယ့်မိဘတွေအိမ်ပေါ်မှာ သူက ရောက်နေတာဆို တော့ ..."ဆင်းသွား"လို့လည်း နှင်ချမနေချင်တော့ပါဘူး ...။ စကားပြောဆို ရန်ဖြစ်နေဖို့ဝေးလို့ မျက်နှာချင်းတောင်မှ မဆိုင်ချင်တာလေ ...။ ကိုယ်ပဲ နောက်ထပ်တစ်အိမ်သို့ ထပ်ပြောင်းရွှေ့သွားလိုက်တော့ "အေးရော"ပေါ့ ...။





"ရောက်လာပါတယ်"တဲ့။ "နောက်ကျမိတာပါ"တဲ့။ ကြိုတင်ပြောချိန်းထားတဲ့ နေရာမှာ မတွေ့တော့လို့ အိမ်ပြန်သွား ထင်ပြီး ... သူ့ပါ ပြန်လိုက်မိတာပါ ..."တဲ့ ...။

"သေလိုက်ပါလား"လို့ပင် (ခါတိုင်းလို) ပြောနေချင် တော့ မရှိတော့ ...။ ဘယ်လိုအကြောင်းပြချက်တွေပဲပေးပေး ... သေစရာရှိရင် သေမဲ့လူက သေနှင့်နေပြီးသားပဲ ဖြစ်နေမှာ ...။ သူ့ရဲ့အကြောင်းပြချက်တွေက (လူသေကြီးတစ်ယောက်အတွက် ဆိုရင်) ဘယ်နေရာမှာ ဘယ်လိုများ သွားအသုံးဝင်နိုင်ဦးမှာလဲ ...။ နတ်ပုံဟာလည်း သေတော့မတတ် ကြောက်ရွံ့ခဲ့ရပြီး သေနေ့ ...သေးလို့သာ မသေတာပင် ...။ ကိုယ့်ကိုယ်ကိုယ် "သေလူ" ...ပင် သတ်မှတ်ပြီးပြီမို့ သူ့ရဲ့အကြောင်းပြချက်ဟာ မိုးနတ်ပုံဆီ ... ဘယ်လိုမှ အသုံးမကျ ... အရာမရောက်နိုင်တော့ပါဘူး ...။

အေးချမ်းနဲ့ ခပ်ဝေးဝေးနေလိုက်ရင် ခုပစ္စက္ခုဖြစ် ...က်ခံစားနေရတဲ့ ဒုက္ခဆိုးကြီးတွေကနေ လွတ်မြောက်နိုင်မလား ... ...ဆိုတဲ့ ခံစားချက်တစ်ခုပဲ မိုးနတ်ပုံမှာ ရှိတော့သည်။

"နတ်ပုံက အဲဒီလို တင်းလိုက်တော့ ... လင်မယားပြတ်စဲ လိုက်ကြသလိုမျိုးကြီးတောင် ဖြစ်နေတာပေါ့ ညီမရယ် ... အဲဒါဆို တစ်ဖက်က နိုင်ပြီပေါ့ ... သူဖြစ်စေချင်တာက ဒါပဲလေ ... သူ နိုင်သွားလိမ့်မယ် ... ကိုယ့်မှာတော့ လင် တစ်ကွဲ မယားတစ်ကွဲနဲ့ အကြီးအကျယ် ရှုံးရတာပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"နတ်ပုံတို့က ပြိုင်ပွဲကျင်းနေကြတာလည်း မဟုတ်ပါဘူး မကြီးရဲ့ ... နိုင်တာတွေ ရှုံးတာတွေလည်း ခေါင်းထဲမှာ မရှိပါဘူး ... ရှုံးရှုံးနိုင်နိုင်ပေါ့ ... ရှုံးတယ်ပဲ ထားပါဦး ... စိတ်ချမ်းချမ်းသာသာနဲ့ အသက်ဝဝရှူနိုင်ဖို့က အရေးကြီးတယ် ..."

"ဒီနည်းကလည်း ညီမ စိတ်ချမ်းသာမှာ မဟုတ်ပါဘူး ... အဲဒီတစ်ယောက်ဟာ ကိုယ်ချစ်လို့ယူထားတဲ့ ကိုယ့်ရည်းစား ကိုယ့်ယောကျ်ားလေ ... ဒီလို တခြားစီ နေလိုက်ကြရုံနဲ့ နတ်ပုံလည်း နဂိုမူလကအတိုင်း အပျိုလေး ပြန်ဖြစ်သွားနိုင် မှာမှ မဟုတ်တော့တာ ... ခပ်ဝေးဝေးနေကြစို့ ဆိုတိုင်း ဘယ်လောက်ကြာကြာ နေနိုင်မှာမို့လဲ ... ကိုယ်က သူနဲ့အတိ အလင်းကို ပတ်သက်ခဲ့ကြပြီးပြီ ... သူ့ကို ကိုယ်ပိုင်သလို ... ကိုယ့်ကိုလည်း သူက ပိုင်နေပြီ ..."

"အို ... မပိုင်နဲ့ ... မပိုင်နဲ့ ... နတ်ပုံလည်း မပိုင်ချင်ဘူး ... ဆိုင်တောင်မှ မဆိုင်ချင်ဘူး ... ဘာမှကို မပတ်သက်ချင် ဘူး ..."

"ဘယ်ရမလဲ ..."

"ရကိုရတယ် ... ကိုယ့်ဆန္ဒနဲ့ ကိုယ့်ကိုယ်ကိုယ်တော့ ကိုယ်ပဲ ပိုင်ရမှာပေါ့ ..."





အပြောရကျပ်လှသည့် ညီမငယ်ကို အစ်မကြီးလည်း စိတ်ရှုပ်ရှုပ်နှင့်ကြည့်ကာ ဘာစကားဆက်ရမည် မသိ။ မိဘနှစ်ပါး တို့ကတော့ ... ကြီးတော်ရဲ့အိမ်ကနေ ဘယ်လိုမှ ပြန်ခေါ်ယူလို့ မရတော့သည့် မိုးနတ်ပုံကို အတော်ကြီး စိတ်ကုန်ကြဟန်နှင့် ... ခုဖြစ်ပွားသွားသည့်ကိစ္စကြီးကို ကျိတ်လုပ်ခဲ့သည့်အတွက် ဆူပြော ဖို့ကိုရော ... နောင်အရှည်သံဖြင့်ကိစ္စအတွက် စိတ်ကိုဦးစားမပေး ရန် ဆုံးမဖို့ကိုပါ ... အစ်မကြီးနှင့်ပဲ လွှဲထားလိုက်ကြလေပြီ ...။ မိုးနတ်ပုံက ဟိုအိမ်ကို ပြန်မလာတော့ သမီးကြီးဖြစ်သူကိုပါ ကြီးတော်အိမ်သို့ ပို့လွှတ်ထားသည်။

ယောက္ခမတွေလည်း အတော်ကြီး စိတ်ညစ်ကြရ။ လူကြီးများကိုတော့ မိုးနတ်ပုံက မိကောင်းဖခင်သားသမီးပီပီ မရိုင်းချင်တာနှင့် လက်ခံတွေ့ဆုံပါသည်။ သို့သော် ... ဘာမှပြော ဆိုဖျောင်းဖျလို့ မရနိုင်ဘဲ ... "ကြောက်လို့ပါ ... အေးချမ်းကိုမြင် လိုက်တိုင်း တယော မျက်နှာကြီးကိုပါ တွဲမြင်ပြီး ရူးချင်လာလို့ပါ ... အရမ်းကြောက်တယ် ... ကြောက်လို့ပါ ..."ဟုချည်း အော် ငိုနေတော့သည့် ချွေးမဖြစ်သူကို ... လူကြီးတွေလည်း ဘယ်လိုမှ နားမချသာ ...။ အေးအေးဆေးဆေး တစ်ခုခု ပြောနိုင်ဖို့ဆိုရင် ... မိုးနတ်ပုံရဲ့ ငိုသံကြီးနဲ့ ငိုကြောရှည်ကြီးကို ထိုးဖောက်နိုင်အောင် တောင် အတော်ကြီး အော်ဟစ်အာပေါက်မှ ရနိုင်မှာမျိုး မဟုတ် လား ...။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ နှစ်ဖက်မိဘ လေးယောက်စလုံးရဲ့ ဆုံးဖြတ်ချက်က "စိတ်ငြိမ်သွားအောင် ... အချိန်ကိုတော့ စောင့်မှ ..."ဟူ၍သာ ...။ သမီးရှင် မိဘများအဖို့ ကိုယ့်သမီးကလေး အိမ်ထောင်သည်တစ်ယောက်ကို လင်တစ်ကွဲ မယားတစ်ကွဲကြီး ဖြစ်မသွားစေချင်ကြသလိုပင် ... သားရှင်တို့ ခများလည်း "သားတစ်ယောက်ကြီ တစ်ခုလပ်" ဆိုတာမျိုးကြီးတော့ ဘယ်အဖြစ်ခံနိုင်ပါ့မလဲလေ ...။ ဒါပေမဲ့လည်း မတတ်နိုင်ပါဘူး ...။ "ပြတ်စဲကြပြီ"ဟု အတိအလင်းကြီး အဖြစ်မခံချင်ကြရင်တောင် ... "ခပ်ဝေးဝေးနေ" ဆိုတဲ့ ... (ဘာမှန်းမသိတဲ့) အနေအထားမျိုးနဲ့ကော နေနေကြလို့ မရနိုင်ဘူးလား ...။

"အိမ်ထောင်သက်က တစ်နှစ်ပြည့်ဖို့တောင် နည်းနည်းလိုနေသေးတယ် နတ်ပုံ ... လက်ထပ်ပြီး တစ်နှစ်မပြည့်ခင် တစ်ခုလပ် အဖြစ်ခံမလို့လား"

မိုးနတ်ပုံက မှုန်မှိုင်းနေသော မျက်နှာနှင့်ပင် နှုတ်ခမ်းကိုတော့ တင်းတင်းကြီး ပိတ်စေ့ထားသည်။

"ငယ်ငယ်ရွယ်ရွယ် ယောကျာ်းတစ်ယောက်မှာ သူ့အပြစ်မရှိဘဲ တစ်ခုလပ် အဖြစ်ခံလိုက်ရရင် ... ခြောက်လတောင် ထပ်ကြာမှာ မဟုတ်ဘူးဟဲ့ ... နောက်တစ်အိမ်ထောင် ထပ်ပြုဖြစ်မှာပဲ ... နင်လည်း ငယ်ငယ်ကလေး ရှိသေးတယ် ... ဘာဆက်လုပ်မလို့လဲ ... တို့အမျိုးထဲမှာ အဲဒါမျိုး အိမ်ထောင်နှစ်ဆက်တွေ ဘာတွေ မရှိခဲ့ဖူးဘူးနော် ..."





"ဟာ ... နတ်ပုံကတော့ ဘာကိစ္စ ထပ်ယူရမှာလဲ ... အမိပွာယ်မရှိတာ ... သူတော့ ... ဒီလောက်မှ မနေနိုင်ရင် ယူပစေပေါ့ ..."

"မနေနိုင်ဘူးတော့ ဘယ်ဟုတ်ပါ့မလဲဟဲ့ ..."

"ထပ်ယူတယ် ဆိုကတည်းကတော့ မနေနိုင်လို့ပေါ့ ... ရှင်းနေတာပဲ ... နေနိုင်တယ်ဆိုရင်တော့ ... ခပ်ဝေးဝေးနေနေကြရလည်းပဲ သံယောဇဉ်ဆိုတာမျိုးကတော့ ရှိနေရမှာပေါ့ ... ထပ်ယူဖို့ မလိုဘူး ..."

"နင့်အတွက်ချည်းပဲ နင်ကြည့်နေသလို ဖြစ်နေပြီပေါ့ ..."

"မကြီးက နတ်ပုံရဲ့အစ်မပဲ ... နတ်ပုံဘက်ကပဲကြည့်ပြီး နတ်ပုံပြောတာကိုပဲ ခေါင်းညိတ်ထောက်ခံပေါ့ ... တကယ် ပြောတာ ... ခပ်ဝေးဝေး နေကြမယ် ... တစ်ခုလပ် မဖြစ်ချင်ရင် မကွာရှင်းကြနဲ့ ... ဒါကိုမှ မရဘူး ... မိန်းမတစ်ယောက်တော့ ရှိရမှဆိုလည်း ... ရတယ် ... ယူချင်ယူလိုက်တော့ ... နတ်ပုံရဲ့ဒုက္ခကို အဲဒီမိန်းမက ဆက်ခံလိမ့်မယ် ... တကယ်လို့ အဲဒီမိန်းမက အိမ်ထောင်သက်မှ တစ်နှစ်မပြည့်ခင် ဘာလို့ကွဲကြရတာလဲလို့ သိချင်လို့ လာစုံစမ်းချင်လား ... ရတယ် ... အမှန်အတိုင်းပဲ ဖွင့်ပြောလိုက်မယ် ... ဒါကိုမှ မကြောက်ပါဘူး ဆိုရင်တော့ ... ယူကြပေါ့ ... ကိုယ့်ထက် သတ္တိရှိလို့ ... ကိုယ့်ထက် စိတ်ခွာတ်နိုင်မှာလို့ ဒီယောကျာ်း



www.burmeseclassic.com

www.burmeseclassic.com



ကို သူ ရသွားမှာ ... နတ်ပုံက ဘာမှတားမြစ်ဝင်စွက်နေစရာ မရှိဘူး ...”

အစ်မကြီးက စိတ်ခပ်ညစ်ညစ်ကြားက ခပ်သဲ့သဲ့ ပြုံးသည်။

“ဝင်စွက်နေစရာ မရှိဘူးလည်း ပြောသေး ... အကြောင်းရင်းကိုလည်း ခါပြောဦးမယ်တဲ့ ...”

“အို ... ဒါကတော့ အဖြစ်မှန်ကို သူ သိသင့်တာပေါ့ ... မိန်းကလေးချင်း ကိုယ်ချင်းမစာရဘူးလား ... နတ်ပုံကုန်းကဆို ကြိုမသိခဲ့ရတော့ ဘယ်လောက် ဒုက္ခရောက်ထားလိုက်သလဲ ...”

“ဘာပဲဖြစ်ဖြစ် ... ကိုယ့်ယောက်ျားနဲ့ကိုယ် ... တစ်ခါလောက်လေးပဲဖြစ်ဖြစ် နှစ်ယောက်တည်း တိုင်ပင်ကြည့်လိုက်ပါဦးလား ... ဘာဆက်လုပ်ကြရင် ကောင်းမလဲဆိုတဲ့ အဖြေမှန်မျိုး ပေါ်ချင်လည်း ပေါ်လာမှာပေါ့”

“ဒါက အဖြေမှန်ပဲ ဖြစ်ပါလိမ့်မယ် မကြီးရယ် ... ဒီထက်ကောင်းတဲ့ အဖြေမှန်ဆိုတာ တကယ်ပဲ ရှိနိုင်ရင် စောစောစီးစီးကတည်းက ပေါ်လာမှာပေါ့ ... သူရောကိုယ်ရော ... နှစ်ဖက်မိသားစုတွေ အားလုံးရော ... အသည်းအသန်ကို စဉ်းစားတိုင်ပင်ခဲ့ကြပြီးပြီပဲ ... လူတစ်ယောက်ဟာ ထောင်ကျနေသလိုမျိုး အိမ်တွင်းပုန်းကြီးနဲ့ရော ... ဘယ်နှစ





ဘယ်နှနှစ် နေနေနိုင်မှာလဲ... ဒီလိုမှ ပြတ်ပြတ်သားသား ဝေးဝေးနေပြီးသား မဟုတ်ရင်လည်း နတ်ပုံက အိမ်ထဲက အိမ်ပြင်ကို မထွက်ရဲတော့ဘူး ... အထူးသဖြင့်ကတော့ စိတ်ညစ်မခံနိုင်တော့တာ ... တအုံနွေးနွေးကြီးနဲ့ စိတ်ညစ်တယ် ... နေရတာ မပျော်ဘူး ...”

“အခုပျော်မယ်ပေါ့ ...”

“ပျော်အောင်နေမယ် ... နတ်ပုံတို့ အတော်ကြာကြာခွဲနေကြပြီးရင် ဟိုမိန်းမလည်း ... သတင်းကြားတာရော ... မျက်မြင်ရောနဲ့ ... သူတို့ကွဲသွားကြပြီပဲလို့ တွက်မိမှာပဲ ... စိတ်ချရလောက်ပြီဆိုရင် နတ်ပုံလည်း အပြင်ပြန်ထွက်မယ် ... လူတောတိုးမယ် ... သာမန်လူတစ်ယောက်လို ရဲရဲတင်းတင်း စိတ်ရှင်းရှင်းနဲ့ နေမယ် ...”

“အေးချမ်းလည်း မေမေတို့ဆီမှာ မနေတော့ဘူး ...”

“အေးပေါ့ ... ဘယ်သူက ဆက်နေ,နေချင်မှာလဲ ... ဟုတ်ပါတယ် ...”

“မေမေတို့ကတော့ တားပါတယ် ... သားလိုသတ်မှတ်ထားတာပဲ ... ပြတ်စဲကြပြီလို့လည်း မေမေတို့အနေနဲ့ လက်မခံတာ ... ဆက်နေပါပေါ့ ... နတ်ပုံလည်း မကြာခင် တစ်နေ့မှာ ဒီကိုပြန်ရောက်လာမှာပါပဲ ... ဒီကပဲစောင့်နေပါပေါ့ ... ဒါပေမဲ့ သူက သွားပါရစေတဲ့ ... ကျွန်တော့

www.burmeseclassic.com



သွားတယ် … ပြီးကျတော့ … သူ့အမေအိမ်ကိုလည်း မပြန်ဘူးတဲ့ … သူ့အစ်မက လှမ်းပြောတယ် … ဟို … နင်တို့တိုက်ခန်းကိုပဲ ပြန်ပြောင်းသွားတယ်တဲ့ …”

မိုးနတ်ပုံမှာ ခပ်ငြိမ်ငြိမ်နှင့် ခပ်တွေတွေ ဖြစ်သွားသည်။

“အဲဒီနေရာဟာ ဟိုမိန်းမရဲ့အပိုင် ဇရိယာပဲလို့ နတ်ပုံက ထင်နေတာ … သူ့အိမ်ဟာ အဲဒီနားမှာပဲ ရှိနိုင်မယ်ထင်တယ် … အေးချမ်း ပြန်ရောက်နေတာသိရင် တိုက်ရိုက်များ သွားဆက်သွယ်နေမလားပဲ …”

“သွယ်ပေ့စေပေါ့ … ဘာပူစရာရှိလဲ … အေးချမ်းက နင့်လိုလည်း မကြောက်တတ်လောက်ပါဘူး … ပြီးကျတော့ … ဝေးဝေးပဲနေမယ်ဆို … မနေနိုင်ရင် ဘယ်မိန်းမနဲ့ယူယူဆို … အဲဒီတော့ သူ့ဘာသာ ဘယ်သူနဲ့ပဲ ဆက်သွယ် ဆက်သွယ် … ပူစရာလည်း မလိုဘူး … မနာလိုစရာလည်း မရှိဘူး …”

မိုးနတ်ပုံက အနိုင်လာယူချင်နေသော အစ်မကြီးကို မျက်စောင်းတစ်ချက်နှင့်ရွယ်ကာ “တောက်” သေးသေးတစ်ချက်လည်း ကျိတ်ခေါက်ရင်း …

“ဘာလို့ပူရမှာလဲ … ဘာလို့ကော မနာလို ဖြစ်နေရမှာလဲ … တိုက်ရိုက်ဆက်သွယ်လာရင် … ကွဲခနဲချောင်းဖမ်းလို့ ရနိုင်တယ် … ဒါကိုပြောတာ …”





“လာပြန်ပြီလား ‘ကွဲ’ …။ သူ့တော့ မ‘ကွဲ’ဘဲ နင်တို့ပဲ ‘ကွဲ’သွားတာ … အမှတ်သညာလည်း မရှိ …”

မိုးနတ်ပုံက စိတ်မကောင်းလှသည့် မျက်နှာကလေးနှင့် ငြိမ်ငြိမ်ကလေးပဲ နေနေလိုက်တော့သည်။ မခံနိုင်လွန်းတော့လို့ပါ …။ မချစ်လို့ မဟုတ်ရပါဘူး …။ ဒေါသထွက်ထွက်နဲ့ ရိုက်နှက်ပစ်ချင်မိတာပဲ ရှိကောင်းရှိမယ် … တကယ်တော့မမုန်းနိုင်ပါဘူး …။ ဟုတ်ပါတယ် … ကိုယ်ချစ်လို့ ယူထားတဲ့ယောကျ်ားပဲ … ချစ်တာပေါ့ …။ ဆာကယ်ပဲ ချစ်တာပေါ့ …။ ဒါပေမဲ့ ချစ်စိတ်ကသပ်သပ် … ဘာမှန်းမသိတဲ့ မခံစားနိုင်တော့တဲ့ စိတ်က သပ်သပ် …။ မပြတ်ချင်တာက သပ်သပ် … ဝေးဝေးနေချင်တာက သပ်သပ် …။

အား …။ ရူးတော့မယ်ပဲ ထင်ပါတယ် …။

ပါးပြင်ထက်မှာ မျက်ရည်ပေါက်ကြီးတွေ အလုံးလိုက် ကျဆင်းလာပြန်လျှင် … အစ်မကြီးက … “နတ်ပုံရယ် …”ဟု ညည်းတွားကာ လာဖက်ထားလိုက်လေသည် …။

www.burmeseclassic.com



## အခန်း(၅)

စိတ်ချရလောက်ပြီဟု (ကိုယ့်ဘာသာ)ထင်မိသည့် တစ်ရက်မှာ မိုးနတ်ပုံက ရုံးပြန်တက်ပါသည်။ ဟုတ်တယ်လေ ... ကိုယ်ဘာပဲလုပ်လုပ် ... ဘယ်လိုပဲကြံစည်ကြံစည် ဒီလောက် လိုက်သိနေနိုင်တဲ့ မိန်းမဟာ ... ခုဆိုရင် အေးချမ်းနဲ့ မိုးနတ်ပုံတို့ဟာ တကယ်ပဲ အဆက်အသွယ်တွေ ကင်းပြတ်နေတာ ခပ်ကြာကြာရှိပြီဖြစ်ကြောင်း ... သိပေါ့ ...[ ]မှုဟုတ်ဘူးလား ...။ ရုံးမှာကလည်း အကြီးဆုံးဘော့စ်ကြီးက[ ]ဘောကောင်းလွန်းလို့သာ ... နို့မို့ဖြင့် ဒီလောက်ခပ်ကြာကြာကြီး ဆက်တိုက် ... ဆက်တိုက် ခွင့်ယူနေတာ ... ပြုတ်တာကြာပြီပေါ့ ...။

မိုးနတ်ပုံ ရုံးသို့ရောက်သွားတော့ ... မိုးနတ်ပုံနှင့် အလုပ်တွဲလုပ်ရသည့် ဘေးစားပွဲချင်းကပ်က တွဲဖက် ... အစ်မကြီး မမစိန်က ပါးစပ်အဟောင်းသားကြီးဟကာ ကြိုးငေးကြည့်နေရင်း ...





"ပိန်သွားလိုက်တာ နတ်ပုံရယ် ... အရင်က တစ်ခြမ်းပဲ ရှိတော့တယ် ..."

"အရင်က ခပ်ပြည့်ပြည့်လေး ဆိုတော့ ... ခုမှ မော်ဒယ်ပေါ့ ..."

"နင် နေလို့ကော သေချာကောင်းရဲ့လား ... ဘော့စ်က နင့်ကို တော်ရုံနဲ့ လက်လွှတ်ချင်တာ မဟုတ်ပါဘူး ... နင့်ဘက်က အဆင်မပြေနိုင်သေးဘူး ဆိုရင် လစာမဲ့ခွင့် သုံးလလောက် ဆက်ပေးထားနိုင်သေးတယ်လို့ ဟိုတစ်နေ့ကပဲ ပြောနေသေးတယ် ... နင့်အလုပ်တွေကိုတော့ ဒီလိုပဲ တွဲလုပ်လိုက်ကြပေါ့တဲ့ ... ဘယ်သူမှ ကူမတွဲချင်ရင်လည်း ငါတစ်ယောက်တည်းပဲ အဆင်ပြေပါတယ် ... ကိစ္စမရှိပါဘူး ... နားပါဦးလား ..."

"ရပါပြီ ... လူက နေကောင်းသွားပါပြီ ... အရင်ကအတိုင်း ပြန်ဖြစ်လာဖို့ကတော့ ... အို[ ]လိုက် စားလိုက်နဲ့ ဒီလိုပဲ အချိန်ယူလိုက်ရင် ရမှာပါ ..."

မမစိန်က တစ်စုံတစ်ခုကို ချိတုံချတုံ ... တုံ့တုံ့ဆိုင်းဆိုင်း ... ဝေခွဲရတွေ ခက်နေပုံနှင့် ... ရှိနေပြီးမှ ...

"မပြောမဖြစ်လို့ နတ်ပုံရေ ... နင် သိထားသင့်တယ်ထင်လို့ပါ ... ရုံးထဲမှာတော့ ... နင့်သတင်းတွေ ပလုံစီကို ထနေတာပဲ ... ယုံတဲ့လူကလည်း ယုံကြတယ်ဟဲ့ ... ငါ့ပြ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း ဒိုင်ခံဖြေရှင်း ရန်ဖြစ်နေရတယ် … နောက်ဆုံးကျတော့ … အေး … နင်တို့ ဒီလောက်ဖြစ်နေကြရင် … ကာယကံရှင်ကို ငါ ဖွင့်မေးပြမယ် … ပြီးရင် သတင်းပြန်ဖြန့်မယ် … ဒီကြားထဲမှာတော့ နင်တို့ပါးစပ်တွေ ပိတ်ထားကြ … မဟုတ်ရင် ငါနဲ့တွေ့မယ်လို့ ပိတ်ပြောထားရတယ် …"

"ဘာတွေလဲ မမစိန်ရဲ့ … နတ်ပုံအတွက်တော့ ရန်မဖြစ်ပါနဲ့ …"

"ပြောပုံတွေကလည်း ကြည့်ဦးဟယ် … နင်က ဘယ်လိုမှ အစားမဝင်တော့ဘူးတဲ့ … အိပ်လို့လည်း မရ … မျက်လုံးပြူးကြီးနဲ့ ငေါင်စင်းနေတာတဲ့ … အဲဒါ တခြားမဟုတ်ဘူး … AIDS တဲ့ … ခုဆို နင့်ယောကျ်ားနဲ့နင်နဲ့လည်း ကွဲသွားကြပြီတဲ့ … ကဲ … ရစရာကို တစ်ခုမှ မရှိဘူး …"

ပြောလည်းပြော … မိုးနတ်ပုံရဲ့ အရိုးပဒေသာ ကိုယ်ခန္ဓာလေးကို အကဲလည်းခတ် လုပ်နေသော မမစိန်ကိုကြည့်ကာ မိုးနတ်ပုံက ခပ်ယဲ့ယဲ့ကလေး ပြုံးလိုက်သည်။

"ပြန်ပြောလိုက်ပါ မမစိန်ရယ် … AIDS ကလွဲရင် အားလုံး အမှန်တွေချည်းပါပဲလို့ … မစား၊ မအိပ်တာက AIDS ကြောင့်တော့ မဟုတ်ပါဘူး၊ စိတ်ဆင်းရဲရတာရယ် … အစာအိမ်ရောဂါရယ်ကြောင့်ပါလို့ …"





"ဟဲ့ …"

မမစိန်က "ဒါဖြင့်" ဟု ဆိုပြီးမှ … သူ့ပါးစပ်သူ မြန်မြန်ပဲ ဘရိတ်ပြန်အုပ်လိုက်ပါသည်။ သူ ဆက်ပြောချင်သေးတာကို သိသားပဲလေ …။ "ယောကျ်ားနဲ့ ကွဲသွားပြီဆိုတာလည်း အမှန်ပေါ့" ဟု ဆိုလိုချင်တာ မဟုတ်လား …။ မိုးနတ်ပုံလို … ပညာတတ်၊ မိဘမျိုးရိုးကောင်း၊ အလုပ်အကိုင်က အဆင်ပြေပြေနှင့်မို့ စီးပွားရေးကလည်း ပူစရာမရှိ။ နှစ်ဖက်မိဘဆွေမျိုး အသိုင်းအဝိုင်းတို့ကလည်း အဆင်ပြေ ခင်မင်ကြ၊ အကျင့်စိတ်ဓာတ်ကလေးရော … ရုပ်ရည်ကလေးပါ အပြစ်ပြောစရာမရှိသည့် မိန်းမငယ်တစ်ယောက် … အိမ်ထောင်သက် တစ်နှစ်မပြည့်ခင် ကွဲသွားကြပြီဆိုတော့ … ဒီကိစ္စကြီးဟာ လူစိတ်ဝင်စားချင်စရာကြီးသက်သက်ကို ဖြစ်နေတော့တာပေါ့ …။

"ဘာကြောင့်လဲ" ဆိုတာ လူတိုင်းတွေးကိုတွေးကြတော့မဲ့ကိစ္စလေ …။

"အေးချမ်းနဲ့ အဆင်မပြေကြရတာကလည်း သူ့ဘက်က ဖောက်ပြန်လို့တို့ … အဲဒီ AIDS ကြောင့်တို့ မဟုတ်ပါဘူး … သူ့အမှား၊ ကိုယ့်အမှား သိပ်မရှိဘဲနဲ့ ဖြစ်သွားတာပါ … ဘာ့ကြောင့်လဲ ဆိုတာတော့ မပြောပြချင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ရပါတယ်ဟယ် ... ဘယ့်နှယ် ... ကိုယ့်အကြော
တွေကို လူတကာဆီ လိုးစေ့ပတ်စေ့ လျှောက်ပြောနေ
လည်း မလိုပါဘူး နတ်ပုံရယ် ... ဒီလောက်ကြီး သိရပြီပဲ
တော်ကြတော့ပေါ့ ... ငါကလည်း ငြိမ်းငြိမ်းနဲ့ အပြိုင်ရှ
ရမှာမို့ပါ ... နို့မို့ဆို ... ငါကိုယ်တိုင်တောင် နင့်ဆီ
စပ်စုချင်တာ မဟုတ်ပါဘူး"

ငြိမ်းငြိမ်း ဆိုသည့် ကလေးမရဲ့ အကြောင်းကတော
အစဉ်းသိမို့ မိုးနတ်ပုံက ဘာမှ ဆက်ပြောမနေတော့ပေ ...
ကလေးမလေးဟာ စိတ်ဓာတ်ကတော့ ကောက်ကျစ်ပုပ်စပ်နေတ
မဟုတ်ပါဘူး ...။ သူ သိလာသမျှကို ပြန်မဖြန့်ရရင် မနေနိုင်တ
မျိုးလောက်ပါ ...။

"ငြိမ်းငြိမ်းကတော့ တိကျရေရာတဲ့ Source (အရင်းအမြ
ကပဲ သတင်းရလာခဲ့သလို ပုံစံမျိုးဟဲ့ ... သူ့တို Viol
ဆိုတဲ့ မိန်းကလေးက ..."

"ဘာ ..."

"အဲ ... အဲ ... မိန်းကလေးတစ်ယောက်က ဒီသတင်းပေ
ပေးတာတဲ့"

"အဲဒီသတင်းပေးတယ်ဆိုတဲ့ မိန်းကလေးနာမည်က ဘာ
သူ ..."





"Violin တဲ့ ... ဟုတ်ချင်မှလည်း ဟုတ်မှာပါဟယ် ...
လူနာမည်ကလည်းပဲ ... အဲဒီလိုကြီးတော့ မှည့်ပါ့မလား ...
ငြိမ်းငြိမ်း အကြောင်းကတော့ သိတဲ့အတိုင်းပဲဟာ ... သူ့
ဘာသာ ထွင်ပြောနေတာလည်း ဖြစ်နိုင်တာပဲ ... သူ့တော့
သွားပြောမနေပါနဲ့တော့ ... သူက အဲဒီလိုပဲဟာ ... ခေါင်း
ထဲက ထုတ်ထားစမ်းပါ ..."

"မဟုတ်ဘူး ... ငြိမ်းငြိမ်းမှာ အပြစ်မရှိပါဘူး ... အဲဒီလို
ထုတ်ပြောတဲ့အတွက် ... ကျေးဇူးတောင်မှ တင်ရမယ် ...
ဒါပေမဲ့ ... သူနဲ့ကတော့ တွေ့မှကို ဖြစ်မယ် ... လာ ...
သွားကြမယ် ..."

မမစိန်မှာ ... အားတက်သရောဟန်တွေ ပေါက်နေ
သာ မိုးနတ်ပုံ အတွက် သူပါ တရားခံဝင်ဖြစ်နေရဦးမှာကို
တော်ကြီး လန့်နေဟန်ရှိသည်။ အရိုးစုတစ်ယောက်ရဲ့ မျက်လုံး
မျက်ဆန်ပြူး တက်ကြွမှုဖြစ်တဲ့အတွက်လည်း ပိုပြီးလန့်ရဟန်။
နတ်ပုံတောင်မှ ရုပ်ဆိုးကြီးရဲ့ ရယ်သံကို အသေကြောက်ရတာ
ကြည့်ပါလား ...။ သာမန်လူတွေ ရယ်တာနှင့် ... ရုပ်ဆိုးကြီးရဲ့
ယာရယ်ပြပုံကို ခံစားရတာချင်း မတူလျှင် ... မမစိန် အဖို့လည်း ...
နှဝေါ်မှိုင်းရီနေတဲ့ တစ်ယောက်ရဲ့ ရုတ်တရက် ဖျတ်လတ်တက်
ကြွလာပုံကို ... "ဘာများဖြစ်ကုန်ကြတော့မှာလဲ ..."ဟု သူ ...
လန့်ကိုလန့်ရှာမည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးနတ်ပုံမှာတော့ … ငြိမ်းငြိမ်းနှင့် တွေ့လျှင်တွေ့ ချင်း … အချိန်မဆိုင်း … အားတက်သရောပင် …

"ငြိမ်းငြိမ်း … အဲဒီ တယောဆိုတာ … နင့်ကိုကိုယ်တိုင် လာပြောတာလား … နင်နဲ့ သူနဲ့ တွေ့လိုက်တာလား … အဲဒီကျမှ မြင်ဖူးတာလား … အစကတည်းက သိကြတာ လား …"

ငြိမ်းငြိမ်းသည်လည်း … ပထမတော့ ဆုတ်ဆိုင်း ဆိုင်း …။ ရှိုးတိုးရှန့်တန့် …။ သို့သော် … စကားမွှာတတ်သူ တစ် ယောက်ပီပီ … ဒါမျိုး လူကိုယ်တိုင် လာရှင်းကြတာ … ရန်ဖြစ် ကြတာ …၊ သူ့စကားတွေကြောင့် ပြဿနာတွေတက်ကုန်ကြပြီး … သက်သေလိုက်ရတာတွေကို အတွေ့အကြုံ များလှတဲ့သူပီပီ … မမစိန် လောက်တော့ … နောက်တွန့်ချင်ဟန်မရှိတဲ့ ငြိမ်းငြိမ်းက … သူ့လက်ကို ဆွဲကိုင်လှုပ်နေတဲ့ မိုးနတ်ပုံရဲ့ လက်ကလေးကိုသာ (AIDS ကိုပဲ တွေးကြောက်နေလို့ထင့်) … မသိမသာ ပုတ်ချဖယ် ရှားကာ …

"ငြိမ်းလည်း ကိုယ်တိုင်ကတော့ လိုက်ထွင်ပြောတာ မဟုတ် ဘူးလေ … ကြားတာကိုသာ ပြန်ပြောပြမိတာပဲ ရှိတာ"

"ဟုတ်ပါတယ် … နင့်ကို ဘာမှမပြောပါဘူး … အဲဒီ တယောဆိုတဲ့ တစ်ယောက်အကြောင်းပဲ သိချင်တာ …"

"ငြိမ်းကို လာပြောပြတာ တယော မဟုတ်ပါဘူး … Violin …"





"အေးပါ … ဟုတ်ပါပြီ … အဲဒီတစ်ယောက်ကိုပဲ ပြော တာပါ … နင်ကလည်း Violin ပါ ဆိုမှတော့ မြန်မာလို 'တယော' ပေါ့ဟ …"

"မဟုတ်ဘူး … Violin က Violin … တယောက တယော … မတူဘူး သပ်သပ်နှစ်ယောက်ရှိတာ … ငြိမ်းနဲ့ သိတာက တယောပါ … Violin နဲ့ကျတော့ ခင့်ဖို့နေနေ သိတောင်မှ မသိဘူး … သူ့ဘာသာသူ ပြောချင်တာပြောဖို့ အတင်းကြီး စကားလာစပ်တဲ့သဘောပဲ ရှိတာ … ငြိမ်းက အဲဒီတစ်ယောက်နဲ့ကျတော့ သိပ်ကြီးအပေါင်းအသင်းလည်း မလုပ်ချင်ဘူး … ငြိမ်းက တယောတို့ကိုပဲ ခင်တယ် လေ …"

"ဟင် …"

အင်မတန် ထူးဆန်းသွားရသဖြင့် … မိုးနတ်ပုံရဲ့ မျက်လုံးတွေ ပြူးထွက်လာသည်။ လူတစ်ဦးတည်းဟု ထင်ထားသူ ဟာ နေရင်း ထိုင်ရင်းကပင် နှစ်ယောက်ဖြစ်နေပြန်ပါပေါ့လား …။ ပြန်ပြီးစဉ်းစားကြည့်မိတော့ … မိုးနတ်ပုံရဲ့လူတွေကသာ Violin ဆိုလို့ "တယော၊ တယော"နဲ့ ခေါ်ဝေါ်သုံးစွဲခဲ့တာကို ပြန်သတိထားမိ သည်။ လက်စသတ်တော့ … Violin တို့ တယောတို့ဟာ နာမည် ဝှက်တွေ၊ အထိမ်းအမှတ်တွေ၊ ထွင်ထားတာတွေ မဟုတ်ဘဲ … တကယ့်လူနာမည်အရင်းတွေ ဖြစ်နေတာကိုး …။



www.burmeseclassic.com

www.burmeseclassic.com



မိုးနတ်ပုံရဲ့ သိချင်စိတ် ပြင်းပြနေသည့် မျက်နှာထားကြောင့် ငြိမ်းငြိမ်း ထံမှ ရှိုးတိုးရှန့်တန့်ဟန်လည်း ကွယ်ပျောက်သွားပါသည်။ သူများအကြောင်း ကိုယ်သိထားသမျှကို ပြန်ပြီး စကားဖြန့်သတင်းလုပ်ချင်တဲ့သူဟာ ... အလွန်အင်မတန် သိချင် ... နားထောင်ချင်နေသူနဲ့တွေ့ရင် ... လိုက်ဖက်ညီ ... အံကိုက်ကျသွားတတ်ကြတာပဲ မဟုတ်လား ...။

"တယောက အကြီးလေ ... အကြီးက မွေးတာ ... တယောတို့အမေဆိုလည်း ငြိမ်းတို့အမေနဲ့ အသိတွေပဲ ... တယောက ငြိမ်းတို့ထက် တော်တော်ကြီးပါတယ် ... ဒါပေမဲ့ သူများတွေ ခေါ်သလိုပဲ နှုတ်ကျိုးနေတာ ... သူကလည်းရတယ် ... ဘယ်လိုခေါ်ခေါ်ပဲ ... သဘောကောင်းပါတယ် ... အဲဒီ Violin ဆိုတဲ့ တစ်ယောက်ကသာ သဘောထားမမှန် တာ ...

ကြည့်ပါလား ... သူများက တယော ဆိုလို့ ... သူကပါ Violin လိုက်လုပ်ထားကတည်းက ... စိတ်မမှန်တာ သိပ်ထင်ရှားတာပဲ ... သူက အငယ်ကမွေးတာလေ ... သူ့အမေနဲ့တော့ မသိပါဘူး ... မြင်တောင် မမြင်ဖူးဘူး ... ဒါပေမဲ့ အဲဒီမိန်းမကြီးလည်း သိပ်စိတ်ဓာတ်မကောင်းဘူးလို့ ပြောကြတယ် ... ခုတော့ ရှိတောင် မရှိတော့ဘူးလိုလိုပဲ ..."





"ဒါနဲ့ ... အဲဒီ တယောတို့ Violin တို့က ..."

"ဖအေတူ အမေကွဲလေ ... သူတို့အဖေကြီးဟာ မိန်းမနှစ်ယောက် ယူထားတာပေါ့ ... သမီးတွေချည်း မွေးလာတော့ ... ရှယ်တူတွေလိုပဲ အပြိုင်အရိုင်းပဲ ... တယောကတော့ ပိုကြီးတယ် ... အဖေကြီးက အရင်မွေးတဲ့ သမီးကြီးကိုချစ်စနိုးနဲ့ 'တယော'လို့လည်း ပေးလိုက်ရော ... အငယ်မက တစ်ခါတည်း Violin ဖြစ်သွားတော့တာပဲ ... တကယ်ဆို အဲဒီနှစ်ခုက တူတူပဲဟာ ... တယောက မြန်မာလိုဆိုရင် ... အင်္ဂလိပ်လိုဆိုလည်း သူပဲ Violin ဖြစ်ရမှာပေါ့ ... ဒါပေမဲ့ မရပါဘူး ... အငယ်မက ဇွတ် ... Violin တဲ့ ... သူတို့အဖေကြီးက အရင်က တကယ့် တယောလက်သံရှင်ကြီးကိုး ... အဘိုးကြီးရဲ့ ... အမြတ်တနိုးထားတဲ့ ... တယောအိမ်နဲ့ တယော၊ ဘိုးတံ တစ်စုံကိုလည်း ... သူတို့ပဲအပိုင်စီးလိုက်ကြတယ် ... ဒီဘက်ကလည်း ဘာမှမပြောပါဘူး ..."

"ငြိမ်းတို့နဲ့ အသိတွေဆိုတော့ ... သူတို့ ဘယ်မှာနေကြတယ်ဆိုတာတော့ ... ငြိမ်းငြိမ်း သိမှာပေါ့ ..."

"တယောတို့အိမ်ကိုတော့ သိပါတယ် ... ငြိမ်းတို့ရပ်ကွက်ထဲမှာပဲ နေတာပဲ ... ငြိမ်းတို့နဲ့ဆို တစ်လမ်းကျော်လေ ... Violin တော့ အစောတည်းက ဘယ်နေလဲ မသိပါဘူး ... အရင်တုန်းကတည်းက သူတို့အဖေကြီး ရှိကတည်းက



www.burmeseclassic.com

www.burmeseclassic.com



Violin က သုစိတ်ကူးပေါက်လာရင် တယောတို့အိမ်ကို ရောက်ချလာတာပဲ ... သူ့ ဘယ်သူမှ ကြိုဆိုမဲ့သူ မရှိလည်း ရတယ် ... အိမ်ထဲဝင် ... ရှိတာရှာစား ... ကြိုက်တာယူသွား ... ထင်သလိုကြဲတာတဲ့ ... ပြောသံကြားဖူးတာပဲ ... တစ်ခါလောက်လည်း ဆုံဖူးတယ် ...

တယောကတော့ သွေးသားပဲဆိုတဲ့စိတ်နဲ့ သည်းခံပါတယ် ... တယောရဲ့မေမေ အန်တီကတော့ အခံရခက်တာပေါ့ ... သူ့ယောကျ်ားလည်း လုထားကြသေး ... အိမ်အထိလည်း ... ငါ့အဖေအိမ်ပဲဆိုပြီး ထင်တိုင်းလုပ်ကြသေးဆိုတော့ ... ဒါပေမဲ့ အန်တီကြီးကလည်း သဘောကောင်းပြီး အေးတော့ တစ်ဖက်က အသာချည်းပေါ့ ...

အဘိုးကြီး ဆုံးကာနီးကျတော့ အားလုံး တိတိကျကျ အညီအမျှ ခွဲပေးသွားတယ် ကြားပါတယ် ... ဒါလည်းမရပါဘူး ... ခုထက်ထိ ... တစ်ခါတလေ ပေါက်ချလာ ... ထင်ရာစိုင်း ...။ ခုတော့ အန်တီကြီးက သူ့ယောကျ်ားလည်း မရှိတော့ဘူးဆိုတော့ ... အဘိုးတန်ပစ္စည်းတွေ၊ လက်မလွှတ်နိုင်တာတွေဆိုရင် ဖွက်သိမ်းထားတယ် ပြောတာပဲ ... သူ့သမီးတယော အိမ်မှာမရှိရင်လည်း တံခါးပါ ဖွင့်မပေးတော့ဘူးတဲ့ ... နို့မို့ဆို အဲဒီတစ်ယောက်က သူ့ပါ ရိုက်သွားတော့မလိုလို ... ဓားပြနဲ့ ဆက်ဆံတာတဲ့ ...





ငြိမ်းနဲ့က ဟိုးအရင်တုန်းကတစ်ခါ ... အဲဒီနေ့က တစ်ခါလောက်ပဲ ဆုံဖူးတာပါ ... တယောတို့အိမ်ရှေ့က ... ဘာရယ်မဟုတ်ဘူး ဖြတ်သွားမိတာ ... အထဲမှာ အန်တီကြီးရဲ့အော်သံကြားလို့ ... ကြည့်မိတာနဲ့ ... အဲဒီတစ်ယောက်က လှမ်းခေါ်ပြီး ... (---)ရုံးကမဟုတ်လားဆိုပြီး အဲဒီသတင်းတွေကို ပြောပြတော့တာပဲ ...

ငြိမ်းလည်း သူ့အကြောင်းကတော့ သိနေတာပဲလေ ... ယုံလှလွန်းလို့တော့ မဟုတ်ပါဘူး ... ဒါပေမဲ့ ဒီရုံးကလူရဲ့အကြောင်းဆိုတော့လည်း ... ကိုယ်ကြားလာခဲ့ရတာကို ရုံးမှာ ပြန်ပြောပြမိတဲ့ သဘောလောက်ရှိတာပါ ... ငြိမ်းလည်း အဲဒါတွေကို ဘာမှမကြား၊ မသိထားရတော့လေ ... ထူးဆန်းနေတဲ့ သတင်းမို့လို့ ...”

“ရပါတယ် ... တို့အကြောင်းတွေက သိပ်ကိစ္စမရှိပါဘူး ... ဒါနဲ့ ... တို့ အဲဒီ တယောတို့အိမ်ဆိုတာကို သွားချင်တယ် ... **တယော** ဆိုတာနဲ့လည်း စကားပြောဖူးချင်လို့ ... ငြိမ်းငြိမ်း **လိုက်ပို့ပေး**ပါလား ...”

**မျှော်ရာပါ** စကားဖွာတတ်သူမို့ ... သူသယ်ဆောင်ပေးပို့**လိုက်သော သတင်း**များနှင့် ပတ်သက်လို့ ... ပြဿနာတွေ တက်ကုန်ကြ**တော့မယ်**ဆိုရင် ... သူပါ ကြားကကန့်လန့်ကန့်လန့်နှင့် ပါမနေရလေအောင် ... “အရှောင်အတိမ်း ဂျက်ဆီဂျိမ်း”မှာတော့ဖြင့် ဝါရင့်ဖြစ်ဟန်တူတဲ့ ငြိမ်းက ...



www.burmeseclassic.com

www.burmeseclassic.com



"အဲလိုကြီးတော့ လိုက်မပို့ချင်ဘူး ...နတ်ပုံရဲ့သတင်းတွေဆိုတာကလည်း တယောတို့အိမ်က ဖြန့်နေတာ မဟုတ်ဘူးလေ ... Violin ကသာ ပြောလိုက်တာပဲ ... ငြိမ်းက တယောတို့ စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်မိသလိုဖြစ်ရင် ဘယ်ကောင်းပါ့မလဲ ..."

"အေးလေ ... ဒါဖြင့် ... အဲဒီအိမ်လိပ်စာနဲ့ အန်တီကြီးနာမည်ကိုပဲ ပြောပြလိုက်ပါလား ...တို့ဘာသာ စုံစမ်းပြီးသွားပါ့မယ် ... ငြိမ်းငြိမ်းရဲ့ နာမည်လည်း တစ်လုံးမှမပါစေရပါဘူး ...၊သူတို့နဲ့လည်း ဘာပြဿနာမှ မဖြစ်စေရပါဘူး ... တို့ ကတိပေးပါတယ် ... တို့အနေနဲ့ကလည်း အဲဒီ တယောတို့နဲ့ ဘာမှပတ်သက်ချင်တာ မဟုတ်ပါဘူး... တကယ်တမ်း သိချင်တာက Violin ရဲ့လိပ်စာတို့ ဖုန်းနံပါတ်တို့ပဲ ..."

မိုးနတ်ပုံက ငြိမ်းငြိမ်းရဲ့ လက်ကလေးကို ဆွဲကိုင်လှုပ်မိပြန်ကာ ... "ကူညီပါနော် ... ပလိစ် ..."ဟု ဆိုလိုက်မိလျှင် ... အင်တင်တင်ကြီး ဖြစ်နေသော ငြိမ်းငြိမ်းက ဒီတစ်ခါတော့ မသိမသာပင် မဟုတ်ဘဲ ... ခပ်မြန်မြန်ကြီးကို ... သူ့လက်သူ ဆွဲနုတ်ရုပ်သိမ်းလိုက်ရင်း ... မိုးနတ်ပုံ တစ်ယောက် ... သူ့ရှေ့မှ အမြန်ဆုံးထွက်သွားပါစေတော့ရယ်လို့ ... လိပ်စာနှင့်နာမည်တစ်ခုကို ခပ်မြန်မြန်ပဲ ထုတ်ပြောလိုက်လေသည်။





"ကျေးဇူးပဲနော် ... Violin အကြောင်းတွေပါ သိခွင့်ရလိုက်တာလည်း တို့အတွက် အများကြီး အကျိုးရှိပါတယ် ... ဒီနေရာမျိုးမှာတော့ ငြိမ်းလိုလူကိုမှ အားမကိုးရရင် ... တို့မှာ ဘာမှသိခွင့်ရှိမှာတောင် မဟုတ်ဘူးလေ ... ဩော်... အမှတ်မှားနေမှာစိုးလို့ ... ပြောပြရဦးမယ် ... AIDS ကလေ ... လူ့အသားချင်း ထိကြရုံ၊ လက်ဆွဲနှုတ်ဆက်ရုံ၊ ပွေ့ဖက်ကြရုံနဲ့တော့ မကူးနိုင်ပါဘူး ... သိလား ..."

ပြောပြီး ခပ်မြန်မြန်လေးပင် ထွက်လာမိတော့ ... မမစိန်က မိုးနတ်ပုံရဲ့နောက်က အပြေးပင် လိုက်ပါလာရင်း ... နှုတ်ကလည်း တဖျစ်တောက်တောက် ... တွတ်တွတ် ...။

"ငြိမ်းငြိမ်းနဲ့ ထချမကုန်ကြလို့ ရင်အေးရမလား မှတ်ပါတယ် ... ဘယ့်နှယ့်ကြောင့် ... ရောဂါကူးပုံတွေ ဘာတွေပါ လျှောက်ပြောခဲ့ရတာတုန်း ... ဒီလိုဆိုတော့ ... ကိုယ့်မှာရှိပါတယ်လို့ ဝန်ခံလိုက်သလိုလို ဖြစ်မသွားဘူးလား ... နတ်ပုံဟာလေ ... ရွှံ့ရမှ ကျေနပ်တယ်တော့ ... ခက်တော့တာပဲ ... ကဲ ... အခု ခပ်မြန်မြန်ကြီး ပြေးလွှားနေတာကကော ... ဘယ်ကို ဦးတည်နေတာလဲ ... ကျုပ်တို့စားပွဲက ကျန်ခဲ့ပြီလေ ..."

"ဘော့စ်အခန်းကို သွားနေတာ ... ဒီနေ့လိုနေ့မျိုး ဆယ်နာရီခွဲသွားရင် သူ အစည်းအဝေးခန်းထဲ ဝင်သွားမှာနဲ့ မမီလိုက်ရင် ... နောက်တစ်ရက် ပြန်စောင့်နေရဦးမယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်မလို့လဲ ..."

"ခွင့်တိုင်မယ်လေ ... သူပဲ အဆင်မပြေနိုင်သေးရင် လစာမဲ့ခွင့်ကို သုံးလကြီးများတောင်အထိ ပေးထားနိုင်တယ်ဆို... ဒီရုပ်ဒီရည်ကို မြင်လိုက်ရရင် ... သနားသွားလို့ပဲဖြစ်ဖြစ်... ကြောက်လို့ပဲဖြစ်ဖြစ် ... ခွင့်တော့ပေးမယ် ထင်ပါတယ်နော် ... မမစိန်ကိုတော့ တောင်းပန်ရမှာပဲ ... သုံးလလုံးတောင် ကြာချင်မှ ကြာမှာပါ ... ဒီကြားထဲတော့ တစ်ယောက်ယောက်နဲ့ပဲ တွဲလုပ်ပြီး နည်းနည်းပင်ပန်းခံပေးနော် ..."

"ငါက ရပါတယ် ... ဒါပေမဲ့ နင် ပြေးလွှားနေလိုက်ပုံက ငါတောင် မီအောင်မလိုက်နိုင်ဘူး ... မနည်းလိုက်နေရတာ... ဒီလောက် သွက်လက်ဖျတ်လတ်နေတဲ့သူက ရောဂါသည်ဆိုတာ ဖြစ်နိုင်ပါ့မလား ..."

မိုးနတ်ပုံက နာရီကိုတစ်ချက်ကြည့်ကာ ... အပြေးနှုန်းကို ချက်ချင်းပင် လျှော့ချလိုက်ပြီး ... ယဲ့တဲ့တဲ့လေးအသွင်ကို ဖမ်းလိုက်ပါသည်။

"ကိစ္စရှိလို့ပါ မမစိန်ရယ် ... နေကောင်းပါတယ် ... ကူလည်းကူညီမယ် ... ဘော့စ်ကိုလည်း ဝိုင်းပြောပေးမယ် မဟုတ်လား ..."

"အဲဒီကိစ္စဆိုတာ ... နင့်ယောက်ျားနဲ့နင် ပြန်ပေါင်းနိုင်ဖို့ပဲ ဖြစ်ပါစေလို့ ငါ ဆုတောင်းပါတယ်ဟယ် ..."





"အို ... အောင်မြင်သွားရင်တော့ ဒီလိုပဲ အဆုံးသတ်ရမှာပေါ့ ..."

သားကောင် ဖြစ်နေရတာနဲ့ ... မုဆိုးတစ်ယောက်ဖြစ်ရမှာ ... ဘယ်ဟာက ပိုနေလို့ ကောင်းတယ်ဆိုတာ လူတိုင်းသဘောပေါက်နိုင်ကြပါတယ် ...။ လှစ်ခနဲပေါ်လာ, လှစ်ခနဲပြန်ပျောက်ပြီး ... နာမည်တစ်လုံးကလွဲရင် ဘာမှ လက်ဆုပ်လက်ကိုင် မရှိနိုင်တဲ့ မိန်းမတစ်ယောက်မို့ သူ့ဘက်ကပဲ အသာစီးရပြီး ... မုဆိုးနေရာမှာ ပိုင်ပိုင်ကြီး ရပ်တည်ထားနိုင်ခဲ့တာ။ ခုတော့ ဘယ်ရမလဲ ...။ ကိုယ်က လိုက်နေရတဲ့နေရာကို ပြန်ယူနိုင်ရင်... လက်နက်လေးမြား အသင့်ပြင်ဆင်ပြီး ဖြစ်နေရင် ... သားကောင်တစ်ကောင်လို ... ကျီးလန့်စာစား ဖြစ်နေစရာလည်း မလိုတော့ပြီ ...။

မိုးနတ်ပုံတို့ ကြောက်တတ်တယ်ဆိုတာ ... ဘာမှ မမြင်ရ၊ မသိရ၊ ကြိုပြင်လို့မရတဲ့ ဖြုန်းခနဲ ... ဒိုင်းခနဲကြီးတွေကိုသာ လန့်တာ။ ကိုယ်ကတစ်ပြန် သူ့နောက်က ပြန်လိုက်ပြီး တိုက်စစ်ဆင်ကြည့်ရမှာမျိုးကျတော့ ... ဘာပူနေစရာရှိမလဲလေ ...။

အစတစ်မျှင် ထွက်လာတဲ့ကြိုးကို အဆုံးထိရောက်အောင် ဆက်ဆွဲလိုက်တော့မည်။ သိပ်ပိရိပြီး ခြေရာဖျောက်ချင်တဲ့ မိန်းမဟာ ဒီတစ်ခါတော့ဖြင့် (ငြိမ်းငြိမ်းကို ...) လူရွေးမှားသွားခဲ့ပြီ ...။



www.burmeseclassic.com

www.burmeseclassic.com



သူလွယ်ထားသည့် သူ့ကျောပိုးလွယ်အိတ်ထဲမှ ... စာအုပ်များကို လှည့်ပြီးဆွဲထုတ်လိုက်စဉ် ... စာအုပ်တစ်အုပ်ရဲ့ ကြားမှာ... သူ့အဖေရဲ့ဓာတ်ပုံ (မင်္ဂဇင်းအရွယ်ဆိုဒ်ကြီး)ကို ပလတ်စတစ်ကတ်မာနှင့် လောင်းထားပြီးသားကြီး ညှပ်ပါလာသည့်အတွက် ... Violin တစ်ယောက် ထခုန်မိမတတ်ပင် ဖြစ်သွားရလေသည်။

မှတ်ထား ...။ ကိုယ့်အဖေအရင်း ခေါက်ခက်ကြီးပေမဲ့ အဲဒီလူကြီးကို မင်း ဘယ်လောက်မုန်းသလဲ ... ငါသိတယ်လေကွယ် Violin ရဲ့ ...။ ကိုယ်က လက်ဦးမှု ရရှိထားရင် ... ဒီလောက်ကလေး လုပ်ရတာလောက်တော့ ... မိုးနတ်ပုံတို့က ပိုင်ပါတယ် ...။

Violin က ဓာတ်ပုံပလတ်စတစ်ကတ်ပြားကို စာအုပ်ကြားထဲက ခပ်မြန်မြန် ဆွဲထုတ်လိုက်သည်။ လက်နှစ်ဖက်နှင့် ညှပ်ကိုင်ပြီး စေ့စေ့စိုက်ကြည့်ရင်း ... သူ့တစ်ကိုယ်လုံး တုန်ယင်လာလျှင် ... မိုးနတ်ပုံက တစ်ချက် ပြုံးလိုက်မိသည်။ ပြီးလျှင်တော့ ... ကြီးဒေါ်ကြီးဆီက ငှားရမ်းယူလာသည့် မိုဘိုင်းလ်ဖုန်းလေးကိုထုတ် ... သင်းရဲ့ကျောပိုးအိတ်ထဲ ထည့်လွယ်ပါလာမည်ဖြစ်သော ... သင်းရဲ့ G.S.M ဖုန်းနံပါတ်ကိုနှိပ် ...။





"ဟလို ... ဘယ်သူလဲ ..."

ပင်ကိုယ်က ခပ်ရိုင်းရိုင်းမို့ ... ခုလို စိတ်အနှောင့်အယှက် ဖြစ်နေရချိန်မှာ ... Violin ရဲ့ စကားသံတို့က ပြတ်သားခကျောလှသည်။

"Violin ... ကောင်းကောင်းနေ ... ဒါပဲပြောမယ် ...
Violin ... ကောင်းကောင်းနေ ... ငါ ဒါပဲပြောမယ် ..."

မိုးနတ်ပုံက ... ကက်ဆက်ပေါက်စကလေးကို ... ဖုန်းမှုတ်ခွက်အား အခွေကို ထိပ်အစသို့ အမြန်ဆုံး ပြန်ရစ်ထားလိုက်သည်။

"ဟော့ ... ဘယ်သူလဲ ... ဘယ်ကကောင်လဲကွ ... မင်း ..."

သူ့အဖေလောက်အရွယ် အသံကြီးကို ... "မင်း" ဟွေ ဘာတွေနှင့် ဒီတစ်ယောက်ဟာ ... သူ့လုပ်ရပ်၊ သူ့စိတ်ဓာတ်နဲ့ သူ့ရဲ့ အမြဲပြဲအဆို အနေအထားတို့ကတော့ ... အားလုံးကွက်ကို ...။ လူအမြင်ကတ်ချင်စရာ အနေအထားမှာချည်း ဖြစ်လေသည်။

"Violin ... ကောင်းကောင်းနေ ... ဒါပဲပြောမယ် ...
Violin ... ကောင်းကောင်းနေ ... ငါ ဒါပဲပြောမယ် ..."

မိုးနတ်ပုံက ကက်ဆက်လေးကို နောက်ထပ်တစ်ကြိမ် ထပ်ဖွင့်ပြလိုက်ပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား ဟား ... တယ်ဟန်ဆောင်ကောင်းတယ်ပေါ့ ဟုတ်လား ... မင်းလားကွ ငါ့အဖေ ... ငါ့အဖေအသံက ဒီလိုကြီး မဟုတ်ဘူး ကိုယ့်လူရေ ... သိချင်ရင် သေချာလိုက်ပြီး ... မြေကြီးထဲ ဝင်နှိုးမေးကြည့်လိုက်ဦး ... မင်းလို ဘိန်းစားအသံနဲ့ ... ငါ့အဖေရဲ့ ယက္ခသံကြီးက ... မိုးကြိုးပစ်သံနဲ့ အခြောက်ကြိုးသံလောက် ကွာတယ် ... နားလည်ရဲ့လား ... ဟား ဟား ဟား ဟား ..."

မိုးနတ်ပုံက ဖုန်းကိုနှိပ်ပြီး ပိတ်ပစ်လိုက်ပါတော့သည်။ မတူဘူးဆိုတာတော့ သူပြောမှလား ...။ သိသားပဲ ... ကြီးတော်တို့အိမ်က ဒရိုင်ဘာကြီးကို လက်ဖက်ရည်တိုက်ပြီး ... မနည်းရအောင် အသံသွင်းယူထားရတာ ... အဘိုးကြီးသံတစ်ခုရရင်ပြီးရောလို့လေ ...။ ရောဂါသည်လေးလို ဖြစ်နေတဲ့ မိုးနတ်ပုံကို အလိုလိုက်ချင်လို့သာ သွင်းပေးထားရတဲ့ ဒရိုင်ဘာကြီးခမျာ ... စိတ်ကုလည်းညစ် ...၊ ရယ်ကလည်း ရယ်ချင်နဲ့ ... သမီးကိုဆူမနေသည့် ဖခင်တစ်ယောက်ရဲ့အသံမျိုး ဖြစ်ရမဲ့အစား ... ငရုတ်သီးကျွေးပြီး နှုတ်တိုက်ချသင်ထားတဲ့ ကြက်တူရွေးတစ်ကောင်ရဲ့အသံမျိုးပဲ ပေါက်နေခဲ့တာလေ ...။

ဒါပေမဲ့ ကိစ္စမရှိဘူးလေ ...။ မတူပေမဲ့ ... ဟန်ဆောင်ထားတာမှန်း သေချာပေမဲ့ ... ဖုန်းလှမ်းဆက်သည့်သူဟာ "သူ့အဖေ"ဟု အဖြစ်ပြထားတာ ... သူသိရင် ပြီးတာပဲ ...။ ဒ





လိုရင်းပဲ ...။ ဒီစကားလုံးတွေအတိုင်း ထပ်ချမတ်ချ ပြောတတ်သူဟာ သူ့အဖေဖြစ်ခဲ့လို့သာ ... သူက ... "မင်းလားကွ ငါ့အဖေ" ... လို့ တန်းပြောနိုင်တာပေါ့ ...။ ရတယ် ... အိုကေ ...။

Violin က ဖုန်းပြောနေတုန်း သူ့ရှေ့က စားပွဲပေါ်ပစ်တင်ထားသည့် ဓာတ်ပုံကတ်ပြားကြီးကို ပြန်ကောက်ကိုင်လိုက်သည်။ တယ်လီဖုန်းသံကို ခပ်မာမာပဲ တုံ့ပြန်နိုင်ပေမဲ့ ... ဒီဓာတ်ပုံကြီး သူ့အိတ်ထဲ ဘယ်လိုလုပ် လာရောက်နေသလဲဆိုတာကိုတော့ တွေးရခက်နေဟန် ရှိလေသည်။ ပြီးလျှင်တော့ လွယ်အိတ်တစ်ခုလုံးကို ဆတ်ခနဲပင် ကောက်မ, ... မှောက်သွန်ချခါ ...။ ကောင်းတယ် ... ကောင်းတယ် ...။ ထပ်ရှာလေ ... ရှာလိုက်ဦး ...။ ထပ်တွေ့ဦးမှာပါ ...။

ဒီတစ်ခေါက် ထပ်တွေ့သွားတာကတော့ ... သူ့အဖေကြီးနှင့် တယောတို့မေမေ အန်တီကြီးတို့ နှစ်ယောက်တွဲရိုက်ထားကြသည့် ဓာတ်ပုံ။ အဘိုးကြီး ဆုံးကာနီး စ,ပြီးမမာမကျန်း ဖြစ်နေစဉ်တုန်းမှာ ရိုက်ထားကြသောပုံ ဖြစ်ပေမဲ့ ... အဘိုးကြီးရော ... အန်တီကြီးပါ ဓာတ်ပုံထဲမှာ ... ရွှင်ရွှင်လန်းလန်းနှင့် ကြည်ကြည်လင်လင် ... ပျော်ပျော်ရွှင်ရွှင်ပုံတွေ ပေါက်နေကြလေသည်။ ကဲ ... ဘယ်လိုလဲ ...။

Violin က "တောက်"တစ်ချက် အကြီးအကျယ်ခေါက်လိုက်သည်။ ပြီးတာနဲ့ ဓာတ်ပုံနှစ်ပုံစလုံးကို ထပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဆွဲဆုတ် ...။ နှစ်ထပ်ပူးမရလျှင် တစ်ခုချင်းစီ ဆွဲဆုတ်ဖို့ကြိုးစား ...။ မရဘူးလေ ...။ ပလတ်စတစ်ကတ်ပြားအမာကြီး လောင်းထားတယ်ကွယ့် ...။ လက်နဲ့ဆုပ်လို့ ဘယ်ရလိမ့်မလဲ ... ကတ်ကြေးနဲ့ညှပ်မှ ပြတ်မှာပေါ့ ...။ လိုချင်သေးသလား ... ကတ်ကြေး ...။

သူထိုင်နေသည့် စားသောက်ဆိုင် ကဲန်တင်းတခ်ခု၊ စားပွဲဆီသို့ လူတစ်ယောက် လမ်းလျှောက်လာပြီး ... လက်ထဲမှာ ရိုရိုသေသေကလေး ကိုင်လာသော ကော်ဗန်းလေးတစ်ခု မျက်စိရှေ့မှောက် ရောက်လာလျှင် ... Violin က ကော်လင်ပန်းထဲကပျာကရာကြည့်လိုက်သည်။ ရပြီလေ ... ကတ်ကြေး ... ကဲ ... ညှပ် ...။

စိတ်ဆိုးမာန်ဆိုး၊ အားရှိပါးရှိ၊ စိမ်ပြေနပြေ၊ တအား၊ တအား ကျုံ့ပြီး ... "တချပ်ချပ်"နှင့် ညှပ်ချနေသော Violin သည် နှစ်ယောက်တွဲ ဓာတ်ပုံကြီးကော ... သူ့အဖေပုံကြီးပါ ... အမျှင်မျှင် အပြတ်ပြတ် ဖြစ်သွားပြီးတော့မှပင် ... သူ့လက်ထဲက အစိမ်းရောင်ကတ်ကြေးလေး တစ်လက်ကို ကြောင်တောင်တောင်နှင့် သတိထားမိနိုင်သွားတော့ပုံ ရပါသည်။

ဟုတ်တာပေါ့ ...။ လိုအပ်တဲ့အချိန်မှာ လိုသလို အံကိုက်ကလေး အတိအကျ ရောက်ရှိလာတဲ့ ကတ်ကြေးကလေး အကြောင်း မင်း သိချင်ရမှာပေါ့ ...။ ကတ်ကြေးကလေးကို ထောင်ကိုင်ထားမိရက်နှင့်ပင် ကော်လင်ဗန်းလေးကိုကြည့် ...။





ဆိုင်နောက်ဘက်ထဲကို လည်ပြန်ကြည့် ...။ ဘေးနားက စားပွဲတွေဆီပါ လျှောက်ရှာကြည့် ...။

မရှိတော့ဘူးကွယ့် ...။ တို့သုံးလိုက်တဲ့ ကောင်ကလေးက မင်းသုံးခဲ့တဲ့ လက်သမားဆရာကြီးလို ထူအအနဲ့ ပိတ်မိနေမဲ့အစားထဲက မဟုတ်ဘူး ...။ အဲဒီဆိုင်ထဲကလည်း မဟုတ်ဘူး ...။ ခုလောက်ရှိ သူ့အိမ်တောင် သူ ပြန်ရောက်နေလောက်ပြီ ...။ တကယ်တမ်းကတော့ မင်းမှားတာပါ ... စိတ်လိုက်မာန်ပါ ... ဒေါသတကြီး,ကြီးနဲ့မို့ ... ကိုယ့်ရှေ့ကို ကော်လင်ပန်းလေးတစ်ချပ်နဲ့ ကတ်ကြေးလေးတစ်လက် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာရတဲ့ အကြောင်းရင်းကို မင်း တွေးမနေတော့ဘူးလေ ...။ တွေ့တာနဲ့ ဘာမစဉ်းစား ညာမစဉ်းစား ...၊ ကောက်ဆွဲညှပ်၊ ဂျပ် ... ဂျပ် ... ဂျပ်။

ကဲ ... အခုတော့ ... ဓာတ်ပုံတွေတင်မက ... ကတ်ကြေးကလည်း ဘယ်ဘဝကနေ ရောက်လာခဲ့သလဲရယ်လို့ ... တွေးစရာတွေက များသထက် များလာပြီ ...။ ပိုပြီး ပိုပြီး ... စိတ်တိုလာပြီ ...။ လက်ထဲက ကတ်ကြေးဦးချွန်နဲ့ ... သူများတကာဆိုင်က စားပွဲအကောင်းကြီးကို "တဒုံးဒုံး"နဲ့ အရာတွေထင်ကုန်အောင် ထိုးချဖျက်ဆီးနေပြီ ...။ အဲဒီအချိန်မှာမှ ... မိုးနတ်ပုံက ... ကြီးကြီးရဲ့သား ... အစ်ကိုဝမ်းကွဲဖြစ်သူထံမှ သွားငှားလာခဲ့ပြန်သော ... ဆယ်လူလာဖုန်းကလေး နောက်တစ်လုံးကိုဖွင့် ...။



www.burmeseclassic.com

www.burmeseclassic.com



"Violin ... ကောင်းကောင်းနေ ... ဒါပဲပြောမယ် ...
Violin ... ကောင်းကောင်းနေ ... ငါ ဒါပဲပြောမယ် ..."

"ဟာ ... xxx xxx xxx ..."

ဟယ် ... ဆဲကလည်း ဆဲတတ်သေးတယ်တော့ ... ကဲ ... ကဲ ... တော်ပါပြီ ... တော်ပါပြီ ... ဒီနေ့အဖို့တော့ ဒီလောက်ပါပဲ ...။ မင်းကို သနားငဲ့ညှာချင်လို့တော့ မဟုတ်ဘူးနော် ...။ မှန်ပြောင်းတစ်လက်နဲ့ အလုပ်ရှုပ်နေတဲ့ မိုးနတ်ပုံကိုကြည့်ပြီး ... သူပါ ကြံရာပါတရားခံဖြစ်မှာ စိုးနေတဲ့ ဒရိုင်ဘာကြီးက ... "သမီး ... သွားကြစို့ ... ပြန်ကြပါစို့ ..."လို့ အထပ်ထပ် အခါခါ ... ငြူစူပူဆာပြနေလို့သာပါ ...။

မိုးနတ်ပုံတို့ရဲ့ ကားကလေး လမ်းမပေါ်မှ လျှောခနဲ လှိမ့်ထွက်သွားလျှင် ... မိုးနတ်ပုံက ပြတင်းတံခါးမှန်ကို မြန်မြန်ချကာ ... ကားထဲမှလက်ထုတ် ...။ ရှေ့နားမှာ ရပ်ထားသော ကားတစ်စီးဘေးက အဖြတ် ... ထိုကား၏ လေကာရှေ့မှန်ကြီးပေါ်သို့ ... လက်ထဲမှာ ကိုင်ဆွဲပါလာသော ကြွပ်ကြွပ်အိတ်တစ်ထုပ်ကို "ဖွမ်း"ခနဲ ... ပစ်တင် ...။

ဒီလောက်နံစော်ပုပ်အဲ့နေသော အရည်တွေဟာ အာအရည်တွေ ဖြစ်နေလိမ့်မယ်လို့ မင်း ထင်သလဲ ... Violin ...။

✿ ✿ ✿





Violin က တယောတို့အိမ်ရဲ့ ခြံတံခါးကို ခပ်ကြမ်းကြမ်းပဲ တွန်းဖွင့်လိုက်သည်။ အလွယ်တကူနှင့် ပွင့်ဟမသွားလျှင်တော့ ခြေထောက်နှင့်ပါ နှစ်ချက်လောက် ဆောင့်ကန်လိုက်သေးလေသည်။

"ဘာဖြစ်လာပြန်တာလဲ ... Violin "

ခြံထိပ်သို့ ပြေးထွက်လာသော တယောက သူတို့ခြံစပ်နှင့် ဘယ်လောက်မှ မကွာတော့သည့် ပလက်ဖောင်းအစပ်က ကားတစ်စီးကို ဖျတ်ခနဲ တစ်ချက်လှမ်းကြည့်ကာ မေးလိုက်သည်။ Violin နှင့်အပြိုင် နောက်က လိုက်မောင်းလာခဲ့ပြီး ... ဒီအိမ်သို့ လာနေတာမှန်း လမ်းကြော၊ ယာဉ်ကြောအရ သေချာသွားသောအခါကျမှ ... ကျော်တက်ဖြတ်ချလာခဲ့ပြီး ... ကြိုစောင့်မျှော်ရှိနေသော မိုးနတ်ပုံက တယောရဲ့ အကြည့်ကြောင့် ... မှန်ပြတင်းပေါက်ဘက်သို့ မသိမသာကလေး ကျောပေးကွယ်ထိုင်လိုက်ပါသည်။

တယောကတော့ မိုးနတ်ပုံကို သိလို့ကြည့်တာဟုတ်မည် မထင်ပါ။ မသိဆို ... တစ်ခါမှတောင် မမြင်ဖူးကြသူများဖြစ်ရတဲ့အထဲ ... မိုးနတ်ပုံကလည်း ခုတစ်ကြိမ်မှာ ကိုယ့်ရုပ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



သေချာကြီးပင် ဖျက်ထားသေးဆိုတော့ ...။ ဝဋ်များ နောက်ဘာ မကျူးဘူးဆိုတာ သိပ်မှန်တာပါပဲ ...။ တစ်ခါက "စိန်တက်ကြွ" ဖြစ်ခဲ့ဖူးတဲ့ နှင်းစပယ်ကို သူ ရုပ်ဖျက်ထားစဉ်က ဟားခဲ့ ကျိတ် ရယ်ခဲ့ဖူးတဲ့ မိုးနတ်ပုံဟာ ခုတော့ဖြင့် ကိုယ်တိုင်က တတ်သမျှ မှတ်သမျှနှင့် ရုပ်ပျက်ဆင်းပျက်ကြီးနှင့် ဖြစ်နေရပြီ ...။ ခုနေ ကိုယ့်ကို မိုးနတ်ပုံဟု မှတ်မိသွားမည့် အသိမိတ်ဆွေထဲကရှိလျှင် ... ထိုတစ်ယောက်သည်လည်း ပါးစပ်မစေ့နိုင်အောင် ဟားတိုက်တော့ မှာပါပဲ။

လက်စသတ်တော့ တယော ဆိုတဲ့ တစ်ယောက် ဟာ ... Violin နှင့် အတော်ကြီးကို ချုပ်စွမ်းကြီး ဆင်တူကြတဲ့ ညီအစ်မတွေကိုး။ နှစ်မအေကမွေးပြီး တည့်သာမတည့်ကြတာ ...။ ရုပ်ကြီးတွေကတော့ဖြင့် ထပ်တူကြီး။ တယောက မျက်နှာကျော ပျော့ပျောင်းနူးညံ့ပြီး ... Violin က မာခေါက်ကြွပ်ဆပ် ... ရိုင်း ချင်တိုင်း ရိုင်းပျနေတော့သည့် မျက်နှာထားချင်းသာ ကွာနေကြ သည်။

ခုလည်းပဲ ... တယောက မိုးနတ်ပုံကို သိလို့ကြည့် တာထက် ... သူတို့ညီအစ်မချင်း ... အော်ကြီးဟစ်ကျယ် ပြဿနာ တစ်ခုခု တက်စရာရှိလျှင် ... လမ်းသွားလမ်းလာ လူသူစိမ်းတွေ များ ကြားကုန်ကြမလားလို့ ... စိုးရိမ်ပုံနှင့် အကဲခတ်ခြင်းသာဖြစ် နိုင်ပါသည်။





မိုးနတ်ပုံ ... ဤအိမ်သို့ ရောက်ခဲ့စဉ်က ... အိမ်မှာ တယော မရှိ။ ရိုးရိုးအေးအေးနှင့် သူ့ဘဝတစ်လျှောက်လုံး အင် မတန်မှ သနားစရာ ကောင်းခဲ့ဟန်တူတဲ့ အန်တီကြီးနှင့်သာ တွေ့ဆုံ စကားပြောဖြစ်ကြကာ မိုးနတ်ပုံက ကိုယ့်ကိုယ်ကိုယ် ... Violin ရဲ့ အမေဘက်က ဆွေမျိုးညီအစ်မဟု မိတ်ဆက်ကာ ... "Violin တစ်ယောက် အဖေကော၊ အမေပါ မရှိကြတော့ကတည်း က ရူးသလိုလို၊ နှမ်းသလိုလို ဖြစ်နေလို့ ... ဆေးကုသနိုင်ရန်အတွက် အကြောင်းရင်း တချို့ကို လာရောက်ဆွေးနွေးတိုင်ပင်တာပါ ..." ဆိုတော့ ... ထိုရိုးအ,သနားစရာကောင်းသော အန်တီကြီးက ပြောသမျှကို ချက်ချင်းပင် လက်ခံယုံကြည်လေသည်။

ဘယ်လောက် စိတ်သဘောထား ကောင်းမွန်သလဲ ဆိုရင် ... မိုးနတ်ပုံကို နောက်မိန်းမ၏အမျိုးဟု ဆိုပါရက် ... "ခြေမ,မကောင်း ခြေမ"ဟူသည့် သဘောနှင့် ... အေးဆေးကောင်း မွန်စွာပင် ဆက်ဆံခဲ့တာ ကြည့်ပါလား ...။ မကောင်းသူကတော့ မိုးနတ်ပုံပင် ...။ သိလိုသမျှလည်း နှိုက်ထုတ်မေးမြန်း အစ်အောက် သေး။ အဲဒီအိမ်မှာရှိတဲ့ ပစ္စည်းလေးတချို့တလေကို ကိုယ့်ရဲ့အစီ အစဉ်ထဲမှာ ထည့်သုံးဖြစ်ဖို့လည်း တိုသေး၊ လှိုသေး။

"Violin တစ်ယောက် ရူးနေပြီ"ဟု ပြောခဲ့တော့ အန်တီကြီးခမျာ ... အဟုတ်ပင်ယုံကာ ... ရင်ဘတ်လေးဖိပြီးတော့ ပင် ဆုတောင်းပေးနေလိုက်ပါသေး။



www.burmeseclassic.com

www.burmeseclassic.com



"သူတို့အဖေခမျာ ... တစ်ချက်မှားမိတာကလွဲရင် သဘောထားမှန်တဲ့ ... တာဝန်သိတဲ့ လူကြီးပါကွယ် ... မကောင်းတာက အမေပါ ... အားတော့နာပါရဲ့ ... အမျိုးချင်းတွေဆိုတော့လည်း အကြောင်းသိပြီးသား ဖြစ်နေမှာပါပဲ ... သူတို့အဖေက အဲဒီတစ်ယောက်အပေါ် တာဝန်သိတာကလွဲရင် ... တစ်စက်မှ မေတ္တာမရှိတာ ... မျက်နှာသာမပေးတာ ... အန်တီ့အပေါ်ကျတော့ ... ငယ်ပေါင်းဖိုဖို တကယ်မေတ္တာထားနိုင်ခဲ့တာ ... ပြောရရင်တော့ ကလေးကလားဆန်ပါတယ် ... အဲဒါကိုပဲ တစ်ဖက်က မကျေနပ်နိုင်တာဖြစ်ပါလိမ့်မယ် ...

ဒါပေမဲ့ကွယ် သမီးချင်းကျတော့ တူတူပါပဲ ... ဘယ်သူ့ဘယ်သူမှ မပိုပါဘူး ... နှစ်ယောက်စလုံး သူ့သွေးတွေချည်းဟာ ... တယောက လိမ္မာတယ် ... သူကဆိုးတယ် ဆိုတော့ ... အဖေဆိုတာ ဆိုးတဲ့သူကိုပဲ ဆိုပြောနေရတော့တာပေါ့ ... အဲဒါကိုလည်းပဲ မကျေနပ်နိုင် ...

မဖြစ်နိုင်တာကြီး တစ်ခုကို အတင်းအဓမ္မ ဖြစ်ချင်နေတတ်တဲ့ သူမျိုးဟာ ကြာကြာနေရင်တော့ သူ့စိတ်နဲ့သူပြန်သတ်ပြီး ရူးတတ်ကြတယ်လို့တော့ ကြားဖူးတာပဲ ... အဲဒီ Violin ဟာ သူ့အမေကပဲ 'အကြီး'ဖြစ်ချင်တာ ... ဒါမှမဟုတ်ရင်တော့ ... သူ့အမေသာလျှင် တစ်ဦးတည်းမိန်းမ ... သူသာလျှင် တစ်ဦးတည်းသော သမီး ... ဒါမျိုးဖြစ်ချင်နေတာ ... ဖြစ်မှမလာဘဲကွယ် ... အစောတည်းကကံပေးသလိုပဲ ဖြစ်နေကြရပြီးသား ... ဘယ်တတ်နိုင်ပါ့မလဲ ...

အဲဒါကိုဗဲ ... ရူးတဲ့အထိများ ... မဖြစ်နိုင်တာကြီးတွေကို ဖြစ်ကိုဖြစ်ချင်နေရတယ်လို့ ... သမီးချင်းတော့ ကိုယ်ချင်းစာပါတယ် ... ခုဆို ... အမေလည်းမရှိ၊ အဖေလည်းမရှိဆိုတော့ ခက်သားပဲ ... ပစ္စည်းဥစ္စာကတော့ သူ့အဖေက ပြည့်ပြည့်စုံစုံပဲ ခွဲပေးခဲ့ပါတယ် ... တာဝန်ယူဖို့ကတော့ မဖြစ်နိုင်ဘူး ... သူ့အစ်မကိုလည်း အန်တီက ဖြစ်နိုင်ရင် သူနဲ့ဆက်ဆံပတ်သက်စေချင်တာတောင် မဟုတ်ဘူး ... ဒါပေမဲ့ တယောကလည်း သွေးစပ်နေတာဆိုတော့ ချစ်ရှာတယ် ...

ဒီလိုလုပ်ပါလားကွယ် ... အန်တီ့ရဲ့အဝေးက အကူအညီကို လိုချင်ရင်တော့ အချိန်မရွေးပြောပါ- ... တယောကိုတော့ သူ့ညီမအကြောင်း ပေးမသိစေချင်တော့ဘူး ... သမီးလည်း ဖြစ်နိုင်ရင် မဆက်သွယ်ပါနဲ့လား"

မိုးနတ်ပုံကလည်း ကျေနပ်ပါသည်။ ကိုယ် သူ့နောက်သို့ ပြန်လိုက်ပြီဆိုတာ ... အတတ်နိုင်ဆုံး Violin ပြန်မသိနိုင်လျှင် အကောင်းဆုံးပဲ မဟုတ်လား ...။ တယောနှင့် တွေ့ဆုံစဉ်ကား







www.burmeseclassic.com

www.burmeseclassic.com



ပြောဖြစ်ကြလျှင်တောင်မှ တယောက်တစ်ဆင့် သူ့ညီမထံ ပြန်ရောက်သွားနိုင်သေးသည်လေ ...။ ခုတော့ဖြင့် ကိုယ့်မျှော်လင့်ချက်နဲ့ ကွက်တိ ...။ ဆွေမျိုးဆိုပြီး အိမ်လိပ်စာနှင့် ဖုန်းနံပါတ်ပါ ပြန်စုံစမ်းနေရသေးတာ့ကိုတော့ ... ယုတ္တိရှိမရှိ မသိ ... ဖြစ်နိုင်ချေရှိမည်ထင်ရာမှန်သမျှနှင့် ... အစွမ်းကုန်လှည့်ပတ်ပြီးဖြန်းခဲ့ရပါသည်။

"အိမ်ထဲဝင်လိုက်ပါလား Violin ရယ် ... လမ်းမကြီးမှာ..."

"နင်တို့သောက်အိမ်ထဲကို ငါက သိပ်ဝင်ချင်နေတယ် မထင်နဲ့ ..."

"ကျွတ် ... ဘာဖြစ်တာလဲဟာ ..."

"နင်လား ... နင့်အမေလား ... ငါ့ဆီ အဖေ့အသံတုနဲ့ဖုန်းဆက်လိုက် ... ဓာတ်ပုံကြီးတွေ ပို့ပေးလိုက် ... ငါ့ကားကိုဖျက်ဆီးလိုက် ... ငါ့ခြံထဲကို ခဲနဲ့ပေါက်လိုက် ... ညမိုးချုပ်ကြီး အိပ်ကောင်းနေတုန်း ဖုန်းမှားလိုက် ... ငါ့ခုတင်ခေါင်းရင်းက ပြတင်းပေါက်မှာ ညနှစ်နာရီတိတိ သံပတ်ပေးထားတဲ့ Alarm Clock တွေ လာချိတ်ထားလိုက် ..."

"ဟယ် ... ဘာတွေလဲ ... စုံလှချည်လား ... အဲဒါတွေ ငါတို့က ဘာလို့လုပ်ရမှာလဲ ... ငါလည်းမဟုတ်ဘူး ... အမေဆိုရင်လည်း အသက်ကြီးနေပြီဟာ ဒါမျိုးတွေ လိုက်လုပ်နေနိုင်ပါ့မလား"





"ဒါဖြင့် ဘယ်သူက လုပ်နေတာလဲ ..."

"ဘယ်သိမှာလဲ ... ငါတို့က နင့်ကို လုပ်စရာအကြောင်းကိုမရှိတာ ... နင့်မှာ နင့်ကိုမကျေနပ်တဲ့လူတွေ ဘာတွေများ မရှိဘူးလား ..."

"အောင်မာ ... နင်ပြောပုံက ငါ့မှာပဲ ရန်သူတွေ ပတ်လည်ဝိုင်းနေသလိုလို ... နင်တို့သားအမိကျတော့ ချစ်သူခင်သူတွေ တစ်ပုံကြီးနဲ့ပေါ့ ဟုတ်လား ..."

"အဲဒီလိုလည်း မပြောမိရသေးပါဘူးဟာ ... ဒါနဲ့ နင့်ကိုကျောင်းထဲမှာ ပြန်တွေ့နေတယ် ပြောတယ် ... နင်ဒီနှစ်ကျောင်းပြန်နေဖြစ်သလား"

"ဟေး ... လာလုပ်မနေနဲ့ ... နင့်လို ဘွဲ့ရပညာတတ်ဖြစ်ဖြစ် မဖြစ်ဖြစ် ... ငါ့ရဲ့စည်းစိမ်က ဒီလောက်က ဒီလောက်ပဲ ... နှစ်ဆမတိုးဘူး နှစ်ဆလည်း မလျော့ဘူး ..."

"အေးပါ ... အေးပါ ... မှားလို့ မေးမိတာပါ ... အေး ... ဂရုတော့စိုက်ဦးနော် ... သေချာလည်း ကြည့်နေဦးနော် ... နင်ပြောပုံကြီးတွေက ကြောက်စရာကြီးတွေ ... တစ်ယောက်ယောက်က နောက်ချင်နေတာများလား ..."

"ငါ့လာနောက်ချင်ရင် သင်းပဲ သွက်သွက်ခါသွားမှာပေါ့ ... အေး ... နင်တို့နှစ်ယောက် မဟုတ်ရင် ပြီးရော ... ဒါပေမဲ့ ဓာတ်ပုံတွေ ဘာတွေက နင်တို့ဆီက မထွက်ရင် ဘယ်သူ့ဆီက ထွက်သလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"နင်ကလည်း ခြတ်ပုံဆရာတွေ ... ဘာတွေ ..."

Violin က တယောရဲ့ စကားမဆုံးခင်မှာပင် နေရာမှ လှည့်ထွက်ပစ်ကာ သူ့ကားဆီသို့ ခြေလှမ်းကျဲကျဲနှင့် လျှောက်လှမ်းသွားပါတော့သည်။ တယောက သူ့ခြံထဲကနေ ထွက်ကာ Violin နောက်သို့ ပြေးလိုက်ရင်း ...

"ငါကတော့ နင့်ကို သိပ်ချစ်ပါတယ် Violin ရယ် ... အဲဒါ နင်သိရဲ့လား ... ငါ့ကို ယုံစမ်းပါ ... ငါ နင့်ကို သိပ်ချစ်တာပဲ ... တကယ့်ကို ..."

Violin က တယောကို လက်တစ်ဖက်ခါပြလိုက်ကာ သူ့ကားပေါ် သူတက်ထိုင်လိုက်ပြီး မောင်းထွက်သွားပါတော့သည်။ မိုးနတ်ပုံမှာ ညီအစ်မနှစ်ယောက်ရဲ့ ဆက်ဆံပုံတွေ ... တယောရဲ့ အံ့သြစရာကောင်းလောက်တဲ့ တောင်းပန် အောက်ကျို့သံတွေထဲမှာ အံ့အားတသင့် ငေးကြောင်နေမိရတာနှင့်ပဲ ... Violin နောက်က ကိုယ့်ကားကို ထက်ကြပ်မကွာ မောင်းနှင်လိုက်ပါရမည့် ကိုယ့်အလုပ်ကို ကိုယ်မေ့နေသည်။ ဒရိုင်ဘာဖြစ်သူကသာ ...

"မမိုးနတ်ပုံ ... လိုက်မှာလား ..."

ဒီဒရိုင်ဘာ ခပ်ငယ်ငယ် ... တစ်ယောက်ကတော့ အစ်ကိုဝမ်းကွဲဆီက တောင်းထားသော ကားနှင့်လူမို့လို့ ... ကြီးကြီးတို့အိမ်က အဘိုးကြီးလို နားပူနားဆာ သိပ်မတိုက် ...။





သူကပင် ... (သူ့ကားမောင်းစွမ်းရည်ကို ပိုင်ပိုင်ကြီး ပြသချင်ပုံနှင့်)ပိုပြီး တက်ကြွနေသေးသည်။

"အင်း ... အဲ ... အိမ်ပဲပြန်ရင် ကောင်းမယ်ထင်ပါတယ် ..."

Violin ကတော့ဖြင့် မသိ ...။ မိုးနတ်ပုံမှာတော့ ... ကိုယ့်လုပ်ရပ်တွေကို ... သင်းမသိစေချင်ရုံတင်မှုမက ... ကိုယ့်ဘက်က လူကြီးမိဘတွေရော ... အေးချမ်းတို့ မိသားစုဝင်တွေရော ... မိတ်ဆွေသူငယ်ချင်း ... အားလုံးကိုပါ ပေးမသိချင်သည်ပဲဖြစ်ရာ ... နှုတ်လုံလုံ မလုံလုံ (အတင်းပင် ဖွတ်ယုံကြည်ပစ်ပြီး ... ကိုယ့်ဘက်ပါမည်ဟုသာ ယူဆပြီး) ဒရိုင်ဘာတွေအားကိုးနှင့် တစ်ယောက်တည်းကြံနေရတာ ... တော်တော့ကို အားကြီးမာန်တက် နိုင်ရပြီး ... အခက်အခဲတွေနှင့်လည်း ကြုံရသည်။ သူကတော့ သူ့ကားသူ မောင်းနိုင်တော့ ပိုတစ်ပန်းသာမှာပေါ့။

သူ့ကို စိတ်အနှောင့်အယှက် ပေးလိုတာနှင့်ပဲ ... ညဏ်နီညဏ်နက်တွေလည်း ထုတ်ရ၊ ယောင့်စေ့အကွက်စေ့အောင် စဉ်းစားရ ...။ သူတင်မက ဘယ်သူမှမရိပ်မိအောင် (တစ်ခါတစ်ရံ ကိုယ်နှင့် တစ်ကားတည်းပါ ဒရိုင်ဘာပင် မရိပ်မိရအောင်) လျှို့ဝှက်သိပ်သည်းရ ...၊ သူခိုးလိုလို ဂျပိုးလိုလိုတွေလည်းဖြစ်ရ...၊ လူမိမှာစိုးတာနှင့်ပဲ အမြဲထိတ်ထိတ်ပျာပျာ ပြေးပြေးလွှားလွှားတွေ ဖြစ်နေရ ...၊ အတော်ကြီးကို ဗျာများခေါင်းကိုက် ... လုံ့လထုတ်ရလွန်းသည့် အဖြစ်အခြေမှာ ရောက်ရှိနေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူများမကောင်းကြဲရင် ကိုယ့်လည်း ထိမှာပဲ"ဆိုတာ ဒါမျိုးပဲဖြစ်သည်။ တစ်ခုခုကို အောင်မြင်အောင် ကြိုးစားလိုက်ပြီးရင် ခြေကုန်လက်ပမ်းတွေကျပြီး လူမှာ ဟိုက်ဟိုက်ကြီးကိုဖြစ်ကျန်ရစ်ရပါရော ...။ သို့ပေမဲ့ သူ့မှာ နည်းနည်းလောက်ဖြစ်ဖြစ် ပိစိကွေးလေးပဲဖြစ်ဖြစ် စိတ်အနှောင့်အယှက်ဖြစ် ... ထိခိုက်မည်ဆိုလျှင် ပင်ပန်းရသည့်ကြားက (ငရဲလည်း ကြီးချင်ကြီးပစေ)ဝမ်းသာပါသည်။ ...။

"ကိစ္စတစ်ခုခုများ ရှိလို့လား မသိဘူး ..."

ဟိုက် ... ပလုပ်တုတ် ...။ ဘုရားရေ ...။ ဒရိုင်ဘာဖြစ်သူက မိုးနတ်ပုံကို လှည့်မေးအပြီး ... နောက်ဘက်ကလာနေသည့် ယာဉ်ကြောမရှင်းသေးသဖြင့် ... ရုတ်တရက် မောင်းထွက်ပြီး လမ်းပေါ်ပြန်တက်ဖို့ မဖြစ်နိုင်သေးခင်မှာ ... ကားပြတင်းမှန်ဘေး၌ လူရိပ်တစ်ခု ကပ်ပေါ်လာသည်။ ပြီးတာနဲ့ ... ပြတင်းပေါက်ထဲ ကိုယ်ငုံ့ကိုင်းပြီး မိုးနတ်ပုံကို မေးခွန်းထုတ်လိုက်သည်။

မိုးနတ်ပုံမှာ တစ်ခုခုဆိုရင် ... အချိန်မီဖုံးကွယ်ရပ်ဖျောက်နိုင်ရန် ကြိုတင်ပြင်ဆင်ထားသော ရုပ်ဖျက်အထောက်အကူပစ္စည်းအဖြစ်သုံးမည့် ... ဖရဲသီးစိတ်ကြီးကို ... ထိုင်နေရာဘေးမှ ဖြတ်ခနဲကောက်ယူကာ ... ပါးစပ်မှာတပ်လိုက်ရင်း ... ဖရဲသီးလည်းစား ... တဝါးဝါးနှင့် ...

"မရှိပါဘူး .... ရပါတယ် ..."





"ရပ်ထားတာ ကြာပြီမို့လို့ ..."

"ဒီနားမှာ အသိတစ်ယောက်နဲ့ ချိန်းထားလို့ပါ ... ရောက်မလာတာနဲ့"

"ကျွန်မတို့အိမ်ဘက်ထဲလည်း ကြည့်နေသလားလို့ ..."

အင်း ...။ သူသည်လည်းပဲ ... ဘာသိဘာသာ ရှောင်[illegible]း လိုက်ဖို့ထက် ... အတိအလင်း ရင်ဆိုင် ဖြေရှင်းပစ်တတ်သည့် ...။

"ဆောရီးပါ ... ပျင်းနေလို့ ဟိုဟိုဒီဒီ ကြည့်နေရင်းက စပ်စုမိသလိုတော့ ဖြစ်သွားတယ် ... ဒါပေမဲ့ ခုပဲသွားတော့မှာပါ ... ဆက်မစောင့်တော့ဘူး ... သွားပါပြီ ..."

မိုးနတ်ပုံက ကိုယ့်ရှေ့က ဒရိုင်ဘာရဲ့ခုံကို လက်နှင့်[illegible]ချက်နှစ်ချက်လောက် ပုတ်လိုက်တော့ ... ဒရိုင်ဘာကလည်း [illegible]ိုက်တသိပင် ခပ်မြန်မြန် ထွက်ချလာခဲ့လိုက်လေသည်။ သူ့[illegible]နှင့် တွေ့ကြစဉ်ကလို ပျော့ပျောင်းနူးညံ့သည့် မျက်နှာထားမျိုး[illegible] မပျောက်တော့သည့် တယောက ဇဝေဇဝါ မျက်မှောင်ကုတ်[illegible]နှင့်ပင် မိုးနတ်ပုံတို့ကားကို လိုက်ကြည့်ပြီး ကျန်ရစ်လေသည်။

မျက်နှာကိုတော့ ... ကြီးကြီးမားမား ဖရဲသီးစိတ်[illegible]နဲ့တော့ ကောက်ကွယ်ပစ်လိုက်တာပဲ ...။ လုံမယ်တော့ ထင်[illegible]ယ် ...။ ရုပ်ဖျက်ထားရတဲ့အထဲ မျက်လုံးလောက်ပဲ ပေါ်တော့[illegible]ဆိုတော့ မှတ်မိစရာ အကြောင်းလည်း သိပ်မရှိနိုင်ပါ ...။



www.burmeseclassic.com

www.burmeseclassic.com



သို့ပေမဲ့ ... အတွေးအခေါ် ပြေးလွန်းလှပုံရပြီး ... ညီမကိုလ
"သိပ်ချစ်ပါတယ်"ဆိုတဲ့ ဒီတစ်ယောက်က ... Violin ထံ "
တို့ ငါတို့လောက်အရွယ် မိန်းကလေးတစ်ယောက်"ဟု ပြန်သ
ပို့လိုက်တာနှင့် Violin ဟာ သူ့ရဲ့ပြိုင်ဘက်ကို တန်းသိသွား
တော့မည်။

ကြောက်စရာကောင်းလောက်အောင် ... ခေါင်း
မျက်စိတွေက တလှစ်လှစ် ပြေးနေကြတဲ့ ညီအစ်မ ...။ စိတ်
နေတဲ့ Violin က မျက်စိလျှမ်းလျှင် စိတ်ငြိမ်နေတဲ့ သူ့အစ်
သတိထားမိလိမ့်မည်။ ဒီအိမ်ရှေ့သို့ နောက်တစ်ခေါက် ထပ်
မိအောင် သတိထားရမည် ...။





## အခန်း(၆)

သူဟာ တကယ်ပဲ ရူးနှမ်းနေပြီ ထင်ပါတယ် ...။

Violin နောက်သို့ ... အချိန်ရတိုင်း ... ကားနှင့် ဒရိုင်ဘာ အဆင်ပြေပြေရှိတိုင်း နောက်ယောင်ခံလိုက်,လိုက်နေတော့သည့် မိုးနတ်ပုံမှာ ... သူ့ရဲ့အပြုအမူဆန်းတွေနှင့် ကြုံရလျှင် ... တအံ့တသြနှင့် မျက်လုံးပြူးလာမိရပါသည်။ တကယ့်ကို ထူးဆန်းတဲ့မိန်းမ ...။ မကြုံစဖူး မိန်းမ ...။ ထူးသလောက်လည်း ရူးနေသဖြင့် ... ကြောက်စရာ တကယ်ကောင်းလှတဲ့ မိန်းမ ...။

မိုးနတ်ပုံကတော့ ... သူကြောက်မှ ကြောက်ပါစေတော့ရယ်လို့ ... စိတ်အနှောင့်အယှက်မှ ဖြစ်ပါစေတော့ရယ်လို့ နည်းမျိုးစုံနှင့် ကြိုးစားကြည့်တာပေါ့နော် ...။ သူ့လိုတော့ လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရိုက်ကြီး ပေါ်တင်မဖိုက်ရဲတာမို့ … ကိုယ်နိုင်သလောက်ထဲကမှ ကောင်းမယ်ထင်သလောက်လေးတွေနှင့်ပေါ့ …။ အလွယ်ကူဆုံးကတော့ … ပုံတစ်ရာလောက်မှားကူးထားပြီး … အဘိုးကြီးဓာတ်ပုံတွေနှင့် … အဘိုးကြီး၊ အန်တီကြီးစုံတွဲပုံတွေကို နေ့စဉ်နဲ့မပြတ် … (သူ့လိုပဲ စာတိုက်တွေတော့ ခွဲခွဲပြီး)ပို့တာပေါ့ …။ ပြီးကျတော့ ဒရိုင်ဘာကြီးရဲ့အသံ …။

အစပိုင်းကတော့ ဓာတ်ပုံမြင်လိုက်တာနဲ့ တုန်တက်သွားသလား ထင်ရပေမဲ့ နောက်ပိုင်းကျတော့ … စာအိတ်မြင်ရင် … ဖောက်ပင်မဖောက်တော့ …။ သူ့အိမ်ခြံထောင့်က ဒန်းတစ်ခုပေါ်မှာ … မိုးနတ်ပုံ ပို့ပေးထားသော စာအိတ်တွေကို … လွှင့်ပစ်ထားတာ အထပ်လိုက်၊ အပုံလိုက် …။ ဖုန်းကတော့ ကိုင်လိုက်ပြီးတာနဲ့ ဆက်နားထောင်မနေတော့ဘဲ "ဂွပ်"ခနဲ။

ကိုယ့်တုန်းကကျတော့ … ချပစ်လိုက်ရင်လည်း ချက်ချင်းပြန်ကောက်ဆက်မှာ … တစ်ကြိမ်ပြီးတစ်ကြိမ် ဆက်လှည့်ပြီး ဒုက္ခပေးနေမှာကို ကြောက်ရပေမဲ့ … သူကကျတော့ … ထပ်ဆက်တိုင်းလည်း … ထပ်"ဂွပ်"နိုင်ပေသည်။ ဘာမှဖြစ်ပုံမရ …။ တချို့နည်းလမ်းတွေကကျတော့ လူလစ်လွန်းမှ လုပ်ခွင့်သာနိုင်သည်ဖြစ်ရာ … ကိုယ်ကတော့ အသည်းအသန်ကြီး ကြိုးစားနေရပြီး … သူ့ကျတော့ ထိရောက်တယ်ပင် တယ်မထင်တော့ပုံနှင့်မို့ … မိုးနတ်ပုံမှာ စိတ်ဓာတ်ကျရသည်။





ဘာတွေ ကွာနေတာလဲ …။ အတော်စိတ်ဓာတ်ခိုင်မာ သတ္တိရှိသည် ထင်ပါရဲ့ …။ သို့သော် … ဒီလိုမဟုတ်နိုင်တော့ကြောင်း မိုးနတ်ပုံက တဖြည်းဖြည်းနှင့် သိလာသည်။ ဒီမိန်းမဟာ သူစိတ်ဝင်စားရာ တစ်ခုခုဆီမှာ တစ်ဖက်သတ် ဖွဲ့ခပ်နေလို့သာ … သူ့ဘယ်သူက ဘာလုပ်နေနေ … သေလောက်အောင်ပဲ လာခြောက်လှန့်နေနေ … ခေါင်းထဲမှာတောင်မှ မထားနိုင်တော့တာမျိုး …။

ခုချိန်မှာ သူ ဘာတွေဖွဲ့ခပ်နေသလဲဆိုရင် … မိုးနတ်ပုံက သူ့နောက်ကနေ တကောက်ကောက် လျှောက်လိုက်နေသလိုမျိုး … သူကလည်း တခြားမိန်းကလေးတစ်ယောက်နောက်သို့ တရစပ်ပင် နောက်ယောင်ခံ လိုက်ပါနေတော့တာလေ …။ ဘယ်လောက်ထိလဲဆို … စားဖို့သောက်ဖို့ပင် သတိမရ …။ မိုးနတ်ပုံက သူ့နောက်က လိုက်တယ်ဆိုတာ … မိုးလင်းကတည်းက ကားထဲဆီအပြည့်ဖြည့်၊ ဒရိုင်ဘာဝို့ရော … ကိုယ့်ဖို့ပါ ထမင်းဘူး၊ ရေဗူး အဲဒီလိုအပြည့်တင်ပြီးမှ … သူ့အိမ်သို့ ထွက်ခဲ့တာ …။ ကားအကြာကြီး ရပ်ထားရမည့် အချိန်တွေဆို ဒရိုင်ဘာက သူ့ထမင်းဘူး သူဖွင့်စား။ မိုးနတ်ပုံကတော့ အဆာခံလို့ မဖြစ်တာမို့ … သူ့နောက်ကပါနေရင်းလည်း ဆာလာရင် … ကားစီးနေရင်း ဖွင့်စားပစ်တာပါပဲ …။

သူကတော့ အံ့သြစရာ …။ မိုးလင်းလို့ အိမ်ကထွက်သွားပြီးရင် တစ်ခါတလေ ညနေကြီး အတော်စောင်းမှ သူ့အိမ်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဝင်သည့်အထိ ထမင်းတစ်စိ ရေတစ်ပေါက်မျှ စားသောက်တာ မမြင် ...။ အဟာရသိဒ္ဓိပြီးနေသည့်သူလို ဖြစ်နေသည်၊ ကိုယ်က တော့ တစ်နေကုန်ကြီးဆိုရင် မောပန်းကာ နွမ်းနေပြီ ...။ သူ့မှာ တော့ ... တက်ကြွထက်သန်နေတဲ့ မျက်လုံးတွေက အရောင် မလျော့ ...။ ဟန်က တစ်စက်မှ မညှိုး။ မတ်ဆန့်ထုတ်ထားတတ် တဲ့ ခါးကို ယောင်လို့မျှပင် တစ်ချက်မကိုင်းချေ ...။

မိုးနတ်ပုံကို သူ စိတ်ဝင်စားနေခဲ့စဉ်အခါက ကိုယ့် ဘက်က ဘယ်လိုခြေလှမ်းပြင်ပြင် ... သူကပဲ ကြိုတင်ဆီရှိအကွက် ဦးနိုင်ခဲ့တဲ့ သင်းဟာ ... ခုလို တခြားတစ်ယောက်ထံ စိတ်သန် ဖွဲ့ခပ်နေချိန်မှာတော့ သူ့နောက်က တရစပ်လိုက်ပါနေတဲ့ မိုးနတ်ပုံ ကို (သူ့လောက်လည်း မပိရိ မကျွမ်းကျင်ရပါဘဲနှင့်) တစ်စက် မှ ရိပ်မိသိရှိပုံလည်း မရတော့တာ ... အံ့ဩစရာ ...။

သူ့နောက်ကို လိုက်နေရင်း၊ လိုက်နေရင်းနှင့် တစ်စုံ တစ်ခုကို တဖြည်းဖြည်းချင်း သဘောပေါက်လာသောအခါ ...။ မဖြစ်တာကြာပြီဖြစ်သည့် ရင်ထဲအေးစိမ့်ပြီး ကျင်နေသော ခံစား ချက်ကြီး မိုးနတ်ပုံမှာ ပြန်ပေါ်လာသည်။ အဲဒီမိန်းမဟာ နောက် ထပ်သားကောင်အသစ်တစ်ယောက်ကို သူ ရှာတွေ့သွားပြန်ပါပြီ။ ဟုတ်တယ် ... ဒါသေချာတယ် ... အဖစ်ပဲ ...။

လောကကြီးထဲမှာ အိမ်ထောင်သည် မိန်းမတွေ တစ်ပုံတစ်ခေါင်း မြောက်မြားစွာပဲရှိတဲ့ ကြားထဲက မိုးနတ်ပုံကို





ဘာ့ကြောင့် ရွေးချယ်ခဲ့သလဲ မိုးနတ်ပုံ မသိ ...။ ဒါကလည်း တစ်ကြိမ်မှာ အဲဒီမိန်းကလေးတစ်ယောက်ကို သူ ရွေးချယ်ပြန် သော ဒီလိုတွေးမိနိုင်တာပါ ...။ နို့မို့ဆို ... "အေးချမ်း"ကိုမှ စွဲလမ်းလမ်း ဖြစ်နေရတဲ့အတွက် ... အေးချမ်းနဲ့ ပတ်သက်မိ သော မိုးနတ်ပုံမှာ ကံဆိုးရတာဟု ထင်ခဲ့မိတာကိုး ...။

အဲသလိုဆိုရင် ... "ငါ့အေးချမ်း ... ငါ့အေးချမ်း"နဲ့ င်ဆိုင်မှု သိပ်ပြချင်နေတဲ့ မိန်းမက ... အခုမိန်းကလေးရဲ့ယောကျ်ား ရော ... အတိတ်ဇာတ်လမ်း ရှိခဲ့လို့ ...။ လူသိချင်းတွေမို့လို့ ...။ အချိန်မီ မပိုင်ဆိုင်လိုက်ရတဲ့ အဖိုးတန်လူသားလေးမို့လို့ ... ရမနေနိုင် စွဲလမ်းချစ်ခင်နေမိလို့ ... ရွေးချယ်ပြန်တာပဲမို့လို့ သား ...။

ကဲ ... အခု မိုးနတ်ပုံနဲ့ အေးချမ်းတို့ကိစ္စကိုပဲ ကြည့်လေ ...။ သူ့လက်ချက်နဲ့ (မိုးနတ်ပုံကိုယ်တိုင်ကလည်း ရူး ချာ အဖြစ်သည်းသည်း စိတ်ဓာတ်နဲ့) လင်မယားချင်း ဝေးကွာ သွားပြီးကြတဲ့အခါမှာ မိုးနတ်ပုံ ဆိုတဲ့ မိန်းကလေးတစ်ယောက် ကို (ဘယ်မှာရောက်နေမှန်းလဲ သူသိသိကြီးဖြစ်ရက်နဲ့) ဆက်ပြီး တ်ဝင်တစား ရှိသေးလို့လား ...။ တစ်ချက်မှကို လှည့်မကြည့်တော့ ားလေ ...။

မိုးနတ်ပုံကတော့ စိတ်ဝင်စားစရာ မရှိလို့ဆိုလည်း ားလိုက်ပါတော့ ...။ လိမ်ပိန်သိမ် ... အရိုးစုကျပြီး လင်မယား



www.burmeseclassic.com

www.burmeseclassic.com



ချင်းလည်း ဝေးသွားပြီမို့ ဒီအပြစ်လောက်နဲ့ တန်ပြီဟု ကျေနပ်လိုက်တာဆိုလည်း ထားပါတော့ ...။ အေးချမ်းကတော့ ... ဟိုတိုက်ခန်းကလေးထဲမှာ ခုချိန်ထိ တစ်ယောက်တည်းလေ ...။ "ငါ့အေးချမ်း" ဆို ...။ "အေးချမ်းကို ငါသာပိုင်ထိုက်တယ်" ဆို ...။ "အေးချမ်း ... တကယ်ပြန်လက်ထပ်သင့်တဲ့သူဟာ ငါပဲ" ဆို ...။ ဆို ... ဆို ... ဆို ...။

ဒါဖြင့် သွားပါလား ... အဲဒီအေးချမ်းဆီ ...။ တခြားမိန်းကလေးတစ်ယောက် နောက်ကလိုက်နေမဲ့အစား ... အေးချမ်းရဲ့ နောက်ကသာ လိုက်ပါလား ... တကောက်ကောက်နဲ့ ... ကပ်မခွာနိုင်အောင်လေ ...။ ခုပုံတော့ဖြင့် ... မိုးနတ်ပုံတင်မကအေးချမ်း သည်လည်း သူ့ခေါင်းထဲမှာ မရှိပြီ ...။ မိုးနတ်ပုံနှင့်ဝေးကွာကင်းလွတ်နေသည့် အေးချမ်းကို မရမနေ လုံးပမ်းရမည့်အစား ... ဟိုမိန်းကလေးတစ်ယောက်ရဲ့ယောကျ်ား ... ဟိုတည်တည်ကြည်ကြည် ခပ်ချောချောနှင့်လူ(နာမည်တော့ ကိုယ်ကမသိ) သည်သာ... သူ့ရဲ့ဦးနှောက်ကိုရော... အတွေးကိုရော ... နှလုံးသားကိုရော..."စိတ်ပုပ်" ကိုပါစိုးမိုးထားလျက် ရှိတော့ပုံပင်တည်း...။

အဲဒါဘာဖြစ်တာလဲ ...။ သူတကယ်ပဲ ရူးနှမ်းနေပြီထင်ပါတယ် ...။

သူ့ရဲ့အရူးရောဂါဟာ "ပျော်ရွှင်ချမ်းမြေ့နေကြသောချစ်စရာ လင်မယားစုံတွဲလေးတွေ ... ကွဲကြကွာကြပါစေ" ဆိုတဲ့





စိတ်ထားမှာများ မြစ်ဖျားခံလေသလား ...။ အမှန်တကယ်ဆိုရင် ... သူ့အမေဟာ သူတစ်ပါးအိမ်ရာကို ပြစ်မှားမိတဲ့ နံပါတ်(၂)ဖြစ်နေတဲ့အတွက် ... အဲဒီအဖြစ်အပျက်ကို သူ စိတ်နာလျှင် သူ့အလုည့်ကျ ... ဒါမျိုးဖြစ်မလာရအောင် ပိုလို့ပင် သတိထားပြီးရှောင်ကျဉ်ရမှာ သူက တမင်ပင် ရွေးလုပ်လိုက်သေးသည်။ ဒါဆိုရင်လည်း တစ်ခါက ပြောခဲ့ဖူးသလို Celibrity (လူသိများ၊ ထင်ရှားကျော်ကြားသူ) တွေ မဟုတ်ကြတဲ့ အေးချမ်းနဲ့ ...ထိုလူ့ကိုမှ သူ ဘယ်လိုတွေ ... ဘယ်လိုသိပြီး ရွေးချယ်ခဲ့သလဲ ...။

ဒီလိုဘက်မှာတော့ဖြင့် အလွန်အင်မတန် ကျွမ်းကျင်တော်ထက်လှပုံရသော Violin သည် မိုးနတ်ပုံ သိသလောက်ကတော့ တစ်ပတ်လောက်အတွင်း (ကိုယ်မသိလိုက်ရဘဲ သူ့နားမရောက်မိသည့် အချိန်တွေမှာ ...၊ ညဘက်တွေမှာ ... အရက်မတက်မိတွေမှာပါ သူ့ဘာသာ အရောက်သွားစုံစမ်းယူထားတာမျိုးတွေလည်း ရှိကောင်းရှိမှာပေါ့လေ ...)မှာပင် ... သနားစရာ ... ကံဆိုးသူစာရင်းဝင် ထိုမိန်းကလေးတစ်ယောက်၏ ... အတွင်းရေး၊ အပြင်ရေး ...။ သူ့ယောကျ်ားဖြစ်သူ၏ ရှိသမျှအရေး ... အားလုံးကို စုံစမ်းသိရှိ တွက်ချက် ... အစီအစဉ်ချပြီး ဖြစ်သွားပုံရပါသည် ...။

တစ်ညနေမှာ ထိုမိန်းကလေးနှင့် သူ့ယောကျ်ားတို့နှစ်ဦးတည်းနေကြသည့် ခြံကလေးရဲ့ ... တံခါးဝမှာ ... အဲဒီတုံး ...၊



www.burmeseclassic.com

www.burmeseclassic.com



အပြာတုံး ... လေယာဉ်စာအိတ်လေးတစ်အိတ်ကို သွားထိုးသွင်းညှပ်ထားလိုက်လေသည်။ ပြီးတာနဲ့ အဲဒီခြံကလေးရဲ့ မျက်စောင်းထိုးယွန်းယွန်းလောက်က ... ခြံအတိ မြေအတိ ဆောက်ထားသော သစ်သားအိမ်ကလေးတစ်လုံးထဲ တန်းဝင်ချသွားပြီး ... အိမ်ရှေ့က ဖိနပ်ချွတ်ကပြင်မှာ သက်သောင့်သက်သာပင် ထိုင်ချလှမ်းမျှော်နေပေတော့သည်။

ဘုရားရေ ...။ အိမ်တစ်လုံးကိုပါ ... မရမက ငှားရမ်းထားလိုက်တဲ့ အထိလား ...။ မိန်းကလေးတစ်ယောက်တော့ ဒုက္ခရောက်တော့မည်။ ဒီတစ်ယောက်ဟာ မိုးနတ်ပုံလောက် စိတ်ဓာတ်မပျော့ညံ့ မကြောက်တတ်ဘူး ဆိုရင်တောင် ... Violin မှာ "ဘယ်လိုမဆို" ဆိုတဲ့ နည်းလမ်းပေါင်းစုံ ရှိကိုရှိနေမှာ မိုးနတ်ပုံက သေချာပါသည်လေ ...။

အရင်ဦးအောင် ကြိုပြီးသွားပြောပြလိုက်ရမလား ...။ ခုနေမှာ သူတို့နှစ်ယောက်စလုံးကို မျက်လုံးဒေါက်ထောက်ကြည့်နေသည့် ... Violin ရဲ့ မြင်ကွင်းထဲ ကိုယ်ပါ တန်းခနဲရောက်သွားမည်။ သတင်းကို ဘယ်လိုအရောက်ပို့ရမှာပါလိမ့် ...။ ဖုန်းနံပါတ်တွေလည်း မသိ ...။ မိန်းကလေးကလည်း ဘယ်မှာမှ အလုပ်လုပ်ပုံမပေါ် ...။ မိုးနတ်ပုံတို့ ညံ့ပုံများ အဲဒီတစ်ယောက်နောက်သို့ တကောက်ကောက် လိုက်နေသည့် Violin ရဲ့နောက်သို့ ကိုယ်ကလည်း တရစပ် လိုက်ပါနေမိပေမဲ့ ... အပြီးသတ်ကျ





တော့ ... အဲဒီမိန်းကလေးရဲ့အကြောင်းကို ကိုယ်က ဘာတစ်ခုမျှ ခရီးသွားဟန်လွှဲ မသိလိုက်မိချေ ...။ ခက်လိုက်တာများ ...။

ခဏတဖြုတ်လေး ... လက်လျှော့ထားလိုက်ဦးမည်။

ခုချိန်မှာ မိုးနတ်ပုံရဲ့ခေါင်းထဲ ... အပြည့်အဝနှင့် ရုတ်တရက်ကြီး ဝင်ရောက်လာသူမှာ ... "အေးချမ်း" ပင် ဖြစ်ပါသည်။ ရင်ထဲမှာ နွေးဖြာပြီး ... သူ့ဘာသာသူ အမြဲတမ်းလှုပ်ခုန်နေကျ နှလုံးသားကလေးရဲ့ အသံကို ခုတစ်ခဏမှာမှ သတိပြုခံစား၊ ဆန်းကြယ်ရသလိုလို ဖြစ်လာသည်။

ကြိုနေမှာလား ...။

⁂

တံခါးဘဲလ်ကလေးကို နှိပ်လိုက်တော့ ... ခဏလေးဆိုင်းနေပြီးမှ "ဝုန်း" ခနဲ ပွင့်သွားသော တံခါးကို ကိုင်လျက်သားနှင့် အေးချမ်းကို ပြုံးပြုံးကြီး တွေ့လိုက်ရလေသည်။ သူ့မျက်နှာထားက ပြုံးပြုံးကြီးဆိုတော့ မိုးနတ်ပုံလည်း ရောယောင်ကာ ပြုံးတုံ့တုံ့ ... မပြုံးတုံ့တုံ့ ...။ သို့သော် အေးချမ်းရဲ့ မျက်လုံးတို့က ကိုယ့်ရဲ့မျက်နှာပြင်ပေါ်မှာ မရှိဘဲ ... အောက်ဘက်သို့ စိုက်နေပြီး ဝမ်းဗိုက်နားပေါ်မှာသာ တည်နေတော့ မိုးနတ်ပုံက ဆက်ပြီးမပြုံးနိုင်တော့ပြီ ...။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြည့်နေတာလဲ ..."

"ဟိုလေ ... ဟဲ ဟဲ ဟဲ ... ဟင်း ဟင်း ... ရှိပြီလား လို့..."

ကြည့်စမ်း ... သင်းသည်လည်း ဒီပွဲ့ထဲက ဒီပဲ ...။ အို ... ရိုးရိုးပဲတောင်မှ မဟုတ်ဘူး ... ပဲပုပ်၊ ပဲစုပ်၊ ပဲပိုးထိုး လောက်ကိုက် ...။

"နေပါဦး ... ကျုပ်ကိုမြင်တာနဲ့ အဲဒီစကား တန်းထွက်ရအောင် ရှင်က ဘာသဘောလဲ"

"ဟိုသင်းလေ ... နတ်ပုံရဲ့ ဒေါသက ဒီတိုင်းကြီးတော့ပြေလိမ့်မယ် မထင်ဘူးပေါ့ ... ကလေးအမေ စိတ်လေး ဘာလေး ဝင်လာမှ ..."

အင် ...။ တောက် ...။ ပိုတောင်ဆိုးလာသေး။ ဘယ်လိုပဲကြားကောင်းအောင် စကားလှအောင် ကြည့်ပြောပြော ... ကိုယ့်ယောကျ်ားကိုယ် စိတ်ဆိုးပြတ်စဲလိုက်တဲ့ မိန်းမတစ်ယောက်ဟာ ... ကိုယ်ဝန်ရှိနေမှန်း သိလာတဲ့အချိန်ကျမှ ... "ငါတော့ဒုက္ခပဲ"ရယ်လို့ ... အပြုံးကလေးနဲ့ ပြန်လည်အောက်ကျို့လာတတ်ကြတာ မဟုတ်လား ... လို့သာ အတိအလင်း ဆိုလိုနေတာပေါ့ ...။ ဒီမိန်းမတစ်ယောက် ဒီတိုက်ခန်းတံခါးဝမှာ ဆိုက်ဆိုက်မြိုက်မြိုက်ကြီးရောက်ရှိလာရခြင်းဟာ ... ပြဿနာတွေ ပြီးဆုံးပြေလည်သွားလို့ ... သို့မဟုတ် ကိုယ့်ခင်ပွန်းသည်အပေါ် နားလည်စာနာနိုင်





သွားလို့ ... ချစ်လို့၊ လွမ်းလာလို့၊ မခွဲနိုင်တော့လို့ ... ဟုတော့ စဉ်းစားပေးမယ်မကြံဘဲ ... "မရှုနိုင် မကယ်နိုင်ဖြစ်နေပြီမို့လို့ ..." ဟူသည့် အတွက်အချက်ကိုသာ ဦးစားပေးထားတဲ့သူ ...။

"တောက်"

မိုးနတ်ပုံက ချက်ချင်းပင် နောက်ကြောင်းပြန်လှည့်ကာ လှေကားထစ်တွေကို ခြေလှမ်းစနင်းလိုက်သည်။

"အာ ... အာ ... ဘာလဲ ... ဘာလုပ်တာလဲ ... မဟုတ်လည်း ပြီးရောပေါ့ကွာ နတ်ပုံရာ ... ဒီလိုကြီးတော့ မလုပ်ပါနဲ့ ... ကိုယ်လည်း သူများတွေက ဒီလိုပဲ ပြောတတ်ကြတာနဲ့ ..."

"အောင်မာ ... အောင်မာ ... ပိုတောင်ဆိုးလာပြန်ပြီ ... ကြည့်စမ်း ... ရှင့်ကို အဲဒီလောက် ကောက်ကောက်ကျစ်ကျစ်တွေးတတ်အောင် ဘယ်သူက သင်ပေးထားတာလဲ ... ပြော ... ပြော ... 'လိုက်ချော့မနေနဲ့ ... လွှတ်ထားလိုက် ... သူ့ဘာသာ ပြန်တက်လာရင်တော့ အဲဒါကိုယ်ဝန်ရှိနေလို့ပဲ ... မဟုတ်ဘူး ... မရှိသေးဘူး ဆိုရင်တော့လည်း နောင်ခါလာနောင်ချေး ... နောက်ရောက်ယားပေါ့ ... နောက်မှ ကြည့်လုပ်ရှား ...'လို့ သင်ပေးကြတယ် မဟုတ်လား ... ဘယ်သူလဲ ... ရှင့်မိသားစုလား ... သူငယ်ချင်းတွေလား ... ရုံးကလား ... နင်းစပယ်လား ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူမှ မဟုတ်ပါဘူးကွာ ... ဘယ်သူ့မှုကို မဟုတ်ပါဘူး ... ကိုယ်ပဲမှားမိတာပါ ... အား ... စိတ်ညစ်လိုက်တာ ... တောင်းပန်ပါတယ်ကွာ ..."

ကြေဖို့ပဲ စဉ်းစားလာပြီးဖြစ်သော မိုးနတ်ပုံက ဤမျှလောက် အထက်စီးပြန်ယူပြီးလျှင် ကျေနပ်တော့ ...ဟု ကိုယ့်ဘာသာ မြန်မြန်ဆုံးမလိုက်ကာ ... နောက်ကနေ အတင်းကြီး ချုပ်ဆွဲထားသော အေးချမ်း နောက်သို့ ခပ်တည်တည်မျက်နှာထားနှင့် ပြန်လိုက်လာခဲ့လိုက်သည်။

"ဘာ့ကြောင့် ကိုယ့်အမေအိမ် ကိုယ်မနေဘဲ ဒီရောက်နေရတာလဲ ... အစားအသောက်တို့ အလျှော်အဖွပ်တို့ ခက်မကုန်ဘူးလား ..."

"အမယ်လေး ... အဲဒီလောက် တွေးပူဖော်ရတာ ဝမ်းသာလိုက်တာဗျာ ..."

"အောင်မာ ... လူကိုများ စိတ်ပုပ်မကြီးကျလို့ ... ကိုယ့်ယောကျ်ားပဲ ... ကိုယ်ပူမှ ဖြစ်မှာပေါ့ ..."

"ကိုယ့်ယောကျ်ား"ဆိုသဖြင့် အေးချမ်းရဲ့ မျက်နှာက ပြုံးစိစိ။

"နှစ်ချက်ရှိတယ် ... စိတ်မဆိုးနဲ့ဦး ... အမှန်အတိုင်းပြောပြတာ ... တစ်က ... ဘယ်လိုမှ ဖြေရှင်းမရ၊ ချော့မရ ဖြစ်နေတဲ့ နတ်ပုံကို ကိုယ့်ဘက်က ဘယ်လိုမှ ဆက်သွယ်လို့





မရနိုင်တော့ရင် ... အချိန်ဆိုတာ တစ်ခုကိုစောင့်ပြီး ... နတ်ပုံဘက်ကပဲ ပြန်ဆက်သွယ်လာမှာမျိုးကိုပဲ မျှော်ရတော့မှာပဲ ... အဲသလိုဆိုရင် ... အမေတို့ဆီ ရောက်နေတော့ ... ပြန်ခေါ်ဖို့ကို နတ်ပုံက ရှက်ရှက်နဲ့ ... ပြေနေတာတောင်မှ ရောက်မလာဖြစ်မှာစိုးလို့ ... ဒီမှာဆိုရင်တော့ ခုလိုပြေပြေချင်း တန်းလာလိုက်လို့ ရတယ် ..."

"အောင်မာ ... ပြေပြေချင်း တန်းလာလိုက်တာ မဟုတ်ဘူး ... နှစ်ရက်လောက် ထပ်စဉ်းစားလိုက်သေးတယ် ..."

"ဟုတ်ပါပြီ ... ကြိုက်သလောက်သာ အနိုင်ယူပါ ... ဘာပဲဖြစ်ဖြစ် ကိုယ့်မိန်းမ ကိုယ့်ဆီပြန်ရောက်လာဖို့ကတော့အဓိကပဲဟာ ... နှစ်အချက်ကတော့ ကိုယ်က ဟိုတစ်ယောက်ကိုတော်တော်စိတ်ဆိုးတယ် ... သူ့ကြောင့်ပြဿနာတွေလျှောက်တက်ကုန်ရတာလေ ... ဒီတော့ မှတ်လောက်သားလောက်အောင် ပြန်တုံ့ပြန်ပေးလိုက်ချင်တယ် ... သူ့လိုတော့ တရားမဲ့မဟုတ်ဘူးပေါ့ ... ဘောင်ဝင်ဝင်ကလေးနဲ့ နာနာပြန်နှက်ချင်တာ ... အဲဒါကြောင့် ဒီလာစောင့်နေတာ ... စိတ်ဝင်စားတယ်ဆိုရင် လာလေ ... တစ်ယောက်တည်းကို ထိုင်စောင့်နေတယ် ... ဟိုမှာဆိုရင် မိသားစုတွေနဲ့ မလာရဲဘဲ ရှိရဦးမယ် ..."

"ဟား ဟား ဟား ... ကိုယ့်ကိုယ်ကိုယ်များ အထင်ကြီးလိုက်တာ မလာဘူးမဟုတ်လား ..."



www.burmeseclassic.com

www.burmeseclassic.com



“မလာဘူးကွာ ... မိန်းမတစ်ယောက်ကို အချစ်နဲ့ ... တစ်ယောက်ကိုကျတော့ အမုန်းနဲ့ စောင့်လိုက်ရတာ ... မောရော ... ကိုယ်စောင့်တဲ့ လူတွေကတော့ ပေါ်ကိုမလာကြပါဘူး ... ဟား ဟား ...”

“ဒါဖြင့် ဘယ်သူက ပေါ်လာသလဲ ...”

“ဟာ ... စကားအကျအနကလည်း ကောက်ပြန်ပြီ ... ဘယ်သူက ပေါ်လာရမှာလဲ ...”

“ကဲ ... ထားလိုက်တော့ ... ဟိုတစ်ယောက်ဟာလေ ... အေးချမ်းဆီကို ဘာလို့ ပေါ်မလာဘူးလဲ သိလား ... ဘယ်တော့မှလဲ ပေါ်လာတော့မှာမဟုတ်ဘူး ... ဒီလို အေးချမ်းရဲ့ ...”

“သေပြီလား ...”

“ဟယ် ... မသေပါဘူး ... တော်ရုံနဲ့ သေဦးမှာကို မဟုတ်ဘူး ... လောကကြီးထဲမှာ ... တစ်ခုခုမှာ အောသန်နေတတ်တဲ့သူများ ... ဘယ်တော့မှ လွယ်လွယ်နဲ့ မသေဘူးမှတ် ... ရောဂါအခံတွေရှိရင်တောင် ပျောက်ကုန်ဦးမယ်၊ သူ့မှာမသေမချင်း ... တစ်ခုပြီးတစ်ခု ကြိုးစားနေရဦးမဲ့ ဇောတွေရှိတယ် ... အေးချမ်းရဲ့ ...”

မိုးနတ်ပုံက ... နောက်ထပ်သားကောင်စုံတွဲကလေးအကြောင်း အေးချမ်းကို ပြောပြလိုက်ပါသည်။ အေးချမ်းကတော့ မယုံလှသလို မျက်မှောင်ကြီးကုတ်ပြီး ...

“ဟုတ်လို့လား ... ဘယ်လိုလုပ် သိသလဲ ...”





“သြော် ... ဟုတ်လို့ပေါ့ ... လူကိုများ မယုံမကြည်နဲ့ ... ဘာလဲ ... ဒီကောင်မလေးဟာ ... ငါ့ကိုပဲ သဲသဲမဲမဲစွဲမြဲပြီး မရမနေနိုင် ရူးမူးနေတော့မဲ့ မိန်းကလေးပဲလို့ ထင်နေတာလား ... သိပ်ဂုဏ်ဆာမနေနဲ့နော် ... ခုနောက်တစ်ယောက်ကလည်းပဲ ရုပ်ကဖြောင့်မဖြောင့် ... ရှင့်ကို ခုဆိုနှလုံးသားထဲမှာ မပြောနဲ့ ... ဦးနှောက်ရဲ့ ဘယ်နေရာ အစိတ်အပိုင်းမှာမှကို မရှိတော့ဘူး ...

ဘယ်လိုလုပ် သိသလဲ ဆိုရင်တော့ လိုက်ချောင်းလို့ပေါ့ ... သူ့နောက်ကနေ ကားတစ်စီးနဲ့ တောက်လျှောက်တရစပ် လိုက်တယ် ... သူ ကိုယ့်ကိုလုပ်သလိုပဲ ... ခြိမ်းခြောက်တာတွေ ... စာပို့တာတွေ ... ပေါက်ကရအနှောင့်အယှက်ပေးတာတွေ လုပ်တယ် ... အဲလို လိုက်လုပ်နေရင်းနဲ့ တွေ့လာတာပဲ”

“ဟာ ... နတ်ပုံဟာလေ ... ထင်တောင် မထင်ရဘူး ... စိတ်ရူးတကယ်ပေါက်ပါလား ... သူလုပ်ခဲ့သလိုတွေပဲ ပြန်လုပ်ရတယ်လို့ကွာ ... သူ့တုန်းက ဘယ်လိုမှ ဖမ်းမမိနိုင်ပေမဲ့ ကိုယ့်ကျတော့ သက်သေခံ အထောက်အထားကြီးနဲ့ ကွိခနဲဆိုရင် ဘယ်လိုလုပ်,လုပ်မလဲ ... ကိုယ့်ကိုယ်ကိုယ်လည်း အဲဒီလောက် အထင်မကြီးနဲ့ ... သူ့ကိုလည်းအထင်မသေးနဲ့ ... အဲဒါတွေ ရုပ်တန်းက ရုပ်ပါကွာ ... သူကရော ငြိမ်ခံနေပါ့မလား”



www.burmeseclassic.com

www.burmeseclassic.com

"အမယ်လေး ... ပန်းနဲ့ပေါက်တယ်လို့တောင် မထင်ဘူး ရှင့် ... ဂရုကိုမစိုက်တာ ... သူ့မှာ ဟိုစုံတွဲဆီမှာ အားစိုက် နေရတယ်လေ ... အဲဒါကြောင့်ပဲ နတ်ပုံက အေးချမ်းကို မြန်မြန်ထက်ထက် စိတ်ပြေလာတာပေါ့ ... သူ့အနေနဲ့ အေးချမ်းမှ အေးချမ်း ဖြစ်မနေတော့ရင် ... နတ်ပုံတို့ တကယ်ပဲ ကွဲပြဲသွားကြပြီ ထင်ပြီး ဒီဇာတ်လမ်းရပ် ... နောက်တစ်ဇာတ်လမ်းစ ဆိုတာမျိုးဆိုရင် ... နတ်ပုံက အေးချမ်းနဲ့ ဝေးဝေးနေစရာလည်း မလိုတော့ဘူးလေ ..."

"ပြီးရောပေါ့ ... ကောင်းတာပဲ ... ကဲ ... အားလုံးပြီးသွား ပြီ ... ငြိမ်းချမ်းသွားပြီ ဆိုရင် အားလုံး အပြီးသတ်ရပ်... သူ့ကိုပါ ခေါင်းထဲကထုတ်"

"အာ ... ဒါဖြင့် ဟိုလင်မယားက ဘယ်လိုလုပ်မလဲ ..."

"ဘယ်လင်မယားလဲ ..."

"ခု သူစတင်နေတဲ့ စုံတွဲလေ ... ဟိုတစ်နေ့ကပဲ စာတစ် စောင် သွားပို့လိုက်ပြီဟာ ... ဘယ်လိုလုပ်ကြမလဲ ..."

"ဘယ်လိုလုပ်ရမှာလဲ ... သူတို့ဘာသာ ရင်ဆိုင်ဖြေရှင်း ကြလိမ့်မယ်လေ"

"တစ်ကိုယ်ကောင်း ဆန်လှချည်လား ... ကိုယ်ချင်းစာတရား လေးလည်း ထားဦးလေ ... ကိုယ့်တုန်းက ဘယ်လောက် အဖြစ်ဆိုးလိုက်သလဲ ... သူတို့ကို ကိုယ်ကသတိမပေးဘဲ...





ကိုယ်သိသိကြီးနဲ့ ဒါမျိုးတွေ ဆက်ကြုံနေစေမယ်ဆိုရင်... တရားပါ့မလား ... ကိုယ်ချင်းမစာတတ်ရာ ကျနေလိမ့် မယ်"

"ခက်ပြီ ... နတ်ပုံကတော့ ..."

"မခက်ဘူး ... ဝင်ပါကို ပါရမယ်ကွာ ... အေးချမ်းလည်း ပါ ... ကိုယ်အေးရင်ပြီးရောဆိုတဲ့ ပုံစံမျိုးကြီးများ မနေတတ် ပါဘူး ..."

"ပြဿနာပဲ ..."

"ဘာပြဿနာမှ မရှိဘူး ... ဘယ်လိုဝင်ပြောရင် ကောင်း မလဲဆိုတာ ဝိုင်းစဉ်းစားပေးပါဦး ... သူ့အလစ်မှာပြောမှ တော့ ဖြစ်မှာနော် ... သူက အဲဒီနှစ်ယောက်စလုံးကို မျက် ခြည်ပြတ်ခံတာ မဟုတ်ဘူး ... ဒီတိုင်းကြီး သွားပြောလို့ ကတော့ သူ့မြင်ကွင်းထဲ ဘွားဘွားကြီးကို ရောက်သွားလိမ့် မှာ ... ကိုယ့်ဘက်က ပညာရှိဆန်ဆန်နဲ့ ပရိယာယ်ကြွယ် နိုင်ပါမှ ..."

"အဲဒါကြောင့် ... မင်းကို စုံထောက်ကားတွေကြည့်တာ များပြီထင်တယ်လို့ ပြောရင်လည်း စိတ်ကဆိုးသေးတယ်... လာလေ ... ခု ကိုယ်ရော နတ်ပုံရော အားတယ် ... နတ်ပုံ နေရာ သိတယ်ဆိုရင် ... ဘယ်မှာလဲ ... ခုပဲသွားလိုက် မယ် ... ပရိယာယ်တွေ ဘာတွေ လုပ်မနေပါနဲ့ ... အိမ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တက်ပြီး တန်းပြောတာက လူကြီးလူကောင်းပီဆန်ပါတယ် ... ယုံတာ မယုံတာကတော့ သူတို့အပိုင်းလေ ... ပရိယာယ်တွေ ဘာတွေ လုပ်နေရင် ကိုယ့်ပါ တရားခံပြန်ထင်နေကြဦးမယ် ..."

"ဘာဆိုင်လဲ ... စေတနာမှန်ရင် ဘယ်တော့မှ အဆိုးမဖြစ်ဘူး ... ခုထသွားလို့ မရပါဘူး ဆိုနေမှ ... အဲဒီခြံနဲ့မျက်စောင်းထိုးကခြံကို ငှားနေနေပါတယ်ဆိုမှ ... မှန်ပြောင်းတစ်လက်နဲ့ကို စက္ကန့်မလပ် ကြည့်နေမှာပါဆို ..."

မိုးနတ်ပုံတို့တုန်းကလည်း သူ ဘယ်အိမ်ကို ငှားနေနေခဲ့ပါလိမ့်။ အဖြစ်နိုင်ဆုံးကတော့ အိမ်သစ်တက်ပွဲလုပ်ခဲ့သည့် တိုက်ခန်းရှိရာ တိုက်သစ်တန်းလျားတွေဘက်က တစ်ခန်းခန်းကိုသာ နေမှာပါပဲ ...။ အေးချမ်းကတော့ ချစ်လို့ပင် မဝချင်သေးသည့် အိမ်ထောင်ဦးလင်မယားစုံတွဲရဲ့ ... (ခပ်ကြာကြာလေး ဝေးနေခဲ့နေကြရပြီးတဲ့နောက်) ပြန်လည်ပြေလည်သွားကြချိန်မှာ ... ဒီပြင်ကိစ္စတွေနဲ့ပဲ တက်ကြွနေတဲ့ မိန်းမဖြစ်သူကို ... အတော်ကြီးစိတ်ဆင်းရဲရဟန်နှင့် ရှုံ့ရှုံ့မဲ့မဲ့ကလေးသာ ကြည့်နေပါသည်။ သူ့အလိုအရသာဆိုရင် တခြားဘာအရေးကိုမှ ခေါင်းထဲမထည့်နိုင်သေးဘဲ ... ကိန္နရီကိန္နရာဇာတ်လမ်းလို ... သုံးရက်လောက်တော့ ... ဇာတ်ကြောင်းလှန်၊ နောက်ကြောင်းပြန် ... ဖွဲ့နွဲ့ပြီး ဖက်ငိုကြွေးလိုက်ချင်သေးသည့် ပုံပင် ...။





ပြောင်စပ်စပ်နှင့် ငိုမဲ့မဲ့ ပုံစံမျိုး တမင်လာလုပ်ပြနေတော့ ... မိုးနတ်ပုံမှာလည်း အသည်းတယားယားနှင့် ချစ်စနိုးစိတ်တွေ လျှံတက်လာရရင်း ... ရှုံ့တွထားသည့် နှာခေါင်းနှင့် ထော်ထုတ်ထားသည့် နှုတ်ခမ်းတို့ကို လိမ်ဆွဲလိုက်မိတော့မည်အပြု ...

"ဟယ် ... တံခါးကြီးကလည်း ပွင့်လို့ ... မစ္စတာအေးချမ်းတစ်ယောက်တော့ ခက်တာပဲ ... ရှိပစ္စည်းတွေ အကုန်သူခိုးသယ်သွားမှ မှတ်မယ်ထင်တယ်"

မိုးနတ်ပုံက လက်ကို အချိန်မီ ပြန်ရုပ်ကာ အေးချမ်းကို မျက်လုံးပြူးကြီးနှင့် ကြည့်လိုက်သည်။

"ဟောတော့ ... ဒီမှာ လာခိုးချိန်းတွေ့နေကြတာကိုး ... ကြည့်စမ်း ... ကြည့်စမ်း ... အများတကာတွေရှေ့ကျရင်တော့ ဂရုမစိုက်ချင်သယောင်တွေ ဆောင်ကြ ... ကောင်းတယ် ... သူတို့က ဟန်ဆောင်ကောင်း ... ကြားထဲကလူက ဖတ်ဖတ်မော ... သို့သော်လည်းပဲ ... ဝမ်းသာပါတယ်ရှင် ... ဝမ်းသာပါတယ် ... ခုလိုလေး ပြန်တွေ့လိုက်ရတာ မင်္ဂလာအပြည့် ရှိပါတယ် ..."

လက်ထဲမှာ အေးချမ်းရဲ့ အဝတ်အစားတွေ ထည့်ထားသော ... ကြွပ်ကြွပ်အိတ်ကြီးက တစ်လုံး ... စားသောက်စရာတွေ ဖြစ်ပုံရသော စတီးချိုင့်ကြီးက တစ်လုံးတို့နှင့် ... သူကိုယ်တိုင်ပင် ဤအိမ်ရဲ့ တကယ့်အိမ်ရှင်မကြီးနှင့် တူနေသော နင်းစယ်က



www.burmeseclassic.com

www.burmeseclassic.com



မျက်စောင်း၊ အမဲ့အရွဲ့၊ ဗျစ်တောက်တောက်တို့နှင့် ... သူ့အိမ်သူ့ရာကြီးနှယ် နောက်ဖေးဘက်ထဲ တန်းဝင်ချသွားပါလေတော့သည်။

"အဲဒါကကော ဘယ်လိုဖြစ်ရတာလဲ ..."

နှာခေါင်းကလေးကို ချစ်စနိုးမဆွဲလိုက်ရသည့်လက်က ဗိုက်ခေါက်ဆီသို့ ... အငြိုးတကြီးနှင့် နေရာပြောင်းရောက်ရှိသွားသည်။

"ဟင် ... သူများကကျတော့ ဘယ်လိုလျှော်ဖွပ်နေသလဲ ... ဘယ်လိုစားသောက်နေသလဲနဲ့ ပူလိုက်ရတာ ... သူကတော့ အပြောင်းအလဲလေး တစ်ခုနဲ့ ဇိမ်ကိုကျလို့ ..."

"အား ... တိုးတိုးကွ ... နာတယ်ကွ ... ကိုယ်ခိုင်းတာမဟုတ်ပါဘူး ... မခိုင်းတဲ့အပြင် ... ငြင်းဆန်တာတို့ ရှောင်နေတာတို့တောင်မှ လုပ်ပါတယ်ကွာ ... သူ့ဘာသာအားလပ်နေတိုင်း ... အတင်းလာပြီး ... ဘယ်လိုမှ ငြင်းမရ ပြုမရ ..."

"ဟင် ... ဒီမှာလာနေနေတာ ... တစ်အချက်နဲ့ နှစ်အချက်ရဲ့နောက်မှာ သုံးအချက်ဆိုတာလေးပါ ထပ်ထည့်လိုက်ပါဦးလား ... ဒါဖြင့် ဘယ်သူပေါ်လာသလဲလို့ မေးတုန်းကတော့ စကားအကျအနကောက်တယ်ဆို ... ကိုယ်ဝန်ရှိသွားရင် ပြန်ပေါ်လာလိမ့်မယ် ဆိုတာလည်း ဒီတစ်ယောက်ပဲ သင်ပေးတာပဲ မဟုတ်လား ... ဘာတဲ့ ... သူ့ရှေ့မှာလည်း ကိုယ့်မိန်းမကိုယ် ဂရုမစိုက်ချင်သယောင်တွေဆောင်





ပြထားလိုက်သေးတယ်တဲ့ ... တောက် ... အေးချမ်းနော် ... စိတ်တိုလာပြီ ..."

"အား ... အား ... နုတ်ပုံ ပြောတာတွေ ကိုယ်တစ်ခုမှ မဟုတ်မဟပ်စိတ်နဲ့ မကျူးလွန်ဘူးကွာ ..."

"ဒါဖြင့် ဟုတ်ဟုတ်ဟပ်ဟပ်စိတ်နဲ့ လုပ်တာပေါ့ ... အံ့ဖွယ်သုတပါပဲတော်၊ လင်မယားချင်း ကွဲကွာနေပါတယ်ဆိုမှ ... စေတနာတွေ အပုံလိုက် လာပြချင်နေသေးတဲ့ အစားမျိုးကလည်း ရှိသေးတယ်တဲ့ ... အံ့ရော ..."

နှင်းစပယ် တစ်ယောက် နောက်ဘက်ထဲကနေ တတောက်တောက်နှင့် ပြန်ထွက်လာသဖြင့် မိုးနုတ်ပုံက ကိုယ့်ရဲ့လက်ကို အေးချမ်းရဲ့ဗိုက်ကခွာပြီး ... မချိသွားဖြဲလေး ပြုံးပြလိုက်ရပါသည်။ သူ့မိန်းမ မရှိတုန်း ဝတ္တရားလာကျေနေသည့် တစ်ယောက်ကတော့ဖြင့် ... ဘာမှလဲ ရှိုးတိုးရှန့်တန့် ဖြစ်ပုံမရ ...။ ခပ်အေးအေးနှင့် အပေါ်စီးကပင် ...

"ကဲ ... အခုက ... လာချိန်းတွေ့ရုံပဲလား ... အပြီးပြန်လာတာလား"

"ကျွတ် ... နှင်းစပယ်ရာ ..."

"အို ... ဒီကလေးမမျိုးဟာ ... မေးကို မေးထားရမယ် အေးချမ်းရဲ့ ... အခါခါ အလီလီ ဒီပုံချည်းပဲ လုပ်မယ်ဆိုရင် ... ငါက နှောင်ခါတွေမှာ အားချင်မှ အားတော့မှာလေ ..."



www.burmeseclassic.com

www.burmeseclassic.com



မိုးနတ်ပုံက ဆောင့်ကြီးအောင့်ကြီးနှင့် ... "အပြီး - အပြီး" ဟု မြန်မြန်ဝင်အော်လိုက်ရပါသည်။ နို့မို့ဆို နားက,ကလော ပြီး မြင်ပြင်းက ကတ်လှုပြီ။

"အိုကေ ... ဒါဖြင့်လည်း ပြီးရောပေါ့ ... ထမင်းမစားရ သေးဘူး မဟုတ်လား ... အပိုတွေ အများကြီး ပါလာပါ တယ် ... စားလိုက်ကြပေါ့ ... တို့တော့ ပြန်တော့မယ် ... ကဲ ... နတ်ပုံရေ ;... နောက်တစ်ခါဆိုတာ မရှိစေနဲ့တော့ နော် ... စိတ်ချမယ် ..."

အမယ်လေး ... မရှိရဲပါဘူး ...။ နောက်တစ်ခါဆိုရင် ထမင်းချက်ကျွေး အဝတ်လျှော်ပေးတင်မက ... သူပါ အိမ်ဖြောင်း ချလာမလား မသိတဲ့ဟာ ... "အေးချမ်း အပေါ်မှာ စေတနာအထား နိုင်ဆုံးလူဟာ ဤကမ္ဘာပေါ်မှာ တို့အပြင် နှစ်ယောက်မရှိနိုင်ဘူး" လို့ကို ကြွေးကြော်ထားတဲ့လူကိုလေ ...။ ကြောက်ပါတယ်နော် ...။

နှင်းစပယ် တစ်ယောက် ကွယ်ပျောက်သွားသည်နှင့် မိုးနတ်ပုံက မချိသွားဖြဲ အပြုံးကြီးကို ချက်ချင်းရုပ်တန့်ကာ မျက် နှာတည်နှင့် ...

"သွား ... အဲဒီအဝတ်တွေအားလုံး အဝတ်လျှော်တောင်း ထဲ သွားပြန်ထည့် ... ထမင်းဟင်းတွေ အကုန်လုံးကိုတော့ ကြွပ်ကြွပ်အိတ်တွေနဲ့ လှယ်ထည့်ပြီး ... လမ်းထိပ်မှာထိုင် တောင်းနေတဲ့ အဘွားကြီးတစ်ယောက်ကို သွားပေးလိုက် ချေ ..."





"အရူးမလေး ကျနေတာပဲကွာ ... နတ်ပုံဟာ ကိုယ့်ဆိုသိပ် နိုင်ချင်တယ်"

"လောကကြီးမှာလေ ... သူ့ဟာနဲ့သူ ရူးနေကြတဲ့သူတွေ တစ်ပုံကြီးပဲ အေးချမ်းရဲ့ ... အဲဒီအရူးတွေက ရူးလို့ဆိုပြီး ခြယ်လှယ်သမျှကို လူကောင်းတွေက ငုံ့ချည်းခံနေရမယ် ဆိုရင် ဘယ်ဟုတ်တော့မှာလဲ ... နတ်ပုံတို့ကတော့ ခံနေမဲ့ အစား ... ကိုယ်တိုင်ပဲ အရူးလုပ်လိုက်တော့မယ်"

အေးချမ်းမှာ ... သူ့အကြိုက်ဆုံးဟင်းလျာတွေကို ချည်း ရွေးချယ်စီစဉ်ချက်ပြုတ်လာသမျှကို ... သက်ပြင်းများနှင့်သာ ကြွပ်ကြွပ်အိတ်တွေထဲ သွန်,သွန်ထည့်နေရလေတော့သည်။

❀ ❀ ❀

မိုးနတ်ပုံနှင့် အေးချမ်းတို့ နှစ်ယောက်သား ... မျက်စိသူငယ် နားသူငယ်ကလေးတွေနှင့် ... တစ်ယောက်မျက်နှာ တစ်ယောက် မျက်လုံးတွေ ပြူးပြီး စိုက်ကြည့်နေမိကြလေ သည်။

"ခုမှ ... တကယ့်ကို ... မာဖီးယားဂိုဏ်းကြီးတစ်ခုလုံး လက်ထဲကို ရောက်သွားရတာနဲ့ တူတယ် ..."

"အရေးထဲ ... လာနောက်မနေနဲ့လေ ... ယုံအောင်ရှင်းပြ လေ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ကိုယ်က ဘာမှလိပ်ပတ်လည်တာမှ မဟုတ်ဘဲ ... တကယ်တမ်း လိုက်ချောင်း ... လိုက်စုံစမ်းပြီး အားလုံးသိလာတာက နတ်ပုံလေ ... ကိုယ်ကမသိဘဲ ဝင်ပြောရင် ပိုရှုပ်ကုန်လိမ့်မယ် ... ကိုယ်ပြောနေရင်လည်း နတ်ပုံက ဝင်လုပြီး ထောက်ပေးဦးမှာပဲ မဟုတ်လား ... ကိုယ့်ဘာသာကိုယ်ပဲ ပြောလိုက်တော့"

အမယ်လေးဟဲ့ ...။ အရေးထဲ ... အရာထဲမှာ လာကတ်သတ်တွက်ကတ်နေသေးသည်။ နှစ်ယောက်စလုံး အားတက်သရော ရှင်းပြလိုက်ရတော့ ပိုပြီးအသက်မပါ ... အရာမရောက်ပါလား ...။ ဘာပဲပြောပြောပါလေ ...။ သူ့ဘာသာ ဝင်ရှင်းရှင်း မရှင်းရှင်း ... မိုးနတ်ပုံရဲ့ဘေးမှာ လင်တော်မောင် ခင်ပွန်းကောင်းအဖြစ် ငွားငွားစွင့်စွင့်ကြီး ကပ်ပါလာတာကိုပဲ အားရှိလှပါပြီ။ သူသာပါမလာရင် ... ဆင်ပြောင်ငါးစီးအားနဲ့ တကယ်ပဲ ညီမျှလောက်နေတဲ့ ဟောဒီလူသန်မှာ လူထွားကြီးငါးယောက်ကို မိုးနတ်ပုံက ဘယ်လိုမျက်နှာကလေးနဲ့များ ရင်ဆိုင်နေရမှာပါလိမ့်။

သူပါလာတော့လည်း ဒီမောင်မြန်မာပုံစံကြီး ငါးယောက်ကို သူ့တစ်ယောက်တည်းနဲ့တော့ ပြန်ခံမချနိုင်၊ မယှဉ်သာနိုင်ဘူးပေါ့ ...။ ဘာပဲဖြစ်ဖြစ် ... အားကတော့ ရှိတာပေါ့ ...။ အိမ်ထောင်သည် မိန်းမတစ်ယောက်အဖို့ "ငါ့ယောကျ်ားအားကိုးနဲ့လာတာ"ဆိုတဲ့ အချက်လောက် အားရှိယုံကြည်ချင်စရာ ကောင်းဦးမလား ...။





ဖြစ်ပုံကတော့ ဒီလိုပါလေ ...။ ဒီကနေ့မနက်မှာတော့ စနေ၊ တနင်္ဂနွေ နှစ်ရက်လုံးလုံး အကြိတ်အနယ် ဆွေးနွေးပြီးသွားကြတဲ့ မိုးနတ်ပုံနဲ့ အေးချမ်းတို့ နှစ်ယောက်သားဟာ ... (အေးချမ်းကို သူ့ရုံးကနေ ခွင့်တစ်ရက် လှမ်းယူစေလိုက်ပြီး) ဟိုလင်မယားစုံတွဲကလေးရဲ့ အိမ်ဂေဟာဆီ မသိမသာနဲ့ ရောက်လာရတာပေါ့ ...။ အမြဲတမ်း ဒုက္ခပေးနေကျ အစ်ကိုဝမ်းကွဲရဲ့ ကားကိုလည်း လှမ်းတောင်းယူခဲ့ရသည်။ မိဘတွေအိမ်ကဆိုရင် စပ်စုစိတ်ပူနေကြဦးမှာ စိုးလို့ပါ။

လမ်းထဲကိုရောက်၊ ဟိုလင်မယားရဲ့ အိမ်ကိုရော ... Violin ရဲ့အိမ်ကိုပါ လှမ်းမြင်နိုင်လောက်သည့် နေရာမှာရပ် ... နှစ်အိမ်စလုံးကို အဆက်မပြတ် အကဲခတ်နေ ...။ Violin အိမ်ကိုတော့ ပိုဂရုစိုက်ရတာပေါ့လေ ...။ သူ မရှိမှ ... သူထွက်သွားမှ ကိုယ့်လုပ်ငန်းက အောင်မြင်နိုင်မှာ မဟုတ်လား ...။ အတော်ကလေးကို ကြာသွားမှ ... ဟိုခြံထဲမှ ... ယောကျ်ားဖြစ်သူ၏ကားကထွက်လာပါသည်။ အလုပ်သွားတာ ဖြစ်ပုံရကာ ကားပေါ်မှာ သူ့တစ်ယောက်တည်း ...။ ဘာကြာလဲ ...။ Violin လည်းလမ်းမပေါ် ဒီတိုင်းရပ်ထားတဲ့ သူ့ကားပေါ် တက်မောင်းပြီး လိုက်ပါချသွားတော့တာပါပဲ ...။

"ဟိုမှာတွေ့လား ... ဟိုမှာ ... အဲဒါ Violin ပဲပေါ့ ... အေးချမ်း သိလား ... သူ့ရုပ်ကို ... အသိထဲကလား ..."



www.burmeseclassic.com

www.burmeseclassic.com



"ဆံပင်တွေကို ငိုက်ချထားတော့ သေချာမပြောနိုင်ဘူးကွ … ဒါမျိုးရုပ်ကတော့ သိနိုင်တယ်ဆိုလည်း ဖြစ်တာပဲ … မသိဘူးလည်း ဟုတ်နိုင်တာပဲ"

မိုးနတ်ပုံက အေးချမ်းကို မျက်စောင်းရွယ်ရင်း Violin ရဲ့ ကားကလေး မြင်ကွင်းထဲက ပျောက်သွားသည်အထိ ခဏစောင့်ပါသည်။ ပြီးတာနဲ့ ဟိုခြံကလေးရဲ့ ခြံဂိတ်တံခါးကို ကားခေါင်းထိုးပြီး ဟွန်းတစ်ချက်လောက် နှိပ်လိုက်တာနဲ့ပင် … ခေါင်းပြူထွက်ကြည့်သော ခြံစောင့်ဖြစ်ဟန်တူသူက တံခါးကိုဖွင့်ပေးလိုက်သဖြင့် ကားကို မောင်းဝင်လာခဲ့ကြသည်။

ခုလောက်ဆို ဒီအိမ်က မိန်းကလေးမှာ အတော်ကြီး စိတ်အနှောင့်အယှက် ဖြစ်ပြီးလောက်ပြီမို့ … ခြံတံခါးကို ဖွင့်ပင်ဖွင့်ပေးပါ့လား ထင်ထားတာ ချက်ချင်းဖွင့်ပေးလိုက်တော့ အတော်တောင် အံ့သြသွားရသေး။ သို့သော် … မိုးနတ်ပုံတို့ကား ခြံထဲ လုံးလုံးလျားလျား ရောက်ပြီးသွားတာနှင့် ထိုခြံတံခါးကြီး ပြန်ပိတ်လိုက်သံ "ချိမ်း"ခနဲကို ကျယ်လောင်စွာ ကြားလိုက်ရပါတော့သည်။ ပြီးတာနဲ့ ဘယ်တစ်ထောင့် တစ်နေရာစီကနေ အလျှိုလျှိုပင်ပေါ်ထွက်လာကြမှန်း မသိသော … လူကြမ်းရုပ်ကြီးတွေ ကိုယ်စီနှင့် … ကာယဗလမောင်ကြီးများ၊ …။

" Violin က မင်းကို အကွက်ပြန်ထွင်ပြီး ဉာဏ်ဆင်ကျုံးသွင်းဖမ်းတာများလား နတ်ပုံရယ် …"





"ဟယ် … မဖြစ်နိုင်ဘူး ထင်ပါတယ် … အင်း ကြောက်တော့ ကြောက်စရာကြီးတွေ … ဒါပေမဲ့ လာရင်းကိစ္စကို ပြောလိုက်ရင်တော့ ရှင်းသွားကြမှာပါ …"

မကြာခင်မှာ အိမ်ထဲကနေ မျက်နှာထား ခပ်တင်းတင်းနှင့် မိန်းကလေးက ထွက်လာပြီး …

"ဘာကိစ္စ ရှိပါသလဲ"

ဘာကစပြောရမှန်းမသိ ဖြစ်နေဆဲ သူ့လက်ထဲမှာ (တမင်ပင်)ကိုင်ဆောင်လာခဲ့ပုံရသော အနီတုံး၊ အပြာတုံးစာအိတ်ကို မြင်လိုက်ရတာမို့ …

"အဲ … အဲဒီစာအိတ်ကိစ္စပဲ …"

ကောင်မလေးက မခိုးမခန့် တစ်ချက်ရယ်ပြီး ပခုံးပါ တွန့်လိုက်သည်။

"ကလေးကစားကြတာနဲ့သာ တူနေတာပဲ"

"ဟာ … မဟုတ်ဘူးနော် … တို့ဆိုရင် …"

"မင်းတို့က ဘာဖြစ်ချင်တာလဲ … တစ်ခုတော့ သတိပေးချင်တာက မင်းတို့ ရွေးချယ်လိုက်တဲ့ အသိုင်းအဝိုင်းက နည်းနည်းတော့ မှားနေတယ်နော်၊ မင်းတို့ခြောက်တိုင်း အလျှော့သင့်လေး လိုက်ကြောက်နေကြရမဲ့သူမျိုးတွေ မဟုတ်ဘူး …"

အေးချမ်းရဲ့ မျက်နှာကြီး နီရဲလာသည်။ "အစတည်းက မင်းကို ဝင်မပါစမ်းပါနဲ့လို့ ကိုယ်ပြောခဲ့သားပဲ …"ဟုဆိုလျှင်တော့ မိုးနတ်ပုံက လက်ကာပြတားဆီးကာ …



www.burmeseclassic.com

www.burmeseclassic.com



"နေဦး ... နေဦး ... တစ်ခုခုတော့ မှားနေပြီ ... မင်းတို့ အထင်လွဲနေတယ် ထင်တယ် ... အဲဒီစာထဲမှာ Violin လို့ပါသလား ... အဲဒီတစ်ယောက်ဟာ တို့တွေမဟုတ်ဘူး နော် ... ဘာမှမဆိုင်ဘူး ... သပ်သပ်စီပဲ ..."

"ဒါတွေ နားမလည်ပါဘူး ... သိလည်း မသိချင်ဘူး ... တစ်ခုပဲ ပြောလိုက်မယ် ... ဘာမှ ထပ်မကြိုးစားပါနဲ့ ... ဘာမှ မလုပ်နဲ့ ..."

အေးချမ်းက "နုတ်ပုံ ... ပြန်မယ်ကွာ ..."ဟု ခပ်ဆတ်ဆတ် အော်ဟစ်လိုက်ပါသည်။

"နေဦး ... ပြန်ချင်တိုင်းပြန်လို့ မရသေးဘူး ..."

"မမလေး ... ပုံစံတွေက သက်ဆိုင်ရာနဲ့ အတိအကျ သတိပေးထားမှ ဖြစ်မယ်ထင်တယ် ..."

"ဟုတ်တယ်ဗျ ... ဒါခါတိုင်းလာနေကျကားပဲ ... ဒီနေ့ဆို အစောကြီးကတည်းကကို ရောက်နေတာ ... အစ်ကိုလေး ထွက်သွားတာနဲ့ မဆိုင်းဘူး ဝင်ချလာတာပဲ ... တော်တော် အတင့်ရဲတယ် ... လွှတ်ပေးထားလို့ မရတော့ဘူး"

အား ...။ အကြီးအကျယ်ကို လွဲမှားနေကြတော့တာကိုး...။ တော်တော်လည်း ဟုတ်တဲ့လူတွေ ...။ အမိကလူကိုတော့ အာရုံထဲက ပျောက်နေကြပြီး အဲဒီတစ်ယောက်နောက် ပါ,ပါနေရတဲ့ မိုးနုတ်ပုံရဲ့ကားကိုမှ မှတ်မိစောင့်ကြည့်နေရတယ်လို့ ...။





မိန်းကလေးနှင့် ဘော်ဒီဂတ်ကြီးများကို ကြည့်ပြီး မိုးနုတ်ပုံက ဝမ်းသာဝမ်းနည်း ဖြစ်မိပါသည်။ ဝမ်းသာတာကတော့ ... သူတို့ဟာ ကိုယ့်လို အလွယ်တကူနဲ့ ကျရှုံးပြီး လိမ်ပိန်ကွဲပြဲသွားရမည့် အခြေအနေမျိုးထဲက မဟုတ်ဘဲ ကျောထောက်နောက်ခံအပြည့်နဲ့မို့လို့ ...။ ဝမ်းနည်းရတာကတော့ ... ကိုယ့်တုန်းကျတော့ တစ်ယောက်တည်း (အေးလေ ... နှစ်ယောက်တည်း) ဒုက္ခရောက်နေရပြီး အခုကောင်မလေးလို အသိုင်းနှင့် အဝိုင်းနှင့် ကုသိုလ်ကံမကောင်းခဲ့ရလို့ ...။

"ဒီမှာ ကြည့်ပါ ... လိုအပ်ရင် သက်သေပြရအောင် ... မင်းရထားတဲ့စာမျိုးတွေ တို့လည်းရခဲ့ဖူးတာ ... တို့ပြန်ယူလာခဲ့ပါတယ် ... စာရွက်ကအစ ... စာအိတ်ကအစ ..."

ကောင်မလေးက တစ်စောင် နှစ်စောင်လောက် လှန်ကြည့် ဖောက်ဖတ်လိုက်ပြီး ... လုံးလုံးကြီး မဟုတ်သေးပေမဲ့ မျက်နှာကြောတော့ နည်းနည်းလျော့သွားသည်။

"မင်းကို သူ မျက်နှာမပြဘူးလား... တို့တုန်းကဆို မျက်နှာချင်းဆိုင်ကြီး ... စကားလိုက်ပြောပြီး ခြိမ်းခြောက်ခဲ့တာ... တို့မှာ မင်းလို အသိုင်းအဝိုင်းလည်း မတောင့်ဘူး ... တို့ကကြောက်လည်း ကြောက်တတ်တယ် ... သူလုပ်တာတွေကလည်း ကြမ်းတယ် ... ပြီးကျတော့ ... သူဘယ်မှာရှိတယ် ဘယ်သူဆိုတာ လုံးလုံးသိခွင့်ရတာ မဟုတ်တော့ ... ကြိုတင်ပြင်ဆင်မှုလည်း လုပ်လို့မရ ... စုပ်စမြုပ်ခါကို



www.burmeseclassic.com

www.burmeseclassic.com

လမ်းစပျောက်နေတာ ... နောက်ဆုံးပြောရရင် တို့ခင်ပွန်းနဲ့တို့ ...

ဩော် ... ဒါက တို့ခင်ပွန်းပါ ... ဦးအေးချမ်းတဲ့၊ (---)ရုံးမှာလုပ်တယ် ... တို့ကတော့ မိုးနတ်ပုံတဲ့(---) Company မှာလုပ်ပါတယ် ... တို့နဲ့ တို့ခင်ပွန်းဆို နောက်ဆုံးမှာ ဒဏ်မခံနိုင်ကြတော့ဘဲ ... သူ မျှော်မှန်းသလိုပဲ ကွဲသွားကြပါတယ် ..."

ကောင်မလေးက မျက်လုံးပြူးကလေးနဲ့ နှစ်ယောက်လုံးကို တစ်လှည့်စီ ကြည့်သည်။

"ခုမှ ပြန်ပေါင်းထားတာ ... နှစ်ရက်ပဲ ရှိသေးတယ် ... ဟင်း ဟင်း"

ကောင်မလေးလည်း (နည်းနည်း)ပြုံးဖော်ရလာသည်။

"သူဘယ်သူလဲ ... ဘယ်မှာနေသလဲ ဆိုတာ မမျှော်လင့်ဘဲ သိလိုက်ရတော့မှ ... အဲဒီအစတစ်စကို လိုက်စုံစမ်းရင်း ... အခုတစ်ခါ အလှည့်ကျတာ ... မင်းတို့လင်မယားပဲဆိုတာ ကိုပါ သိလာတယ် ... ကိုယ်ချင်းစာစိတ်နဲ့ လာသတိပေးတဲ့ သဘောပဲ ... ကူညီရုံသက်သက်ပါ ... မင်းရဲ့အန္တရာယ် ကောင်ဟာ တို့လည်း မဟုတ်သလို ... ဘာကိုမှလဲ မမျှော်လင့်ဘူး ..."

ကောင်မလေးက သူ့လူထွားကြီးတွေ တစ်ယောက်တစ်ပေါက် ဝိုင်းပြောအော်ဟစ်နေကြသည့် ကြားကပင် မိုးနတ်ပုံ





တို့ကို သူ့အိမ်တွင်းညှော်ခန်းထဲသို့ ဝင်ထိုင်ပါရန် ဖိတ်လိုက်လေသည်။ ညှော်ခန်းထဲရောက်လျှင်တော့ မိုးနတ်ပုံနှင့်အတူ ယှဉ်ထိုင်ပြီး ရုတ်တရက် "ဖျတ်"ခနဲ မိုးနတ်ပုံရဲ့ လက်ဖျားကလေးတို့ကို လှမ်းဆုပ်ကိုင်လိုက်ရာ ... သူ့ရဲ့လက်တွေဟာ အေးစက်လို့ ...။

"ကြောက်နေတာလား ..."

"ကြောက်တာပေါ့ အစ်မရဲ့ ... ဘာပြောကောင်းမလဲ ..."

"တို့တုန်းကပဲ လိမ့်ကြောက်ခဲ့ရပြီး ... မင်းအလှည့်ကျစိတ်ခတ်ခိုင်မာပြီး သတ္တိရှိတဲ့ပုံ ထွက်နေလို့ စောစောကလေးကပဲ မနာလိုတွေ ကျိတ်ဖြစ်နေရသေးတယ် ... မင်းက ... ဘော်ဒီဂတ်တွေ အသိုင်းအဝိုင်းတွေနဲ့ အင်အားတောင့်ပုံရပါတယ် ... ဒီလောက်လူအုပ်နဲ့ဆိုတော့ သူ့ဘက်ကလှုပ်ရှားချင်ရင်တောင် ခက်မှာပါ ... တို့တုန်းကဆို ... ဒါမျိုးကြီးတွေလည်း မရှိ ..."

"အဲဒါတွေက ယောက္ခမရဲ့ အလုပ်ထဲက ကာယလုပ်သား ... အကြမ်းသမားကြီးတွေပါ ... အားကိုးရယ်လို့ ခံစားရဖို့နေနေ ... Violin ကပဲ လာထည့်ထားတဲ့ သူလျှိုတွေများလားလို့ ... ပိုတောင်ကြောက်သေးတယ် ... ယောက္ခမကလည်း ကြောက်တယ်ဆိုလို့သာ ပို့ထားတာ ... ကျွန်မပြောသမျှလည်း မယုံ ... ယောကျ်ားက ပိုဆိုးသေး ...။ အဲဒီတစ်ယောက်က ကျွန်မယောကျ်ားနဲ့ တယ်လီဖုန်းပြော


www.burmeseclassic.com

www.burmeseclassic.com



တယ် ... သူ့ကျတော့ မခြိမ်းခြောက်ဘူးလား မသိပါဘူး ... ယောကျ်ားက ရယ်ချည်းနေတာပဲ ...

အစ်မနဲ့ ကျွန်မယောကျ်ားကို တွေ့စေချင်တာ ... ဒါမှ သူ ယုံကြည်မယ် ... နို့မို့ဆို မကွဲကွဲအောင် ကြဲနေတာပဲ ဖြစ်မှာပါဆိုလည်း ရယ်ချည်းနေတာပဲ ... စိတ်ကုန်ဖို့ ကောင်းတယ် ... သူက မယုံတော့ ကျွန်မမှာ အစ်မတို့လို တက်ညီလက်ညီ မရှိရဘူးပေါ့ ..."

"သူလည်း အစကတော့ မယုံပါဘူး ... ယောကျ်ားတွေကတော့ ဒီလိုပါပဲ ..."

"သူ အလုပ်သွားတာ ... အလုပ်ထဲရောက်ပြီလား မသိဘူး... ကျွန်မ ဖုန်းတစ်ချက် လှမ်းဆက်ကြည့်လိုက်မယ် ... အစ်မနဲ့ စကားပြောပေးနိုင်မလား ..."

"ခုပဲထွက်သွားတာ တွေ့လိုက်ပါတယ် ... ဟိုတစ်ယောက်လည်း နောက်ကပါသွားတယ် ..."

ကောင်မလေးမှာ ... "ဟင်"ခနဲ မျက်နှာလေး ဆီးရွက်လောက် ဖြစ်သွား၏။

"သူက ယောကျ်ားလေးတွေကိုတော့ ထိခိုက်အောင်မလုပ်ချင်ပါဘူး"

ဒါကိုပဲ ကောင်မလေးက လက်သင့်မခံနိုင်ဖြစ်ကာ "သူ့ယောကျ်ားနောက်သို့ Violin ပါသွားလေခြင်း ..."ဟု သူ့မှာ ထိုင်လိုက် ထလိုက်ပင် ဖြစ်နေလေသည်။ သူကိုယ်တိုင် မယုံ





ပါဘူး ... ဟု ဖွင့်ပြောထားသည့် လူထွားကြီးများကိုလည်း လှမ်းခေါ်လိုက်သေးကာ ..."ပါသွားပြီတဲ့ ..."ဟု တိုင်တည်လေသည်။

တစ်ဆိတ်ရှိ သွေးဆူဖို့ပဲ ရှေ့တန်းတင်လိုကြပုံရှိသော ထိုလူတို့ကလည်း ... လက်သီးလက်မောင်းတန်းပြီး ကြွေးကြော်သူက ကြွေးကြော် ...။ ယောကျ်ားလေး၏ မိဘများထံ ပြေးဖုန်းဆက်သူကဆက် ...၊ ဟိုကိုပါသွားပါပြီ ... ဆိုနေမှ ဒီကကျန်တဲ့တစ်ယောက်ကိုပဲ ပိုပူပြသူက ပူပြ ...။ ယိမ်းတိုက်ထားကြသလို ရှုပ်ယှက်ခတ်ကာ မျက်စိနောက် ခေါင်းမူးပင် ဖြစ်ချင်သည်။

"ကဲ ... ကိုယ်တို့ ပြန်လို့ရပြီ ... ဘာမှ စိုးရိမ်စရာမရှိတဲ့ အခြေအနေပဲ"

အေးချမ်းက တီးတိုးသတိပေးပါသည်။ မိုးနတ်ပုံမှာတော့ ခုထက်ထိတိုင် ဖွင့်မပြောပြရသေးသော ... Violin ရဲ့ ယခုနေနေတဲ့အိမ်ကလေးနှင့် မှုရင်းလိပ်စာတို့ကိုပါ ပေးသိလိုက်ရကောင်းနိုး ... မကောင်းနိုး ချီတုံချတုံတွေ ဖြစ်နေသည်။ နဂိုကတော့ ပြောကိုပြောရအောင် ရောက်လာကြတာပါပဲ ...။ ဒီရောက်တော့ ဗလမောင်တို့ရဲ့ ရှုပ်ခတ်လှသော အနေအထားကိုကြည့်ကာ ... ဘာကိုမှန်းလဲမသိ ပြန်စိုးရိမ်နေမိတော့သည့် ကိုယ့်စိတ်ကိုယ်လည်း မိုးနတ်ပုံက နားမလည်နိုင်တော့သလိုပင် ...။

မျက်နှာထားတည်တည်နှင့် စကားအပြောအဆိုတို့က ရိုင်းသော၊ စိတ်မထင်လျှင် မထင်သလို တကယ်ကို လှုပ်ရှားခဲ



www.burmeseclassic.com

www.burmeseclassic.com

မည့်ပုံဖြစ်သော၊ လျှင်သော … ထက်သော … သွက်လက်သော …၊ စိတ်ရှူးပေါက်မှုတစ်ခုနောက်သို့ စိတ်ကို ဦးစားပေးကာ လိုက်ပါနေခြင်းဖြစ်သဖြင့် ဘာဆိုဘာမှ မမှုချင်တတ်သော … Violin ဟာ … ဒီလူသန်မာကြီး ငါးယောက်ကို ယှဉ်နိုင်ပါ့မလား …။ သူ့လောက် လျှင်ချင်မှ လျှင်ကြမှာတော့ ဖြစ်ပေမဲ့ တကယ့်ကို ဟဲဗီးယောက်ျားကြီးတွေလေ …။ ပြီးကျတော့ ငါးယောက်တောင်။

မိုးနတ်ပုံက အေးချမ်းကို တီးတိုးလေသံလေးနှင့် …

"အိမ်လိပ်စာတွေပါ ပြောပြလိုက်ရမှာလား …"

"ဟာ … ပြောရမှာပေါ့ … ဒါပြောဖို့ လာတာပဲဟာ …"

"မိန်းကလေးတစ်ယောက်နဲ့ ယောက်ျားကြီးငါးယောက် ယှဉ်သာပါ့မလား အေးချမ်းရယ် … ဒါကြီးတွေကိုလည်း ကြည့်ပါဦးလို့ … တကယ့်ကို အရိုးကျေကျေ အရေခန်းခန်းဆိုတဲ့ ပုံစံကြီးတွေနော် …"

"မင်း Violin က ဒီလောက်မှ မလျှင်ရင် သူ့ဒဏ်သူ ခံပစေတော့ပေါ့ နတ်ပုံရယ် … ကိုယ်တို့အနေနဲ့ကလည်း ဒီတစ်ခါပြီးရင် ဝင်ပါနေဖို့ မလိုတော့ဘူး …"

မိုးနတ်ပုံတို့ နှစ်ယောက်ရဲ့ ပကျိပကျိ တီးတိုးတီးတိုးကို ကောင်မလေးနှင့် သူ့ငါးယောက်တို့က စိုက်ကြည့်နေကြလေသည်။ နောက်ဆုံးမှာတော့ မိုးနတ်ပုံသည် … စိတ်ကိုဒုံးဒုံးပင်ချလိုက်ရတော့ကာ … သက်ပြင်းကြီးတစ်ခုကို မှုတ်ထုတ်လျက် …





"အဲဟို မျက်စောင်းထိုးက … သစ်သားအိမ်အမည်းကလေးပဲ … အခုလက်ရှိ သူနေနေတာ …။ အမြဲတမ်း နေရပ်လိပ်စာကတော့ … (----) …"

ဇလမောင်ငါးယောက်တို့ လှုပ်လှုပ်ရှားရှား ဖြစ်ကြပြန်ကာ ခြံထဲကို ရုတ်တရက် ပြန်ပြေးဆင်းပြီး လှမ်းမျှော်သူက လှမ်းမျှော်သည်။ ပြီးလျှင်တော့ အချင်းချင်း ခေါင်းချင်းရိုက်ကာ တိုင်ပင်ကြ …။ "သော့ခတ်ထားတာ တွေ့တယ် … ပြန်မရောက်လောက်သေးဘူး" ဆိုသူကဆို …။ ကြည့်နေရတဲ့ပုံကတော့ ဒီညနေမှာပဲ ကိစ္စတုံး … အပြီးရှင်းကြတော့မည့် ပုံမျိုးလို ဖြစ်နေသည်။

မိုးနတ်ပုံတို့ နှစ်ယောက် ပြန်ကြတော့ ကောင်မလေးက မိုးနတ်ပုံတို့ရဲ့ လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို "လိုလိုမယ်မယ်" ဟု တောင်းယူထားလိုက်လေသည်။ အေးချမ်းကတော့ လမ်းမှာ "ဘာမှ မလိုမယ်ဘူးနော် … ဝင်မပါနဲ့တော့ … လူဆိုတာ သူ့ကုသိုလ်၊ အကုသိုလ်နဲ့သူ … တော်ကြာ လူသေမှု ဖြစ်နေရင် ကိုယ်ပါကြားထဲက အချောင် ကိုးလိုးကန့်လန့်နဲ့ ပါနေလိမ့်မယ် …" ဟု ပြင်းပြင်းထန်ထန်ပင် သတိပေးပါသည်။

"သူ … သူ … ဒုက္ခရောက်မှာလားဟင် …"

"နတ်ပုံက သိပ်စိတ်ကောင်းရှိလွန်းနေတယ်ကွာ … မပူပါနဲ့ … ကိုယ်ပြောသားပဲ … သူဒီလောက် မအလောက်ပါဘူး …"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးဆီက ဖုန်းတစ်ခေါက် ညဘက်မှာ ဝင်လာပါသည်။ သူ့ယောကျာ်းနဲ့ အတင်းစကားပြောခိုင်းတော့ တာမို့ မိုးနတ်ပုံမှာ ထိုသူ့ထံ ကိုယ့်အကြောင်းတွေ ပြန်ဇာတ်ကြောင်း လှန်ပြရသေးသည်။

"ဒီအတိုင်းဆိုရင်တော့ ဘာသဘောလဲ ... မသိဘူးခင်ဗျ... ကျွန်တော့်ကောင်တွေက ... အဲဒီအိမ်ရှေ့ ပလက်ဖောင်း တော့ မဟုတ်ဘူးပေါ့ ... လမ်းဒီဘက်ခြမ်းက ပလက်ဖောင်း မှာ ငုတ်တုတ်ကို ထိုင်စောင့်နေကြတာ ... ခုထိတော့ ပြန် ပေါ်မလာသေးဘူး ..."

မိုးနတ်ပုံမှာ ထိုလူမသိအောင် ဒီဘက်ကနေ တစ်ချက် ကျိတ်ရယ်နေမိသေးသည်။ ဘာသဘောရမှာလဲ ... နောင် နှစ်ပေါင်းသုံးဆယ် ဆက်တိုက်ထိုင်စောင့်လည်း အစအနကို မြင် ရမှာ မဟုတ် ...။ အဲဒါကြောင့် အေးချမ်းက ပြောတာပေါ့ ...။ မအ,ပါဘူးလို့ ...။

"သူ့ကို မမိဘူး သိလား ... သူ ပြန်မလာတော့ဘူး ..."

အေးချမ်းထံ တက်ကြွစွာ သတင်းပေးမိလျှင် ... အေးချမ်းက မိုးနတ်ပုံရဲ့ ခေါင်းကို တစ်ချက်ရိုက်ကာ ...

"မင်းက မိစေချင်တဲ့ဘက်က ရှိရမှာလေ ကလေးမရဲ့ ... ပြောင်းပြန်တွေ ဖြစ်နေပြီ ..."

"နတ်ပုံတို့ လုပ်လိုက်ကြတာ ဆိုတာကိုတော့ သူ မသိနိုင် ပါဘူးနော် ..."





"သိသွားရင်တော့ ... မနက်ဖြန် မနက်ကျ ... ကိုယ်တို့ တိုက်ခန်းတံခါးဝမှာ လာရပ်နေလိမ့်မယ် ... မနက်ဖြန်ကျ တံခါးဖွင့်ကာနီးကျရင် သတိထားပေါ့"

အေးချမ်းက နောက်တာဖြစ်သော်လည်း ... မိုးနတ်ပုံ မှာ နောက်တစ်နေ့မနက် အစောကြီး ဈေးသွားကာနီးမှာ ... တံခါးအောက်ခြေ အဟာကနေ အရိပ်အခြေကိုချောင်း ...၊ ချောင်း ကြည့်ပေါက်ကနေ ထပ်ကြည့် ...။ သစ်သားတံခါးကို အရင်ဖွင့် ကာ ... သံပန်းတံခါးကို ချက်ချင်းမဖွင့်ရဲသေးဘဲ ခပ်ကြာကြာလေး အကဲခတ်နှင့် ...။ အဲဒီလိုတွေ ပြန်လုပ်နေရတော့လည်း သင်းကို မကျေမနပ်နှင့် မေတ္တာတွေ လှမ်းပို့နေမိပြန်သေးသည်။

အေးချမ်း မသိအောင် ... အမြဲတမ်းလိပ်စာသို့အထိပါ တစ်ချက်သွား အကဲခတ်လိုက်သေးသော်လည်း ... တိုက်ရောခြံ ပါ သော့ခလောက်ကြီးတွေနှင့် ငြိမ်ချက်သား ကောင်းလျက်ရှိလေ သည်။

❀ ❀ ❀

ဖမ်



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

ဒီလိုနဲ့ မိုးနတ်ပုံနဲ့ အေးချမ်းတို့ရဲ့ ဘဝကြီးဟာ … ဟိုးအရင် သမီးရည်းစားစုံတွဲကာလများကလို … အိမ်ထောင်ဦး၊ ကြင်စဦးဇနီးမောင်နှံကလေး နှစ်ယောက်ဘဝတွေကလို အခြေအနေတို့က ငြိမ်းငြိမ်းချမ်းချမ်းနှင့် ငြိမ်သက်တည်ငြိမ်သော အနေအထားသို့ ပြန်ရောက်ရှိလို့ သွားလေသည်။

သို့သော် … နှစ်ပတ်လောက်မျှသာ ဖြစ်ပါသည်။

အေးချမ်း ဆိုရင် …"ဟိုမိန်းမနဲ့ ပတ်သက်စရာမလိုတော့လို့လား မသိဘူး … တည်တည်ငြိမ်ငြိမ်ကြီးနဲ့ဆိုတော့ ပျင်းခြောက်ခြောက်တောင် နိုင်နေသလိုပဲ မဟုတ်လား"လို့တောင် ပြောနေပါသေး။ မိုးနတ်ပုံက …"ပျင်းရင် . သီချင်းဆိုပြီး က,ပြမယ် … ပါးစပ်ပုပ်ကြီးနဲ့ လျှောက်တမ်းတမနေနဲ့ …"ဟု သတိပေးလိုက်ရသည်။





နှစ်ပတ်ပြည့်ပြီးသွားတဲ့ တစ်ရက်မှာတော့ … ရုံးပြန်တက်နေပြီဖြစ်တဲ့ မိုးနတ်ပုံက ရုံးမှာနေ့လယ်ဘက်ကြီး နေမကောင်းချင်သလိုလို ဖြစ်လာသည်။ ဗိုက်ထဲက အီလည်လည် … လူကရှိဝေဝေနှင့် သာခွေယိုင်ကြီးလို ဖြစ်လာတော့ … မိုးနတ်ပုံက မမစိန်ကို ခွင့်တောင်းပြီး နေ့တစ်ဝက်အိမ်ပြန်ဖို့ စီစဉ်လိုက်လေသည်။

"ဗိုက်ပြန်အောင့်ပြီထင်တယ် မမစိန် … အိမ်ပြန်လိုက်ချင်တယ်၊ ခွင့်ယူရတာတွေက များနေတော့ … ဘော့စ်ကိုခွင့်တောင်းရမှာတောင် မျက်နှာပူတယ်"

"ပြောမနေနဲ့တော့ … အလုပ်လည်း ရှိတာမဟုတ်ဘူး … ဒီတိုင်းပြန်လိုက် … ငါကြည့်လုပ်ထားလိုက်မယ် … နေဦး … တစ်ယောက်တည်းကြီး ပြန်သွားတော့ အိမ်မှာအဖော်မဲ့ပြီး လုပ်ကိုင်ပေးမဲ့သူ မရှိများ ဖြစ်နေမလား … အမေအိမ်၊ အဒေါ်အိမ်မှာ မဟုတ်တော့ဘူး မှတ်လား … တိုက်ခန်းကလည်း အမြင့်ကြီး ပြန်တက်ရမယ် … အေးချမ်းလည်း ပြန်မရောက်သေးဆိုတော့ အဖော်အလျော်လည်း တစ်ယောက်မှမရှိ …။ ငါပါ လိုက်ခဲ့ပေးရမလား …"

"နှစ်ယောက်ပူးကြီး ပျောက်လို့တော့ ဘယ်ကောင်းပါ့မလဲ … ရပါတယ် … ကိုယ့်ဘာသာပဲ ကားငှားပြီး ပြန်လိုက်ပါ့မယ် … မေမေတို့ဆီပဲဖြစ်ဖြစ် ပြန်လိုက်မှာပေါ့ …"



www.burmeseclassic.com

www.burmeseclassic.com



အဲလိုမှုိင်းဝေနေသော အချိန်မှာ ... တစ်စုံတစ်ယောက်ရဲ့ ပြုစုယုယမှုကလေးနဲ့ နွေးနွေးထွေးထွေး သက်သောင့်သက်သာလေး နေလိုက်ရရင် အင်မတန်မှုကို ဖိမ်ရှိပြီး ... နေထိုင် ကောင်းသွားမှာ အမှန်ပါပဲ ...။ ဒါပေမဲ့ ... တက္ကစီကားကိုခေါ်ပြီးမှ မိုးနတ်ပုံက စိတ်ကူးပြောင်းသွားပါသည်။ မေမေတို့ဆီ မသွားချင်တော့ပါဘူး ...။

ပြတ်ကြပါပြီဆိုတုန်းကတော့ ရပ်ကျော်ရွာကျော် ... အုတ်အော်သောင်းနင်း၊ နှစ်ဖက်မိဘဆွေမျိုးတွေလည်း အလုပ်ရှုပ်ကြရ၊ စိတ်ညစ်ကြရ ...။ ပြန်ပြေလည် ငြိမ်းချမ်းသွားပြီလည်းဆိုရော ... မိုးနတ်ပုံက သူ့မိဘတင်မက ... ကိုယ့်မိဘကိုပါ ရှက်ရှက်နှင့် ... နှစ်ရက် သုံးရက်လောက် အသိမပေးဘဲ ခိုနေခဲ့လေသည်။ ကြီးကြီးတို့ကလည်း သူတို့အိမ်မှာ ဆက်မနေတော့တာကို မေမေတို့အိမ် ပြန်သွားနေတယ်ပဲ ထင်ခဲ့ကြသည်။

သိမ့်သိတော့လည်း နှစ်ယောက်ပူးကြီးလေ ...။ အေးချမ်းရဲ့အစ်မနဲ့ မိုးနတ်ပုံရဲ့ အစ်မကြီးတို့ နှစ်ယောက်သားပူးပေါင်းတိုင်ပင်ကြကာ ...“ဒီလို ဆက်ကြည့်နေလို့တော့ မဖြစ်တော့ဘူး...”ဟု ... အပြောရ၊ အဆိုရ၊ ညွှန်ကြားရ လွယ်ကူနိုင်သည့် အေးချမ်းရဲ့ဆီသို့သာ အရင်ဦးစွာ နှစ်ယောက်ပူး တွဲချီတက်လာကြကာမှ ... အိမ်တံခါးလာဖွင့်တဲ့သူက ... မိုးနတ်ပုံပဲ ဖြစ်နေသည်။





စေတနာအပြည့်နှင့် လာကြသူနှစ်ယောက်တို့ ဒေါသအပြည့်တွေနှင့် ဖြစ်ကုန်ကြကာ ... ကိုယ့်လူကိုယ် ပိတ်ပိတ်ထုလိုက်ကြတာ ... တော်တော်နာပါသည်။ မိဘတွေကို စိတ်ဆင်းရဲနေရအောင် လုပ်ထားကြပြီးတဲ့နောက်မှာ ပြန်လည်ပြီး ... ပျော်ရွှင်စိတ်ချမ်းသာအောင် အသိမပေးမှုကလည်း အတော်ကြီးမားတဲ့ နောက်ထပ်ပြစ်မှုတစ်ခုဆိုပဲ ...။ မိုးနတ်ပုံက ကိုယ့်ဘာသာရှက်လို့ ငြိမ်နေသေးတာကို ဖုံးဖိပြီး ...

“နှင်းစပယ် တစ်ယောက်တော့ သိပြီးပြီပဲ ... သူက အိမ်တွေကို လှမ်းပြောပေးမယ်ပဲ ထင်တာပေါ့ ...”

ကိုယ့်အပြစ်ကိုယ် ဖုံးကွယ်ချင်သည့် ဆင်ခြေဆင်လက် စကားကို အစ်မကြီးက ဒေါသတွေ ပိုထွက်သွားကာ ... “သူက ဘာဆိုင်လဲ ... ဘာဆိုင်လို့လဲ ...”နှင့် အဆက်မပြတ် ထုနှက်နေလိုက်တာ ... အေးချမ်းကို ဆုံးမနေသည့် သူ့အစ်မလည်း သူ့မောင်သူ ဆက်လက်မဆုံးမသာတော့ဘဲ ... ဒီဘက်ကညီအစ်မနှစ်ယောက်ရဲ့ ဆိုင်းဝိုင်းလက်သံကို သူတို့ ... မောင်နှမနှစ်ယောက် မနည်းတားယူရသည်။ ပြီးကျတော့ အစ်မတွေနှင့် တစ်ခါတည်း လိုက်ပြန်ကာ ... နှစ်ဖက်မိဘတို့ကို ကန်တော့ကြ ...။

ပြဿနာကပြီး,ပြီးသွားပြီဆိုပေမဲ့ ... နောက်ကြောင်းလှန်တတ်သည့် လူကြီးမိဘတို့၏ အလေ့ကို မိုးနတ်ပုံက ကြောက်ပါသည်။ အဲဒီနောက်ပိုင်းမှာ မေမေတို့ဆီကို မိုးနတ်ပုံက အေးချမ်း



www.burmeseclassic.com

www.burmeseclassic.com



နှင့်အတူ လေးငါးခါလောက် ထပ်ရောက်ပြီးပြီ ဆိုပေမဲ့ ... ရောက်တိုင်း အေးချမ်းလည်း အတူပါနေပေရာ ... မမေ့မှာ သူ့သမီးကို စိတ်ရှိသလောက် မဆူမဆဲရသေးသလို ဖြစ်နေသည်လေ ...။ ကနေ့လိုနေ့မျိုး တစ်ယောက်တည်းသာ အရောက်ပြန်သွားရင် ... ဆေးတိုက် အစာကျွေး၊ နွေးနွေးကလေးထားပေးပြီး ကြင်နာယုယစွာ ... စနစ်တကျ ပြုစုမှာကသပ်သပ်။ အစားဝင်၊ ဆေးဝင်၊ အိပ်ရာထဲပို့ပေးပြီးတာနဲ့ ... မပြီးမပိုင်နိုင်တော့အောင် ဆူပူဆုံးမတော့မှာက သပ်သပ်လေ ...။ ဘုရား ... ဘုရား ... တွေးမိတာနဲ့ တောင် ပိုအီလည်လည်ဖြစ်ပြီး ... အန်ချလိုက်ချင်လာသည်။

မိုးနတ်ပုံက တက္ကစီကားကို ကိုယ့်တိုက်ခန်းရှိရာသို့ပဲ မောင်းခိုင်းလိုက်ပါသည်။ လှေကားက သိပ်မြင့်နေတယ်ထင်ရင် ... ငါးထစ်တစ်ခါ နားပြီး ခဏထိုင်,ထိုင်နေမည်။ ပြုစုလုပ်ကိုင်ပေးမည့်သူ မရှိရင် ကိုယ့်ဘာသာပဲ ... "တအီးအီး ... တအင်းအင်း" အော်မြည်ကာ ဖြည်းဖြည်း ... ဖြည်းဖြည်း ... လုပ်ကိုင်ပါတော့မည်လေ ...။

သို့သော် ... တိုက်အောက်ခြေရင်းက ပလက်ဖောင်းအစပ်မှာ တက္ကစီက ကိုယ့်ကိုချပေးခဲ့ပြီး ... မိုးနတ်ပုံတစ်ယောက် ... လှေကားကို တစ်ထစ် နှစ်ထစ်လောက်ပင် စ,မတက်ရချင်သေး ...။ ဖျတ်ခနဲတစ်ချက် အပေါ်သို့ မော့အကြည့်မှာ ...

"အ ..."





မိုးနတ်ပုံတို့ရဲ့ တံခါးရှေ့မှာ ... သူမ,က ... စောင့်ထိုင်ရောက်ရှိလို့ နေပါပြီတည်း ...။

"မပြီးသေးဘူးလား ... မပြီးနိုင်သေးဘူးလား ... မင်းဘာဖြစ်လို့ သဲသဲမဲမဲကြီး ဖြစ်နေရတာလဲ ..."

ထိတ်လန့်သွားရပေမဲ့ ... မိုးနတ်ပုံက ခပ်တည်တည် ခပ်တင်းတင်းပဲ အကျယ်ကြီး အော်ဟစ်မေးမြန်းလိုက်သည်။

"Violin မဟုတ်ဘူး မိုးနတ်ပုံ ... တယောပါ"

အမှောင်ထဲမှ မိန်းမက ... အောက်ထပ်သို့တော့ ဆင်းချမလာဘဲ ... အမှောင်ထဲက သူ့မျက်နှာကို လက်နှိပ်ဓာတ်မီးနှင့် တစ်ချက်ထိုးပြလိုက်လေသည်။ လုပ်ပုံကိုင်ပုံတွေကိုကွာ ...။ မျက်နှာကို လက်နှိပ်ဓာတ်မီးအနီရောင်နှင့် မေးစေ့အောက်နားလောက်ကနေပင့်ပြီး ထိုးပြလိုက်တော့ မျက်နှာကြီးက လင်းတချို့၊ မှောင်တချို့။ Violin လား ... တယောလား ခွဲခြားသိနိုင်ဖို့ဝေးလို့ ... ရုပ်ရှင်တွေထဲက သူရဲမကြီးတစ်ယောက်နဲ့သာ တူနေတော့တာပါ ...။

မိုးနတ်ပုံမှာ ... လှေကားကို ဆက်တက်သွားပြီး ကိုယ့်တိုက်ခန်းထဲပဲ ကိုယ်ဝင်ချသွားရမလား ...။ တိုက်အောက်ခြေရင်းပလက်ဖောင်းကြီးပေါ်မှာပဲ ဆက်ရပ်နေရမလား ... အချိန်အတန်ကြာအောင်ပင် မဝေခွဲနိုင်ဘဲနှင့် ရှိရသည်။ ကိုယ်က ကိုယ့်တိုက်ခန်းထဲပဲ ဖွင့်ဝင်ပြီး တံခါးပြန်ပိတ်ချလိုက်ချင်ပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်မှာ မဟုတ်တာ ...။ သူ့ညီမနှင့် ပုံစံတူ သဏ္ဌာန်တူ ... (စိတ်ဓာတ်ချင်းလည်း တူနိုင်သော) ခုဆိုရင် လုပ်ရပ်တွေပါ အတော်ကြီးတူနေသော "တယော"ဟာ ... မိုးနတ်ပုံ တစ်ယောက်တည်းကိုတော့ တိုက်ခန်းထဲ ဘယ်အဝင်ခံပါ့မလဲ ...။ သူပါလိုက်ဝင်လာတော့မှာ မုချလေ ...။

"နေပါဦး ... ဒီအချိန် ... ပြန်ရောက်လာမယ်ဆိုတာ ... ဘယ်လိုလုပ် ကြိုသိနိုင်ရတာလဲ ..."

နောက်ဆုံးတော့ ... မိုးနတ်ပုံက လှေကားထစ်များကို လှမ်းပဲတက်လာခဲ့လိုက်ရတော့ကာ ... မခံချိမခံသာလို မေးခွန်းထုတ်ကြည့်လိုက်ပါသည်။

"မသိပါဘူး မိုးနတ်ပုံ ... တိုက်ဆိုင်ပြီး ကံကောင်းသွားတာပဲ ဖြစ်ပါလိမ့်မယ် ... မနက်တည်းက လာထိုင်နေတာပါ ... ညနက်သန်းခေါင်တိုင်သွားပစေ ...။ နောက်တစ်နေ့ ကူးတဲ့အထိ ပြန်မရောက်ကြသေးရင်လည်း ဆက်ထိုင်စောင့်ဖို့ပဲ ရည်ရွယ်ချက် ရှိပါတယ် ..."

အမယ်လေး ... သူ့အတွက်ပဲ ကံကောင်းရသေးသတဲ့ ...။ ဒါဆို မိုးနတ်ပုံ အတွက်ကတော့ ကံဆိုးတဲ့နေ့လို့ ဆိုလိုချင်တာလား ...။ ဒီနေ့မှ အီလည်လည် မူးနောက်နောက်ကြီး ဖြစ်ချင်ရတာ ...။ မေမေအိမ် မပြန်မိဘဲ ဒီအိမ်ကိုမှ ပြန်ချလာမိတာတွေအတွက် ... နောင်တရချင်လိုက်မိတဲ့ မိုးနတ်ပုံက





သူ့စကားကို ကြားအပြီးမှာတော့ ... "တော်ပါသေးရဲ့ ..."ဟု စိတ်ထဲက ရေရွတ်လိုက်မိပါသည်။ ကိုယ်သာ တိုက်ဆိုင်ပြီး အရောက်ပြန်မလာမိရင် ... သင်းဟာ ဒီနေ့ ဗုဒ္ဓဟူးနေ့မို့ ... ကိုယ့်ထက် ရုံးပြန်ချိန်စောမည်ဖြစ်သော ... အေးချမ်းနှင့်သာ အရင်ဦးဆုံး တွေ့သွားကြတော့မှာလေ ...။

တံခါးသော့များကို ဖွင့်ပြီးချိန်တွင် မိုးနတ်ပုံက "ဝင်မှာလား"ဟု မေးလိုက်ပါသည်။ ဘာပဲဖြစ်ဖြစ် ဒီတစ်ယောက်ဟာ ... ဟိုတစ်ယောက်လောက်တော့ စကားပြော မရိုင်းပါဘူး ... မိသားစု အသိုင်းအဝိုင်း အခြေအနေအရလည်း စိတ်နေသဘောထားက ပိုမှန်နေလိမ့်မယ် ... လို့ ယူဆရတာပါပဲ ... ဟု ကိုယ့်စိတ်ကိုလည်း ကိုယ်တင်းသည်။ ကိုယ်က မမေးမြန်းလည်း ဝင်ချင်သည့်သူကတော့ အတင်းဝင်မှာပဲ ဆိုတော့ ... အခြေအနေက ရုတ်ရုတ်သဲသဲ တွန်းတွန်းထိုးထိုးဆိုရင် ... နဂိုက မရိုင်းချင်တဲ့ စိတ်ထားတို့ဟာလည်း တစ်မျိုးပြောင်းချင် ပြောင်းလာနိုင်တာပေါ့ ... မဟုတ်ဘူးလား ...။

တယောက ခေါင်းတစ်ချက်သာ ညိတ်ပြကာဝင်လိုက်လာပါသည်။ သတိဆိုတာ ပိုတယ်လို့မရှိပါဘူး ...။ မိုးနတ်ပုံက သံပန်းတံခါးကိုရော သစ်သားတံခါးကိုပါ ... ဟင်းလင်းအပွင့်ပဲ ဆက်ထားထားလိုက်သည်။ ပြင်ပကဝင်လာမဲ့ သူခိုးဓားပြ ရန်ထက် ... ကိုယ့်အိမ်ထဲ ရောက်နေတဲ့ ဘာမှန်းမသိသေးတဲ့



www.burmeseclassic.com

www.burmeseclassic.com


တစ်ယောက်ရဲ့ရန်ကို အရင်ငဲ့ရမယ်လေ ...။ လူဆိုတာမျိုးဟာ ကိုယ့်ကိုယ်ကိုယ်မှ ဘာမှမသိ ...၊ မထိန်းသိမ်းနိုင်တော့တဲ့ အရူး၊ အနှမ်းတစ်ယောက် မဟုတ်ခဲ့ရင် ... တခြားလူတစ်ယောက်ကို ရန်ရှာသတ်ဖြတ် လုပ်ကြံဖို့ဆိုတာ ... Intention (တမင်တကာ ပြုလုပ်လိုသော ရည်ရွယ်ချက်)တစ်ခုခုတော့ ရှိကိုရှိနေရလိမ့်မည် မဟုတ်လား ...။

Violin မဟုတ်တဲ့ တယောဟာ မိုးနတ်ပုံကို ရန်ပြုလောက်တဲ့ Intention မျိုး ... သူ့မှာဘာကြောင့် ရှိနေရမှာလဲ ...။ ဒီတစ်ယောက်ဟာ ဟိုတစ်ယောက်လောက် စိတ်ပူစရာမလို ... ဟု ယူဆကြည့်လို့ မရနိုင်ဘူးလား ...။ သို့သော် ... ခပ်တည်တည် သာဖြစ်လျက်ရှိနေသော မျက်နှာကို မြင်ရတာကတော့ ကြောက်ကြောက် ... ကြောက်ကြောက် ...။

အရင်တစ်ခါ တွေ့ရတုန်းက သူ့ညီမလောက်လည်း အရိုးဂေါင်ဂင်နှင့် ပိန်ကျုံမနေ ...။ ဆံပင်ကလည်း သူ့ညီမလို မသေမသပ် ဖားလျားပွပွ မဟုတ်ဘဲ သပ်သပ်ရပ်ရပ် စည်းနှောင်ထုံးဖွဲ့လို့ ...။ ပြီးကျတော့ သူ့ညီမရဲ့မျက်နှာပေါ်မှာ ပြည့်နှက်ရုံတင်မျှမက လျှံကျလို့ပင်နေသော လောဘ၊ ဒေါသ၊ မောဟ၊ သောကတွေ မှန်သမျှလည်း ဒီတစ်ယောက်ရဲ့ မျက်နှာပြင်ပေါ်မှာ မတွေ့ခဲ့ရဘူးလေ ...။ အဲဒီလို ကွဲပြားချက်တွေ ရှိနေတာတောင်မှ တယောနှင့် Violin တို့ဟာ ...သာမန်အထက်အောက်၊ အဖေတူ မအေကွဲ ညီအစ်မမျိုးထက် ... အမြွှာတွေလောက်နီးနီးကို တူမှန်းသိသာနေခဲ့တာပါ။

ခုကျတော့ ...၊ တယောသည်လည်း ပြောင်းလဲသွားခဲ့ပြီ။ ပိန်သွားသည်။ ကြည်လင်မနေတော့သော မျက်နှာပြင်ပေါ်မှာ ဒေါသ၊ သောကတွေလည်း ကပ်ငြိနေခဲ့ပြီ ...။ အနီးကပ်ကြီး မြင်နေရလို့သာ Violin မဟုတ်တဲ့ ကွဲပြားချက်လေး တချို့တလေနဲ့မို့သာ ... တယောလို့ လက်ခံနေရတာ ... ကြည့်ရင်း ... ကြည့်ရင်း ... Violin များ နည်းနည်းရုပ်ပြောင်းသွားတာများလား ... ဟု သံသယစိတ်တွေပင် ဝင်ချင်လာသည်။

"တို့ညီမလေး ... မင်းလက်ချက်နဲ့ (---)ဆေးရုံပေါ်ရောက်နေတယ် ..."

"ဟာ ... မဖြစ်နိုင်တာ ..."

မိုးနတ်ပုံရဲ့ ခါးခါးသီးသီး စကားကို တယောက ခေါင်းပဲခါပြလိုက်ကာ ..."မင်းကြောင့်"ဟု နှစ်လုံးတည်း ခပ်ဆတ်ဆတ် ပြောလိုက်ပါသည်။

"မဟုတ်ဘူး ... တို့နဲ့ သူနဲ့ ဇာတ်လမ်းက ပြီးပြတ်သွားကြတာ ကြာပါပြီ ... သူ့ဘက်က တို့ကို လိုက်ရန်ရှာမနေတော့ရင် ... တို့ဘက်ကလည်း သူ့ကို ဘာမှ ဆက်စိတ်ဝင်စားနေစရာ အကြောင်းမရှိတော့ပါဘူး။ ပြီးကျတော့ ... တို့မှာ သူ့ကို ဒုက္ခရောက်လောက်အောင် ရန်ရှာနိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘာအစွမ်းအစမျိုးမှ မရှိတာ ... သူကသာ တတ်လည်း တတ်နိုင်တယ် ... ဉာဏ်လည်းပြေးတယ် ... လုပ်လည်း လုပ်ရက်တယ် ... ဖွဲလည်းကြီးတယ်”

“မင်းကတော့ မင်းကိုယ်တိုင် အစွမ်းအစ မရှိနိုင်တော့တဲ့ ကိစ္စမျိုးဆိုရင် ... ဘယ်လိုဇာတ်သိမ်းပေးလိုက်ရမလဲ ... လှည့်ထုတ်ပေးလိုက်ရမလဲဆိုတာ ကျွမ်းကျင်လိမ့်မှာတယ်...”

“ဘာတွေ လာပြောနေတာလဲ ... ကျွန်မက ဘာမို့လဲ...”

“မင်းက မိုးနတ်ပုံလေ ... တို့ရဲ့ညီမကို အသည်းအသန်ကြီး မုန်းတီးပြီး သေစေချင်နေတဲ့ မိုးနတ်ပုံလေ ...”

“မဟုတ်တာ ... တို့က ကိုယ်အဆင်ပြေပြေလေး နေခွင့် ရရင် တော်ပြီ ... တခြားလူတစ်ဖက်သားကို သေစေချင် ရအောင် လူယုတ်မာကြီးတစ်ယောက်မှ မဟုတ်တာ ... တို့မှာ သေမတတ် ခံစားခဲ့ရတာ ... နာမည်တွေပျက်ရတာ... နောက်ဆုံး အိမ်ထောင်ဖက်နဲ့ ခဏဝေးသွားခဲ့ရတာ ... ဒါတွေ အတွက် သူ့မှာလည်း စိတ်အနှောင့်အယှက်တော့ ဖြစ်ပါစေ ... ဆိုတဲ့ ရည်ရွယ်ချက်တော့ ရှိဖူးတယ်... ဒါအလွန် ဆုံးပဲ ... ဒီထက်မပိုရဲပါဘူး ... ခုဆိုတို့နဲ့ တို့ အိမ်ထောင် ဖက်လည်း အဆင်ပြေတယ် ... သူ့ကိုဘာ့ကြောင့် သေစေချင် ရမှာလဲ ... အမိပ္ပာယ်မရှိတာ ... သူကလည်း တို့နှစ်ယောက် ထက် နောက်ထပ်တစ်စုံတွဲကိုပဲ ပိုစိတ်ဝင်စား ...”





“မင်း အဲဒါ ဘယ်လိုလုပ် သိသလဲ ... အဲဒီလိုသိနေက တည်းက တို့ညီမဆေးရုံပေါ် ရောက်ရတာ မင်းလက်ချက် မှန်း သိပ်သေချာတယ် ...”

မိုးနတ်ပုံမှာ အပြိုင်အဆိုင်ကြီးတွေ ပြန်ပြောနေရသော်လည်း “သူက ဆေးရုံပေါ် ဘာကြောင့် ရောက်ရတာပါလိမ့် ... ဇလကြီးတွေရဲ့ လက်ချက်နဲ့ မိသွားတာများလား ... ဒုက္ခအကြီး အကျယ်များ ရောက်နေရပြီလား ...”နှင့် ... ကိုယ့်အပေါ်တစ်စက်မှ ကောင်းကွက်မရှိခဲ့သည့် တစ်ယောက်အတွက် စိုးရိမ်စိတ်က ဝင်နေမိပါသေးသည်။ သို့သော် ... မျက်နှာပေါ်တော့ အရောက်ခံ ခဲ့ည် မဟုတ်ပါ ...။ ပြင်းထန်စွာ ထိုးနှက်နေသည့် စွပ်စွဲချက်များ ကိုလည်း အလျှော့ပေး ငြိမ်သက်နေလိုက်မည် မဟုတ်ပါ။

တယော ဆိုသည့် တစ်ယောက်ဟာလည်း လျှော့ တွက်လို့ မရနိုင်သူဆိုတာ ပထမအကြိမ် ဆုံတွေ့ကြစဉ်ကပင် သိရှိခဲ့ပြီးသားပဲ။ သူ့ညီမ ဆေးရုံပေါ်သို့ ရောက်နေချိန်မှာ ... (သူ့ညီမဆီက သိကြားရတာ မဟုတ်ဘူးဆိုရင်) ... မိုးနတ်ပုံရဲ့ အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ပေါက်ချရောက်ရှိလာတာကို ကြည့် ခြင်းအားဖြင့် ... သူသာ ကိုယ့်ပြိုင်ဘက် ဆက်လုပ်တော့မည်ဆို ရင် ကိုယ့်မှာ ရတက်အေးရတော့မှာ မဟုတ်တာ သေချာနေခဲ့ပြီ။

“သူ ကားတိုက်မှု ဖြစ်တယ် ... အေးလေ ... ဒါကို မင်း သိပြီးဖြစ်ရင်လည်း ဖြစ်မှာပေါ့ ... မဟုတ်ဘူးလား ...”

www.burmeseclassic.com



"ဗလကြီးတွေကြောင့်လား"ဟု မေးချင်လိုက်တာမှ လျှာကို ယားနေသည်။ မေးလိုက်မိလို့ကတော့ ... သူ စွပ်စွဲနေသည့် ..."ကိုယ်တိုင် ဝင်မကြဲဘဲ ... အခါတော်ပေးရုံပေးသည့် တရားခံအစစ်"ဟာ ကိုယ်ပါပဲ ... ဟု သူက ဒိုထက်မိုပြီး ဘစ်ထစ်ချကြီး ဖြစ်သွားတော့မည်လေ။ မိုးနတ်ပုံဟာ ဘယ်လောက် စိတ်ခါတ်မခိုင်မာဘူးလဲဆိုရင် ... ဖြိုင်သာငြင်းနေသည်။ "ငါမှ မဟုတ်ဘဲ ... လိပ်ပြာသန့်တယ်"ဟူသော ပုံမျိုးကိုသာ ဖမ်းထားသည်။ စိတ်ကတော့ မရိုးမရွ ... နင်တင်တင်နှင့် ..."ငါသတင်းပေးမိလို့လား ... တကယ်ပဲ တိုက်ရိုက် ငါကြောင့်မဟုတ်ပေမဲ့ သွယ်ဝိုက်ပြီး ... ငါ တရားခံဖြစ်နေနိုင်ပြီလား"ရယ်လို့ ... ကိုယ့်သံသယစိတ်က ကိုယ့်ကို နှိပ်စက်နေသည်။

ကိုယ့်ဘာသာကိုယ် သံသယတွေကြီးပြီး Guilty (အပြစ်မကင်း) ဖြစ်နေမိတာနဲ့ပဲ ...။ "ကားတိုက်မှုကို ငါကဘာလို့ သိပြီးဖြစ်နေရမှာလဲ ..."ဟု ငြင်းကိုငြင်းပစ်ရမဲ့ စကားကိုလည်း မပြောမိ ...။ တုံဏှိဘာဝေကြီး ဖြစ်နေသည်။

"မင်း ... ဆေးရုံလိုက်ကြည့်ပါလား ..."

ငြိမ်သက်နေသည့် မိုးနတ်ပုံကို တယောက ရုတ်တရက်တပ်လှန့်လိုက်သလို ပြောလိုက်သည်။ ဘာဆိုင်လဲ ... ဘာလို့ လိုက်ကြည့်ရမှာလဲ ...။ ကိုယ်နဲ့သူဟာ ပြဿနာတစ်ခုနဲ့ ... မျက်နှာချင်း ... ဆယ်ခါမပြည့်တပြည့်လောက် ရင်ဆိုင်ဖူးကြတာက





လွဲရင် ... သူစိမ်းကြီးတွေလေ ...။ ဘာဆိုင်လို့လဲနော် ...။ ကိုယ်နဲ့ ဘာမှမပတ်သက် မသိကျွမ်းကြတဲ့ ... သူစိမ်းတစ်ရံစာတွေ ဆေးရုံတက်နေရလို့ဆိုပြီး ... သတင်းမေး၊ သွားကြည့်တဲ့သူမျိုး လောကမှာ ရှိလို့လား ...။ ကြားဖူးကြလို့လား ...။

စိတ်ထဲကသာ အော်ငြင်းနေသည်။ အပြင်က နှုတ်ကတော့ ခပ်ပိတ်ပိတ်နှင့် ... လူကလည်း တယောကို မျက်နှာချင်းမဆိုင်ဘဲ မျက်နှာလွှဲထားပြီး ... မျက်မှောင်ကုတ်ကုတ်အောက်က မျက်လုံးများကို အဝေးသို့သာ အကြည့်ပို့လွှတ်ထားသည်။

"မကြည့်ဘူးလား ... မင်း လာကြည့်သင့်တယ်လို့ တို့ထင်တယ် ... လူတစ်ယောက်ကို ... သူ့အပေါ် ထားနေတဲ့ အမုန်းတွေ အာဃာတတွေကို ခြေပစ်နိုင်ဖို့ရာ ... သူမကျန်းမမာ ဖြစ်နေတဲ့အချိန်၊ ဆေးရုံပေါ်မှာ ရောက်နေတဲ့အချိန်တွေဟာ အကောင်းဆုံး အချိန်ပဲလို့ မင်း မယူဆဘူးလား ... မင်းရဲ့ အာဃာတတွေကို ဒီနည်းနဲ့ မချေပေးနိုင်ဘူးလား ... ဟင် ... ခဏလေးပဲဖြစ်ဖြစ် လာကြည့်ပြီး ခွင့်လွှတ်လိုက်သင့်တယ်လို့ မင်းမထင်ဘူးလား မိုးနတ်ပုံ ..."

တယောမှာ ရုပ်က ခပ်တည်တည်ပင် ဖြစ်သော်လည်း လူကတော့ အားတက်သရော ပြောဆိုနေမှန်း သိသာနေသည်။ မိုးနတ်ပုံကသာ ပိတ်ပိတ်ကြီးနှင့် ထုံထုံကြီး ဖြစ်နေသည်။ မိုးနတ်ပုံက Violin အပေါ် အာဃာတတွေ ဆက်ရှိနေတုန်းပဲ

www.burmeseclassic.com



မို့လို့လား ...။ "ပေါ်လာဦးမလား ... ရောက်ချလာဦးမလား"နှင့် မျှော်ထိတ်နေပြီး အပြီးသတ် ရတက်မအေးနိုင်သေးတာဟာ အာဃာတလို့ ခေါ်လို့ရလို့လား ...။ အမုန်းတွေ အာဃာတတွေကို ချေပစ်ဖို့ဆိုတာရှိမှ ချေလို့ရမှာပေါ့ ...။ ရှိကောရှိနေလို့လား ...။ ကိုယ့်ဘာသာပင် မသိ ...။ မသေချာပါ။ သူတို့က ဘာ့ကြောင့် အတင်းချေခိုင်းချင်နေရတာလဲ ...။

ပြီးကျတော့ မိုးနတ်ပုံဟာလည်း အတ္တစိတ်ရှိတဲ့ လူသားပီပီ ... ကိုယ့်အတွက် ကိုယ်ကျတော့လည်း ကြည့်ရသေးတာ ပေါ့နော် ...။ ကိုယ် သူ့ကို ဆေးရုံအထိ လိုက်ကြည့်လိုက်ရင် ... အဲဒီလို ဆေးရုံပေါ်ရောက်ရှိသွားရအောင် (တိုက်ရိုက်ပဲ ဖြစ်ဖြစ်၊ သွယ်ဝိုက်ပြီးတော့ပဲဖြစ်ဖြစ်) လုပ်လိုက်မိတဲ့သူဟာ ကိုယ်ပါပဲ ... ဟု ဝန်ခံလိုက်ရာများ ကျသွားမလား ...။ သူ့အစ်မက "အာဃာတတွေ လာချေပေးပါ"လို့ ခေါ်ပေမဲ့ ..."ကိုယ့်အပြစ်ရှိလို့ ကိုယ်ရောက်လာရတာ ..."ဟု တွက်သူတွေက တွက်ကြမလား ...။ ဒါကိုလည်း စိုးရိမ်သေးသည်။

တယောက မိုးနတ်ပုံကို အဖြေစကား တစ်ခုခု ပြန်မျှော်လင့်နေပုံနှင့် ... တော်တော်လေးကြာအောင်ပင် စိုက်ကြည့်နေပါသည်။ မင်းကတော့ မင်းရဲ့လိုဘတစ်ခုကိုပဲ ကြည့်နေတဲ့ပုံပါလား တယောရယ် ... မိုးနတ်ပုံမှာတော့ ... Violin ဆိုတဲ့ မိန်းမနဲ့ တိုက်ရိုက်မျက်နှာချင်းဆိုင်ကြီး ... ပြန်ရင်မဆိုင်ချင်သေး





တာ ...၊ ရင်မဆိုင်ဝံ့တာ ... မင်းအနေနဲ့ကျတော့ ဘယ်လိုလုပ် ကိုယ်ချင်းစာ နားလည်ပေးနိုင်မှာလဲ ...။

"မလာဘူးပေါ့ ... ဟုတ်လား ..."

တယောက သူ့ညီမနှင့် ပတ်သက်လို့ ... ဤတစ်ခွန်းနှင့်ပင် စကားဖြတ်လိုက်ပါသည်။ ပြီးလျှင်တော့ ညှော်ခန်းစားပွဲပေါ်က မိုးနတ်ပုံနှင့် အေးချမ်းတို့၏ ... နှစ်ယောက်တွဲဓာတ်ပုံ ... ဖိုတိုစတန်းလေးကို (ခွင့်လည်းမတောင်း ... ဘာမပြော ညာမပြောနှင့်) ဖျတ်ခနဲ ဆွဲယူကောက်ကိုင်ကြည့်လိုက်ပြီး ..."

"ဖေဖေနဲ့ တူလို့လား ... မတူပါဘူး ... အေးလေ ... တူသလိုလိုတော့ ထင်ရတာပေါ့ ... သေချာကြီး ဆက်တိုက်ကြည့်နေရင်တော့ တူမလိုလို ... တူမလိုလိုပဲ ... ဒါကတော့ ဓာတ်ပုံလေးထဲမို့လို့ပဲ ဖြစ်ရင်လည်း ဖြစ်နိုင်တယ် ...အပြင်ကလူအကောင်လိုက်ကြီးကို သေချာကြီး ဆက်တိုက်ကြည့်နေရရင်တော့ အရမ်းကြီးလည်း တူချင်တူလာမှာပေါ့ ..."

ပြီးလျှင်တော့ တယောသည် ... မိုးနတ်ပုံကို နောက်ဆုံးတစ်ချက် ... ဖျတ်ခနဲကြည့်လိုက်ပြီး ... ဟင်းလင်းပွင့်ဟထားသော တံခါးပေါက်မှ ကျောခိုင်းထွက်ခွာပျောက်ကွယ်သွားပါတော့သည်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းက "ဆေးရုံကို သွားကြည့်ချင်တယ်" ချည်းသာ တကျိုကျို လုပ်နေသည့် မိုးနတ်ပုံကို စိတ်ညစ်ညူးလှစွာ ... သူ့ခေါင်းသူ တဖြင်းဖြင်းကြီး ကုတ်ဖွလိုက်သည်။

"နတ်ပုံရယ် ... မင်းလည်း စိတ်မှမမှန်သေးရဲ့လား ... စိတ်ရောဂါဆိုတာ ... တစ်ယောက်က တစ်ယောက်ကို ကူးစက်နိုင်တဲ့ ရောဂါများလားတောင် ထင်ရမလို ဖြစ်နေတယ် ... အဲဒီတစ်ယောက်နဲ့ မပတ်သက်ရပြီးကတည်းက ... မင်းရဲ့ အတွေးအခေါ်တွေ၊ ဆုံးဖြတ်ချက်တွေဟာ ဘာတစ်ခုမှ လက်ခံနိုင်လောက်စရာ မရှိဘဲ ... တလွဲတွေချည်း ဖြစ်နေတယ်လို့ ကိုယ် ထင်တယ် ..."

"ကြည့်ချင်တယ် ... ကြည့်ချင်တယ် ... သာမန်ပွန်းပဲ့ရှနာ ထိခိုက်သွားတာမျိုးလောက်ပဲလား ... ကျိုးပဲ့သွားတာလား ... သေခါနီးဆဲဆဲ ဖြစ်နေပြီလားဆိုတာ သိပ်သိချင်တာပဲ ... (---)ဆေးရုံမှာတဲ့ ... ခဏလေးပဲဖြစ်ဖြစ် သွားကြည့်လိုက်ကြရအောင်လေ ..."

"သူ့ဘာသာသူ ဘာဖြစ်နေနေပေါ့ ... ကိုယ်နဲ့က မဆိုင်တော့ဘူးလေ ... ပြီးပြီလေ ... ဘာမှမှ မပတ်သက်တာ ...





တော်တော်ကြာ သူ ကားတိုက်တယ်ဆိုတာက ... ရိုးရိုးယာဉ်မှုစစ်နဲ့ပဲ ပတ်သက်တဲ့အမှုလား ... တခြားရဲမှုရဲခင်း Police Case နဲ့ပါ နွယ်နေပြီလား ကိုယ်ဘာမှသိတာလဲ မဟုတ်ဘဲနဲ့ ... အချောင်တရားခံဝင်ဖြစ်နေမယ် ... မသွားပါနဲ့ ..."

"သူ့အစ်မ လာခေါ်တုန်းက ... နတ်ပုံက ... ရုတ်တရက်ကြီးဆိုတော့ ဘာမှ ဝေခွဲမရနိုင် ဖြစ်နေသေးလို့ ... လိုက်မသွားတာ ..."

"အဲဒါ မှန်တာပေါ့ ... ဘာလို့ လိုက်သွားရမှာလဲ ... လိုက်မသွားတဲ့ ဆုံးဖြတ်ချက်က ဝေခွဲမရတာ မဟုတ်ဘူး ... မှန်ကိုမှန်တဲ့ ဆုံးဖြတ်ချက် ...၊ ရုတ်တရက် ဆိုတော့ ခေါင်းထဲက နည်းမှန်လမ်းမှန်တွေပဲ ထွက်ကျလာတာပေါ့၊ ခုဟာကမှ ဝေခွဲမရနိုင်တဲ့ တခြား ဝေဝေဝါးဝါး အတွေးတွေပါ ဝင်နှောက်လာတာ ... မမှန်တော့ဘူး ... ဘာလိုလို ညာလိုလို နှစ်ဖက်နှစ်ခွတွေ တွေးပြီး ဆုံးဖြတ်တော့မယ် ဆိုရင် ... ခုနောက်ပိုင်း ဆုံးဖြတ်သမျှတွေဟာ မှားကိုမှားတော့မယ် ... သေချာပေါက်ပဲ ..."

"မဟုတ်ဘူး ... ခုဟာက ဝေခွဲရသွားပြီလေ ... နတ်ပုံက သွားကို သွားချင်တယ် ... အဲဒါကမှ စိတ်ရင်းမှန် ..."

"ကျွတ် ... အလုပ်မဟုတ်တာတွေ သိပ်လုပ်ချင်တာပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းက ရှုံ့ရှုံ့မဲ့မဲ့နှင့် ခေါင်းကို ကုတ်ဖွလိုက်ပြန်သည်။ "ဖေဖေနဲ့ တူလို့ ..."တဲ့ ...။ တယောရဲ့ စကားတစ်ခွန်းက မိုးနတ်ပုံရဲ့ အတွေးထဲက ထွက်ကိုမထွက်နိုင်ပေ ...။ သူတို့အဖေ အဘိုးကြီးကို အသက်ကြီးကြီး မမာနေတုန်းရုပ်နှင့် ဓာတ်ပုံကိုသာ မြင်ဖူးရတဲ့ မိုးနတ်ပုံကတော့ ... အဲဒီအဘိုးကြီးနှင့် အေးချမ်းတို့ ဘယ်နေရာမှာမှ တူတာ တိုက်ဆိုင်တာ ... မမြင်မိပါ ...။ ဒါဆိုရင် ... ဟိုတစ်စုံတွဲထဲက ယောက်ျားဖြစ်သူသည်လည်း ... "ဖေဖေနဲ့ တစ်နေရာရာမှာ ကြဲဖန်တူနေပြန်လို့..." ပဲလား ...။

မိုးနတ်ပုံက အေးချမ်းရဲ့အပါးမှ ခွာကာ ... ဟိုစုံတွဲတို့ထံ ဖုန်းလှမ်းဆက်ကြည့်လိုက်သည်။

"မိုးနတ်ပုံလို့ ပြောပေးပါရှင် ... အဲဒီအိမ်ကညီမနဲ့ စကားပြောပါရစေ"

အသက်ကြီးကြီး မိန်းမကြီးတစ်ယောက် ဖုန်းလာကိုင်ပါသည်။

"တစ်ဆိတ်လောက်ကွယ် ... ဘယ်လိုမှ မအောက်မေ့ပါနဲ့ ... အန်တီ့ချွေးမကလေးနဲ့ ဘယ်သူနဲ့ကိုမှ ဖုန်းပေးမပြောနိုင်သေးဘူး ... သူ့မလည်း အိပ်ရာထဲ လဲနေတာ မသေရုံတစ်မယ်ပါကွယ် ... ထပ်ပြီး စိတ်အနှောင့်အယှက် မဖြစ်စေချင်လို့ပါ ..."





"ရှင် ... အဲ ... ကျွန်မက မိုးနတ်ပုံပါ အန်တီ ..."

"ကြားဖူးပါတယ် ... ကူညီခဲ့ဖူးတဲ့အတွက် ကျေးဇူးလည်း တင်မိပါတယ် ... ဒါပေမဲ့ ... စိတ်မရှိပါနဲ့ကွယ် ... မပတ်သက်ပါရစေနဲ့တော့"

"ရှင်"

"တောင်းပန်ပါတယ် ... ချွေးမလေးရဲ့ ကျန်းမာရေးအခြေအနေအရဆိုရင် ... အဲဒီအဖြစ်အပျက်ကြီး တစ်ခုလုံးကော... ပတ်သက်ပါဝင်နေသမျှ လူအားလုံးနဲ့ပါ ... အဆက်ဖြတ်... ပြည်ဖုံးကားချပစ်ချင်လို့ပါ ... ထပ်မဆက်သွယ်ပါနဲ့တော့နော် ..."

"ဟို ... အခု ... အဲဒီတစ်ယောက်ဟာလည်းပဲ ဆေးရုံရောက်နေ ..."

တစ်ချိန်လုံး တောင်းတောင်းပန်ပန်နှင့် ... ယဉ်ကျေးလှသောလေသံက ရုတ်တရက် မာဆတ်လာကာ ... ပြင်းပြင်းထန်ထန် ခါးခါးသီးသီး ...။

"အဲဒါ တို့တစ်တွေနဲ့ ဘာဆိုင်သလဲ ... ဘာမှမပတ်သက်ဘူး ... သူ့အကုသိုလ်နဲ့ သူပဲကွယ့် ... ကိုယ်ကတော့သူ့အကုသိုလ်ကို ကိုယ့်အကုသိုလ်အဖြစ် ဝင်မယူဘူး ...စီစဉ်ဆောင်ရွက်ဖို့နေနေ ... သွယ်ဝိုက်ပတ်သက်တယ်လို့တောင် မခံယူဘူးကွယ် ... ဒီလောက်ပြောရင် နားလည်ပြီး လိုက်ကြည်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါတော့ ... ဘ၀တူလူတွေချင်းပဲဟာ ... ဘာဖြစ်လို့ ပုံကြီးချဲ့ပြီး အဖြေလိုက်ရှာချင်နေမလဲ ... ကဲ ... ကဲ ... ဒါပါပဲကွယ် ... အန်တီပြောတာတွေကို သဘောပေါက်ပြီး ... လက်ခံပါ ..."

ဖုန်းချသွားခဲ့ချေပြီ ...။ အေးချမ်းဘက် ပြန်လှည့်ကြည့်မိတော့ ... "ဘယ့်နှယ်ရှိစ ..."ဆိုတဲ့ မေးခွန်းပါ မျက်နှာထားနဲ့ မျက်ခုံးကြီးနှစ်ဖက် ပင့်တင်ပြီး စိုက်ကြည့်ပေးနေတဲ့ အေးချမ်းက ...

"ကိုယ့်ထက်လည်တဲ့ ... ကိုယ့်ထက် အမှန်တရားနဲ့ နီးစပ်ကြတဲ့ လူတွေချည်းပဲ မဟုတ်လား ..."

"ခါးခါးသီးသီးကို အပြတ်ဖြတ် ငြင်းထုတ်တာပဲ ..."

"ဒါပဲပေါ့ ... ဒီလိုပဲ ရှိရမှာပေါ့ ..."

"သူတို့သာလျှင် တရားခံဖြစ်နေတာ မဟုတ်ဘူးလား ..."

"ဟုတ်ချင်လည်း ဟုတ်မယ် ... ဟုတ်ချင်မှလည်း ဟုတ်မယ်လေ နတ်ပုံ ...။ ဟုတ်ခဲ့ရင် ဒီလိုကြီး ... "မပတ်သက်ချင်ပါဘူး"လို့ ဆက်လုပ်ထားလို့ ရချင်မှရတော့မှာလေ ... တရားဥပဒေက ရှိသေးတာကိုး ... ကဲ ... ထားလိုက်ပါ ... ဟုတ်နေခဲ့ရင်တောင် ... သူတို့က ကိုယ်လွတ်ရုန်းတော့မယ်ဆိုရင် ... ကိုယ်ကရော ဘာလို့ စားခုတ်ရာမှာ ဝင်လက်လျှိုနေဦးမလဲ ... အနေသာကြီးပဲ နေတတ်ရမှာပေါ့ ... အဲဒီဘက်က





နတ်ပုံကိုပါ ခါးခါးသီးသီး ငြင်းဆန်ပြီး အပြတ် ဖြတ်တယ်ဆိုရင် ... ကိုယ်တော့ စိတ်မဆိုးဘူး ... ဒါသူတို့ ဒီလိုပဲလုပ်ကိုလုပ်ရတော့မှာမို့ လုပ်တာ ... သူတို့မှာလည်း ဘယ်လိုစိတ်ဒုက္ခ လူဒုက္ခ ရောက်ခဲ့ရသလဲ ကိုယ်မှ မသိနိုင်ဘာ... ကိုယ်တော့ ဒါမှန်တယ်လို့ ... သူတို့ကို ထောက်ခံတယ် ..."

"ဒါဖြင့်ရင် တယောကကျတော့ ဘာဖြစ်လို့ ... အဲဒီအိမ်ကိုကျတော့ မသွားဘူးလဲ ... ဘာဖြစ်လို့ နတ်ပုံကိုကျမှ လာပြီး သင်ပုန်းချေခိုင်းချင်နေရတာလဲ ..."

"စုံစမ်းမရလို့လည်း ဖြစ်ကောင်း ဖြစ်နိုင်တယ် ... သူတို့က နတ်ပုံလို တယောရဲ့အိမ်အထိ လိုက်သွားတာမျိုး လုပ်ချင်မှ လုပ်မှာကိုး ... ဒါမှမဟုတ် အဲဒီအိမ်ကိုလည်း သွားချင်ရင် သွားမှာပေါ့ ... ဒါပေမဲ့ အဲဒီအိမ်ကတော့ နတ်ပုံလိုမျိုး ... ဆေးရုံသွားတွေ့မယ်ဆိုတဲ့ ဆုံးဖြတ်ချက်မျိုး ဘယ်တော့မှ ထွက်လာလိမ့်မှာ မဟုတ်ဘူး ..."

မိုးနတ်ပုံမှာ ... တယော၏ ... "မလာဘူးပေါ့ ... ဟုတ်လား"ဟူသော အေးစက်စက် စိမ်းတောက်တောက် လေသံတစ်ချက်ကို ပြန်ကြားယောင်လိုက်လျှင် ... သက်ပြင်းတစ်ချက်ကို ခပ်မြန်မြန်ကြီး (တနင့်တပိုး) ချလိုက်မိကာ ... တယောရဲ့လေသံအတိုင်းပင် တုပပြီး ... "မလိုက်ဘူးပေါ့ ... ဟုတ်လား"ဟု အေးချမ်းကို လှည့်မေးလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းကား ... တယောနှင့် ရင်ဆိုင်လိုက်သည့် မိုးနတ်ပုံလို ထုံတုံတုံ ... ပိတ်တိတ်တိတ် ... တုံဏှိဘာဝကြီး မဟုတ် ...။ "ဟာ"ဟု စိတ်မရှည်သံ ... သံရှည်ကြီးတစ်ချက်ကို ဆွဲအော်လိုက်ပြီးလျှင် ထိုင်နေရာကပါ "ဝုန်း"ခနဲ ခုန်ထလိုက်ကာ ...

"လာ ... လာ ... လာ ... ထ ... ထ ... ထ ... အကိုက လဲဦးမှာလား ... ခုပဲသွားလိုက်မယ် ... မြန်မြန်ပြီး ... အေးရော ... ကျွတ် ... ဘယ်လိုမိန်းမတွေလဲ မသိပါဘူး... အကုန်လုံးကို ပြောတာ ... သုံးယောက်လုံးကို ပြောတာ..."

မိုးနတ်ပုံက လမ်းမှာ ... အေးချမ်းကို ..."အခန်းထဲထိ လိုက်မဝင်ချင် မဝင်နဲ့ ... အပြင်မှာပဲ စောင့်နေခဲ့ပေါ့ ..."ဟု ဩဝါဒ ချွေသည်။

"ဘယ်လောက်ကြီးပဲ လူမမာပက်လက်ကြီး ဖြစ်နေပစေ... တခြားသူစိမ်းတစ်ယောက်ယောက် ... ဥပမာ ... နာ့စ်ဖြစ်ဖြစ် ... အဖော်တစ်ယောက် ရှိနေမှ ... ကိုယ်အပြင်မှာနေခဲ့မယ် ... ဘယ်သူမှ မရှိဘူးဆိုရင်တော့ ဝင်လိုက်မှာပဲ ... စိတ်မချဘူး ..."

"ပက်လက်ကြီးဆိုရင် ဘယ်သူက ဘာလုပ်နိုင်မှာလဲ ..."





"သူက မလုပ်နိုင်ရင်တောင် ... သူ့ကို လုပ်နေပါပြီလို့ လီဆယ်ပြီး ... အော်တိုင်ရင် တိုင်မှာပေါ့ ... သူက ပက်လက်ကြီး ဆိုရင်တောင် ဘေးနားမှာ သူ့အစ်မဆိုတဲ့ တစ်ယောက်လည်း ရှိချင်ရှိနေနိုင်သေးတာ ..."

သို့သော် ... မိုးနတ်ပုံတို့ ဆေးရုံသို့ ရောက်ကြသော အခါတွင် ... Violin က သူ မူလတက်ခဲ့ရသည်ဆိုသည့် အခန်းမှာ ရှိမနေတော့ပါ ...။

"ICU (Intensive Care Unit) အထူးကြပ်မတ်ကုသဆောင်ကို ရွှေ့လိုက်ရတယ်လေ ... ICU ထဲကတော့ အပြင်လူ သူစိမ်း ဝင်လို့မရဘူး ..."

မိုးနတ်ပုံရဲ့ ရင်ထဲ လှိုက်ခနဲဖြစ်ကာ ပူပင်စိတ်တွေ လိမ့်တက်လာသည်။ အပြင်လူ ဝင်ခွင့်မရပါဘူးဆိုမှ ... တအားကြီး ပြေးပြီးဝင်တွေ့ပစ်လိုက်ချင်လာသည်။

"မနေ့ကသာ တယောနဲ့ အတူတူလိုက်သွားမိရင် တွေ့လို့ရချင် ရဦးမှာ ... မနေ့က လိုက်သွားလိုက်မိရင် ပြီးရော..."

အေးချမ်းကတော့ မိုးနတ်ပုံကို ..."တကျွတ်ကျွတ်" နှင့် ဩချစိတ်ကုန်လုပ်ပုံနှင့်သာ ရှိတော့သည်။ အပြီးသတ်ကျတော့... "ကဲ ... လုပ်ချင်ရာလုပ် ... ပြောချင်ရာပြောပစေတော့ ... ငါလည်း လက်ပိုက်ပြီးတော့ပဲ ကြည့်နေမယ် ..."ဟူသည့်ပုံနှင့် ...။

"ချောင်းကြည့်လို့တောင်မှ မရဘူးလားဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ကျ ထဘီအပြာဝတ် သူနာပြုလေးလည်း နောက်ဆုံးကျတော့ မိုးနတ်ပုံရဲ့ မျက်နှာထားကို မလွန်ဆန်ချင်တော့ပုံနှင့် ...

"ဒီဘက်တစ်ခန်းကျော်ကနေ ... မှန်နှစ်ထပ်ခြားပြီးတော့ပဲ ကြည့်လို့ရနိုင်မယ်နော် ... စိတ်မထိန်းနိုင်ဘဲ အရမ်းငိုတာတို့ ... အတင်းဝင်ချင်တာတို့တော့ မဖြစ်စေချင်ဘူး ... တခြား စိုးရိမ်ရဆဲ အခြေအနေနဲ့ လူမမာတွေလည်း ရှိနေလို့ပါနော် ... ရမယ်မဟုတ်လား ..."

ဆရာမလေးက မိုးနတ်ပုံကို "ဘာတော်ပါသလဲ"တဲ့။

"ဘာမှမတော်ပါဘူးရှင် ... အသိပါ ..."

"သြော် ... ဆွေမျိုးညာတကာဆိုလို့ အစ်မတစ်ယောက်ပဲ ရှိပုံရလို့ သနားလို့ မေးကြည့်မိတာပါ ... ညီအစ်မတွေပဲလားလို့"

"ဘယ်လိုဖြစ်တာလို့ ပြောလဲဟင် ဆရာမ"

"ကားအပြင်းပြိုင်မောင်းကြတာလို့လည်း ပြောကြတာပဲ ... တချို့ မြင်လိုက်ရတဲ့ လူတွေကကျတော့လည်း သူ့တစ်ယောက်တည်း စွတ်မောင်းနေတာ ပြိုင်ဘက်ကားလည်း ပါမလာပါဘူးလို့ ပြောကြတယ် ... ရောက်စတုန်းက နည်းနည်းသက်သာတယ် ... သတိတွေ ဘာတွေလဲ ရလို့ ... အခြေအနေ အများကြီး ကောင်းပါတယ် ...





ဒါပေမဲ့ တာဝန်ကျ ဆရာဝန်ကြီးကတော့ ဒီကိစ္စပြီးရင် ... သင့်တော်တဲ့ စိတ်ရောဂါကု Psychiatrist တစ်ယောက်ယောက်နဲ့ ပြကြည့်ဖို့ သူ့အစ်မကို ပြောနေသေးတယ် ... ရူးတာတော့ မဟုတ်ဘူးပေါ့နော် ... တစ်မျိုးပေါ့ ... အဲဒီလိုလူဟာ ကားတော့င်မမောင်းသင့်ဘူးလို့ ဆရာကြီးက ပြောသေးတာ ... ညကမှ ... ရုတ်ချည်းဆိုးသွားတာ ... အဖျားတွေ အရမ်းတက်လာပြီး အန်လည်းအန်တယ်ဆိုတော့ ခေါင်းအတွင်းပိုင်းထဲမှာ ဒဏ်ရာရပြီး Bleeding ရှိမယ်လို့ ဆရာကြီးက ထင်နေတယ် ... သူ့အစ်မကို ခုမနက်ပဲ ဆွေးနွေးလိုက်တယ်လေ ... ဒီမှာ ထားတာထက် ... ဦးနှောက်နဲ့ အာရုံကြော (Neuro)ဆေးရုံကြီးကို ပြောင်းရင် ပိုကောင်းနိုင်မယ်လို့ ..."

"ခု သူ့အစ်မလည်း အဲဒီမှာ ရှိတာပေါ့နော် ..."

"ခုလေးတင်ပဲ အိမ်ခဏပြန်သွားတယ် ထင်တယ် ... သူ့မှာလည်း ကိုယ်ခွဲမှမရှိတာ ... တစ်ယောက်တည်းဆိုတော့ ... Neuro ကို ပို့မယ်ဆိုလို့ရှိရင် ... ဟိုမှာလည်း အစီအစဉ်တွေ သွားလုပ်ရဦးမှာပေါ့ ..."

မှန်နှစ်ထပ်ခြားပြီး လှမ်းမျှော်ကြည့်နေရသော အခန်းထဲမှာတော့ ... Violin ကို သေချာကြီး တွေ့ခွင့်ရဖို့လည်း ခက်လှယ်ပါ။ အောက်ဆီဂျင်ဘူးတွေ ... ECG တွေ ...၊ Respirator



www.burmeseclassic.com

www.burmeseclassic.com



တွေ ... ပိုက်တွေ ကြိုးတွေ တစ်သီကြီး တစ်တန်းကြီးတို့ကြား မှာ ... လူက မမြင်နိုင်သာအောင် မြုပ်နေသည်။

ဆရာမက "အဲဒါပဲ" ဆိုတော့လည်း ... မိုးနတ်ပုံက Violin ရဲ့ ခုတင်ငယ်လေးကို လှမ်းမြင်နေနိုင်သော မှန်ချပ်ကလေးကိုပဲ လက်ညှိုးလေးနှင့်ထိုးပြီး ထိထားကြည့်မိသည်။ မင်းကို တို့ ခွင့်လွှတ်ပေးပါတယ် Violin ရယ် ... အာဃာတရယ်လို့ ကြီးကြီးမားမား မရှိမိပေမဲ့လည်း သင်ပုန်းချေပေးပါတယ် ...။ မင်းအစ်မ လိုလားတာလည်း အဲဒါပဲ မဟုတ်လား ...။

မင်းရဲ့ နောင်ဘဝ (အိုး ... မဟုတ်ဘူး ... မဟုတ်ဘူး ... ဖတ် ... ဖတ် ... ဖတ် ...)။ မင်းနဲ့တို့ တွေ့ဖြစ်ကြဦးမှာပါ ...။ အဲဒီအခါကျ ... မျက်နှာချင်းဆိုင် ... စကားလက်ဆုံ နဲ့ ... တို့က မင်းကို သင်ပုန်းချေခွင့် ...၊ မင်းက တို့အပေါ် အာဃာတတွေ ဖြေခွင့်ဆိုတာမျိုး ... တို့တွေ ရနိုင်ကြဦးမှာပါ ...။

"ပြန်ကြစို့နော် ... နတ်ပုံ ..."

ပြန်တွေ့ကြဦးမယ်နော် ... Violin ...။

❀ ❀ ❀





တိုက်လှေကားအောက်ခြေ ပလက်ဖောင်းအစပ်သို့ ရောက်ကာမှပင် ... အေးချမ်းက ရုတ်တရက်ဆိုသလို ...

"နတ်ပုံရေ ... ပေါင်မုန့်ဝယ်ဖို့ မေ့လာပြီနဲ့တူတယ် ... လမ်းထိပ်က 'သပြေ' မှာ နတ်ပုံ သွားဝယ်လိုက်မလား ... ပေး ... ပေး လက်ထဲက အထုပ်တွေ ... ကိုယ်ပဲသယ်သွားပြီး အပေါ်တက်နှင့်မယ်"

ဘယ်လိုဖြစ်တာလဲ ...။ အေးချမ်းဟာ ခါတိုင်းလို ဆိုရင် နတ်ပုံကို စေခိုင်းနေဖို့ထက် ... "ငါကယောကျ်ားလေးပဲ" ဆိုတဲ့ စိတ်ထားနဲ့ ... "နတ်ပုံ ဒီမှာ ခဏရပ်နေခဲ့လိုက်ဦး ... ကိုယ်ပြေးဝယ်လိုက်မယ် ..." ဆိုတာမျိုးပဲ ရှိရမှာပေါ့ ...။ မိုးနတ်ပုံက အေးချမ်းကို မကြည်မလင်နှင့် ကြည့်လိုက်ကာ ...

"ပေါင်မုန့်တွေ ... တစ်ထုပ်နီးပါး အိမ်မှာရှိသေးတယ်"

"ကိုယ်က အထဲမှာလေ ... ဟို ... အစာလေးတွေပါတဲ့ ..."

"ပူတင်းပေါင်မုန့်က ငါးလုံးတွဲတစ်ထုပ် ရှိသေးတယ်"

"အာ ... ကိုယ်ပြောတာက Good Morning 'ပဲဌာပနာ' ကို ပြောတာလေကွာ ..."



www.burmeseclassic.com

www.burmeseclassic.com

"ဟာ … စိတ်ညစ်လာပြီ … အဲဒါဆိုလည်း ကိုယ့်ဟာကိုယ်ပဲ သွားဝယ်ပေတော့ … နုတ်ပုံကတော့ တက်နိုင်မယ် …"

"အဲ … နေပါစေတော့လေ ဒါဆိုလည်း … ဟို … တစ်ခါတည်း စာအုပ်သွားငှားထားလိုက်ပါလား … ညကျမှ တစ်ခေါက်ပြန်ဆင်းနေရဦးမယ် …"

"ဘယ်လို ဖြစ်နေတာလဲ … စာအုပ်ဆိုင်က ဘယ်တုန်းက ဒီအချိန် ဖွင့်ဖူးလို့လဲ … ညနေ ငါးနာရီခွဲမှ စဖွင့်မှာလေ …"

မိုးနုတ်ပုံက လှေကားထစ်တွေကို စတက်လိုက်ပါသည်။ အဲဒီမှာတင်လေ …။ မောင်အေးချမ်းတို့ … ဘာများလုပ်တယ်ထင်သလဲ …။ မိန်းမလုပ်တဲ့သူကို အတင်းတိုးဝှေ့ ပြေးလွှားပြီး … အထုပ်အပိုးကြီးတွေ တယမ်းယမ်းနှင့် နှစ်ထစ်ကျော်၊ တစ်ထစ်ကျော်တွေ တက်ချသွားလိုက်တာ …။ မိုးနုတ်ပုံကဆက်မတက်တော့ဘဲ နေရာတင် ခြေစုံရပ်ကာ … လှုပ်ရှတွန့်လိမ်ပြီး မြင်ကွင်းထဲမှာ ရှုပ်ထွေးနေတဲ့ အေးချမ်းကိုလည်း မကြည့် …။ သော့ပိတ်ထားတဲ့ သံပန်းတံခါးဆီပဲ တန်းခနဲ အကြည့်ရောက်လိုက်လျှင် …။

"ဟယ် … စာလာပြီ … စာလာပြီ … စာ … စာ …"

အေးချမ်းက လှုပ်ရှနေတာတွေ ချက်ချင်းကြီးရပ်တန့်ကာ … သက်ပြင်းကြီးကို မှုတ်ထုတ်လျက် …

"နုတ်ပုံ … စိတ်မစွဲနဲ့နော် … နုတ်ပုံ … ကိုယ်ဒါပဲသတိပေးမယ် …"





ခုမှပင် မောင်အေးချမ်း တစ်ယောက် ဒီစာကို သူကအရင်လှမ်းမြင်လိုက်သဖြင့် … မိုးနုတ်ပုံနှင့် မကြုံမိအောင် သူ တတ်နိုင်မယ် ထင်သလောက်ကလေး … ဓာတ်လမ်းထွင် လှုပ်ရှားနေတာ ဖြစ်ကြောင်း သဘောပေါက်ရတော့သည်။ နုတ်ပုံက ပြုံးမြမြနှုတ်ခမ်းတို့နှင့် …

"ဘာကို စိတ်စွဲရမှာလဲ အေးချမ်းရယ် …"

အေးချမ်းက ဘာမှ ပြန်မဖြေပါ …။ ဒါပေမဲ့ သူ ဘာကိုဆိုလိုသလဲဆိုတာ မိုးနုတ်ပုံက သိပါသည်။ သံပန်းတံခါးပေါ်က စာအိတ်ကလေးကတော့ … အပြာတုံး … အနီတုံး … လိုင်းကွက်ကလေးနှင့် လေယာဉ်စာအိတ်ရှည်ကလေး …။ အေးချမ်းက စာအိတ်ပုံစံကိုကြည့်ကာ မိုးနုတ်ပုံကို ပြန်ပြီးစိုက်ကြည့်နေသည်။ မိုးနုတ်ပုံက စာအိတ်ကို ဖွင့်ဖောက်လိုက်လေသည်။

မိုးနုတ်ပုံ

မင်းရဲ့အပြစ်ကို မင်းသိမှာပါ …။

တို့ ခွင့်မလွှတ်နိုင်တာကို အဆိုးမဆိုနဲ့ …။




www.burmeseclassic.com

www.burmeseclassic.com



"လာပြန်ပြီကွာ ... လုပ်ကြပြန်ပြီကွာ ... အရူးမတွေ ..."

စာကို သူပါ လှယက်ဖတ်ကြည့်လိုက်သည့် အေးချမ်းက ပေါက်ကွဲဒေါသတို့နှင့် အော်ဟစ်လိုက်သည်။

"စိတ်မဆိုးပါနဲ့ အေးချမ်းရယ် ... သူကတော့ ဒီလိုပဲ ယူဆရှာမှာပေါ့ ..."

"ဒါပေမဲ့ သူတို့ ခြောက်လှန့်တိုင်း ကြောက်နေရအောင် ကိုယ်တို့က သူတို့လို အရူးတွေမှ မဟုတ်ဘဲ ..."

"ဒါကြောက်ဖို့ မဟုတ်ပါဘူး အေးချမ်းရဲ့ ... အသိပေးရုံ သက်သက်ပါ ..."

"ဘာလဲ ... မင်း Violin က သေပြီပဲ နတ်ပုံရယ် ... ကိုယ်တို့ ကိုယ်တိုင် အသုဘလိုက်ပို့ကြတာလေ ... ကိုယ်တို့ မျက်စိရှေ့တင် မီးသဂြိုဟ်စက်ထဲ သူရောက်သွားတာလေ ... အဲဒါကို ဒီလိုရေးလိုက်တိုင်း ကိုယ်တို့က သူမသေသေးဘဲ ပြန်ပေါ်လာတယ်လို့ ယူဆရမလား ... ကလေးမဟုတ် ... အရူးမဟုတ် ..."

"သူကလည်း Violin လို့ မပြောပါဘူး အေးချမ်းရဲ့ ... ဒါ တယောပါ ..."

အေးချမ်းက မိုးနတ်ပုံကို မျက်လုံးပြူးကြီးနှင့် ကြည့်သည်။ မိုးနတ်ပုံက အိမ်ခန်းထဲ ဝင်သွားကာ ... ဓာတ်ပုံတစ်ထပ်ကို ကိုင်ပြီး ပြန်ထွက်လာသည်။





"သူ ပြန်ပေါ်လာလိမ့်မယ်ဆိုတာ ... နတ်ပုံက တွက်ထားပြီးသားပါ ... ဒါ ပထမဆုံးစာလည်း မဟုတ်ဘူးလေ ... ဒီမှာကြည့် ဒီဓာတ်ပုံတွေ တစ်ခေါက်ပို့ပေးပြီးပြီ ... ဒီပုံထဲက ဒီရုပ်အင်္ကျီအနီကွက်နဲ့ ကောင်ကလေးက ရှင်ပဲမဟုတ်လား ... ဒါကကော ... ကြည့်ပါဦး ... ရှင်ကတော့ သိချင်မှသိမယ် အေးချမ်းရဲ့ ... အဲဒါ ဟိုစုံတွဲထဲက ယောကျ်ားလေးပေါ့ ..."

"ဟာ ... အဲဒီဓာတ်ပုံက ..."

အေးချမ်းက သူ့ဆီမှာတောင်မရှိသည့် ဓာတ်ပုံတွေအတွက် အံ့အားတသင့်နှင့် မျက်လုံးပြူးနေသည်။ ဓာတ်ပုံတစ်ခုထဲမှာ ... ရှေ့တန်းက ယောကျ်ားလေးတွေက မြေကြီးပေါ်ထိုင်ချထားပြီး နောက်တန်းက ကုလားထိုင်ပေါ်မှာ မိန်းကလေးတွေက ထိုင်နေကြတာမို့ ... အပေါ်စီးဖြစ်နေသည့် နှင်းစပယ်က ... အေးချမ်းရဲ့ နားရွက်ကို ဆွဲလိမ်ထားသည့်ပုံ တစ်ပုံလည်း ပါနေသဖြင့် ... အေးချမ်း တစ်ယောက် သရီးသရီနှင့် မျက်နှာဘယ်နားထားရမလဲ မသိလည်း ဖြစ်နေသည်။

"သူက ဘယ်လိုလုပ် အဲဒီဓာတ်ပုံတွေကို ရထားတာလဲ"

"အေးချမ်းတို့ ခရီးထွက်ဖြစ်ကြတဲ့ အုပ်စုကြီးထဲ သူပါ ပါနေတာလည်း ဖြစ်နိုင်တယ် ... ဓာတ်ပုံထဲမှာတော့ သူ



www.burmeseclassic.com

www.burmeseclassic.com



မပါနေဘူး ... ဒါမှမဟုတ် ... ဟိုရောက်မှ တွေ့ကြတာလည်း ဖြစ်နိုင်တယ် ... အဲဒါကြောင့်မို့ အေးချမ်းကသာ သူ့ကို လုံးဝမသိတာ ... သူကတော့ ... အေးချမ်းတော့ သူ့ကိုမြင်ရင် မှတ်မိတော့မှာပဲလို့ချည်း ထင်နေတယ် ... သနားပါတယ် ... အဲဒါကြောင့် အေးချမ်းကို မျက်နှာမပြခဲ့တာပေါ့ ... ဒါမှမဟုတ်ရင်လည်း ဒီဓာတ်ပုံတွေကို တစ်နေရာက ရထားတာလည်း ဖြစ်နိုင်တယ် ... အမျိုးမျိုးဖြစ်နိုင်တယ်"

"အဲဒီထဲကမှ ကိုယ်က မဲပေါက်ပြီး ..."

"သူ့မျက်စိထဲမှာ အေးချမ်းနဲ့ ဟိုလူတစ်ယောက်ကို သူ့အဖေနဲ့ ရုပ်လာတဲ့တူနေတယ်လို့ ထင်နေတာကိုး ... ဒါမှမဟုတ်ရင်လည်း ခုတော့ နှစ်ယောက်တည်းနဲ့ပဲ ပတ်သက်ဖို့ အချိန်ရလိုက်တာကိုး ... နို့မို့ဆို ဒီဓာတ်ပုံထဲက ရှိရှိသမျှ ... ပါနေသမျှ ယောက်ျားလေးတွေ အားလုံးနဲ့ သူတို့ရဲ့ အတွဲအဖော်တွေ အားလုံးပဲ သူ့ရဲ့သားကောင်တွေ ဖြစ်နေနိုင်တာပဲ ...

ဒါတောင် မပြောနိုင်ဘူး ... အေးချမ်းကတောင် နံပါတ်တစ် ဟုတ်ချင်မှ ဟုတ်မှာပေါ့ ... ကိုယ့်ရှေ့မှာလည်း တချို့ဓာတ်လမ်းတွေ ရှိချင်ရှိခဲ့နိုင်တာပဲ ..."

"တော်တော်ကြောက်စရာကောင်းတဲ့ မိန်းမပဲ ..."





"သနားစရာလေးလို့ တွေးကြည့်လိုက်ရင် ... ကြောက်စရာမကောင်းတော့ဘဲ ခင်ချင်စရာတောင် ကောင်းလာလိမ့်မယ် အေးချမ်းရဲ့ ... နောက်တစ်မျိုး စိတ်ဝင်စားစရာကောင်းတာက သူ့အစ်မလေ ... ကိုယ့်အပေါ်ရော ... ကိုယ့်အမေမိဘအပေါ်မှာရော ဒီလောက်ဆိုးပြီး အနိုင်ယူနှိပ်စက်တဲ့ ညီမဖြစ်သူကို သူ့ဘက်ကကျတော့ သိပ်ချစ်နေတယ် ... ကဲ ... သဘောကျစရာ မကောင်းဘူးလား ..."

ပြောရင်း ဆိုရင်း မိုးနတ်ပုံက ... Writing Pad စာရေးစက္ကူစာအုပ်လေး ထယူလျှင် ... အေးချမ်းမှာ မျက်လုံးကြီးပြူးပြီး ...

"ဘာလုပ်ဦးမှာလဲ ..."

"စာပြန်မယ်လေ ... သူ့အိမ်လိပ်စာကို သိနေတာပဲ ..."

"မင်းလည်း ရူးကို ရူးသွားပြီ နတ်ပုံ ..."

မိုးနတ်ပုံက "တယော"ဟုပဲ ခေါင်းစဉ်တပ်ပါသည်။

တယော ...

တို့ လာခဲ့တယ် တယောရဲ့ ... (---)ဆေးရုံရဲ့ ICU ကိုလည်း ရောက်တယ် ... Funcral (ဈာပန)ကိုလည်း ရောက်ပါတယ် ... ခွင့်လွှတ်စကားလည်း ပြောလိုက်တယ် ... အလှူလည်း လုပ်ပြီးပါပြီ ..."

မိုးနတ်ပုံ ...။



www.burmeseclassic.com

www.burmeseclassic.com



"မင်းလည်း သူတို့အိမ်ရဲ့ ခြံဂိတ်တံခါးရှေ့မှာ ကိုယ်တိုင် သွားချိတ်ထားမှာတော့ မဟုတ်လောက်ပါဘူးနော် ..."

"Post man တွေ အားနာစရာကြီး အေးချမ်းရယ် ... နတ်ပုံတို့က အပြန်အလှန်တွေ အများကြီး ရေးကြရဦးမှာ မို့လို့ပါ ..."

အေးချမ်းက "သွားပို့ပေးရမှာက ကိုယ်ပဲဖြစ်နေတဲ့ အထိတော့ ဆိုးဆိုးဝါးဝါး မနိုင်လောက်ပါဘူးနော် ..."ဟုဆိုလျှင် မိုးနတ်ပုံက .. "ကားကလေးလိုက်မောင်းပို့ပေးရုံတင်ပါ"ဟု ဆို လိုက်လေသည်။

❀ ❀ ❀

"ဒါပေမဲ့ ... မင်းက ဟိုစုံတွဲကို ... သတိသွားပေးလိုက် တယ် လေ ... မိုးနတ်ပုံရဲ့ ... အဲဒါ အရမ်းဆိုးရွားသွား တာပေါ့ ...

တယော ..."

"မင်းက ဘာကြောင့် အဲဒီစုံတွဲအပေါ်မှာကျတော့ တိုက်ရိုက်အပြစ်မမြင်ဘူးလဲ ... တို့ကျမှ ... ? ...

မိုးနတ်ပုံ ..."





"မင်းခွင့်လွှတ်၊ သင်ပုန်းချေပေး လိုက်တယ်ဆိုတာ တွေကို သူ မသိဘူး ... သူရသွားလိမ့်မယ်လို့ တို့ မထင် ဘူး ...

တယော ..."

"သူ ရသွားတယ် ... သေချာတယ် ...

မိုးနတ်ပုံ ..."

"ညီမလေးကို မင်း ဒီ့ထက်စောစောပိုပြီး နားလည် သင့်တယ်လို့ တို့ ထင်ထားခဲ့တာ ...

တယော ..."

"နားလည်ပေးနိုင်ဖို့ဆိုရင် ... အရာရာကို ဒီ့ထက် စောစောပိုပြီး သိခွင့်ရခဲ့မှ ဖြစ်မှာပေါ့ ...

မိုးနတ်ပုံ ..."

မိုးနတ်ပုံကို တဖြည်းဖြည်းနှင့်တော့ သူ ခင်ကိုခင် လာလိမ့်မည်ဟု မိုးနတ်ပုံက ထင်သည်။ ဘာလို့လဲဆိုတော့ မိုးနတ်ပုံက သူ့ကို တဖြည်းဖြည်းနှင့် ခင်မင်ရင်းနှီးစွာ စာနာနား လည်လာရလို့ပင် ...။ Violin ကို အမြင်ကတ် မုန်းတီးခဲ့ရသည့်

www.burmeseclassic.com



အတွက်ပင် တယောကို မိုးနတ်ပုံက ပိုပြီးခင်မင်ချင်သည်။ တစ်ခါတလေကျ ဝိုးတဝါး ယောင်မှားပြီး အဲဒီနှစ်ယောက်ဟာ တစ်ယောက်တည်းပဲလား ...ဟု မဖြစ်နိုင်မှန်း သိရက် တွေးနေမိသေးလျှင်တော့ ... သူ့အပေါ် ခင်မင်စိတ်က ပိုပြီးပင် ရင့်သန်လာသယောင်ယောင်ပင်။

အမှန်တကယ်မှာတော့ မိုးနတ်ပုံနှင့် တယောတို့ဟာ အပြစ်ရှိလျှင် ကျေချင်ကြတာချင်းတူတူနှင့် ခံစားချက်ချင်း ညီနေကြရသူတွေပင် ...။ သူ့ညီမရဲ့ ပြင်းထန်တဲ့ ရွပ်ရွဲထိုးနှက်ချက်တွေကို တစ်သက်လုံး ခံစားလာခဲ့ရသည့် တစ်ယောက်ကတော့ ... အပြစ်ကျေချင်သည့်နေရာမှာ မိုးနတ်ပုံထက်ပိုပြီး သာလွန် ... လွန်ကဲနေမှာ မုချပေါ့ ...။

သူဟာ သူ့ညီမကို ... "မိုးနတ်ပုံကို အလားတူနှောင့်ယှက်မှုတွေနဲ့ ဆက်ပြီး နှောင့်ယှက်ပေးနေပါ့မယ်"လို့ ... ကတိများ ပေးလိုက်ရလေရော့သလား။ မိုးနတ်ပုံကတော့ တယောရဲ့စာတွေမှာ အနှောင့်အယှက် မဖြစ်ရတဲ့အပြင် ... စိတ်အဆာတစ်ခု ပြေနေသလိုပင် ဖြစ်ရသည်။

"လောကကြီးထဲမှာ မရှိတော့တဲ့ စိတ်သိပ်မမှန်တဲ့ လူတစ်ယောက်က ... ကျန်ခဲ့တဲ့ အကောင်းပကတိ လူကောင်းနှစ်ယောက်ကို ... ဒီလောက်တောင် ဆက်လွှမ်းမိုးထားနိုင်တာ ... ကိုယ်တော့ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ် နတ်ပုံ





ရယ် ... ပုံမှန်အဖြစ်အပျက်တစ်ခုကနေ လွဲချော်နေတယ်လို့ မထင်ဘူးလား ..."

"ဟင့်အင်း ... အမြဲတမ်း တစ်လတစ်ခါ ... နှစ်လတစ်ခါလောက် ဖြစ်,ဖြစ်နေတဲ့ ဗိုက်အောင့်ရောဂါတောင် ပျောက်နေတယ် တွေ့လား ... မဖြစ်တာ ကြာပြီ ... ကဲ ..."

"ဘာမှမှ မဆိုင်တာ ... နတ်ပုံကိုတော့ ကိုယ်တကယ်စိတ်ကုန်တယ်"

တစ်နေ့မှာတော့ ... မိုးနတ်ပုံဟာ ... နှစ်ဖက်မိဘမိသားစုနှင့် အများတကာတို့ မျှော်လင့်ထားကြသည့် ... မူးဝေအော့အန်မှုနှင့် ရှုံးမှုခွင့်တစ်ပတ်လောက် ယူလိုက်ရလျှင် ...

"ကိုယ်ဝန်ရှိနေပြီလား ..."

မာကျောရိုင်းပျနေသည့် အသံတစ်သံနှင့် ... စိမ်းဆတ်နေသည့် မျက်နှာတစ်ခုတို့ကို သတိရပါသည်။ တယောထံမှ မေးခွန်းပါသော စာကလေးတွေ ပလူပျံအောင်ပင် ဆက်တိုက်ရောက်ရှိနေခဲ့လေသည်။ အေးချမ်း ရှုံးသွားလျှင် ... တစ်ယောက်တည်း အခန်းတွင်းမှာ ပျင်းခြောက်ပြီး တစ်နေကုန် ကျန်ရစ်ရသည့် မိုးနတ်ပုံသည် ... တိုက်ခန်းသစ်သားတံခါး အောက်ခြေအဟလေးကြားမှ ထိုးပြီး ဝင်,ဝင်လာတတ်သည့် စာအိတ်ကလေးတွေကို မြင်လျှင် ... "ဖြန်း"ခနဲ သူခိုးဖမ်းပစ်လိုက်[illegible]က် ... ပျော်ရွှင်မြူးထူးစွာ (အသံတော့တစ်စက်မှ ထွက်မသွားရအောင်)



www.burmeseclassic.com

www.burmeseclassic.com



ကျိတ်ရယ်ရင်း ... သူ့ခြေသံတွေ လုံးဝပျောက်သွားမှ ... စာကို ဆွဲယူကာ ဖတ်သည် ...။

ထုံးစံအတိုင်း ...။

"ကိုယ်ဝန်ရှိနေပြီလား ..."

ဘာ့ကြောင့် ဒီလောက် တစ်စုံစမ်းတည်း စုံစမ်းနေပါလိမ့် ...။ သူ့ညီမများ ပြန်ဝင်စားလိမ့်မယ်လို့ ထင်နေသေးလို့လား ...။ ကဲ ...။ အဲဒါကိုသာ ဖွင့်ပြောရင်တော့ မောင်အေးချမ်းကလေးက တစ်စက်မှ ကြိုက်နှစ်သက်လိမ့်မည် မဟုတ် ...။ သူမှ သူ့ ပြန်ဝင်စားစေချင်စိတ်တော့ မရှိ ... မပြင်းပြလှပေမဲ့ ... သမီးလေးသာ ဖြစ်ခဲ့ရင် Violin လို့ မှည့်ပေးရင် ကောင်းမလားဆိုတာမျိုးအထိ (ဆုံးဖြတ်ချက်တော့ မချရသေး) စဉ်းစားမိနေသည် ဆိုလျှင်တော့ ... မောင်အေးချမ်းတို့ ထများတောင် ခုန်မလား၊ ဒါမှမဟုတ်လည်း မိုးနတ်ပုံကို ဖမ်းချုပ်ပြီး Psychiatrist တစ်ယောက်ယောက်ဆီပဲ ခေါ်သွားချင်နေမလား ...

မပြောတတ်ပေ ...။ တယောရဲ့စိတ်ရှုးလေး တစ်ချက်တလေမှ ငြိမ်ပါစေတော့ ... ဟု တွေးမိလျှင်တော့ ... မိုးနတ်ပုံက သမီး လေးတစ်ယောက်လောက်ကိုပဲ အရှုးအမူး လိုချင်နေမိလေသည်။

ဒါပေမဲ့ ... မိုးနတ်ပုံက တယောကို ဝန်ခံပြီးတော့တော့ စာမပြန် ...။ စနောက်ချင်စိတ်တို့နှင့် ကျိတ်မြိုက်သာနေသည်။





"ချော်လဲလိမ့်မယ် ... အိမ်ပြောင်းပါလား ..."

မေးခွန်းတွေရပ်ပြီး စိုးရိမ်ပူပန်မှုပါဝင်သော စာမျိုးကိုရလျှင် ... မိုးနတ်ပုံမှာ စနောက်နေရကျိုးနပ်ပြီး သူ့ကို ပိုခင်တွယ်မိပါသည်။

"မင်းကို တို့ပြောနေတာ ... အိမ်ပြောင်းတော့လို့ ... အိမ်ပြောင်းတော့ ... ချော်လဲလိမ့်မယ် ... အိမ်ပြောင်းတော့ ..."

ဘာတွေ ဒီလောက်စိုးရိမ်နေသလဲ မသိဘူး ...။ သူဟာလည်း သူ့ညီမလိုပဲ တစ်စုံတစ်ခုကို တန်းတန်းစွဲ ဖွဲ့သန်နေတတ်သည့် နေရာမှာတော့ ... (သူ့ညီမလည်း မရှိတော့ပြီမို့) ပြိုင်စံရှား နှစ်ယောက်မရှိ ...။ ဗွတ်မှဗွတ် ဖြစ်ပုံရသည်။

* * *

လေးထပ်တိုက်အမြင့် လေကားပေါ်မှ ခြေချော်ကျလိုက်စဉ်မှာ ... (သတိမလစ်ခင်) မိုးနတ်ပုံရဲ့ ခေါင်းထဲ ဦးဆုံးဝင်လာသူက တယော မဟုတ် ...။ Violin ကိုသာ ဖြစ်ပါသည်။ "ငါသာ တကယ်ဒေ့ပ်ရရင် ... ပွန်းပွဲရုံနဲ့ ကျေနပ်နေမယ် မထင်နဲ့ ... အသေနဲ့ အကျိုး တစ်ခုခုပဲ"... တဲ့ ...။



www.burmeseclassic.com

www.burmeseclassic.com

ညနေဘက် ဆေးရုံသို့ သတင်းလာမေးသည့် နှင်းစံပယ် ထံမှ ..."ဟိုစုံတွဲထဲက ကောင်မလေး တစ်ယောက်လည်း ... လေယာဉ်ပေါ်က ပြုတ်ကျလို့ ခြေကျိုးထားတာတဲ့၊ အိပ်ရာထဲ ရောက်နေတာ ကြာပြီ ... တဲ့ ... သူ မဆုံးခင်လောက်ကတည်းက ဖြစ်လိမ့်မယ် ... အိမ်တွင်းအောင်းနေလိုက်ရသလို ဖြစ်သွားတော့ ... ဘာသတင်းမှ မရတော့လို့ ... သူ တို့ကျတော့ ... လွှတ်နေပါလားလို့တောင် ထင်နေတာ ..."ဟု သတင်းရသည်။

Violin ဟု အမည်ပေးကောင်း ပေးမိမည်ဖြစ်သော သမီးကလေး (ဖြစ်နိုင်ချေ)လည်း မရှိတော့ပြီဖြစ်သောအခါ ...၊ "အိမ်ပြောင်းသွားကြတာ ..."ဟု ငြိမ်းငြိမ်းထံမှ သတင်းအတိအကျလည်း ရရှိလိုက်တဲ့အခါ ...၊ တယောနှင့် မိုးနတ်ပုံတို့ရဲ့ ဆက်ဆံရေးလည်း တိကနဲ ပြတ်တောက် ပြီးဆုံးသွားခဲ့ရလေသည်။

အေးချမ်းကတော့ အရာရာ အားလုံးကို ခုမှ "တစ်"က ပြန်စဖို့ ... စိတ်ချမ်းသာ လက်ချမ်းသာပင် တက်ကြွပြင်ဆင်နေတော့သည်။

❀ ❀ ❀

ပုဏ္ဏမီ


www.burmeseclassic.com